# ထေရီဂါထာပြန်

(ပဌမတွဲ)

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး

''ကျေးဇူးရှင်''

## လယ်တီဆရာတော်ဘုရားကြီး၏

တပည့်ရင်း

လယ်တီပဏ္ဍိတ-ဆရာ-ဦးမောင်ကြီး

သည်

ပိဋကတ်သုံးသွယ်ဖွင့် ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော
ထေရီဂါထာကျမ်းကို အဆန်းတကြယ်
အဓိပ္ပါယ်ထင်ရှားသော စကားအသွားအလာတို့ဖြင့်
မြန်မာပြန်ဆိုရေးသားအပ်သော

# ထေရိဂါထာပြန်

(ပဌမတွဲ)

ဂန္ဓမာစာပုံနှိပ်တိုက်
အမှတ် ၁၃၉-၁၄၁၊ လမ်း-၅၀၊
ရန်ကုန်မြို့။

၁၇၀၀

(က)

## ပဉ္စမတွဲ-မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁ | ဂေါတမီထေရီပရိနိဗ္ဗာန်စံဝင်ခန်းကြီး။ | ၁ |
| ၂ | ဘုရားရှင်၏ဂုဏ်ကြက်သရေများကိုချီးကျူးခန်း။ | ၇ |
| ၃ | မြေးတော်ရာဟုလာနှင့်-သားတော်နန္ဒတို့၏ပူဇော်ခန်း။ | ၁၆ |
| ၄ | မိထွေးတော်ဂေါတမီ၏ တရားပြ၍ ဆုမွန်သော ဂါထာများ။ | ၁၉ |
| ၅ | ဘုရားရှင်၏အမိန့်နှင့်-မိထွေးတော်ဂေါတမီက တန်ခိုးအမျိုးမျိုးဘန်ဆင်း၍ပြပုံ။ | ၂၅ |
| ၆ | သာကီဝင် ဘိက္ခုနီမငါးရာတို့ တန်ခိုးပြခြင်း။ | ၃၀ |
| ၇ | အမျိုးသွီးအပေါင်းတို့ ငိုကြွေးကြခြင်း။ | ၃၁ |
| ၈ | ဘိက္ခုနီမငါးရာတို့နှင့်-မိထွေးတော်ဂေါတမီ၏ ပရိနိဗ္ဗာန်စံဝင်ရာ နိမိတ်ကြီးများထင်လာခြင်း။ | ၃၈ |
| ၉ | ရတနာ ပြာသာဒ်ပေါင်းငါးရာတို့ဖြင့်အလောင်းတော်ကို သင်္ဂြိုဟ်ခြင်း။ | ၄၄ |
| ၁၀ | သင်္ဂြိုဟ်ပွဲကြီး၏ ကြီးကျယ်ခမ်းနားပုံ။ | ၅၀ |
| ၁၁ | တေဇောဓာတ် လောင်ခြင်းနှင့် အရိုးတော်ဓာတ်ကို ကောက်ယူခြင်း။ | ၅၃ |
| ၁၂ | ဂုတ္တာထေရီဝတ္ထု။ | ၆၁ |
| ၁၃ | ဝိဇယာထေရီဝတ္ထု။ | ၆၆ |
| ၁၄ | ဝိရိယတင်းတင်းနှင့်အပြင်းအထန်အားထုတ်ပုံ။ | ၇၀ |
| ၁၅ | နှောင့်ရှက်ဖြားယောင်းလာသော မာရ်နတ်ကို နှိမ်နင်းခြင်း။ | ၇၃ |
| ၁၆ | ဥတ္တရာထေရီဝတ္ထု။ | ၇၇ |
| ၁၇ | စာလာထေရီဝတ္ထု။ | ၈၁ |
| ၁၈ | ဥပစာလာထေရီဝတ္ထု။ | ၈၈ |
| ၁၉ | သီသူပစာလာထေရီဝတ္ထု။ | ၉၂ |

ပါ။အိမ်ရာထောင်တဲ့လူတို့ဘောင်မှာ ဝတ်ကြောင်နှင့် မွေ့လျော်ကာမြူးပျော်မွေ့လျော့သို့မနေရစ်ကြနှင့်။ အဲ-သို့ကလို ဆုံးမတော်မူလိုရင်းဖြစ်ပေတယ်။

မိထွေးတော်ဂေါတမီ အရှင်မြတ်ကြီး၏ ဆုံးမချက် အချုပ်မှာတော့ရဟန်းပြုလုပ်ဘို့ တိုက်တွန်းတော် မူခဲ့ခြင်းဖြစ်ပေတယ်။ ကိုယ်တော်တိုင် အပင် အပန်းခံကာ တည်ထောင်တော် မူခဲ့တဲ့ ဘိက္ခုနီမ သာသနာကိုလွန်စွာ ထွန်းကားတော်မူစေလိုတဲ့ ဆန္ဒတော်ကြီးပေပေါ့။သည်ဆုံးမချက်ကို ကြားတော့အမျိုးသို့ပေါင်းများစွာတို့က ရဟန်းပြုရန် စိတ်ညွတ်သွားကြတယ်။ သာသနာတော်ဘောင်သို့ ဝင်၍ ရဟန်းပြုကြတဲ့ အမျိုးသို့တွေဟာလဲ ထိုအခါလွန်စွာပင်များပြားသတဲ့။

## ဘုရားရှင်ထံသို့ ဆိုက်ရောက်ခြင်း

အဲ-ပြဆိုခဲ့ပြီးတဲ့ အတိုင်း လမ်းခရီး တလျှောက်မှာ ကြုံဆိုကော်ရော်ပူဇော် ရှိခိုးကြတဲ့ အမျိုးသို့ အပေါင်းတို့အား တရားရေအေး အမြုက်ဆေးကို တိုက် ကျွေးတော် မူပြီးတဲ့ နောက် ဘိက္ခုနီမ ငါးရာခြံရံလျက် အစဉ်သဖြင့် ကြွသွားတော်မူလေရာ မဟာဝုန်တောကြီး အတွင်း ဘုရားရှင်၏ ထံတော်ရင်းသို့ ဆိုက်ရောက်သွားကြတယ်။ ဘုရားရှင် ထံမှောက်သို့ ဆိုက်ရောက်ကြတဲ့အခါ မိထွေးတော် ဂေါတမီ အမှူးရှိတဲ့ ဘိက္ခုနီမငါးရာတို့သည်ဘုရားရှင် ကိုယ်တော်မြတ် ကြီးအား အဆုံးစွန်သော ရှိခိုးခြင်းဖြင့်အကြိမ်ကြိမ်တင်းမတိမ်နိုင်အောင် ရှိခိုးပူဇော်သို့ နေကြတယ်။ ဤသို့ရှိခိုးပူဇော်ပြီးနောက် ဂေါတမီထေရီက လက်အုပ်တင်၍ကာ အဒ္ဓသိကါရဝဖြင့် သားတော် ဘုရားအား သို့ကလို လျှောက်ထားတော်မူတယ်။

(၁၁) အဟံသုဂတတေမာတာ၊ တွံစ ဝီရ ပိတာမမ။
သဋ္ဌမ္မသုခဒ နာထ၊ တယာ ဇာတမှိ ဂေါတမ။

(၁၇) သုဂတာ၊ကောင်းသောစကားကို ဆိုတော်မူတတ်သော အရှင်မြတ်ဘုရား။ အဘာံ၊တပည့်တော်မသည်။ တေ ရှင်ပင်မြတ်ဘုရား၏။ မာတာ၊ သောကအခေါ်အားဖြင့်မယ်တော်ကြီး မှန်ပါသည်ဘုရား။ ဝိရ၊ ဝိရိယစွမ်းအန်၊ ထက်သန်တော်မူပေသောရှင်တော်မြတ်ဘုရား။ တွံစ၊ ရှင်ပင် ဘုရားသည်ကား။ မမ၊ တပည့်တော်မ၏။ ပိတာ၊ လောကုတ္တရာ အခေါ်အားဖြင့် ခမည်းတော်အစစ်ကြီးပါဘုရား။သဒ္ဓမ္မသုခဒ၊ တရားတည်းဟူသော ချမ်းသာကိုကောင်းစွာပေးတော်မူတတ်ပေသော။ နာထ၊ လူသုံးပါးတို့၏ ကိုးစားမှီခိုရာကြီးဖြစ်တော်မူပေသော။ ဂေါတမ၊ ဂေါတမနွယ်ဘွား၊ အို- ရှင်တော်မြတ်ဘုရား။ အဟာံ၊ တပည့်တော်မသည်။ တယာ၊အရှင်ဘုရားမှ၊ဇာတာ၊ ဘွားမြင်သောသွီးတော်မြတ်ကြီးသည်။အမှို၊ဖြစ်ပါသည်ဘုရား။

အို- သားတော်မြတ်ဘုရား၊ တပည့်တော်မ သည်ကား နို့ချိုကျွေး၍မွေးခဲ့သော အရှင်ဘုရား၏ မယ်တော်ကြီး ဖြစ်ပါတယ်။ အရှင်ဘုရား သည်ကား တပည့်တော်မ၏ ခမည်းတော်ကြီး ဖြစ်တော်မူပါပေတယ်။ တပည့်တော်မသည် အရှင်ဘုရားမှ တရားရင်ငွေ့ဖြင့်ဘွားမြင်၍လာတဲ့သွီးတော်ကြီးဖြစ်ပါတယ်ဘုရား။

(၁၈) သံဝဍ္ဎိတောယံသုဂတ၊ရူပကာယောမယာတဝ။
အနိန္ဒိတောခမ္မတနူ မမသံဝဍ္ဎိတောတယာ။

(၁၈) သုဂတ၊ နိဗ္ဗာန်သောင်ခေမာသို့ ကောင်းစွာ ကြွသွားတော်မူပေသော သားတော်မြတ်ဘုရား။ တဝ၊ ရှင်ပင်ဘုရား၏။ အယံရူပကာယော၊ ဤတင့်တယ်သော ကိုယ်သဏ္ဌာန် ခြံမြိုတော်ကြီးသည်။မယာ၊တပည့်တော်မက။သံဝဍ္ဎိတော၊နို့ချိုတိုက်ကျွေး၍ကြီးပွားအောင် မွေးထားအပ်သော ကိုယ်တော်ကြီးပါဘုရား။ ဓမ၊တပည့်တော်မ၏။ အနိန္ဒိတော၊ကဲ့ရဲ့ဘွယ်မရှိသော။ ဓမ္မတနု တရားတည်းဟူသော ကိုယ်သဏ္ဌာန်သည်ကား။ တယာ အရှင်ဘုရားက။သံဝဍ္ဎိတော၊တရားရေအေး၊ နို့ချိုကျွေး၍ မွေးထားအပ်သောကိုယ်ကြီးဖြစ်ပါသည်ဘုရား။

အို–သားတော်မြတ်ဘုရား၊ အရှင်ဘုရား၏တင့်တယ်သောအရွေ ကိုယ်တော်ကြီးဟာ တပည့်တော်မက ငယ်ရွယ်စဥ်ကစပြီး နှိချိ တိုက်ကျွေး၍ ကြီးပွားအောင် မွေးခဲ့တဲ့ ကိုယ်တော်ဖြစ်ပါတယ်။ တပည့်တော်မမှာ ယခု ရရှိနေတဲ့ တရားတည်းဟူသော ကိုယ် သဏ္ဌာန်ဟာအရှင်ဘုရားကတရားရေအေး နို့ချိုကျွေး၍မွေးထား အပ်တဲ့ကိုယ်ဖြစ်ပါတယ်ဘုရား။

(ဃ) မယာဟံတေ သုဂတ ဝမ္ပာ, ဝမ္ပန့်ပါယိတော မယာ။
တယာဟံ သဒ္ဓမ္မပယသာ,ပေါသိတာ ရဂ္ဃဝ တသော။

(ဃ) ဘဂဝါ၊ဘုန်းတော်နေ့ဝန်း၊ ထွန်းတထိန်ထိန်၊ သာကီ ဥတ္တမ်၊သားတော်မြတ်။တွံ၊ရှင်ပင်ဘုရားကို။ မယာ၊တပည့်တော် မက။မုဟုတ္တံ၊တခဏမျှ။တဏှာသမဏံ ဆာလောင်မွတ်သိပ်ခြင်း ပျောက်ကင်းလေအောင်။ခီရံ၊ပကတိနို့ရည်ကို။ပါယိတော၊တိုက် ကျွေးအပ်ခဲ့ပါသည်ဘုရား။အဟံ၊တပည့်တော်မကို။တယာ၊ ရှင် ပင်ဘုရားက။ အစ္စန္တံ သန္တံ၊ ဘယ်အခါမှ တဏှာအပူ၊မပူမဆာ၊ ချမ်းသာ ငြိမ်းအေးလေအောင်။ ဓမ္မခီရံ၊ တရားတည်းဟူသော နို့ရည်ကို။ သုပါယိတာ၊ ဝလောင်လင်၊ ကြည်ရွှင်စွာတိုက်ကျွေး တော် မူအပ်ပေသည်ဘုရား။

အို-သားတော်မြတ်ဘုရား၊ အရှင်ဘုရားကို တပည့်တော်မက ဆာလောင်မွတ်သိပ်ခြင်းကင်းလေအောင် ပကတိနို့ရေကို တိုက် ကျွေးခဲ့ပါတယ်ဘုရား။ တပည့်တော်မ ကိုတော့ အရှင်ဘုရားက သံသရာ တလွှင်မှာ အစဥ်သဖြင့် ငတ်မွတ် လာတဲ့ တဏှာ အပူ အလောင်ကြီး ပျောက်ကင်းလေအောင် တရားတည်းဟူသောနို့ ရေကိုတိုက်ကျွေးတော်မူပါပေပြီဘုရား။

(ခ) ဗန္ဓနာရက္ခနေ ဣဏံ, နမာဏဝိဿဝေ ဘဝေ။
နိဗ္ဗာနဟံ ဓမ္မပယသာ, ဘာရိတာ ဘဝသာဂရာ။

(ခ) သဂျုန်ခန္ဓ၊ သာကီဝင် အဆက်ဆက် တို့၏ နှစ်သက် မြတ်နိုးရာဖြစ်တော်မူပေသော သားတော်မြတ်ဘုရား။လောကေ၊

ဤလောကကြီးအတွင်း၌။မန္တာတာဒိနရိန္တာနံ စကြာမန္တာတ်အစရှိသောမင်းမြတ်မင်းကောင်းအပေါင်းတို့၏။ ယာမာတာ၊ အကြင်မယ်တော်များသည်။ အဟုံ၊ ရှိကြလေ၏။ သာမာတာ၊ ထိုစကြာမန္တာတ်၊ မယ်တော်မြတ်သည်။ ဘဝဏ္ဏဝေ၊ ဘဝပြင်ကျယ်၊ ပင်လယ်ဝဋ်ဘွေထဲ၌။နိမုဂ္ဂါ၊ အမြဲနစ်မြုပ်၍ မလွှင်နိုင်ဘဲ နေရှာကြပါသည်ဘုရား။အဟံ၊ ဘုရားမယ်တော်ဖြစ်သောတပည့်တော်မကိုကား။ တာယာ၊ သားတော်ဘုရားက။ ဘဝသာဂရာ ဘဝဝဋ်ဘွက်၊သမုဒ္ဒရာပင်လယ်စက်မှ။တာရိတာ၊ တဘက်ကမ်းသို့ရောက်အောင်ပို့ဆောင်ကယ်တင်တော်မူအပ်ပေသည်ဘုရား။

အို-သားတော်မြတ်ဘုရား၊လောကကြီးအတွင်းမှာစကြာမင်း၏မယ်တော်, မန္တာတ်မင်း၏ မယ်တော်,များရှိခဲ့ကြပါတယ်။ ထိုမယ်တော်များဟာဘဝသမုဒ္ဒရာကြီးမှ လွတ်အောင်မကူးမြောက်နိုင်ကြဘဲမြုပ်မြဲမြုပ်, မျောမြဲမျော, ပေါလောကြီးတွေသာ နေကြရရှာပါတယ်။ဘုရားမယ်တော်ဖြစ်တဲ့ တပည့်တော်မကိုတော့သားတော်ဘုရားကဘဝ ပင်လယ်ကြီးမှလွတ်မြောက်လေအောင်ပို့ဆောင်ကယ်တင်တော်မူပါပေတယ်ဘုရား။ ဘုရား မယ်တော်ကြီးဖြစ်ရသည်မှာ လွန်စွာအကျိုးရှိပေစွ။

(၃) ရညောမာတာမဟာသိတ်၊သုလဘံ နာမမိတ္ထီနံ။
ဗုဒ္ဓမာတာတိ ယံနာမံ၊ဧတံ ပရမ ဒုလ္လဘံ။

(၃) သိရိန္တရ၊ကြက်သရေ ဂုဏ်အရောင်ကို ဆောင်တော်မူပေသော သားတော် မြတ်ဘုရား။ လောကေ၊ ဤလောကကြီးအတွင်း၌။ရညော၊စကြာမန္တာတ်၊မင်းမြတ်အပေါင်းတို့၏။မာတာ၊မယ်တော်ဘုရားကြီး ဟူ၍ရင်း။ မဟေသီ၊ အရှင်မိဖုယားခေါင်ဘုရားကြီးဟူ၍ရင်း။ဧတံနာမံ၊ထိုသို့သော မည်များကို။ ဣတ္ထီနံ၊မိန်းမတို့အား။သုလဘံ မခဲယဉ်းပါ လွန်စွာရလွယ်လှပါသည်ဘုရား။ ဗုဒ္ဓမာတာတိ၊ဘုရားမယ်တော်ကြီးဟူ၍။ယံနာမံ၊ အကြင်ဘွဲ့မည်ထူးသည်။အတ္ထိ၊ရှိ၏။ဧတံနာမံ၊ ထိုဘုရားမယ်တော်ကြီးဟူသော ဘွဲ့

မည်အထူးကို။ ရှုဉ်နံ၊ မိန်းမတို့အား။ ပရမဒုလ္လဘံ၊ လွယ်သည်မဟုတ်ပါ လွန်စွာရခဲလှပါသည်ဘုရား။

အို-သားတော် မြတ်ဘုရား၊ ဤလောက အတွင်းမှာ စကြာမင်း၊ မန္တာတ်မင်း၊ အစရှိတဲ့ မင်းအပေါင်းတို့၏ မယ်တော်ဘုရားကြီး၊ အရှင် မိဖုယားခေါင် ဘုရားကြီး ဆိုတဲ့ ဘွဲ့မည်များဟာခဲယဉ်းသည်မဟုတ်ပါ၊ မိန်းမတို့မှာလွယ်စွာနှင့်ရနိုင်ပါတယ်ဘုရား။ ဘုရားမယ်တော်ကြီးဆိုတဲ့ဘွဲ့မည်ကိုတော့ သာမညပါရမီမျိုးနှင့် ရနိုင်ကြသည်မဟုတ်ပါ။ ရနိုင်ဘို့အတွက် အလွန်တရာ ခဲခက်လှပါတယ်ဘုရား။ တပည့်တော်မသည်ကား ဘုရားမယ်တော်ကြီးဆိုတဲ့ဘွဲ့ထူးကို ရသဖြင့် မိန်းမတို့ဖူးခေါင်၊ ဥဒ္ဒေါင်မကိုန်ကြီးဖြစ်ခဲ့ရပါတယ်ဘုရား။

(ခ) တဉ္စလဒ္ဓံမဟာဂိရ၊ ပဏိဓာနံမမ နှံ ယာ။
အဇ္ဈကာဝါမဟာန္တံ ဝါ၊ တံသဗ္ဗံ ပူရိတံမယာ။

(ခ) မဟာဂိရ၊ ပိရိယအရှိန်၊ တောက်ထိန် လက်လင်း၍ ဘက်ကင်းတည့်ဖြစ်တော်မူပေသော သားတော်မြတ်ဘုရား။ မမံ၊ တပည့်တော်မသည်။ တယာ၊ အရှင်ဘုရားကြောင့်။ ဝါ၊ အရှင်ဘုရားကို မွေးမြူခဲ့ရခြင်းကြောင့်၊ တဉ္စ၊ ထိုဘုရားမယ်တော်ကြီးဟူသောဘွဲ့မည်အထူးကိုလည်း။ လဒ္ဓံ၊ ထင်ရှားကျေးဇူးစွာရအပ်ပေပြီဘုရား။ မယာ၊ တပည့်တော်သည်။ အဇ္ဈကာဝါ၊ သေးငယ်သည်လည်းဖြစ်သော။ မဟန္တံ ဝါ၊ ကြီးကျယ်သည်လည်းဖြစ်သော။ တံသဗ္ဗံ ပဏိဓါနံ၊ ထိုဘုရားမယ်တော်ကြီးဖြစ်ကြောင်း ဆုတောင်းပါရမီအလုံးစုံကို။ ပူရိတံ၊ အကုန်ဖြည့်ဆည်းပူးအပ်ပါပြီဘုရား။

အို သားတော်မြတ်ဘုရား တပည့်တော်မသည် ဘုရားမှင်၏ မယ်တော်ကြီးဆိုတဲ့ဘွဲ့ထူးကို ထင်ရှားစွာရရှိခဲ့ပါပြီ၊ ဘုရားမယ်တော်ကြီးဖြစ်ကြောင်း ကောင်းမြတ်တဲ့ ဆုတောင်းပါရမီအလုံးစုံကိုလဲအကုန်ဖြည့်ဆည်းပူးခဲ့ပါပြီဘုရား။

(၁) ပရိနိဗ္ဗာတုမိစ္ဆာမိ၊ ဝိဟာယယေမံ ကဠေဝရံ။
အနုဇာနာဟိမေဝီရ၊ ဒုက္ခန္တကရ နာယက။

(၁) ဝီရ၊ကြီးမြင့်သော ဝီရိယရှိတော်မူပေသော။ ဒုက္ခန္တက ရ။ဆင်းရဲအပေါင်းတို့၏ကုန်ဆုံးမှုကိုပြုတော်မူတတ်ပေသော။နာ ယက၊ လူသုံးပါးတို့၏ ရှေ့သွား လမ်းညွှန်ကြီးဖြစ်တော် မူပေ သော အိုသားတော်မြတ်ဘုရား။ ဣမံ-ကဠေဝရံ၊ ဤခန္ဓာကိုယ် အပုပ်ကောင်ကြီးကို။ ဝိဟာယ၊ပယ်စွန့်၍။ ပရိနိဗ္ဗာတုံ၊ ငဍ်ဇာတ် သိမ်း၍ ငြိမ်းရာနိဗ္ဗာန်၊ ဝင်စံခြင်းအကျိုးငှါ။ ဣစ္ဆာမိ၊အလိုရှိပါ သည်ဘုရား။ မေ၊တပည့်တော်မအား။ အနုဇာနာဟိ၊ ပရိနိဗ္ဗာန်၊ ဝင်စံဘို့အရေးဖြင့် အခွင့်ပေးတော်မူပါဘုရား။

[ဤဂါထာဖြင့်ပရိနိဗ္ဗာန်စံခြင်းငှါ အခွင့်တောင်းသည်]

(၁) စက္ကင်္ကုသဓဇာကိဏ္ဏေ၊ ပါဒေကမလကောမလေ။
ပသာရေဟိပဏာမန္တေ၊ ကရိဿံ ပုတ္တ ဥတ္တမေ။

(၁) ပုတ္တ၊ အိုသားတော်မြတ်ဘုရား။ စက္ကင်္ကုသဓဇာ ကိဏ္ဏေ၊ ချွန်းအမှန်၊ တံခွန်အစရှိသော တရာ့ရှစ်ကွက်စက် လက္ခဏာအစုံတို့ဖြင့်အကုန်ပြီးပြွမ်း၍ ထူးဆန်းတင့်တယ်တော်မူ ပေသော။ကမလကောမလေ၊ပဒုမ္မာ ပန်းကြာချပ်ကဲ့သို့နုဖတ်ပြော့ ပျောင်းတော်မူကြကုန်သော။ပါဒေ၊ခြေတော်အစုံတို့ကို။ ပသာရ ဟိ၊မေဒ္ဓကလေး၊ဆန့်တန်း၍ပေးတော်မူပါဘုရား။ ဥတ္တမေ၊စက် လက္ခဏာ, အဆိုင် အဆိုင် တို့ဖြင့်၊ နှိုင်းပြိုင်ဘွယ် ကင်းလွတ်၍ အထွန်ဆုံး,အမြတ်ဆုံး ဖြစ်ကုန်သော။ တေပါဒေ၊ ထိုခြေတော် အစုံ၊ကြာပဒုံတို့ကို။ ပဏာမံ၊ဦးညွှတ်ကျိုး၍ ရှိခိုးပူဇော်ခြင်းကို၊ ကရိဿံ၊ပြုလိုပါသည်ဘုရား။

အို- သားတော်မြတ်ဘုရား၊ တရာ့ရှစ်ကွက်, စက်လက္ခဏာ အစုံတို့ဖြင့်တင့်တယ်၍ပဒုမ္မာကြာချပ်ကဲ့သို့နုဖတ်တဲ့ခြေတော်အစုံ ကိုခေတ္တကလေးဆန့်တန်းလို့ ပေးတော်မူပါဘုရား။ ထိုခြေတော် အစုံကြာပဒုံတို့ကို, ခိုလှုံမြတ်နိုး၊ရှိခိုးပူဇော်လိုပါတယ်ဘုရား။

အဲ-သို့ကလို့မိထွေးတော်ကြီးက လျှောက်ထားတော့ရှင်တော်မြတ်ဘုရားက၊ သနားခြင်း ကရုဏာဖြင့်ဖူးပါစေခြင်း အကျိုးငှါ ခြေတော်မြတ်ကို ဆန့်တန်း၍ ပေးတော်မူတယ်။ ထိုအခါမိထွေးတော်ဂေါတမီက လက်အုပ်ချီပြီးခြေတော်မြတ် နှစ်ပါးကိုအားရအောင်ဖူးမြင်တော်မူတယ်။ထို့နောက်သာကီဝင်ဘိက္ခုနီမငါးရာတို့ကအပါးတော်သို့လာပြီး ခြေတော်မြတ်အစုံကို ခိုလှုံဦးခိုက်၍ ဖူးမြင်ကြတယ်။အဆုံးစွန်သောဖူးမြင်ခြင်းပေပေါ့။

(ခေါ်) သုဝဏ္ဏရာသိ သင်္ကာသံ၊ သရီရံ ကုရုပါကဋံ။
" ကတွာဒေဟံ သုဒိဋ္ဌန္တေ၊ သန္တိံ ဂစ္ဆာမိ နာယက။

(ခေါ်) နာယက၊ လူတို့၏ရှေ့သွား၊ အားထားမှီခိုရာ ဖြစ်ပေသော သားတော်ဘုရား။ သုဝဏ္ဏရာသိ သင်္ကာသံ၊ ရွှေပုံ၊ရွှေစု၊ ရွှေရုပ်ထုနှင့် တူတော် မူပေ ထသော။ သရီရံ၊ သုံးဆဲ့ နှစ်ပါး၊ ယောကျ်ား လက္ခဏာ၊ ကောင်းစွာ တင့်တယ်၊ ဆန်းကြွယ်တုံ လတ် ကိုယ်တော်မြတ်ကို။ ပါကဋံ ကုရု ထင်ရှားအောင်ပြတော် မူပါဘုရား။တော၊ရှင်ပင်မြတ်ဘုရား၏။ ဒေဟံ၊လက္ခဏာကြီးငယ်၊ တင့်တယ်မျိုးစုံ၊ရုပ်ပုံအကျော်၊ ရွှေကိုယ်တော်ကို။ သုဒိဋ္ဌံကတွာ၊ ကောင်းစွာထင်ထင်၊ ဖူးမြင်ရပြီးသည် ရှိသော်။ သန္တိံ၊ ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်သို့။ဂစ္ဆာမိ၊သွားရောက်ပါတော့မည်ဘုရား။

အို-သားတော်မြတ်ဘုရား။ ရွှေစင်၊ ရွှေရုပ်၊အလား၊ ဆန်းပြား တင့်တယ်၊ လက္ခဏာ အသွယ်သွယ်တို့ဖြင့် သပ္ပါယ်တဲ့ ရွှေကိုယ် တော်မြတ်ကို ထင်ရှားစွာဖူးမြင်ရလေအောင် ပြတော်မူပါဘုရား။ အဆုံးစွန်သော ဖူးမြင် ခြင်းဖြင့် သားတော် မြတ်၏ ရုပ်ခတ် လက္ခဏာကို အားရစွာဖူးမြင်ပြီး ပရိနိဗ္ဗာန် စံဝင်ပါတော့မယ် ဘုရား။ အဲ-သို့ကလို မိထွေးတော် ဂေါတမီက လျှောက်ထား တော့ရှင်တော်မြတ်ဘုရားက တိမ်မှိန် အဆင်းနှင့်တူတဲ့ သင်္ကန်း တော်ကိုလှစ်ပြီး အထက်ကိုယ်တော် သဏ္ဍာန်ကို ပြတော်မူကာ ဖူးမြင်စေတယ်။ သင်္ကန်းတော်ကို လှစ်လိုက်သည်နှင့် တပြိုင်နက်

ဆည်းဆာရောင်တိမ်အတွင်းမှထွက်ပေါ်လာတဲ့ နေလုလင်ကဲ့သို့ လက္ခဏာ ကြီးငယ်တို့ဖြင့် တင့်တယ် ငွါးငွါး ရောင်ခြည်တော် ခြောက်ပါးနှင့်တကွဆန်းပြားထူးလွန်၍ မွန်မြတ်တဲ့ ကိုယ်ဘော် သဏ္ဌာန်ကြီးပေါ်လာတယ်၊ ထိုအခါ မိထွေးတော်ဂေါတမီနှင့် တကွသာကီဝင် ဘိက္ခုနီမ ငါးရာတို့က ရွှေကိုယ်တော်မြတ်ကြီး ကိုဖူးမြင်ကာ စက်လက္ခဏာရစ်ရံတဲ့ ခြေတော် အစုံကို ဦးခိုက် ကြတယ်။

(ခံ) ဒွတ္တိံသလက္ခဏူပေတံ၊သုပဘာလက်ဘံ တနုံ။ •
သဥ္စ၊ဘယနာဝဗာလက္ကံ၊မာတုစ္ဆံ ဒဿယိဇိနော။

(ခံ) တဒါ၊ ထိုသို့လျှောက်တင်ကြသောအခါ၌။ ဇိနော-ငါး မာရ်အောင်မြင်၊ဘုရားရှင်သည်၊သဥ္စ၊ဘယနာ၊ ဆည်းဆာရောင် တိမ်နီအတွင်းမှ။ နိက္ခန္တံ၊ပေါ်ထွက်၍ လာသော။ ဒွတ္တိံသလက္ခ ဏူပေတံ၊ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတို့နှင့် ပြည့်စုံသော။သုပဘာလက်တံ၊ ကောင်းစွာထွန်းလင်းသောရောင် ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ် သော။တနုံ၊ကိုယ်တော်မြတ်ကို။မာတုစ္ဆံ၊ မိထွေးတော်ဂေါတမီ အား။ ဒဿယိ၊ ဖူးမြင်စေခြင်းငှါ ကောင်းစွာ ဘော်ပြတော်မူ လေသတည်း။

(ခါး) ဖုလ္လာရဝိန္ဒသံကာသေ၊တရုဏာဒိစ္စသပ္ပဘေ။
စက္ကင်္ကိတေပါဒတလေ၊ဟေတောသာသိရသာပတိ။

(ခါး) တတော၊ထိုရွှေကိုယ်တော်ကို လှစ်ဘော်ဘွင့်ပြတော် မူသောအခါ၌။ ဖုလ္လာရဝိန္ဒသံကာသေ၊ ပွင့်၍ နေသောကြာပန်း အဖ်ဆင်းနှင့်တူကုန်သော။တရုဏာဒိစ္စသပ္ပဘေ၊ ထွက်သစ်စသော နေဝန်းကဲ့သို့ ထိန်ထွန်းသော ရောင်ခြည်လည်း ရှိပေထသော။ စက္ကင်္ကိတေ၊ တရား့ရှစ်ကန့်၊ စက်အတန့်တို့ဖြင့်၊ အံ့ဩစဘွယ်၊ တင့်တယ်တူးမြတ်ကုန်သော။ပါဒတလေ၊ ခြေဘဝါးတော်အပြင်

တို့ကို။သိရသာ ဦးခေါင်းရတနာ၊ မြတ်အင်္ဂါဖြင့်။ပတိ၊ ဦးခိုက်ရိုကျိုး၍ ရှိခိုးပူဇော်လေသတည်း။

၏-ပြဆိုခဲ့ပြီးတဲ့ အတိုင်း၊ မိထွေးတော် ဂေါတမီသည်စက်လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်တဲ့ ဘဝါးတော်အပြင်ကစပြီး ရွှေကိုယ်တော်ကြီးကို ဖူးမြင်ပြီး တဲ့နောက် မိမိအပေါ်တွင် တရုံတရာ အပြစ်ရှိခဲ့ပါလျှင် သည်းခံတော်မူစေရန် အကြောင်းဖြင့် သို့ကလို တောင်းပန်တော်မူပြန်တယ်။

(၈) ပဏာမာမိ နရာဒိစ္စ၊အာဒိစ္စကုလကေတုန။
ပစ္ဆိမေမရဏေမဟာ၊နတံဇ္ဈက္ခာမဟံပုနော။

(၈) အာဒိစ္စကုလကေတုန နေမင်း နွယ်ရိုး၊ သာကီမျိုး၌၊ သတိုးမွန်ကင်းကြီးတဆူဖြစ်တော်မူပေသော။ နရာဒိ ၊ လူပြည်အတွင်းဝယ်၊ထွန်းလင်းသောနေမင်းကြီးတဆူလည်း ဖြစ်တော်မူပေသော။ပုဏ္ဏ အို-သားတော်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။ပဏာမာမိ၊ ရိုသေမြတ်နိုး၊ ရှိခိုးဦးနှိမ်ပါ၏ ဘုရား။ မဟာ၊ တပည့်တော်မ၏။ မရဏေ၊ ကွယ်လွန်ချုပ်ဆုံးသည်မှ။ ပစ္ဆိမေ၊ နောက်ကာလ၌။ဘုံ၊ရှင်တော်မြတ်ဘုရားကို။ အဟံ၊ တပည့်တော်မသည်။ပုနော၊တဖန်။ နဇ္ဈက္ခာမိ၊ ဖူးမြင်ရတော့မည် မဟုတ်ပါဘုရား။

(၈) ဇုတ္တိဃောနာမလောကဂ္ဂ၊ သဗ္ဗဒေါသာကရောမလာ။
ယဒိကောစတ္တိဒေါသောမေ၊ ခမသုကရုဏာကရ။

(၈၂) လောကဂ္ဂ၊ တလောကလုံး၏ အမြတ်ဆုံးဖြစ်တော်မူပေသော အို-သားတော်မြတ်ဘုရား။ ဇုတ္တိဃောနာမ၊ မိန်းမတို့မည်သည်၊ သဗ္ဗဒေါသာကရာ၊ အပြစ်မျိုးစုံတို့၏ ရပုံရာဌာနကြီးဟူ၍။မဘာ လောကအတွင်းမှာ သရက်ခြင်းခံရ ပါကုန်သည် ဘုရား။ကရုဏာကရ၊ သနားငဲ့ညှာ၊ ကရုဏာသခင်၊ အရှင်တဆူဖြစ်တော် မူသော အို-သားတော်မြတ်ဘုရား။ မေ၊ အကျွန်ုပ်၏။

ကောဝိဒေါသော၊တစုံတခုသောအပြစ်သည်။ယဒိအတ္တိ၊အကယ်၍ ရှိသည် ဖြစ်ပါငြားအံ့၊ ခမထ၊ အဆုံးမွှန် တောင်းပန်ပါ၏။ သည်းခံတော်မူပါဘုရား။

အို-သားတော် မြက်ဘုရား ၊မိန်းမတို့ကို အပြစ်အမျိုးစုံတို့၏ ရပုံရာဌာနကြီးရယ်လို့ ပြောဆိုသမုတ်လေ့ရှိကြပါတယ်။ ဘုရား တပည့်တော်မအပေါ်မှာ တစုံတရာအပြစ်ရှိခဲ့ပါမူကား သည်းခံ ခွင့်သနားတော်မူပါဘုရား။

(ဂ) ဇာတ္တိကာနုပ္ပဇ္ဇိတ္ထ ယံဟံယာစိံ ပုနပ္ပုနံ။
တဒ္ဓုစေအတ္တိဒေါသောမေ တံခမဿုနရာသဘ။

(ဂ) နရာသဘ၊ လူတို့ထွတ်ခေါင်၊ ဥသျှောင်ထားအပ်၊ သားတော်မြတ်။အဟံ၊ဘပည့်တော်မသည်။ဇာတ္တိကာနံ၊မိန်းမအပေါင်း တို့၏။ ယံပဇ္ဇိတ္ထ၊ အကြင် ရဟန်းပြုခွင့်ကြီးကိုလည်း။ ပုနပ္ပုနံ၊ အကြိမ်ကြိမ်အဘန်ဘန်။ ဝါ၊ခရလျှင်မနေပဲ ဘပေပေနှတ်တင်း ၍သာလျှင်။ အာယာဝိံ၊ ခွင့်တောင်းခဲ့ပါသည်ဘုရား။ တဒ္ဓ၊ ထို ပယ်တော်မှုသည့် အခင်းကို၊ နှုတ်အတင်းခွင့်ဘောင်းရာ၌။ မေ၊ အကျွန်ုပ်အား။ဒေါသော၊တစုံဘခုသော အပြစ်သည်။ စေအတ္တိ၊ အကယ်၍ရှိပါမူကား။ခမဿု၊သည်းခံတော်မူပါဘုရား။

အို-သားတော်မြတ်၊တပည့်တော်မသည် မိန်းမတို့၏ ရဟန်း ပြုရန်အတွက် အရှင်ဘုရားက ငြင်းပယ် လတ်သော်လဲ အတင်း တွယ်ကပ်၍ခွင့်တောင်းခဲ့မိပါသည်ဘုရား။ ဤကဲ့သို့ နှုတ်အတင်း ခွင့်ဘောင်းမှုကြောင့် ဘစုံတရာအပြစ်ရှိခဲ့ပါလျှင် သည်းခံတော် မူပါဘုရား။

(ဂ) မယာဘိက္ခုနိယောဝိရ၊ တဝါနုညာယသာသိတာ။
တတြစေအဇ္ဈိဒုန္နိတံ၊တံခမ ဿုခမာပိကော။

(ဂ) ဝိရ၊ လူလှတော်ကဲမြင့်၍၊ ရဲရင့်တော် မူခဲပသောသား တော်မြတ်ဘုရား။တဝ၊ အရှင်ဘုရား၏။ အနုညာယ၊ခွင့်ပြုတော်

မှုခြင်းကြောင့်။ မယာ၊ တပည့်တော် မသည်။ ဘိက္ခုနိယော၊ ဘိက္ခုနီရဟန်းမိန်းမအပေါင်းတို့ကို။ သာသိတာ၊ ဩဝါဒပေး၍ ယဉ်ကျေးအောင် ဆုံးမအပ်ကုန်ပါသည်ဘုရား။ တဿ၊ ထိုဆုံးမရာ၌။ဒုနှိတံ၊မကောင်းသောဆုံးမချက်သည်။ စေအတ္ထိ၊ အကယ်၍ ရှိပါမူကား။တံ ထိုပြောမိ,ဆိုမိ,ဆုံးမမိ,သော အပြစ်ကို။ ခမာပိတော၊တောင်းပန်အပ်သော အရှင်ဘုရားက။ ခမဿု၊ သည်းခံတော်မူပါအရှင်ဘုရား။

အို–သားတော်မြတ်ဘုရား၊ အရှင်ဘုရား၏ ခွင့်ပြုချက်ကြောင့် ဘိက္ခုနီမပေါင်း များစွာတို့ကို တပည့်တော်မ အကြိမ်ကြိမ်ဆုံးမခဲ့ပါသည်။ မှားယွင်းသော ဆုံးမချက်များ ရှိခဲ့ပါလျှင် သည်းခံတော်မူပါဘုရား။ အဲ-သို့ကလိုမိထွေးတော်ဂေါတမီက တောင်းပန်တော့ ရှင်တော် မြတ်ဘုရားက သို့ကလို မိန့်ကြားတော်မူတယ်။အို-မိထွေးတော်ဂေါတမီ၊ သည်းခံခွင့်မပြုတ်တဲ့ အရာကို ဘယ်မှာ သည်းခံဖို့ ရှိပါမလဲ။ နိဗ္ဗာန် စံဝင်မည်ဖြစ်တဲ့ မိထွေးတော်ကြီး၏ တောင်းပန် ချက် စကားကို ပြန်ကြား ဖို့ မလိုတော့ဘူး။

(၄) အက္ခန္တေနာမခန္တဗ္ဗံ၊ ကိံ ဘဝေ ဂုဏဘူသနေ။
ကိမုတ္တရန္တေ ဝက္ခာမိ၊ နိဗ္ဗာနာယ ဝဇန္တိယာ။

(၄) ဂုဏဘူသနေ၊ဂုဏ်ကျေးဇူးများစွာတို့ဖြင့် တန်ဆာဆင်အပ်ပေသောအို–မိထွေးတော်ဂေါတမီ။ အက္ခန္တေ၊သည်းခံစရာမလိုသောအရေး၌။ခန္တဗ္ဗံနာမ၊သည်းခံဘွယ်မည်သည်။ ကိံ ဘဝေ၊ အဘယ်မှာရှိနိုင်ပါအံ့နည်း။ နိဗ္ဗာနာယ၊ ပရိနိဗ္ဗာန်ဝင်စံခြင်းငှါ။ ဝဇန္တိယာ၊သွားတော့မည်ဆဲဆဲဖြစ်သော။တေ၊သင်မိထွေးတော်ကြီးအား။ ဥတ္တရံ၊ တုံ့ပြန်ဖြေဆိုသော စကားကို။ ကိံ ဝက္ခာမိ၊ အဘယ်မှာဆိုဘွယ်ရာရှိပါတော့အံ့နည်း။

အဲ-သို့ကလို ရှင်တော် မြတ် ဘုရားက၊ သည်းခံဘွယ် မရှိ ကြောင်းနှင့် ညိမ့်ညောင်း သာယာစွာ မိန့်ကြားတော် မူတော့

ဘိက္ခုနီမငါးရာတို့က လွန်စွာဝမ်းမြောက်ကြသဖြင့် ရွှေမျက်နှာတော်ကို ဖူးမျှော်ကာ ခြေတော်အစုံကို ဦးခိုက်ကြတယ်။ ထိုနောက်မိထွေးတော်ဂေါတမီက ဘုရားရှင်၏ဂုဏ်ကျေးဇူးကို အထွေထွေ အထူးထူးချီးကျူးရန်အလို့ငှါဂါထာသုံးပုဒ်ကို သို့ကလို ရွတ်ဆိုတော်မူပြန်လေသတည်း။

(၇) နန္ဒတော ပရိသာယန္ဌေ၊ ဝါဒိတဗ္ဗပဟာရိနော။
ယောတေဒက္ခန္တိဝဒနံ၊ ဓညာ တေ နရပုင်္ဂဝ။

(၇) နရပုင်္ဂဝ၊ လူတို့ရှေ့ဆောင်၊ ဥသျှောင်သရဖူ၊ မြတ်တော်မူပေသော သားတော်မြတ်။ ဝါဒိတဗ္ဗ ပဟာရိနော၊ တီးမှုတ်အပ်သောတူရိယာကို ကောင်းစွာတီးမှုတ်အပ်သော။ ပရိသာယံ၊ များစွာပေါ်ယယ်၊ ပရိသတ်ကြီးအလယ်၌။ နန္ဒတော နန္ဒ နှ သသ၊ ရွှေနှုတ်တောင်ဘွင့်၍ ကျူးရင့်ဟောပြတော်မူစဉ်။ တေ၊ ရှင်ပင်မြတ်ဘုရား၏။ ဝဒနံ၊ ပုဏ္ဏ္ဏာရုနိစန်း၊လ,နှမ်းနှိုင်းလျှော်၊ မျက်နှာတော်ကို။ ယေဇနာ၊အကြင်လူများအပေါင်းတို့သည်။ဒက္ခန္တိ၊မျက်ဝါးထင်ထင်၊ဖူးမြင်ကြရလေကုန်၏။တေဇနာ၊ထိုလူများအပေါင်းတို့သည်။ဓညာ၊ သူဘုန်းတို့ထက်ထူးချွန်၍ အလွန်ဘုန်းကြီးကြပေကုန်စွတကား။

အို-သားတော် မြတ်ဘုရား၊ တူရိယာမျိုးစုံကို တီးခတ်၍ ပရိသတ်ကြီးအလယ်၌ တင့်တယ် စံပယ်တော်မူလျက် သာယာသောအသံတော်ကိုမြွက်ပြီး နှစ်သက်ဘွယ်အထူး ရင့်ကျူးသောအားဖြင့် တရားဟော၍နေတော်မူစဉ် အကြင်သူတို့သည် အရှင်ဘုရား၏ ရွှေမျက်နှာတော်ကို ဖူးမျှော်ကြရကုန်၏။ ထိုသူတို့ဟာ သူတကာတို့ထက် ထူးချွန်၍ အလွန် ဘုန်းကြီး ကြပါပေတယ်ဘုရား။

(၈) ဒီဃင်္ဂုလီတမ္ဗနခေ၊ သုဘေအာယတပဏှိကေ။
ယေပါဒေပဏာမိဿန္တိ၊ တေပိဓညာဂုဏန္ဓရ။

(ဂေ) ဂုဏာနန္ဒရ၊ ဂုဏ်တော်ကျေးဇူး အထူးထူးကို၊ ပိုက်ကြူး ပွေ့ဆောင်၍ ဂုဏ်ရောင်ဖြင့် ထွန်းလင်းသော် မှုပေသော သားတော်မြတ်ဘုရား။ ဗုဒ္ဓယဂိုလ်၊ ရှည်သွယ် ပြော့ပျောင်းသော ခြေချောင်းတော်လည်း ရှိကုန်ထသော။ တမ္ဗနခေ၊ ပတ္တမြားအသွေး ကဲ့သို့ နီတွေးသော ခြေသည်းတော်လည်း ရှိကုန်ထသော။ အာယတပဏှိပေ မနိမ့်မထောင့်၊ ရှည်သောဖနောင့်လည်း ရှိကုန်ထသော။ သုဒေါ၊ စက်လက္ခဏာ အစုံတို့ဖြင့် ဝန်းရံတင့်တယ်ကုန်ထသော။ တေ၊ ရှင်တော်မြတ်ဘုရား၏။ ပါဒေ. ခြေတော်အစုံ၊ ကြာပဒုမ္မာကို။ ယေဇနာ၊ အကြင်လူများ အပေါင်းတို့သည်။ ပဏာမိသန္တိ၊ ထင်ရှားစွာဖူးမျှော်၍ ပူဇော်ဝပ်တွား ကြကုန်၏။ တေပိဇနာ၊ ထိုလူများ အပေါင်းတို့သည်လည်း၊ ဓညာ၊ သူတပါးတို့ထက် ထူးချွန်၍ အလွန်ဘုန်းကြီးကြပေကုန်စွတကား။

အဒိ- သားတော်မြတ်ဘုရား၊ ရှည်သွယ်သောခြေချောင်း၊ ရှည်သွယ်သောဖနောင့်၊ နီမြန်းသော ခြေသည်းတို့ဖြင့် ရှုချင်စဖွယ် တင့်တယ်တော်မူပဲ့ အရှင့်ခြေတော်စုံကြာကို ခိုလှုံဦးခိုက်၍ ဖူးထိုက်လို့ဖူးကြရတဲ့သူတွေဟာ လွန်စွာဘုန်းကြီးကြပါပေတယ်ဘုရား။

(ဂဲ) မခုရာနိပဟာဒ္ဒာနိ၊ ဒေါသဃ္ဃာနိဟိတာနိစ။
သေဝေ ါကျာနိသုဘာနိ၊ ဟော်ဒိဓညာနရုတ္တမ။

(ဂဲ) နရုတ္တမ၊ လူတို့ထွတ်ဖူး မြတ်မှူးဥသျှောင် ဘုန်းခေါင်ဥတ္တမ သားတော်မြတ်။ မခုရာနိ၊ နှလုံးပြင်မ်အောင် ချိုမြိန်သာယာကုန်ထသော။ ပဟာဒနိ စိတ်အရွှမ်းကို ရွှင်လန်း နိုင်စေကုန်ထသော။ ဒေါသဃ္ဃာနိ၊ အပြစ်ဒေါသ ဟူသမျှကို မြှူမကျန်အောင် ပွန်းလှန် ဖျက်နိုင်ကုန်ထသော။ ဟိတာနိစ၊ ချမ်းသာကောင်းကျိုး အမျိုးမျိုးကို သည့်ပိုးဆောင်ရွက်နိုင်ကုန်ထသော။ တေ ရှင်တော် မြတ်ဘုရား၏။ ဝါကျာနိ ခံတွင်းရွှေကြုတ်၊ ကြာကာရုဗ်မှ၊ ဘွင့်ထုတ်မိန့်ကြား၊ ချိုပျားအဟာန်စကားသံတို့ကို။ ယေဇနာ၊ အကြင်လူများ အပေါင်းသည်။ သုဘာနိ၊ ဝိတိုင်မှီအောင် နှစ်သိမ့်စွာ ကြားနာ

ကြရကုန်၏။တေပိဇနေါ၊ထိုလူများအပေါင်းတို့သည်လည်း။ညော၊ သူတပါးတို့ထက်ထူးချွန်၍ အလွန်ဘုန်းကြီးကြ ပေကုန်တကား။

အို - သားတော်မြတ်ဘုရား၊ ရွှင်လန်း ချမ်းမြန်၍ နှလုံးကိုငြိမ်း စေနိုင်တဲ့စကားတွေ,အပြစ်ဒေါသကိုနှိပ်ချိုး၍အကျိုးဖြစ်ထွန်းစေ နိုင်တဲ့ စကားတော်တွေ၊ အဲ-သို့ကလို ထူးမြတ်တဲ့ အရှင်ဘုရား စကားတော်များကို နာကြားရတဲ့သူတွေဟာ လွန်စွာဘုန်းကြီး ကြပါပေတယ်။

(မှတ်ချက်။ ။ဖော်ပြခဲ့သော ဘုန်းတော်ဘွဲ့ ဂါထာသုံးပုဒ် တို့ကို နှုတ်တက်ရအောင် ကျက်ဆောင်၍ အမြဲပြတ်ရွတ်ဘတ် သရဇ္ဈာယ်ကြပါလျှင် ထင်ထင်ရှားရှား ဘုန်းကြက်သရေတိုးပွါး သည်ဟု ဆရာတော်ဘုရားကြီးများ မိန့်တော်မူသည်ကို ကြားရ ဘူးပါသည်)

(ဂါ) ညောဟန္တေ မဟာဝီရ၊ မာနပူဇနတပ္ပရာ။
တိဏ္ဏသံသာရကန္တာရာ၊ သုဝါကျေနသိဒ္ဓိမတော။

(ဂါ) မဟာဝီရ လုလ္လတော်ကဲမြင့်၍ ရဲရင့်တော်မူပေသော အို—သားတော်မြတ်ဘုရား၊ အဟံ'တပည့်တော်မသည်။ မာနပူဇ နတပ္ပရာ၊အရှင်ဘုရားအပေါ်တွင်၊မြတ်နိုးကော်ရော်၊ ပူဇော်အား ထားကာ နေခဲ့ရသည်ဖြစ်၍၊ ညော၊ ဘုန်းတော်ကြီးခဲ့ပါပေသည် ဘုရား။သိဒ္ဓိမတော၊ကြက်သရေတံခွန်ဖြင့်၊အလွန်မြင့်မြတ်တော်မူ ပေသော၊ တေ၊ ရှင်တော် မြတ်ဘုရား၏။သုဝါကျေန၊ အလွန်မွန် မြတ်သော တရားသံကြောင့်၊ တိဏ္ဏသံသာရကန္တာရာ၊ သံသရာ တခွင်၊ခရီးစဉ်မှ၊အောင်မြင်စွာကူးမြောက်ခဲ့ရသည်ဖြစ်၍၊ညော၊ ဘုန်းကြီးမားလှပါသည်ဘုရား။

အို-သားတော်မြတ်ဘုရား၊ တပည့်တော်မသည် အရှင်ဘုရား အပေါ်မှာ ရိုသေကော်ရော် ပူဇော်မြတ်နိုး အားကိုးမှီခိုကာနေခဲ့ရ သဖြင့် လွန်စွာဘုန်းကြီးလှပါတယ်ဘုရား။ အရှင်ဘုရား၏စကား သံကြောင့် သံသရာခရီးမှ ကူးမြောက်ခဲ့ရသည်မှာ လွန်စွာဘုန်း ကြီးလှပါတယ်ဘုရား။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း၊ ဂါထာအမျိုးမျိုးတို့ဖြင့် ရှင်တော်ဘုရားကို လျှောက်ထား ခွင့်ပန်ပြီးတဲ့နောက် ဝတ်တရားရှိတဲ့အတိုင်း မြေးတော်ရာဟုလာ, သားတော်နန္ဒ, တူတော်အာနန္ဒာ, ဆွေမျိုးရင်းချာဖြစ်တဲ့ မထေရ်မြတ်တို့အထံသို့ တဘန်သွားရောက်ပြီး မိထွေးတော် ဂေါတမီက ပရိနိဗ္ဗာန် ဝင်စံမဲ့အကြောင်းကို သိကြလိုခွင့်တောင်းတော်မူပြန်တယ်။

(ဂေါ) အာသိဝိသာလယသမေ၊ ရောဂါဝါသေကဠေဝရေ။
နိဗ္ဗိန္နာဒုက္ခသံဃာတေ၊ ဇရာမရဏဂေါစရေ။

(ဂံ) နာနာကာလမလာကိဏ္ဏေ၊ ပရာယတ္တေနိရီဟကေ။
တေနနိဗ္ဗာတုမိစ္ဆာမိ၊ အနုမညထပုတ္တကာ။ ။

(ဂေါ-ဂံ) ပုတ္တကာ၊ အို-ချစ်သားအပေါင်းတို့၊ အာသိဝိသာလယသမေ၊ ဆိပ်တောက်ထန်ပြင်း၊ မြွေ ကင်းတို့ တည်နေရာ၊ ပွေ့ခြာရစ်ရံအမှိုက်ပုံ, တောင်ပို့အလားနှင့်တူသော။ ရောဂါဝါသေ၊ ရောဂါအပေါင်းတို့၏ နိအောင်း တည်နေရာလည်း ဖြစ်ထသော။ ဒုက္ခသံဃာတေ၊ ဆင်းရဲမျိုးအဖုံဖုံတို့၏ ပေါင်းဆုံနှိပ်စက်ရာလည်းဖြစ်ထသော၊ ဇရာမရဏဂေါစရေ အိုခြင်း,သေခြင်း, တို့၏ ကျက်စားရာ နယ်ကြီးလည်း ဖြစ်ထသော။ နာနာကာလမလာကိဏ္ဏေ၊ အညစ် အကြေးမျိုးစုံတို့ဖြင့် ရှုပ်ပွမ်းရာလည်းဖြစ်ထသော။ ပရာယတ္တေ၊ အပြင်တပါးတို့နှင့်သာ စပ်လျဉ်း၍နေထသော။ နိရီဟကေ၊ အားထုတ်ကာ ပြုပြင်သော်လဲ အစဉ်သဖြင့် ပျက်စီး၍နေသော။ ကဠေဝရေ၊ ဤခန္ဓာကိုယ် ရုပ်၊အကောင်ပုပ်၌။ အဟံ၊ တပည့်တော်မသည်။ နိဗ္ဗိန္နာ၊ ငြီးငွေ့ရွံမုန်းလှပါပြီဘုရား။ တေန၊ ထိုကြောင့်။ နိဗ္ဗာတုံ ပရိနိဗ္ဗာန်ဝင်စံခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိ၍ နေပါ၏။ ပုတ္တကာ၊ အို-ချစ်သားတို့။ အနုမညထ၊ ကြည်ကြည်အေးအေး၊ အခွင့်ပေးတော်မူကြပါကုန်ဘုရား။

အဲ-သို့ကလို၊ ပရိနိဗ္ဗာန်၊ ဝင်စံဘို့အကြောင်းနှင့် မိထွေးတော်ကြီးကခွင့်တောင်းတော့ မြေးတော်ရာဟုလာနှင့် သားတော်နန္ဒတို့

မှာ ကိလေသာ ကုန်ခန်း၍ ရဟန္တာဖြစ်တော်မူသဖြင့် တစုံတရာ မှု-စိုးရိမ်ပူဆွေးတော် မမူကြဘူး။ သံဝေဂ ဂါထာများကိုသာ သို့ကလို ရွတ်ဆိုမိန့်ကြားတော်မူကြတယ်။

(ဂါး၂) နန္ဒောရာဟုလဘဒ္ဒေါစ၊ ဝိတသောကာ နိရာသဝါ။
ဋ္ဌိတာစလဋ္ဌိတိဝင်ရာ ဓမ္မတမနုစိန္တယုံ။

(ဂါး) တဒါ၊ထိုအခါ၌။နန္ဒောစ၊ သားတော်နန္ဒာသည်၎င်း။ ရာဟုလဘဒ္ဒေါစ၊ မြေးတော် ရှင်ရာဟုလာသည်၎င်း။ တော။ ထို အရှင်မြတ် နှစ်ပါးတို့သည်။ နိရာသဝါ၊ အာသဝေါ ကင်းကွာ၍ ရဟန္တာ ဖြစ်ကြလေသောကြောင့်။ ဝိတသောကာ၊ ပူပန်ခြင်းမှ ကင်းတော် မူကြလေကုန်၍။ အစလဋ္ဌိတိထိရာ၊ မတုန်လှုပ်သော တည်တံ့ခြင်းဖြင့် ခိုင်မြဲတော် မူကြကုန်လျက်။ဋ္ဌိတာ၊ မလှုပ်မရှား တန့်စားတော်မူနိုင်ကြကုန်၍၊ဓမ္မတံ အနိစ္စဓမ္မတာသဘောတရား ကို၊အနုစိန္တယုံ၊ ဤကဲ့သို့ ကြံစည်တော်မူကြလေကုန်သတည်း။

(ဃ) မိရုဏ္ဍသင်္ခတံလောလံ၊အသာရံကဒလူပမံ။
မာယာမရီစိသဒိသံ၊ဣတ္တရံအနဝဋ္ဌိတံ။

(ဃ) ဘောန္တော၊အို-သတ္တဝါအပေါင်းတို့။ မိရုဏ္ဍ၊ ဩဝဝှ်-စက်ဆုပ်ဘွယ်ကြီးပါတကား။ သင်္ခတံ၊ ပြုပြင်အပ်သမျှ၊ သခ်ီရ ဥသုံ၊အလုံးစုံသည်၊လောလံ၊ လျှပ်ပေါ်လော်လည့်လှုပါတကား။ ကဒလူပမံ၊ငှက်ပျောတုံးနှင့်တူစွာ။ အသာရံ၊ အနှစ်သာရ၊ ဘာမျှ မရှိပါဘဲတကား၊မာယာမရီစိသဒိသံ၊ မျက်လှည့်အမူ၊ တံလှပ်နှင့် သာတူချေ၏တကား။ဣတ္တရံ၊ဖြစ်ပုံ,ပျက်ပုံ,တိုတောင်းလှသဖြင့်၊ အနဝဋ္ဌိတံ၊အစိုင်အခဲ၊ခိုင်မြဲစွာတည်တံ့လေ့မရှိပါတကား။

(ဃာ) ယဿနာမဇိနသာယံ မာတုဿာဗုဒ္ဓပေါသိကာ။
ဂေါတမီ နိဓနံယာတိ၊ဓုဝံ သင်္ခါရသင်္ခတံ။

(ဃာ) ယဿ၊ အကြင်မခိုင်မမြဲသောသခ်ီရတရားတို့၌။ ဥပ္ပန္နာ၊ဖြစ်၍နေရရှာသော။ ဇိနဿ၊ ဘုရားရှင်၏ မိထွေး

တော်ကြီးဖြစ်ပေသော၊ ဗုဒ္ဓပေါသိကာ၊ ဘုရားရှင်ကို ငယ်ရွယ်စဉ်ကစ၍နို့ချိုကျွေးကာ မွေး၍လာပေသော။ အယံ-ဂေါတမီနာမ၊ ဤဂေါတမီအရှင်မြတ်ကြီးပင်လည်း။ နိဗ္ဗာန်၊ ပျက်စီးချုပ်ပျောက်ခြင်းသို့။ ယာတိ၊ ရောက်ရရှာသေး၏။ သဗ္ဗသင်္ခတံ၊ အလုံးစုံသော တေဘုမ္မကသင်္ခါရတရားစုသည်၊ အနိစ္စ၊ အမြဲမရှိပါတကား။

ရှင်ရာဟုလာနှင့်ရှင်နန္ဒမထေရ်တို့က ရဟန္တာဖြစ်၍ ဖြေဆည်နိုင်ကြသော်လည်း ရှင်အာနန္ဒာမှာတော့ သောတာပန်မျှသာ ဖြစ်၍ မဖြေမဆည်နိုင်ဘဲစိုးရိမ်ပူဆွေးကာငိုကြွေးတော်မူရှာတယ်။

(ဃ) အာနန္ဒောစ တဒါသေခေါ၊ သောကဋ္ဋော ဇိနဩရသော။
တတ္ထဿူနိ ကရောန္တော၊ ကရုဏံ ပရိဒေဝတိ။

(ဃ) တဒါ၊ ထိုအခါ၌။ ဇိနဩရသော၊ ဘုရားရှင်၏ သားတော်ပျိုကလေးဖြစ်ပေသော။ အာနန္ဒောစ၊ ရှင်အာနန္ဒာသည်မူကား။ သေခေါ၊ သောတာပန်မျှသာဖြစ်နေရသေးသောကြောင့်။ သောကဋ္ဋော၊ စိုးရိမ် ပူဆွေးခြင်းဖြင့် နှိပ်စက် အပ်သည်ဖြစ်၍။ တတ္ထ၊ ထိုမိထွေးတော်ကြီး၏ စကားကိုကြားရာ အရပ်၌ပင်လျှင်။ အဿူနိ၊ စီးကျမှုင်မှုင်၊ မဆည်နိုင်သော မျက်ရည်တို့ကို။ ကရောန္တော၊ ဖြစ်ပေါ်ယိုစီးစေလျက်။ သော၊ ထိုရှင်အာနန္ဒာသည်။ ကရုဏံ၊ သနားစဖွယ်၊ ပရိဒေဝတိ၊ ငိုကြွေး မြည်တမ်းရှာလေသတည်း။

ငိုကြွေးမှုဂါထာ

(ဃ) ဟာ သန္တံ ဂေါတမီ ယာတိ၊ နူနဗုဒ္ဓေါပိ နိဗ္ဗုတံ။
ဂစ္ဆတိ နစိရေနေဝ၊ အဂ္ဂိရိဝ နိရိန္ဓနော။

(ဃ) ဘောန္တော၊ အို-နတ်လူအပေါင်းတို့။ သန္တံ၊ သင်္ခါရ ငြိမ်းသိမ်း၊ ချုပ်ငြိမ်းပြတ်ကြွေကာ စုတေ သေလွန်ခြင်းသို့။ ဟာ၊ ယာတိ၊ ဟာင်-ရောက်ရရှာချေတော့မည်တကား။ ဗုဒ္ဓေါပိ၊ နောင်တော်မြတ်ဘုရားကြီးသည်လည်း။ နိရိန္ဓနော၊ လောင်စာကုန်လေပြီးသော။ အဂ္ဂိရိဝ၊ မီးပုံကြီးကဲ့သို့။ နစိရေနေဝ၊ မကြာမီအတွင်း၌

ပင်လျှင်၊သန္တိ ၊ပရိနိဗ္ဗာန်ဝင်စံခြင်းသို့၊ ဂန္တွတိနှုန်း၊ရောက်တော်မူလေ့လိမ့်မလား။

ဪ-မိထွေးတော် ဂေါတမီအရှင်မြတ်ကြီးဟာ ပရိနိဗ္ဗာန်ဝင်စံတော် မူတော့မယ်။ နောင်တော် ဘုရားဟာလဲ လောင်စာကင်းတဲ့မီးပုံကြီးငြိမ်းသွားသလိုမကြာမီပင် ပရိနိဗ္ဗာန်စံဝင်တော်မူလိမ့်မလား၊လို့မသိရချေ။ဪ-သည်လောကကြီး အတွင်းမှာ စိုးရိမ်ရေးနှင့်ပူဆွေးဘွယ်တွေအလွန်များပါကလား။

အဲ-သို့ကလို ရှင်အာနန္ဒာကမဖြေမဆည်နိုင်အောင် ဖြိုင်ဖြိုင်ယိုစီးတဲ့မျက်ရေတို့ဖြင့် ငိုကြွေး မြည်တမ်းတဲ့အခါ မိထွေးတော် ဂေါတမီကသို့ကလိုတရားပြ၍နှုးချတော်မူရတယ်။

(ယု) သုတသာဂရဂမ္ဘီရ၊ဗုဒ္ဓေါပဋ္ဌာနတပ္ပရ။
နယုတ္တံသောစိတုံပုတ္တ၊ဟာသကာလေဥပဋ္ဌိတေ။

(ယု) သုတသာဂရဂမ္ဘီရ၊ အကြားအမြင် တည်းဟူသော သမုဒ္ဒရာဖြင့် လွှန်စွာနက်နဲပေသော။ ဗုဒ္ဓေါပဋ္ဌာနတပ္ပရ၊ ဘုရားရှင်ကိုသာလုပ်ကျွေး၍ ထိုအမှုရေးကိုသာ ဂရုစိုက်လေ့ရှိပေသော။ ပုတ္တ၊အို-ချစ်သားအာနန္ဒာ။ဟာသကာလေ ရွှင်မြူးရမဲ့အခါကြီးသည်။ဥပဋ္ဌိတေ၊ဆိုက်ရောက်လာသည်ရှိသော် သောစိတုံ၊စိုးရိမ်ရေးဖြင့်၊ပူဆွေး၍နေခြင်းငှါ၊နယုတ္တံ၊မသင့်ပါတကား။

(ယူ) တယာတာတသမဏ္ဍိမ္ဟော၊ပဋ္ဋိဗ္ဗံအနုဇာနိ နော၊
မာပုတ္တဝိမနောဟောဟိ၊သဖလောတေပရိဿမော။

(ယူ) တာတ၊ ချစ် သား အာနန္ဒာ။ တယာ၊ သင် သည်။ သမဏ္ဍိမ္ဟော၊ ကူညီကာတောင်းပန်အပ်လေသောကြောင့်။ နော၊ အကျွန်ုပ်တို့အား။ ပဗ္ဗဇ္ဇံ၊ရဟန်းအဖြစ်ကို။ အနုဇာနိ၊ သားတော်ဘုရားကသနားသဖြင့်အခွင့်ပြုတော်မူခဲ့ပေပြီ။ ပုတ္တ၊ချစ်သားအာနန္ဒာ။ဝိမနော၊ နှလုံးမသာ၊ မျက်နှာညှိုးငယ်သည်။ မာဟောဟိ၊မဖြစ်ပါလင့်။တေ၊သင်ချစ်သား၏။ပရိဿမော၊တောင်းပန်ခယမ်း

၍အပင်ပန်း ခံခဲ့ခြင်းသည်။ သဖလော၊ အကျိုး ဆိုက်ရောက်ပြီ မဟုတ်ပါလော။

အို-ချစ်သားအာနန္ဒာ၊ သင်၏ ကျညီတောင်းပန် ချက်ကြောင့် သားတော်ဘုရားကာမိန်းမတို့အား ရဟန်းပြုခွင့်ကြီးကို ပေးတော်မူခဲ့ပြီမဟုတ်ပါလော။ နှလုံးသော မျက်နှာညှိုးငယ်လို့ မနေပါနှင့်၊ သင်၏အပင်ပန်းခံခြင်းသည်အကျိုးကြီး၍နေပြီ မဟုတ်ပါလော။

(၅၁) ယံနူနိဗ္ဗုပုရာဏေဟိ၊ ဘိက္ခူကာစရိယေဟိပိ။
တံပဒံသုကုမာရိဟိ သတ္တဝဿာဟိဝေဒိတံ။

(၅၁) တာတ၊ ချစ်သားအာနန္ဒာ။ ပုရာဏေဟိ၊ ရှေး၌ဖြစ်ကုန်သော။ တိတ္ထိကာစရိယေဟိ တိတ္ထိဂိုဏ်းဆရာကြီးတို့သည်။ ယံပဒံ၊ အကြင်နိဗ္ဗာန်တရားကို။ နဗုဒ္ဓံ၊ တခါတဆစ်မျှမမြင်ဘူးရှာကြကုန်။ တံပဒံ၊ ထိုမြင်နိုင်ခဲသောနိဗ္ဗာန်တရားကို။ ဣဒါနိ၊ ယခုအခါ၌။ သတ္တဝဿာဟိ၊ ခုနစ်နှစ်အရွယ်မျှသာ ရှိကြကုန်သော။ သုကုမာရိဟိ၊ အလွန်နုနယ်သော သူငယ်မကလေးတို့သော်ပင်လည်း။ ဝေဒိတံ၊ ဒိဋ္ဌထင်ထင် သိမြင်အပ်လေပြီတကား။

အို-ချစ်သားအာနန္ဒာ၊ ရှေးကတိတ္ထိဂိုဏ်း ဆရာကြီးတွေဟာ နိဗ္ဗာန်တရားကိုအနည်းငယ်ကလေးမျှ မမြင်ဘူးရှာကြဘူး။ ယခုအခါ ဘိက္ခုနီမသာသနာကြီးထွန်းကားတဲ့အတွက် ထိုမြင်နိုင်ခဲတဲ့ နိဗ္ဗာန်တရားကို ခုနစ်နှစ် အရွယ်ရှိတဲ့ သူငယ်မ ကလေးများ တောင်ပင် သိမြင်ကုန်ကြပေပြီ။ အမျိုးသမီးတို့ဘက်က အကျိုးဖြစ်ထွန်းလာ ခြင်းဟာ သင့်ကျေးဇူးပါဘဲ၊ အားတက်သရော ဝမ်းမြောက်လိုက်ပါ၊ စိုးရိမ်ပူဆွေးလို့မနေပါနှင့်။

(၅၂) ဗုဒ္ဓသာသနပါလေတ၊ ပရိဿ မိဒသာနံတာဝ။
တထာဂတာ့မဟာပုည၊ ဂေတာယ တုဏ္ဍနိဒသ်ာဒေ။

(၅၂) ဗုဒ္ဓသာသန ပါလေတ၊ ဘုရား ရှင်၏ သာသနာကို ကောင်းစွာစောင့်ရှောက်လေ့ရှိပေသော။ ပုတ္တ၊ အို-ချစ်သားအာ

နန္ဒာ၊ တဝ၊ သင်ချစ်သားကို။ ဒဿနံ၊ ယခုဖူးမြင်ရခြင်းသည်။ ပစ္ဆိမံ၊ အဆုံးစွန်သော ဖူးမြင်ရခြင်းပေတည်း။ ယသ္မာ၊ အကြင်နိဗ္ဗာန်သို့။ ဂတာ၊ သွားရောက်ရသည်ရှိသော်။ နဒိဿတော၊ မတွေ့မမြင်နိုင် တော့ပြီ။ တဿ၊ ထိုတခါရောက်က၊ တခေါက်မပြန်၊ ပြည့်နိဗ္ဗာန်သို့။ အဟံ၊ အကျွန်ုပ်သည်။ ဂစ္ဆာမိ၊ သွားရပါတော့အံ့။

အို–ချစ်သားအာနန္ဒာ၊ ယခုဖူးမြင်ရခြင်းကို အဆုံးစွန်သော ဖူးမြင်ရခြင်းရယ်လို့ မှတ်တော်မူပါ။ တခါရောက်က, တခေါက် မပြန်ရဟဲ့ ငြိမ်းပြည့်နိဗ္ဗာန်သို့ တပည့်တော်မ သွားရောက်ရပါ တော့မယ်။ ဤ-သို့ကလို လျှောက်ထားပြီးတဲ့နောက် ရှင်တော် ဘုရားက မိမိအား ဟောကြားဆုံးမ၍ ဩဝါဒပေးဘူးတဲ့ အချက် တချက်ကို လျှောက်ထားလိုပြန်သည်နှင့် မိထွေးတော်ဂေါတမီက ဘော်ပြသတံ့သော ဂါထာဒွိကို ရွတ်ဆိုတော်မူပြန်တယ်။

(ဃော၁) ကဒါပိခဲ့ ဒေသေနဲ့ ဒိပိလောကဂ္ဂနာယကော။
ကဒါဟံ အသာသီသံဝါဒိံ၊ အဝေါစ အနုကမ္ပကာ။

ဃောင်) ဗန္ဓိ ဇီဝ မဟာဝိရ၊ ကပ္ပံ တိဋ္ဌ မဟာမုနေ။
သဗ္ဗလောကဿ အနုကမ္ပာယ၊ ဘဂဝါ အဇရာမရော။

(ဃော-ဃောင်) ကဒါစိ၊ တခံရောဖအခါ၌။ လောကဂ္ဂ နာယကော၊ လောကရှေ့သွား မြတ်ဘုရားသည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေန္တော၊ ဟောကြား၍နေတော်မူစဉ်။ ဒိပိ၊ ချေဆတ်တော် မူလေ၏။ (ဝါ)၊ ချီးတော်မူ၏။ တဒါ၊ ထိုအခါ၌။ အဟံ၊ တပည့် တော်မသည်။ အနုကမ္ပကာ၊ သားတော်ဘုရားအား သနားချစ်ခင်သည် ဖြစ်၍။ အာသီသံဝါဒိံ၊ ဆုတောင်းသော စကားကို။ အဝေါစ၊ လျှောက်ထားလိုက်ပါသတည်း။ (လျှောက်ထား လိုက်ပုံကား) မဟာဝီရ၊ မြတ်စွာဘုရား။ ဗန္ဓိ ဇီဝ၊ သက်တမ်းရှည်၍ တည်နေ တော်မူပါဘုရား။ မဟာမုနေ၊ အို-မြတ်စွာဘုရား။ ကပ္ပံ၊ အာယု ကပ်ဆုံးသည့်တိုင်အောင်။ တိဋ္ဌ၊ တည်နေတော်မူပါဘုရား။ သဗ္ဗ လောကဿ၊ အလုံးစုံသော လောကကြီး၏။ အနုကမ္ပာယ၊ အကျိုးစီး

ပွါး ထွန်းကားစိမ့်သောငှါ။ အဇရာမရော၊ အဒိမသေ၊ အမြဲတည်နေတော်မူသည့်။ ဘဝဿ၊ ဖြစ်တော်မူပါဘုရား။

(၅၀) တံဘဏာဝါဒိနိံ ဗုဒ္ဓေါ၊ မဲ့သောဝေတဒဗြဝီ။
နဟောဝံ၀န္ဒိယာ ဗုဒ္ဓေါ၊ ယထာ ၀န္ဒသိ ဂေါတမီ။

(၅၀) တံဘဏာဝါဒိနိံ၊ ထိုကဲ့သို့လျှောက်ထားလိုက်သော။ မဲ့၊ အကျွန်ုပ်ကို၊ သောဗုဒ္ဓေါ၊ ထိုရှင်တော်မြတ်ဘုရားသည်။ ဧတံ၊ ဤအမိန့်တော်စကားကို။ အဗြဝီ၊ မိန့်ကြားတော်မူလေသတည်း။ ဂေါတမီ၊ အို-မိထွေးတော်ဂေါတမီ။ ယထာ ၀န္ဒသိ၊ အကြွင်းသက်တမ်းရှည်ပါစေဘုရား ဟု လျှောက်ကြားကာ ရှိခိုးလိုက်၏၊ ဧဝံ၊ ဤသို့ရှိခိုးသော နည်းလမ်းအတိုင်း။ ဗုဒ္ဓါ၊ ဘုရားရှင်တို့ကို။ နဝန္ဒိယာ၊ ရှိခိုးအပ်သည်မဟုတ်ကုန်။

(၅၁) အာရဒ္ဓဝီရိယေပဟိတတ္တေ၊ နိစ္စံဒဠှပရက္ကမေ။
သမဂ္ဂေသာဝကေပဿ၊ ဧတံဗုဒ္ဓါနဝန္ဒနံ။

(၅၁) ဂေါတမီ၊ အို မိထွေးတော်ဂေါတမီ။ အာရဒ္ဓဝီရိယေ၊ အားထုတ်အပ်သော ဝီရိယရှိကုန်သော။ ပဟိတတ္တေ၊ စွန့်လွှတ်အပ်သောစိတ်နှလုံးရှိကုန်သော။ နိစ္စံဒဠှပရက္ကမေ၊ အမြဲမလျော့မပေါ့မတန်၊ မှန်ကန်သော လုံ့လရှိတော်မူကြကုန်သော။ သမဂ္ဂေ၊ မကွဲမပြား တသားတည်းညီညွတ်ကြကုန်သော။ သာဝကေ၊ တပည့်သားတော်အပေါင်းတို့ကို။ ပဿ၊ ကြည့်ရှုစောင့်မဟောင် မူပါလော။ ဧတံ ဤကဲ့သို့ တောင်းပန်ခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့ကို။ ၀န္ဒနံ၊ ရှိခိုးခြင်းမည်ပေ၏။ ဧဝံ၊ ဤသို့။ အဗြဝီ၊ ရှင်တော်ဘုရားမိန့်ကြားတော် မူဘူးပါသတည်း။

အို-ချစ်သားအာနန္ဒာ၊ တရံသောအခါ ရှင်တော်ဘုရားသည် ပရိသတ်လေးပါးအလယ်၌ တရားဟောတော်မူနေစဉ်အခါ ချေဆတ်တော်မူတယ်။ ထိုအခါ တပည့်တော်မက ချစ်ခင်ကြင်နာတဲ့စိတ်ဖြင့် သို့ လို လျှောက်ထားလိုက်မိတယ်။ အို-သားတော်

မြတ်ဘုရား။ အသက်ရှည်တော်မူပါစေ၊ အာယုကပ်ဆုံးသည့်တိုင်အောင် တည်တော်မူနိုင်ပါစေ၊ အလုံးစုံသောလောက၌ အကျိုးများလေအောင် မအိုမသေအမြဲတည်နေတော်မူပါစေဘုရား။ အဲ-သို့ကလိုလျှောက်ထားလိုက်တော့ ရှင်တော်မြတ်ဘုရားက ''အို-မိထွေးတော်ဂေါတမီ ဘုရားရှင်တို့ကို သည့်လိုရှိခိုး၍ မလျှောက်ထားထိုက်ဘူး။ ညီညီညွတ်ညွတ် အားထုတ် ကြိုးစားနေကြတဲ့တပည့်သား အပေါင်းတို့ကို ကြည့်ရှု စောင်မတော်မူပါဘုရား'' အဲသည့်လိုသာ လျှောက်ဆိုရှိခိုးရမယ်။ ရှင်တော်ဘုရားက သည့်ကဲ့သို့ မိန့်ကြားတော် မူဘူးပါတယ်။ သည်အမိန့်တော်ကြီးကို ထောက်ထားပြီး ချစ်သားအာနန္ဒာကတပည့်တော်မ၏ ပရိနိဗ္ဗာန်စံဝင်မှုအတွက် စိုးရိမ်ပူဆွေးလျက် ငိုကြွေးဘို့မရှိပါဘူး။ ဘုရားရှင်၏အလိုဆန္ဒတော်မှာ ကိလေသာကင်းရှင်းပြီးတဲ့နောက် သည့်ခန္ဓာဝန်ကြီးကို ရွက်ဆောင်ပြီး ကြာရှည်လေးမြင့်စွာ တည်နေမှုကို နှစ်သက်တော်မမူဘူး။ မိထွေးတော်ဂေါတမီက ရှင်အာနန္ဒာအား အစိုးရိမ်ကင်းအောင် သို့ကလိုနားချတော်မူတယ်။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ရှင်အာနန္ဒာအား တရားပြ၍ နားချပြီးတဲ့နောက်ဘိက္ခုနီမတို့ကျောင်းသို့ခေတ္တပြန်သွား ပြီး ပရိနိဗ္ဗာန်ပြုဘို့အချိန်ကို တဖန်လျှောက်ထားလိုသည့်နှင့် ဘိက္ခုနီငါးရာတို့နှင့်တကွ ဘုရားရှင်ထံသို့ ချဉ်းကပ်တော်မူလာကြပြန်တယ်။ ထိုအခါ ရှင်တော်မြတ်ဘုရားက ပရိနိဗ္ဗာန် ဝင်ခါနီးတွင် မိထွေးတော် ဂေါတမီအား တန်ခိုးအစုံစုံ အဖုံဖုံသော ပြာဋိဟာတို့ကိုပြတော်မူစေလိုတဲ့အတွက် မိထွေးတော်ဂေါတမီအား သို့ကလိုမိန့်ကြားတော်မူလေသတည်း။

(၁) ထီနံ့ဓမ္မာဘိသမယေ ယေ ဗာလာဝိမတိံဂတာ။
တေသံဒိဋ္ဌိပဟာနတ္ထံ ဣဒ္ဓိံဒဿေဟိဂေါတမိ။

(၁) ဂေါတမိ၊ အို-မိထွေးတော် ဂေါတမီ။ လောကေ၊ ဤလောကကြီးအတွင်း၌။ ယေဗာလာ၊ ဟုတ်တိုင်း မသိမမြင်ကြကုန်

သောအကြောင်းသူမိုက်အပေါင်းတို့သည်။ ယင်းမိန်းမတို့၏။ ဓမ္မဘိသမယော၊ သမ္ဗာလေးတန်၊ အသိဉာဏ်ထွင်းဖေါက်၊ တန်ခိုးရှင်အဖြစ်သို့ရောက်ခြင်းနှဲ့။ ဝိမုတ္တိဂုဏ်တားဟုတ်နိုင် ပါမည်လော၊ ဖြစ်နိုင်ပါမည့်လောဟုတွေးတောယုံမှားလျက်ရှိကြလေကုန်၏။ တွေးသံ၊ ထိုသူမိုက်အပေါင်းတို့၏။ ဒိဋ္ဌိပဟာနဖို့၊ မှားယွင်းသောအယူကိုပယ်ဖျောက်ခြင်းငှါ။ ဗုဒ္ဓ၊ အဆန်းတကြယ် အံ့ဘွယ်တန်ခိုး၊ အမျိုးမျိုးကို။ ဒသေယတိ၊ ပရိနိဗ္ဗာန်ဝင်ခါနီးတွင် အကြီးအကျယ်ပြခဲ့ပါလေ၊။

အို-မိတွေးဘော် ဂေါတမီ၊ ဉာဏ်ပညာ ထိုင်းမှိုင်း၍ ဟုတ်တိုင်းမသိကြတဲ့သူမိုက်တွေဟာလောကမှာလွန်စွာများကြတယ်။ ထိုသူမိုက်တွေက မိန်းမများ၏ တရားထူးရပုံ တန်ခိုးဣဒ္ဓိပါဒ်နှင့်-ပြည့်စုံပုံများကို မယုံကြည် နိုင်ကြဘဲ ဟုတ်နိုင်ပါမည် လောဟုတွေးတောနေကြတယ်။ သည့်လိုယုံမှားမှုတွေကို ပယ်ဖျောက်ခြင်းငှါပရိနိဗ္ဗာန်စံဝင်ခါနီးတွင် အကြီးအကျယ် အံ့ဩဘွယ်ဖြစ်တဲ့တန်ခိုးဂုဏ်တို့ကိုစုံလင်အောင်ပြခဲ့ပါ။

အဲ-သို့ကသော်ရှင်တော် ဘုရားက တိုက်တွန်းတော် မူတော့မိထွေးဘော်ဂေါတမီက ရှင်တော်ဘုရားကို ဝပ်တွားရှိခိုးပြီးလျှင်မြန်စွာ ကောင်းကင်သို့ ပြန်တက်တော်မူတယ်။ ကောင်းကင်သို့ရောက်တော့မမြင်စဘူးအထူးဆန်းကြယ်အံ့ဩဘွယ်ဖြစ်တဲ့တန်ခိုးတော်ကြီးတွေကိုပြတော်မူပါရော၊ တန်ခိုးပြပုံတွေကိုအချုပ်အားဖြင့်ပြဆိုရပါလျှင် တကိုယ်ထဲမှ ကိုယ်ပေါင်းများစွာခွဲ၍ ပြခြင်း၊ ကိုယ်ပေါင်းများစွာတို့မှ တကိုယ်ထဲဖြစ်စေခြင်း ပရိသတ် မျက်မှောက်မှာ ကိုယ်ကို ဖျောက်ခြင်း၊ ကိုယ်ကိုပြခြင်း၊ တောင်ကြီးအတွင်းသို့ ထွင်း၍သွားခြင်း၊ မြေပေါ်မှာ ငုပ်သွားသလိုရေပေါ်မှာစကြံ့ လျှောက်သွားခြင်း၊ ကောင်းကင်အပြင်မှာ ငှက်ကဲ့သို့ပျံသွားခြင်း၊ ကောင်းကင် အပြင်မှာ တင်ပလ္လင်ခွေ၍ စံနေခြင်း ဖြဗ္ဗဘုံသို့တိုင်အောင်ကြွသွားခြင်း၊ မြင့်မိုရ်တောင်ကို ယင်းရိုးပြု၍ မဟာပထဝီ မြေကြီးကို ယင်းရွက် ပြုပြီးလျှင် ထို ယင်းကြီးကို

ဆောင်း၍ကောင်းကင်၌စကြီသွားခြင်း၊ လက်ညှိုးများဖြင့် နေနှင့် လ,တို့ကို တိမ်မြုပ် အောင် ပြုလုပ်ခြင်း၊ နေ အထောင်,လ အထောင်တို့ကိုပုလဲသွယ်ဘဲ့သို့ကုံးသီ၍ လည်ပင်း၌ ဆွဲဆင်ခြင်း၊ သမုဒ္ဒရာလေးစင်း၌ ရှိသော ရေတို့ကို လက် တဘက်တည်းဖြင့် သိမ်းကျုံး၍ ယူခြင်း၊ ကြီးစွာသော မိုးတို့ကို ရွာသွန်း စေခြင်း၊ ကောင်းကင်အပြင်၌ စကြဝတေးမင်း၏ ပရိသတ်ကို ဘန်ဆင်း၍ ပြခြင်း၊ ဂဠုန်မင်းယောင်ဆောင်၍ ပြခြင်း၊ ခြင်္သေ့ မင်းယောင် ဆောင်၍ ပြခြင်း၊ ဤသို့စသော တန်ခိုး အမျိုးမျိုးတို့ကို ရဟန်း ယောကျ်ားပရိသတ်၊ ရဟန်းမိန်းမပရိသတ်၊ လူပရိသတ်၊ နတ် ပရိသတ်တို့၏ အလယ်မှာ အကြီးအကျယ် အံ့ဩဘွယ် ပြတော် မူတယ်။

အဲ သို့ကလိုမမြင်စဘူး၊အထူးဆန်းကြယ်၊ အံ့ဩဘွယ်အလွန် ကောင်းဘဲ့ တန်ခိုး ဣဒ္ဓိပါဒ်တွေကို မြင်တော့ လူနတ် ပရိသတ် အပေါင်းတွေရှိမခိုးဘဲ မနေနိုင်ကြသဖြင့် အကြိမ်ကြိမ်ဦးခိုက်ဖြီး ဖူးထိုက်လို့, ဖူးရပေသည့်တကားဟု များစွာ အံ့ဩကြတယ်။မိ ထွေးတော် ဂေါတမီ၏ တန်ခိုးပြခြင်းကို အရင်းပြုပြီး ဘိက္ခုနီမ သာသနာကြီးဟာလဲလွန်စွာကြက်သရေရှိသွားတာပေ ‌‌။

(တန်ခိုးပြတော်မူပုံနှင့် စပ်လျဉ်း၍ ဟောကြားတော် မူခဲ့ဘဲ့ ထေရီအပဒါန်ပါဠိတော်များကိုထုတ်ပြပါဦးမည်)

(ငါ) တဒါ နိပစ္စ သမ္ဗုဒ္ဓံ၊ဥပ္ပတိတွာန အမ္ဗရံ။

ဣဒ္ဓီအနေကာဒဿေသိ၊ဗုဒ္ဓါနုညာယဂေါတမီ။

(ငါ) တဒါ ထိုရှင်တော်ဘုရားကတန်ခိုးပြစေရန်တိုက်တွန်း တော်မူသောအခါ၌။သမ္ဗုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို။ နိပစ္စ၊ဝပ် တွားရှိခိုး၍။အမ္ဗရံ၊အဇဋာပြင်၊ မိုးကောင်းကင်သို့။ ဥပ္ပတိတွာန၊ ပျံတက်တော်မူလေပြီးသော်။ ဗုဒ္ဓါနုညာယ၊ ဘုရားရှင်၏ ခွင့်ပြု ချက်ကြောင့်။ဂေါတမီ၊ မိထွေးတော်ဂေါတမီသည်။ အနေကာ၊ တပါးမကများလှစွာကုန်သော။ ဣဒ္ဓီ၊တန်ခိုးအဖုံဖုံ၊အမျိုးစုံတို့ကို။ ဒဿေသိ၊ပြတော်မူလေသတည်း။

(ဥ) ဇင်္ဂိကာဗဟုခါအာသိ၊ဗဟုခါစေကိကာတထာ။
အာဝိဘာဝံတိရောဘာဝံ၊တိရောကုဍ္ဍံတိရောနဂံ။

(ဦ) အသဇ္ဇမာနာ အဂမာ၊ဘူမိယမ္ပိ နိမုဇ္ဇထ။
အဘိဇ္ဇမာနေ ဥဒကေ၊အဂ္ဂိုမဟိယာယထာ။

(ဥ-ဦ) ဇင်္ဂိကာ၊တကိုယ်ထဲမှ။ ဗဟုခါအာသိ၊ ကိုယ်အများ ဖြစ်၍သွားလေ၏။ ဗဟုခါ၊ ကိုယ်အများမှ ။တထာ၊ ထိုနည်းတူ စွာ။ဇင်္ဂိကာ၊ တကိုယ်တည်း ဖြစ်၍ သွားလေ၏။ အာဝိဘာဝံ၊ ကိုယ်ကိုထင်ရှားစွာဘောင်ပြလျက်။တိရောဘာဝံ၊ကိုယ်ကိုဖျောက် လျက်။အဂမာ၊ ကြွသွားတော်မူလေ၏။တိရောကုဍ္ဍံ၊ နံရံတဘက် သို့။တိရောနဂံ၊တောင်တဘက်သို့။အသဇ္ဇမာနာ၊အငြိအတွယ်မရှိ ဘဲ။အဂမာ၊ လေ၏ အလားကဲ့သို့ ကြွသွားတော်မူလေ၏။ မဟိ ယာ မြေအပြင်၌။ဂန္တ တိယထာ၊သွားလေ့ရှိသကဲ့သို့၊ တထာ၊ထို နည်းတူစွာ။အဘိဇ္ဇမာနေ၊မကွဲမပျက်၊တခဲနက်တည့်၍ နေသော။ ဥဒကေ၊ရေအပြင်၌။အဂ္ဂို၊စင်္ကြံကြွသွားတော်မူလေ၏။

(ဧ) သကုဏီဝတထာကာသေ၊ပလ္လင်္ကေနဂမီတဒါ။
ဝသံဝသ္ဓေသိကာယေန၊ယာဝဗြဟ္မ နိဝေသနံ။

(ဧ) တဒါ၊ ထိုတန်ခိုးပြတော်မူသောအခါ၌။ အာကာသေ၊ ကောင်းကင်ပြင်၌၊သကုဏီ၊ငှက်မသည်။ဂန္တုတိဏုဝ၊ပျံသွားလေ့ ရှိသကဲ့သို့။ တထာ၊ ထိုနည်းတူစွာ၊ ပလ္လင်္ကေန၊ တင်ပလ္လင်ခွေ သဖြင့်။အာကာသေ၊ကောင်းကင်ပြင်၌။ဂမိ၊ ကြွသွားတော်မူလေ သတည်း။ယာဝဗြဟ္မနိဝေသနံ၊ဗြဟ္မာ့ဘုံသို့တိုင်အောင် ကာယေ န၊ကိုယ်ဖြင့်။ဝသံဝတ္တေသိ ကြွသွားတော်မူလေသတည်း။

(ဩ) သိနေရုံဒဏ္ဍံကတွာန၊ဆတ္တံကတွာမဟာမဟိံ။
သမူလံပရိဝတ္တေတွာ၊ဓာရယံ စင်္ကမိ နဘေ။

(ဩ) သိနေရုံ၊ မြင့်မိုရ်တောင်ကြီးကို။ ဒဏ္ဍံကတွာန၊ ထီးရိုး ပြု၍။ မဟာမဟိံ၊ ကျယ်ဝန်း လှစွာသော မြေအပြင်ကို။ ဆတ္တံ ကတွာ၊ထီးဝန်း,ထီးရွက်,ပြု၍။ သမူလံ၊ အရင်းနှင့်တကွ၊ ပရိဝ

ဓွေ့တွာ၊ ပြန်လှန်ပြီးသော်။ ခရယံ၊ ထိုသင်းကြီးကို ဆောင်းတော် မူလျက်။ နဘော၊ ကောင်းကင်၌၊ စက်မိ၊ စင်္ကြံကြွသွားတော်မူလေ သတည်း။

(၈) ဆသူရောဇယကာလောဝ၊ လောကဥ္စကာသိရူမိကံ။
ယုဂန္ဓေ ဝိယလောကံသာ၊ ဇာလမာလာကုလံအကာ။

(၈) ဆသူရောဇယ ကာလောဝ၊ နေခြောက်စင်းထွက် သောအခါကဲ့သို့။ လောကဥ္စ၊ ဤလောကကြီး တခွင်လုံးကိုလည်း။ ရူမိကံ၊ အခိုးအလျှံထလေအောင်။ အကာသိ၊ ပြုလုပ်ဘန်ဆင်း တော်မူလေသတည်း။ ယုဂန္ဓေ၊ ယုဂန္ဓိုရ်တောင်စွန်း၌။ ဇာလမာ လာဝ တိမ်ကွန်ယက်၊ တိမ်ပန်းဆိုင်၊ တွေကဲ့သို့။ တထာ၊ ထိုနည်း တူစွာ။ လောကံ၊ လောကကြီးတခွင်လုံးကို။ ဇာလမာလာကုလံ၊ တိမ်ကွန်သက်၊ တိမ်ပန်းနွယ်၊ တို့ဖြင့် ရှုပ်ထွေး၍ နေလေအောင်။ သာ၊ ထိုမိထွေးတော် ဂေါတမီသည်။ အကာ၊ ပြုလုပ်ဘန်ဆင်း တော်မူလေသတည်း။

(၉) အင်္ဂုလဋ္ဌေနဆာဒေသိ၊ ဘာကရံ သနိသာကရံ။
စန္ဒသူရသဟဿာနိ၊ အာဝေဠမိဝ ခရယိ။

(၉) သနိသာကရံ၊ လမင်းနှင့်တကွသော။ ဘာကရံ၊ ရောင် ခြည်တဆောင်၊ ပြောင်ပြောင်ထိန်ဝင်း၊ ရှင်နေမင်းကို။ အင်္ဂုလဋ္ဌေ န၊ လက်သိုးချားဖြင့်။ ဆာဒေသိ၊ ကွယ်ပျောက်အောင် ဖုံးလွှမ်း တော်မူ၏။ စန္ဒသူရသဟဿာနိ၊ နေ့၊ အထောင် လ၊ အထောင်တို့ ကို။ အာဝေဠမိဝ၊ ပုလဲလုံး၊ ကျောက်လုံး၊ အဆိုင်အဆိုင်ကဲ့သို့။ ကတွာ၊ ပြုတော်မူ၍။ ခရယိ၊ ဆင်မြန်းတော်မူလေသတည်း။

(၁၀) စတုသာဂရတောယာနိ၊ ခရယိကေပါဏိနာ။
ယုဂန္ဓဇလဒါကာရံ၊ မဟာဝဿံပဝဿယိ။

(၁၀) စတုသာဂရတော၊ သမုဒ္ဒရာကြီးလေးစင်းတို့မှ။ ယာနိ၊ အကြွင်းရေထုအပေါင်းဘို့ကို။ ကေပါဏိနာ၊ လက်တဘက်ဖြင့်။

ခါရယီ၊ သိမ်းကျုံး ဆောင်ယူတော်မူ၏။ ယုဂန္ဓရလေဖါကာခံ၊ ယုဂန္ဓိုရ်တောင်စွန်းမှရှုသွန်းသောမိုးကြီးအသွင်ကဲ့သို့။ မဟာဝသံ၊ကြီးစွာသောမိုးကြီးကို။ ပဝဿထ၊ တန်ခိုးပြ၍ ရွာချတော်မူလေသတည်း။

(၄၇) စက္ကဝတ္တိံ သပရိသံ၊မာပယိသာ နဘဿလေ။
ဂရုဠံ ဒ္ဒိရဒံ သီဟံ၊ဝိနဒန္တံ ပဒဿယိ။

(၄၇) သာ၊ ထိုမိထွေးတော် ဂေါတမီသည်။ နဘဿလေ၊ ကောင်းကင်အပြင်၌။ သပရိသံ၊ဗိုလ်ပါ ပရိသတ် အပေါင်းနှင့်တကွဖြစ်သော။စက္ကဝတ္တိံ၊ စကြာဝတေး မင်းကြီးအသွင်ကို။ မာပယိ၊ဘန်ဆင်းပြတော်မူလေပြီ။တထာ၊ထို့ပြင်တပါး။ဂရုဠံ၊ဂဠုန်မင်းကြီးအသွင်ကိုရင်း။ ဒ္ဒိရဒံ၊ နဂါးမင်းကြီးအသွင်ကိုရင်း။တထာ၊ထို့ပြင်တပါး၊ ဝိနဒန္တံ၊ မြည်ဟိမ်းကြိမ်းဝါး၍နေသော။ သီဟံ၊ ခြင်္သေ့မင်းကြီး အသွင်ကိုရင်း။ ပဒဿယိ၊ ဘန်ဆင်း၍ ပြတော်မူလေသတည်း။

အဲ-ပြခဲ့ပြီးတဲ့ အတိုင်း၊ ပရိနိဗ္ဗာန်စံဝင်တော် မူခါနီးတွင် မိထွေးတော်ဂေါတမီထေရီသည် ဘုရားရှင်၏တိုက်တွန်းချက်ဖြင့် မမြင်စဖူးအထူးဆန်းကြယ်တဲ့ တန်ခိုးဗျာဒိဟာတွေကို ထင်ရှားစွာပြတော်မူပြီး ကောင်းကင်မှ ဆင်းသက်ခါ ရှင်တော်ဘုရားအား သို့ကလိုလျှောက်ထား၍ ရှိခိုးတော်မူပြန်တယ်။

(၄၈) မာတုစ္ဆာတေမဟာဝီရ၊ တဝသာသနကာရိကာ။
အနုပ္ပတ္တာ သကံအတ္ထံ၊ ပါဒေ ဝန္ဒာမိ စက္ခုမ။

(၄၈) မဟာဝီရ ကြီးမြင့်သော ဝိရိယဇာတ်ဖြင့် မြင့်မြတ်သွန်ကဲတော်မူပေသော အို-သားတော်မြတ်ဘုရား။ အဟံ၊ တပည့်တော်မသည်။တေ၊ ရှင်ပင်ဘုရား၏။ မာတုစ္ဆာ၊ ငယ်ရွယ်စဉ်ကလေးကနို့ချိုကျွေး၍ မွေးလာခဲ့သော မိထွေးတော်ကြီးပါဘုရား။ တဝ ရှင်ပင်ဘုရား၏။ သာသနကာရိကာ၊ ဆုံးမတော်အစုံကိုအကုန်လိုက်နာပြုကျင့်ခဲ့သည်ဖြစ်၍။ ဣဒါနိ၊ ဤယခုအခါ၌။ သကံ

အတုံ၊ မိမိ၏အကျိုးစီးပွားဖြစ်ထွန်းခြင်းသို့။ အနုပုဗ္ဗာ၊ အစဉ်အတိုင်းဆိုက်ရောက်ခဲ့ပါပြီဘုရား။ စက္ခုမ၊ စက္ခုငါးကွင်း၊ အလင်းသိမြင် အို-သားတော်မြတ်ဘုရားရှင်။အဟံ၊တပည့်တော်မသည်။ တေ ရှင်ပင်ဘုရား၏။ ပါဒေ၊ ခြေတော်အစုံ၊ ကြာပဒုံတို့ကို။ ဝန္ဒာမိ၊ ဦးညွတ်ကျိုး၍၊ ရှိခိုးပါ၏ဘုရား။

အဲ-သို့ကလို ဘုရားရှင်၏ခြေတော်စုံကို ရိုလှုံ့ဦးခိုက်ပြီး သင့်လျော်လျောက်ပတ်တဲ့အရပ်မှာ နေထိုင်လျက် ပရိနိဗ္ဗာန်ဝင်စံရမဲ့ အကြောင်းကို သို့ကလိုလျှောက်ထားပြန်တယ်။

(ငါး) သာဝိသဝဿသတိကာ၊ ဇာတိယာဟံမဟာမုနေ။
အလမေတ္တာဝတာဝီရ၊ နိဗ္ဗာယိဿာမိနာယက။

(ငါး) မဟာမုနေ၊ အို-သားတော်မြတ်ဘုရား။ သာအဟံ၊ ထိုတပည့်တော်မသည်။ ဇာတိယာ၊ ဘွားမြင်သည်မှ ယနေ့သို့ ကျအောင်။ဝီသဝဿသတိကာ၊နှစ်ပေါင်းတရာ့နှစ်ဆယ့်အသက်အရွယ်ကြီးရင့်ပါပြီဘုရား။ ဝီရ၊ အို-သားတော်မြတ်ဘုရား။ ဧတ္တာဝတာ၊ ဤမျှလောက် တန်ခိုးပြလိုက်ခြင်းဖြင့်။ အလံ၊ သင့်လျော်တော်တန်လောက်ပါပြီ။ နာယက၊ အို-သားတော်မြတ်ဘုရား။ အဟံ တပည့်တော်မသည်။ နိဗ္ဗာယိဿာမိ ဝဋ်ဇာတ်သိမ်း၍ ငြိမ်းပါရစေတော့ဘုရား။

အို-သားတော်မြတ်ဘုရား ယခုအခါ တပည့်တော်မသည် နှစ်ပေါင်းတရာ့နှစ်ဆယ်ရှိ၍ အရွယ်ကြီးရင့်ခဲ့ပါပြီဘုရား။ အရှင်ဘုရား၏ ခွင့်ပြုချက်ကြောင့် ဤမျှလောက် တန်ခိုးပြလိုက်လျှင်ပင် သင့်မျော်လောက်ပြီလို့ ထင်မြင်မိပါသည်ဘုရား။ ယခုအခါ ဝဋ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းရုံသာ ရှိပါတော့သည်ဘုရား။

### ပရိသတ်တို့က လျှောက်ထားကြခြင်း

မိထွေးတော်ဂေါတမီ၏ တန်ခိုးပြပုံများကို ထင်ရှားစွာဖူးမြင်ကြရတဲ့ ပရိသတ်ပေါင်းများစွာတို့က တန်ခိုးတော်ကြီးမြတ်လှပါ

ပေးသည်ဟု ချီးကျူးအံ့ဩကြပြီးလျှင် ဂေါတမီထေရီအထံသို့ကပ်ပြီး လေးမြတ်ရိုသေစွာ သို့ကလိုလျှောက်ထား မေးမြန်းကြတယ်။

ဘိက္ခုနီမသာသနာကို ရှေးဦးစွာ တည်ထောင်တော်မူပေတဲ့ သာသနမိခင်ကြီးဘုရား။ ပြတော်မူတဲ့ တန်ခိုးအဖုံဖုံကို စုံလင်စွာ ဖူးမြင်ကြရတဲ့အတွက်နှစ်သက်မြတ်နိုးစွ၊ ကြည်သိုကြရပါတယ်။ ဘယ်လိုပါရမီကုသိုလ်ထူးကိုဆည်းပူးခဲ့ကြသဖြင့် သို့ကလောက်ကြီးကျယ်၍အံ့ဩဘွယ်ကောင်းတဲ့ တန်ခိုးဂုဏ်များကို ရရှိတော်မူပါသလဲဘုရား။ဘယ်ပါရမီကုသိုလ်ထူးကြောင့် ဘုရားရှင်၏မိထွေးတော်ကြီးဖြစ်ပြီး ဘိက္ခုနီမ သာသနာကို ရှေးဦးစွာတည်ထောင်တော် မူနိုင်ပါသလဲဘုရား။ အဲ—သို့ကလို လျှောက်ထား မေးမြန်းကြတော့ ဂေါတမီ ထေရီ ဘိက္ခုနီမကြီးက မိမိကိုယ်တိုင် ပါရမီဖြည့်ဆည်းပူးပုံများကို ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်ကစပြီး အဆုံးဘဝသို့ရောက်သည်တိုင်အောင် ဇာတ်ကြောင်းစုံပြန်လှန်ကာ ထေရီအပဒါန် ဂါထာတော်များကို မိန့်ကြားတော်မူလေသတည်း။

(မှတ်ချက်။ ။ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်ကစ၍ အဆုံးဘဝသို့တိုင်အောင် ပါရမီဖြည့်ခဲ့ပုံအကြောင်းအရာများကို ထေရီအပဒါန် ပါဠိတော် ဂါထာတို့နှင့်တကွ ဤ၀တ္ထုအစ၌ စုံလင်စွာပြဆိုခဲ့ပြီ)

## ဘိက္ခုနီမငါးရာတို့ တန်ခိုးပြခြင်း

(၈) တဒေတာရာဘိက္ခုနီယော၊ အာရုဟိ သု နဘ တ္တလံ။
ခံဂတာဝိယ တာရာယော၊ ဝိရောစိ သု မဟိဒ္ဓိကာ။

(၈) တဒါ၊ ထိုမိထွေးတော် ဂေါတမီ တန်ခိုးပြပြီးသည်၏အဆုံး၌။ ဋ္ဌာတရာ၊ ဂေါတမီထေရီမှ တပါးကုန်သောမဟိဒ္ဓိကာ၊ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူကြကုန်သော။ ဘိက္ခုနီယော၊ သာကီဝင် ဘိက္ခုနီမငါးရာတို့သည်။ နဘတ္တလံ၊ ကောင်းကင်အပြင်သို့။အာရုဟိံသု၊ ပျံတက်တော်မူကြလေကုန်၏။ တာ၊ ထိုဘိက္ခု

နိမ အပေါင်းတို့သည်။ ခံဂတာ ကျောင်းကင်ပြင်၌ ပျံသန်းကြကုန်သော။ တာရာယောဝိယ၊ နက္ခတ်များစွာ၊ ကြယ်တာရာတို့ကဲ့သို့။ ဝိရောစံသု၊ ထိန်တပြောင်ပြောင်၊ တန်ခိုးရောင်ဖြင့်၊ တောက်လောင် ထွန်းလင်းတော် မူကြလေကုန်၏။ ဇုဋ္ဌိယော၊ တန်ခိုးဖုံဖုံ၊ အလုံးစုံတို့ကို။ ဒဿသုံ၊ အဆန်းတကြယ် အံ့ဩဘွယ် ပြတော်မူကြလေကုန်၏။

ဂေါတမီထေရီ ဘိက္ခုနီအရှင်မြတ်ကြီး တန်ခိုးတော်ပြပြီး၍ ကောင်းကင်ထက်မှ ဆင်းသက်တော်မူတဲ့အခါ။ အနန္တမြအင်ဖြစ်တဲ့ဘိက္ခုနီမ အပေါင်းငါးရာတို့က မိန်းမတို့တန်ခိုးဂုဏ်ကို ပြတော်မူလိုကြတဲ့အတွက် အသီးသီးကောင်းကင်သို့ ပျံတက်ပြီး အံ့ဩဘွယ်ရှိတဲ့ တန်ခိုးဂုဏ်များကို ပြတော်မူတယ်။ ကောင်းကင်အပြင်မှာ ဘိက္ခုနီမပေါင်းငါးရာတို့ အသီးသီး ပျံသန်း၍ ထူးဆန်းကြီးကျယ်, အံ့ဩဘွယ်ကောင်းတဲ့ တန်ခိုးတွေကို ပြတဲ့အခါ ဘာနှင့်တူသလဲသို့ဆိုတော့ ကောင်းကင်တခွင်မှာ ကြယ်တာရာတွေ ပျံသန်းနေသလိုဘဲတဲ့။ ဖူးမြင်ကြရတဲ့ ပရိသတ်ပေါင်းများစွာတို့ကလဲ လွန်စွာအံ့ဩပြီး ကြည်ညိုရှိခိုးကြတယ်။ တန်ခိုးအဖုံဖုံကို စုံလင်စွာပြတော်မူပြီးတဲ့နောက် အသီးသီး ကောင်းကင်ထက်မှ ဆင်းသက်ကာ ဘုရားရှင်ထံပါးသို့လာပြီး ရိုသေစွာ ရှိခိုးလျက် ဘုရားရှင်၏ ဂုဏ်ကျေးဇူး, မိထွေးတော်ဂေါတမီ၏ ဂုဏ်ကျေးဇူး တော်များကို သို့ကလိုချီးကျူးကာ လျှောက်ထားကြတယ်။

ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား၊ မိထွေးတော်ဂေါတမီသည် တပည့်တော်မတို့အပေါ်မှာ သနားညှာတာ ကရုဏာဖြင့် လွန်စွာ ကျေးဇူးတော် ကြီးလှပါပေတယ်ဘုရား။ အရှင်ဘုရား၏ ဗာန်းတော်ရိပ်ကိုခိုလှုံ၍ မိထွေးတော်ဂေါတမီ၏ ဆုံးမစကားကို လိုက်နာကြရတဲ့အတွက် တပည့်တော်မတို့မှာ ကိလေသာ အာသဝေါ၊ ကျလျော့ရှင်းကွာ၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ကြရပါတယ်ဘုရား။ အစွမ်းသတ္တိနှင့် ပြည့်စုံတဲ့ဆင်မသည် အနှောင်

အဘွဲ့တွေကို ဖြတ်၍ လွတ်လပ်စွာ ထွက်သွားရတဲ့အလား၊ တပည့်တော်မတို့လဲ ဘုံဘဝအနှောင်အဖွဲ့တွေကိုဖြတ်၍ နိဗ္ဗာန်ရွှေပြည်မြတ်သို့ လွတ်လပ်စွာ ထွက်သွားကြရပါတယ်ဘုရား။ သာသနာတော်ကြီးအတွင်းသို့ ဆိုက်ရောက်ကြရသည်မှာ လွန်စွာအကျိုးကြီးပေစွ။ ဝိဇ္ဇာသုံးပါး ဉာဏ်သွား ပေါက်ရောက်၍ သာသနာရေးဆိုင်ရာ ကိစ္စအလုံးစုံကို အကုန်ပြုကျင့်ခြင်းကိစ္စ ပြီးစီးကြပါပြီဘုရား။ ပဋိသမ္ဘိဒါလေးပါး, သမာပတ်ရှစ်ပါး,အဘိညာဉ်ခြောက်ပါး တို့ကိုလည်း အလုံးစုံရရှိကြပါပြီဘုရား။ ယခုအခါ ကျေးဇူးရှင် ဖြစ်တော်မူတဲ့ မိထွေးတော်ဂေါတမီနှင့်အတူ ပရိနိဗ္ဗာန်ဝင်စံဖို့ အခွင့်ကိုသာ ပေးသနားတော်မူပါဘုရား။

အဲ-သို့ကလို လျှောက်ထားကြတယ်။ ထိုအခါရှင်တော်မြတ်ဘုရားက၊ "အို-ချစ်သမီးငါးရာတို့ ပရိနိဗ္ဗာန်ဝင်စံဖို့လျှောက်တင်ကြတဲ့အရေးမှာ ငါဘုရားက တစုံတရာမိန့်ကြားဖို့မရှိဘူး၊ သင်တို့၏ ပရိနိဗ္ဗာန်ဝင်စံချိန်ကို သင်တို့သာသိကြပေတော့"လို့ မိန့်ကြားတော်မူတယ်။

ပြဆိုခဲ့ပြီးတဲ့အတိုင်း တန်ခိုးပြခြင်း, အခွင့်တောင်းခြင်း, ကိစ္စများ ပြီးစီးတဲ့နောက်ဂေါတမီထေရီအမှူးရှိတဲ့ ဘိက္ခုနီမငါးရာတို့သည် အဆုံးစွန်သောဖူးမြင်ခြင်းဖြင့် ရှင်တော်ဘုရားကို ဝပ်တွားရှိခိုးပြီး အသီးသီးနေရာမှထ၍ပြန်သွားကြတယ်၊ထိုအခါရှင်တော်မြတ်ဘုရားကမိထွေးတော်ဂေါတမီကိုအဆုံးစွန်သောချီးမြှောက်ခြင်းဖြင့် ချီးမြှောက်တော်မူခြင်းငှါ ရဟန်းပရိသတ်,လူပရိသတ်, များစွာခြံရံပြီး ကျောင်းတော်တံခါးဝသို့ ဆိုက်အောင် ကိုယ်တော်တိုင် လိုက်၍ပို့တော်မူတယ်။ ရှင်တော်ဘုရား ကိုယ်တိုင် လိုက်၍ပို့တော်မူတယ်ဆိုတာ လွန်စွာချီးမွမ်းဘွယ် ကောင်းတဲ့ ဂုဏ်ထူးကြီးတခုပေပေါ့။ ငယ်ရွယ်စဉ်ကစပြီး နို့ချိုကျွေး၍ မွေးခဲ့တဲ့ ကျေးဇူးဂုဏ်ကို အာရုံပြုကာ ကျေးဇူးဆပ်လိုတဲ့ စေတနာကြောင့်သာ လိုက်၍ပို့တော်မူခြင်းဖြစ်ပေတယ်။

(၈၁) ဂေါတမီအာဒိကာတာယော၊တဒါဘိက္ခုနိယောဖိန်း။
ဝန္ဒိတွာအာသနာတမှာ၊ဝုဋ္ဌာယအဂမိံ သုတာ။

(၈၁) တဒါ၊ထိုဘန်ခိုးပြ၍ဦးချဝပ်တွားပြီးသောအခါ၌။ဂေါတမီအာဒိကာ၊ဂေါတမီအမျှးရှိကုန်သော။တာ-တာယောဘိက္ခုနိယော၊ ထိုဘိက္ခုနီမပေါင်းငါးရာတို့သည်။ ဖိနံ၊ရှင်တော်မြတ်ဘုရားကို။ဝန္ဒိတွာ၊ဦးချဝပ်တွားကြကုန်ပြီးသော်။တမှာအာသနာ ထိုရှင်တော်ဘုရား၏ ထံတော်ပါးမှ။ဝုဋ္ဌာယ၊ တပြိုင်တည်းထကြကုန်၍။အဂမိံ.သု၊ထွက်သွားတော်မူကြလေကုန်သတည်း။

(၈၂) မဟာတာဇနကာယေန၊သဟာလောကဂ္ဂနာယကော။
အနုသံသာဝယီ ဝိရော၊ မာတုန္တံယာဝကောဒ္ဓကံ။

(၈၂) လောကဂ္ဂနာယကော၊လောကဦးသျှောင်၊ ဘုန်းခေါင်, ဘုန်းဖျား၊အမြတ်ဆုံးအစားဖြစ်တော်မူပေသော။ဝိရော၊ရှင်တော်မြတ်ဘုရားသည်။ မဟတာ-မဟန္တေန၊ ကြီးကျယ် များပြားစွာသော။ဇနကာယေန၊ ဝန်းရံသောင်းသောင်း၊ ပရိသတ်အပေါင်းနှင့်။သဟ၊တကွ။မာတုန္တံ၊မိထွေးတော်ကြီးကို။ယာဝကောဒ္ဓကံ၊ကျောင်းတော်တံခါးမုတ်သို့တိုင်အောင်။အနုသံသာဝယီ၊ လိုက်၍ပို့တော်မူလေသတည်း။

တံခါးမုတ်သို့ရောက်တော့ သာကီဝင်ဘိက္ခုနီမငါးရာတို့နှင့်တကွမိထွေးတော်ဂေါတမီက ရှင်တော်ဘုရား၏ ခြေတော်စုံကို ဦးလှုံဦးခိုက်ပြီး အဆုံးစွန်သော လျှောက်ထားခြင်းဖြင့် သို့ကလိုလျှောက်ထားတော်မူပြန်တယ်။ အို·သားတော်မြတ်ဘုရား၊ ယခုဖူးမြင် ရခြင်းသည်ကား အဆုံးစွန်သော ဖူးမြင်ခြင်းပါ ဘုရား။ နောင်အခါ အရှင်ဘုရား၏ ရွှေမျက်နှာတော်ကို ဖူးမျှော်ရတော့မည်မဟုတ်ပါဘုရား။သားတော်မြတ်ဘုရား၏ နူးညံ့တဲ့ခြေတော်မြတ်အစုံကို တပည့်တော်မ၏ မျက်နှာဖြင့် နောင်အခါ ဖူးတွေ့ရတော့မည် မဟုတ်တော့ပါ။ ယနေ့ပင်လျှင် ပရိနိဗ္ဗာန်ဝင်စံရပါတော့မည်ဘုရား။ ဆဲ-သို့ကလိုလျှောက်ထားတော်မူပြန်တယ်။

(၈) ဇူဒ်ပန္တုံ မကာံမယှံ၊သောကနာထသဿဒဿနံ။
နပုနေ့ာအမတာကာရံ၊ပဿိဿာမိမုခံတဝ။

(၈) ပုတ္တ၊ အို-သားတော်မြတ်ဘုရား။ လောက နာထဿ၊ ရှင်တော်မြတ်ဘုရားကို။ ဇူဒ်ဒဿနံ၊ ဤဖူးမြင်ရခြင်းသည်။ မယှံ၊ တပည့်တော်မ၏။ ပန္တုံ မကာံ၊အဆုံးစွန်သော ဖူးမြင်ခြင်းပါဘုရား။ ပုနေ၊နောင်ခါတဘာန်၊ တဝ၊ ရှင်တော်မြတ်ဘုရား၏။ အမတာကာရံ၊အမြိုက်ရေချမ်း၊ လ စန်းအသွင်၊ ကြည်လင်အေးမြသော အမူအရာရှိသော။ မုခံ၊ မျက်နှာတော်ကို။ နပဿိဿာမိ။ ဖူးမြင်ရတော့မည်မဟုတ်ပါဘုရား။

(၉) နစမေ ဝဒနံ ပိရ၊တဝပါဒေ သုကောမလေ။
သဋ္ဌုဿိဿာမိလောကဂ္ဂ၊အဒ္ဒဂန္တာမိနိဗ္ဗုတိံ။

(၉) ပိရ၊အို-သားတော်မြတ်ဘုရား။ မေ၊တပည့်တော်မ၏။ ဝဒနံ၊နေ့စဉ်နေ့စဉ် ဖူးမြင်နေကျဖြစ်သောမျက်နှာသည်၊ တဝ၊ရှင်တော်မြတ်ဘုရား၏။ သုကောမလေ၊ ပဒုမ္မာကြာချပ်ကဲ့သို့ နူဖတ် သိမ်မွေ့လှပေသော။ပါဒေ၊ခြေတော်မြတ်အစုံ၌။နသဋ္ဌုဿိဿာမိ၊ တွေ့ထိရတော့မည်မဟုတ်ပါဘုရား။လောကဂ္ဂ၊လောကဉ္စော့ာင် စောဘုန်းခေါင်။ အဇ္ဇ၊ယနေ့ပင်လျှင်။ နိဗ္ဗုတိံ၊ဒုက္ခခပ်သိမ်း၊ ငြိမ်းရာအမှန်၊ပြည်နိဗ္ဗာန်သို့။ဂန္တာမိ၊သွားရပါတော့မည်ဘုရား။

(မှတ်ချက်။ ။နစမေဝဒနံပိရဤဂါထာကို ထောက်သောအား ဖြင့်ဘုရားရှင် လက်ထက်တော်က ခြေတော်စုံကို ရှိခိုးပုံမှာ ခြေဖမိုးတော်ထက်၌မျက်နှာကိုမှောက်၍ ထိထိမိမိရှိခိုးကြောင်းထင် ရှားပေသည်)

အဲ-ပြခဲ့ပြီးတဲ့အတိုင်း၊ ကျောင်းတော်တံခါးခုံမှာ၊ သာကီ ဝင်ဘိက္ခုနီမပေါင်း ငါးရာတို့နှင့်တကွ မိထွေးတော် ဂေါတမီ သည်ဘုရားရှင်၏ခြေတော်စုံကိုအဆုံးစွန်သော ရှိခိုးခြင်းဖြင့် ရှိခိုး ပြီးအသီးအသီးမိမိတို့ကျောင်းသို့ပြန်လာကြပါရော။ကျောင်းသို့ ရောက်တော်မူကြတဲ့အခါမြတ်သောနေရာတွင် 'အဒ္ဒပလ္လင်' ခေါ်တဲ့

ဘိက္ခုနီမတို့၏ တင်ပလ္လင်ခွေနည်းဖြင့် ခွေကာအသီးအသီးဆိတ်ငြိမ်စွာထိုင်နေတော်မူကြတယ်။ ပရိနိဗ္ဗာန်စံဝင်ခြင်း၌ အဆုံးစွန်သောထိုင်ခြင်းဖြင့်ထိုင်တော်မူကြတယ်လို့ဆိုလိုတာပေါ့။

(၅) သာသဟာဘာဟိဂတ္တွာန၊ဘိက္ခုနုပဿယံသကံ။
အဍ္ဍပလ္လင်္ကမာဘုဇ္ဇ၊နိသိဒိ ပရမာသနေ။

(၅) သာ၊ထိုမိထွေးဘောဝ်ဂေါတမီသည်။ တာဟိ၊ထိုသာကီဝင်ဘိက္ခုနီမငါးရာတို့နှင့်။ သဟ၊ တကွ။ သကံ၊မိမိတို့နေထိုင်ရာဖြစ်သော။ဘိက္ခုနုပဿယံ၊ဘိက္ခုနီမကျောင်းသို့။ ဂတ္တွာန၊သွားကြကုန်ပြီးသော်။ ပရမာသနေ၊ ပရိနိဗ္ဗာန်၊ ဝင်စံတုံ့သတ်၊ မြင့်မြတ်သင့်လျော်၊ နေရာတော်၌။ အဍ္ဍပလ္လင်္ကံ ထက်ဝက်တင်ပလ္လင်ကို (ဝါ-တဘက်တင်ပလ္လင်ကို)။ အာဘုဇ္ဇ၊ခွေ၍။ နိသိဒိ၊ အဆုံးစွန်သော ထိုင်ခြင်းဖြင့် ထိုင်နေတော်မူကြလေသတည်း။

(မှတ်ချက်၊ ။အဍ္ဍပလ္လင် ဆိုသည်မှာ မိန်းမများ ဘုရားရှိခိုးစဉ်အခါ၌ထိုင်ပုံမျိုးကိုဆိုသည်)

## အမျိုးသမီးအပေါင်းသို့လာရောက်-ငိုကြွေးကြခြင်း

မိထွေးတော်ဂေါတမီသည်သာကီဝင်ဘိက္ခုနီမငါးရာတို့နှင့်တကွ ကြွသိမ်ပင် ပရိနိဗ္ဗာန်စံဝင်တော်မူမဲ့အကြောင်းကို အမျိုးသမီးပေါင်းများစွာဥပါသိကာမတို့ကြားကြလေရာ လွန်စွာပူဆွေးသဖြင့်ငိုကြွေးဟစ်အော်ကာ အထံတော်သို့ ပြေးလာကြပြီးလျှင် မိမိတို့ရင်ဘတ်ကို ပြင်းထန်စွာ တီးခတ်သျက် အမြစ်ပြတ်သော နွယ်ဖင်ကဲ့သို့မြေပြင်မှာဝပ်လဲပြီး ငိုပွဲကြီးဆင်ကြတယ်။ "တပည့်တော်မတို့၏ကိုးကွယ်ရာ ဖြစ်တော်မူတဲ့ မိထွေးတော်ကြီးဘုရား၊ တပည့်တော်မတို့ကဦးခေါင်းဖြင့်ရှိခိုးတော်မူ၍ဝပ်သျှိုးတောင်းပန်ကြပါတယ်။ ပရိနိဗ္ဗာန်ဝင်စံတော်မူမဲ့ အရေးကို ခပ်ဖြည်းဖြည်း ဆိုင်းလင့်တော်မူပါအုံးဘုရား" အဲ-သို့ကလို ငိုပွဲဆင်ပြီးတောင်းပန်ကြပြန်တယ်။

(၈၉) တဒါ ဥပါသိကာ တတ္ထ၊ ဖုဋ္ဌာ သာသနဝုတ္တလာ။
တသ္သာ ပဝတ္တိံ သုတွာန ဥပေသုံ ပါဒဝန္ဒိကာ။

(၈၉) တဒါ၊ ထိုဖြစ်သောနေရာတွင် ထိုင်နေကြသောအခါ၌။ ဖုဋ္ဌာ သာသနဝုတ္တလာ၊ ဘုရားသာသနာကို၊ ကြည်ညိုတုံလက်၊ သွီးတော်ဖြတ်တွေဖြစ်ကြ ကုန်သော။ ဥပါသိကာ၊ ရတနာသုံးစုံကို၊ ခိုလှုံညွှတ်ပျောင်း ဥပါသိကာ အမျိုးသမီး အပေါင်း တို့သည်။ တဿာ၊ ထိုမိထွေးတော်ဂေါတမီ၏။ ပဝတ္တိံ ပရိနိဗ္ဗာန်စံဝင်မည့် အကြောင်းကို။ သုတွာန၊ ကြားကြကုန်သည်ရှိသော်။ ပါဒဝန္ဒိကာ၊ ခြေတော်ကို ဦးခိုက်ကြကုန်လျက်။ တတ္ထ၊ ထိုဘိက္ခုနီကျောင်း တိုက်သို့။ ဥပေသုံ၊ ချဉ်းကပ်လာရောက်ကြလေကုန်သတည်း။

(၉၀) ကရေဟိ ဥရံ ပဟန္တွာ၊ ဆိန္နမူလာ ယထာ လတာ။
ရောဒန္တာ ကရုဏံ ရဝံ၊ သောကဋ္ဋာ ဘူမိပါတိကာ။

(၉၀) တာယော၊ ထိုအမျိုးသမီး အပေါင်းတို့သည်။ ကရေဟိ၊ လက်နှစ်ဘက် တို့ဖြင့်။ ဥရံ၊ နှလုံးဒိုဖတ်၊ ကိုယ့်ရင်ဘတ်ကို။ ပဟန္တွာ၊ ပြင်းထန်စွာရိုက်ခတ်ကြကုန်လျက်။ ကရုဏံ ရဝံ၊ သနားဘွယ်သော ငိုကြွေးသံကို။ ရောဒန္တာ ဟစ်အော် ငိုကြွေးကြကုန်လျက်။ ဆိန္နမူလာ၊ အမြစ်ပြတ်လေကုန်ပြီးသော။ လတာ ယထာ၊ နွယ်ပင်တို့ကဲ့သို့။ သောကဋ္ဋာ၊ ဆုံးရှိမ်ရေးဖြင့်၊ ပူဆွေးနှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ဘူမိပါတိကာ၊ မြေ၌တုံးလုံး၊ တဖုံးဖုံးလဲကြကုန်သည်။ အာသုံ ဖြစ်ကြလေကုန်သတည်း။

(၉၁) မာ နော သရဏဒေ နာထေ၊ ဝိဟာယ ဂမိ နိဗ္ဗုတိံ။
နိပတိတွာန ယာစာမ၊ သဗ္ဗာယော သိရသာ မယံ။

(၉၁) သရဏဒေ၊ သရဏဂုံကို ပေးတော်မူလေ့ရှိပေသော။ နာထေ၊ အမျိုးသမီးများတို့၏ အားထားရာ ဖြစ်တော်မူ ပေသော အိုမိထွေးတော် အရှင် မြတ်ကြီး ဘုရား။ နော၊ တပည့်တော်မ အပေါင်းတို့ကို။ ဝိဟာယ၊ စွန့်ပစ်ပယ်ထားခဲ့၍။ နိဗ္ဗုတိံ၊ နိဗ္ဗာန်အရှ

ပြည့်ကြီးသို့။ မာဂဓိ၊ ကြွသွားတော်မမူပါလင့်ဦးဘုရား။ သဗ္ဗာ ယော အလုံးစုံကုန်သော။ မယံ၊တပည့်တော်မအပေါင်းတို့သည်။ သိရသာ၊ဦးခေါင်းဖြင့်ရတနာ၊မြတ်အင်္ဂါဖြင့်။ နိပတိတွာန ဝပ်လျိုး၍ တွားကြကုန်လျက်။ယာစာမ၊ ဆိုင်းတော်မူပါမည့်အကြောင်းနှင့် ခွင့်ဘောင်းကြပါကုန်သည်ဘုရား။

အဲ-အမျိုးသမီးအပေါင်းတို့က ရင်ဘတ်လက်တီး ငိုကြီးငိုယို ကာ မြေမှာလူးလှိမ့်၍ ဘောင်းပန်ကြတော့ မိထွေးတော်ဂေါတမီ ကြီးက အမျိုးသမီးတို့၏ ခေါင်းဆောင်ဖြစ်တဲ့ ဥပါသိကာမကြီး တယောက်ကိုခေါ်ယူကာ ထိုဥပါသိကာမကြီးရဲ့ ဦးခေါင်းကို ကိုင်ပြီး သို့ကလို ဆုံးမတော်မူတယ်။ အို-ချစ်သမီးတို့၊ တပူပူ၊ တဆွေးဆွေး ငိုကြွေးမြည်တမ်း ပင်ပန်းဦးတွားကာ မနေကြနှင့်။ သည်လိုအရေးမှာ ငိုကြွေးရတာမဟုတ်ဘူး။ ငိုကြွေးခြင်းဆိုတာ မာရ်နတ်မင်း၏ အကြိုက်ဖြစ်ပေတယ်။ မာရ်နတ်၏အကြိုက်ကို အလိုမလိုက်ကြနှင့်။ ဖြစ်ဖြစ်သမျှသခ်တတရားတွေဟာ ဘယ်မှာ မှ မြဲတယ်သို့မရှိဘူး။ လှုပ်လှုပ်ရှားရှားနှင့် ပျက်ပြား ကွေကွင်း ခြင်းသာလျှင် အဆုံးရှိကြတယ်၊မငိုမကြွေးကြနှင့် ကိုယ့်အရေးကို သာကြိုးစား အားထုတ်ကြရမယ်။ ။အဲ-သို့ကလို ဆုံးမတော် မူဘယ်။

(စေ၁်) အလံပုတ္တာဝိသာဒေန၊ မာရပါသာနုဝတ္တိနာ။
အနိစ္စံသခ်တံသဗ္ဗံ၊ ဝိယောဂန္တံ စလာစလံ။

(စေ၁်) ပုတ္တာ၊ အို-ချစ်သမီးအပေါင်းတို့။မာရပါသာနုဝတ္တိနာ၊ မာရ်မင်း၏ ကျော့ကွင်း အတွင်းသို့ အတင်း တိုးဝင်ခြင်းနှင့်တူ သော။ဝိသာဒေန၊ငိုကြွေးမြည်တမ်း၊ပင်ပန်းဆိုးရိမ်ခြင်းဖြင့်။အလံ၊ ဘယ်အကျိုးမျှ၊မရှိရိုးမှန်သည်သာလျှင်တည်း။သဗ္ဗံ၊အလုံးစုံသော။ သခ်တံ၊ ပြုပြင်အပ်သမျှ သင်္ခါရအမှု၊ ရုပ်နာမ်အစုသည်။ အနိစ္စံ၊ ခိုင်မြဲသည်ဟု တစုံတခုမျှမရှိချေ။ ဝိယောဂန္တံ၊ ဖြစ်လျှင်လုံးလုံး ကွေကွင်းခြင်းသာလျှင် အဆုံးရှိချေ၏။ စလာစလံ၊ မမြဲမခိုင်၊ ယိမ်းယိုင်လှုပ်ရှား၍သာ နေတတ်ချေ၏။

ဤကဲ့သို့ ကြေးမြည်တမ်းကြတဲ့ အမျိုးသမီးအပေါင်းတို့အား အနိစ္စတရားဖြင့် နားချပေးပြောကာ သွားကြ စေတော့လို့ အမိန့်ပေးလိုက်တော့ အမျိုးသမီး တသိုက်လဲ ဖိုလိုက်ဖိုလိုက် ငိုကြွက်တဲ့မျက်နှာနှင့် အထံတော်မှ ခွါသွားကြပါရော။ သည်အခါ ဘိက္ခုနီ ကျောင်းတိုက်ကြီးမှာ လွန်စွာဆိတ်ငြိမ်ခြင်း ဖြစ်သွားတာပေါ့။

## ပရိနိဗ္ဗာန်စံတော်မူခြင်း

အမျိုးသမီးတွေပြန်သွား၍ ဆိတ်ငြိမ်ခွင့်ကိုရတဲ့အခါ မိထွေးတော်ဂေါတမီသည် တော့နိမလျှင်ထိုင်နေတော်မူကာ ပထမ ဈာန်မှစ၍ စတုတ္ထဈာန်တိုင်အောင် ဝင်စားတော်မူတယ်။ ဤကဲ့သို့ အနုလုံ ပဋိလုံ အစုန် အဆန် ဈာန်ဝင်စား တော်မူပြီးတဲ့နောက် စတုတ္ထဈာန်၏ အဆုံးမှာ ဆီနှင့်မီးစာ ကုန်ပျောက်သဖြင့် ဆီမီးတောက် ငြိမ်းသွားသလို ဂေါတမီထေရီ ဘိက္ခုနီ အရှင်မြတ်ကြီးသည် ခန္ဓာဓာတ်သိမ်း၍ အငြိမ်းကြီး ချုပ်ငြိမ်းတော်မူလေသတည်း။

သည်ဝင် ဘိက္ခုနီပေါ ရာကလဲ ထိုနည်းတူစွာ နိဗ္ဗာန်ယူ သိမ်း ချုပ်ငြိမ်းတော်မူကြတယ်။ အစွမ်းဖြင့် ထိုင်နေတော်မူ ကာ ပရိနိဗ္ဗာန်စံတော်မူကြသဖြင့် ထိုင်နေရင်း ဝိသွင်အကျင်း ပတည်နှိုးကြသတဲ့။ ဆွေတော်များကို စိတ်နှင့်ကာ ထားသလို ကြည့်ပြွက်ရာ ချုပ်ငြိမ်းတော်မူကြတယ်။ ကြွင်းရှု မြင်ရပါလျှင် ပကတိ အသက်ရှင်နေသလိုပင် မှတ်ထင်ကြရ သတဲ့။ ပရိနိဗ္ဗာန်စံတော်မူမှာ လွန်စွာထူးမြတ်ဆန်းကြယ် တော်မူလေပေတည်း။

## နိမိတ်ကြီးများ ပေါ်ခြင်း

ပရိနိဗ္ဗာန်စံ တော်မူသည်နှင့် တပြိုင်နက် မဟာပထဝီမြေကြီးက လှုပ်ငင်းထန်စွာမြည်၍ ငလျင်တွေ သည့်အလား ကြီးကျယ် စွာလှုပ်ရှားတယ်။ ကောင်းကင်တခွင်မှာ ဥက္ကာ ခဲသန်း၍ လျှပ်ပန်း

တွေဟာတဝေဝေ ကွန့်မြူးကြတယ်။ ကောင်းကင်စည်တော်တွေ ကလဲ တငြိမ့်ငြိမ့်ယွမ်းဆော်ကြတယ်။ ကောင်းကင်ယံမှ နတ်ဘုံ ငှက်ကြွေးသံများကိုလဲကြားရတယ်၊ ကောင်းကင်တရိုးမှပန်းမိုးတွေ ဟာလဲ တဖြိုးဖြိုးရွာသွန်းကြတယ်၊ မြေတလင်းမှာ ပန်းမွေ့ရာခင်း သလိုဖြစ်နေတာပေါ့။ မြင့်မိုရ်တောင်ကြီးဟာလဲ ပွဲသဘင်အလယ် မှာ တင့်တယ်စွာ ယိမ်းနွဲ့ ကခုန်တဲ့ ကခြေသယ်မကဲ့သို့ တယိမ်း ယိမ်း တနွဲ့နွဲ့ လှုပ်ရှားလို့ နေတယ်၊ သမုဒ္ဒရာကြီးလေးစင်းကလဲ ပြင်းထန်စွာငမ်းနဲ့တဲ့အမူအရာဖြင့် လှိုင်းတပိုးသံများကို လှုပ်လှုပ် ရှားရှားနှင့် ကြွမ်းဝါးကြတယ်။ကောင်းကင်အပြင်မှာ နတ်ပြဟ္မာ အပေါင်း နဂါးအပေါင်းတို့ကလဲ ထိုမှဤမှပြေးလွှားပြီး သံဝေဂ, ဂါထာများကို ရွတ်ဆိုကြတယ်၊ ထိုအခါ မြေနှင့် ကောင်းကင် တပြင်ထဲစပ်,ပဲ့တင်ခတ်သွားတာပေါ့။ ဂေါတမိထေရီ ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့အခါ ဖြစ်ပေါ်လာတဲ့ နိမိတ်ကြီးတွေဟာ လွန်စွာ ဆန်းကြယ်လှပေတယ်။ နိမိတ် ပြပုံတွေကို ဟောကြားတဲ့ ထေရီ အပဒါန် ပါဠိတော်ကြီးများကို ထုတ်ပြရအုံးမှာပေါ့။

(စံ) တတောဝုဋ္ဌာယနိဗ္ဗာယိ၊ဒီပစ္စိဝနိရာသနာ။
ဘူမိစာလောမဟာအာသိ၊နဘသာဝိဇ္ဇုတာပတိ။

(စံ) နိရာသနာ၊ ဆီနှင့်မီးစာ ကုန်ခန်း လေပြီးသော။ ဒီပစ္စိ၊ အလျှံထွန်းတောက်၊ ဆီမီးတောက်သည်။ နိဗ္ဗာယိဣဝ၊ အရောင် သိမ်း၍ငြိမ်းလေဘိသကဲ့သို့။ တထာ၊ ထိုနည်းတူစွာ။ သာ၊ထိုမိ ထွေးတော်ဂေါတမီသည်၊ တတော၊ထိုစတုတ္ထဈာန်မှ။ ဝုဋ္ဌာယ၊ ထတော်မူပြီးသော်။ နိဗ္ဗာယိ၊ ဝဋ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူ လေသတည်း။ တဒါ ထိုပရိနိဗ္ဗာန်စံဝင်တော် မူပြီးသောအခါ၌။ မဟာ ထိတ်လန့်စဘွယ်၊ကြီးကျယ်ပြင်းထန်လှစွာသော။ ဘူမိစာ လော၊ မြေလျှောင် တုန်လှုပ် ခြင်းသည်။ အာသိ၊ ဖြစ်ပေါ် လေ သတည်း၊ နဘသာ၊တိမ်လမ်းတခွင်၊မိုးကောင်းကင်မှ၊ ဝိဇ္ဇုတာ ဥဇ္ဇ္ဇာ ျသန်း၊လျှပ်စစ်ပန်းသည်၊ပတိ၊အဆိုင်အဆိုင်တွဲ၍ခဏမစဲ ကျရောက်လာလေသတည်း။

(စား) ပနာဒိတာဒုဖြဘိယော၊ပရိဒေဝိံသု ဒေဝတာ။
ပုပ္ဖဂုမ္ဗိစ ဂဂဏာ၊အဘိဝဿထ မေဒနိံ။

(စား) တဒါ၊ထိုပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ၌။ ဒုဖြဘိယော၊ ထစ်ခြိမ်းယွင်းဆော်၊ မိုးစည်တော်တို့သည်။ ပနာဒိတာ၊ ကြွိမ်းဟိန်းမြည်ဟီးကြလေကုန်၏။ ဒေဝတာ၊ ကောင်းကင်ပြေး လွှား၊နတ်အများတို့သည်။ ပရိဒေဝိံသု၊ ပူပူပန်ပန်နှင့်၊ ဆုညံစွာငို ကြွေးကြလေကုန်သတည်း။ဂဂဏာ၊ ကောင်းကင်အပြင်မှ။ ပုပ္ဖဂု မ္ဗိစ၊ပန်းမိုးကြီးသည်လည်း။မေဒနိံ၊မြေအပြင်သို့။ အဘိဝဿထ၊ ရွာသွန်းကြချလေသတည်း။

(ဆ) ကမ္ပိတော မေရုရာဇာပိ၊ရင်္ဂမဇ္ဈေ ယထာနဋ္ဋော။
သောကေနစာတိဒိနော၀၊ဝိရဝေါ အာသိသာဂရော။

(ဆ) ရင်္ဂမဇ္ဈေ၊ပွဲသဘင်အလယ်၌။ နဋ္ဋော၊ကခြေသယ်သည်။ ကမ္ပိတောယထာ၊ ကြိုးစုံ ဖွဲ၍၊ တနွဲ့နွဲ့ လှုပ်ရှားလေဘိသကဲ့သို့။ မေရုရာဇာပိ၊ တောင်များသနင်း၊ မြင့်မိုရ်မင်း သည်လည်း။ ကမ္ပိ တော၊ပြော့ညွှတ်တိမ်း၍ယိမ်းနွဲ့လှုပ်ရှားလေသတည်း။သာဂရော၊ သမုဒ္ဒရာကြီးလေးစင်းသည်။ သောကေန၊ စိုးရိမ်ပူဆွေးခြင်းဖြင့်။ အတိဒိနော၀၊မရွှင်မလန်း၊ပင်ပန်းပူပန်လေဘိသကဲ့သို့။ ဝိရဝေါ၊ ပြင်းထန်သောအသံကြီးကိုမြည်ဟီးကြွိမ်းဟိန်းလေသည်။ အာသိ၊ ဖြစ်လတ်သတည်း။

(ဆာ) ဒေ၀ါနာဂါသုရာဖြဟ္မာ၊သံဝိဂ္ဂိံသုစ တံခဏေ။
အနိစ္စာဝတသင်္ခါရာ၊ယထာယံဝိလယံဂတာ။

(ဆာ) တံခဏေ၊ထိုပရိနိဗ္ဗာန်စံဝင်တော်မူသောခဏ၌။ဒေ၀ါ၊ နတ်အပေါင်းတို့သည်ရင်း။ နာဂါ၊ နဂါးအပေါင်းတို့သည်ရင်း။ အသုရာ အသူရာ,ဂန္ဓဗ္ဗ,စသော နတ်အပေါင်းတို့သည်ရင်း။ ဖြဟ္မာ၊ ဖြဟ္မာအပေါင်းတို့သည်ရင်း။သံဝိဂ္ဂိံသု၊ထိတ်လန့်တုန်လှုပ်ကြလေ ကုန်၏။ယထာ၊အကြင်သို့သောအခြင်းအရာအားဖြင့်။အယံ၊ဤဂေါ

တမိ ထေရီဘိက္ခုနီအရှင်မြတ်ကြီးသည်။ ဝိလယံ၊ ချုပ်ဆုံးကွယ် ပျောက်ခြင်းသို့။ ဂတာ၊ ဆိုက်ရောက်တော်မူခဲ့လေပြီ။ တထာ၊ထို သို့သောအခြင်းအရာအားဖြင့်။ သဒ္ဒါရော၊ ပြုပြင်အပ်သမျှ၊ သဒ္ဓါရ ဥသုံ၊အလုံးစုံတို့သည်။ အနိစ္စာဝတာ၊စိတ်သာချပေတော့ ဒိဋ္ဌမမြဲ ရိုးအမှန်ပေတည်း။

(ဆိ) ဟာ-သံယောဂါဝိယောဂန္တာ၊ဟာ-နိစ္စံသင်္ခတံ။
ဟာ-ဇီဝိတံ ဝိနာသန္တံ၊ ဇာတ္တာသိ ပရိဒေဝနာ။

(ဆိ) ဘောဒန္တေ၊ အို-နတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့။ သံယောဂါ၊ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်း ဟူသမျှတို့သည်။ ဟာဝိယောဂန္တာ၊ဩော်-ကွေကွင်းခြင်းလျှင်အဆုံးရှိကြပါသည် တကား။သင်္ခတံ၊ ပြုပြင်အပ်သမျှ၊သင်္ခါရဥသုံ၊အလုံးစုံသည်။ ဟာ-အနိစ္စံ၊ဩော် မမြဲမခိုင်၊ ယိမ်းယိုင် ပျက်စီးခြင်းလျှင် အဆုံး ရှိလေသည်တကား။ဇီဝိတံ၊လူယောင်,နတ်ယောင် ဟန်ဆောင်ပြု ပြင်အသက်ရှင်၍နေရခြင်းဟူသမျှသည်။ဟာ-ဝိနာသန္တံ၊ ဩော် ဝိညာဉ်တုံး၍၊ သေဆုံး ပျက်စီးခြင်းသာလျှင် အဆုံး ရှိပါသည် တကား။ဣတိ၊ဤသို့။ပရိဒေဝနာ၊ထိတ်လန့်ဆူညံ ကောင်းကင်ယံ မှ ငိုသံအပေါင်းသည်။အာသိ၊ဖြစ်ပေါ်လေသတည်း။

## ဘုရားရှင်၏အမိန့်တော်

အဲ-ပြဆိုခဲ့ပြီးသော အတိုင်း၊ ဂေါတမီထေရီ ဘိက္ခုနီအရှင် မြတ်ကြီးပရိနိဗ္ဗာန်ဝင်စံတော် မူသည်နှင့်တပြိုင်နက် မြေမိုယ်းဆူ ပွက်၊ဂယက်တော်သံ၊ညံ့ညံ့သိမ့်သိမ့်၊တမြိမ့်မြိမ့်နှင့်၊ဒလိမ့်ဒလိမ့်, တုန်လှုပ်ခြင်းစသောနိမိတ်ကြီးများ ထင်မြင်တဲ့အခါ နတ်ပြဟ္မာ အပေါင်းတို့က ရှင်တော်ဘုရားထံ လာပြီး၊ မိထွေးတော် အရှင် မြတ်ကြီး ပရိနိဗ္ဗာန် ဝင်စံတော် မူကြောင်းကို လျှောက် ထား ကြတယ်။

ထိုအခါရှင်တော်မြတ်ဘုရားက မိထွေးတော်ကြီး၏ ကျေးဇူး ဂုဏ်ကို အာရုံပြုတော်မူကာ အဆုံးစွန်သော ချီးမြှောက်ခြင်းဖြင့်

ချီးမြှောက်တော်မူလိုသောကြောင့် ညီတော်အာနန္ဒာကို ခေါ်ပြီး "ညီဘွားအာနန္ဒာ၊ မိထွေးတော်ဂေါတမီသည် အနုပါဒိသေသ ဓာတ်ဖြင့်ဝန်ဓာတ်သိမ်း၍ ချုပ်ငြိမ်းခဲ့လေပြီ။ ကြွင်းကျန်ရစ်ခဲ့တဲ့ ရုပ်အလောင်းကိုကောင်းမွန်လှပစွာသင်္ဂြိုဟ်ရလေအောင် ရဟန်းတော်များနှင့်ပန်ကြားစည်းဝေးလေလော့"။ ဟဲ-သို့ကလို အမိန့်တော်ရှိတယ်။

ထိုအခါမှာ အာနန္ဒာသည်နှလုံးမသာမျက်နှာမလှတဲ့ အမူအရာဖြင့် ဘုရားထံမှ လာခဲ့ပြီးလျှင် ရဟန်းတော် တို့ကို အကြောင်းကြား၍ အစည်းအဝေးကြီးပြုလုပ်ကာ ရှင်အာနန္ဒာကိုယ်တော်က ရဟန်းတော်တို့အား သို့ကလို ပြောကြားတော်မူတယ်။ သာကီနွယ်ဘွားဘုရားသားတော် အစစ်ဖြစ်ကြတဲ့ အို-သီတင်းသုံးဘော်အပေါင်းအရှင်ကောင်း, အရှင်မြတ်တို့၊ သုံးလောကထိပ်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ မိထွေးတော်ထေရီ ဂေါတမီအရှင်မြတ်ကြီးသည် နိဗ္ဗာန်ယူသိမ်း၍ ချုပ်ငြိမ်းတော်မူသွားပေါ့။ ငယ်ရွယ်စဉ်ကစပြီး ဘုရားရှင်အပေါ်မှာ လွန်စွာကျေးဇူးများတော်မူခဲ့ပေတယ်။ ထိုပြင်တပါး မာတုဂါမများ သာသနာတော်သို့ဝင်ပြီး ရဟန်းပြုနိုင်ကြဖို့ရန် အပန်းအပန်းခံကာ ကြိုးကြိုးစားစားခွင့်တောင်းတော်မူခဲ့ပေတယ်။ တောင်းတိုင်းအခွင့်ရသဖြင့်မာတုဂါမတွေဟာ ယခုအခါ သာသနာတော်ကြီးအတွင်းမှာရဟန်းပြုခွင့်ကို ရနေကြပြီမဟုတ်လား။ မိထွေးတော်ဂေါတမီကြီးဟာ ဘိက္ခုနီမ သာသနာကြီးကို ရှေးဦးစွာ တည်ထောင်တဲ့ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပေတယ်။ ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာမကြီးဖြစ်တော်မူတဲ့အတွက် ဗြဟ္မာနတ်လူတို့၏ ပူဇော်အထူးကိုလဲ ခံတော်မူထိုက်ပါပေတယ်။ ဟဲ-သည့်လိုဂုဏ်ကျေးဇူးတွေကိုထောက်ထားပြီးမိထွေးတော်ကြီး၏ ရုပ်အလောင်းကို ကောင်းမွန်ခမ်းနားစွာ သင်္ဂြိုဟ်ရေး၌ အားပေးကူညီတော်မူကြရန်သင့်လျော်လှပါတယ်။ ဘုရားရှင်၏ရွှေမျက်နှာတော်ကြီးကိုထောက်ထားပြီး ကြည်ညိုလေးမြတ်သော အားဖြင့်

အများညီညွတ်စွာဝိုင်းဝန်းတော်မူကြပါ။ သည်အကြောင်းကိုလဲ ရဟန်းတော်အပေါင်းတို့ကအဆင့်ဆင့်စကား မိန့်ကြားတော်မူကြပါ။

အဲ-သို့ကလို ရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီးက ရဟန်းပရိသတ်အလယ်မှာ မိန့်ကြားတော်မူတော့ သံဃာတော်အရှင်မြတ်ပေါင်းများစွာတို့ကလဲ ဝမ်းမြောက်ဝမ်းသာ ဇွတ်သဘောတူညီစွာနှင့် "ကျေးဇူးတော်ကြီးလှပေသော ဘုရားရှင်၏မိတ္ထေးတော်ကြီးအလောင်းကို ကောင်းမွန် သိုက်မြိုက်စွာသင်္ဂြိုဟ်ရလေအောင်ရွက်ဆောင်ကြမယ်" လို့ ဝန်ခံတော်မူကြတယ်။ •ရဟန်းတော်အချင်းချင်းတဆင့်စကားမိန့်ကြားတော်မူကြလေရာမကြာမီအတွင်းမှာပင် သာသနာတော်ထမ်းရဟန်းတွေရှိသမျှ အလုံးစုံသိတော်မူကြတယ်။ တနိုးတျက်နှင့် ပြည့်စုံတော်မူကြတဲ့ အရှင်မြတ်များကလဲ မိမိတို့ တနိုးအားဖြင့် အနှံ့အပြား သိကြရလေအောင်ရွက်ဆောင်တော်မူကြတယ်။

အဲ-သို့ကလိုဘုရားရှင်၏အမိန့်တော်နှင့်သံဃာအစည်းအဝေးကြီးပြုလုပ်ကျင်းပရေါ် ကြေညာလိုက်တော့ ရဟန်းတော်ပေါင်းများစွာတို့သည်ဘုရားရှင်သီတင်းသုံးတော်မူရာ ဝေသာလီပြည်မဟာဝုန်တောကြီးသို့ အသီးသီးအတိုင်းမသိ ကြွရောက်တော်မူလာကြတယ်။တနိုးတျက်နှင့်ပြည့်စုံတော်မူကြတဲ့ ရဟန်းတော်အရှင်မြတ်ကြီးတွေလဲ မိမိတို့ တနိုးချာန်ဖြင့် မိုးပေါ်ကောင်းကင်ကကြွရောက်တော် မူလာကြတယ်။ သံဃာ ပရိသတ် အထုကြီးဟာ အလွန့်အလွန်များပြားတာပေါ့။

မိတ္ထေးတော် ဂေါတမီ၏ အလောင်းကို သင်္ဂြိုဟ်ရန်ကိစ္စ နှင့် ရဟန်းတော် အရှင်မြတ်များကခမ်းတနား ကြီးစားအားထုတ်ပုံတွေကို မြင်ကြတော့ ဗြဟ္မာ အပေါင်း, နတ်အပေါင်း, နဂါးအပေါင်း, ဂဠုန် အပေါင်း, လူအပေါင်းမှစ၍ များမြောင်လှစွာသော ပရိသတ်တွေဟာ မဟာဝုန်တောကြီးသို့ ဆိုက်ရောက်လာကြတယ်။ မြေနှင့်ကောင်းကင် နေရာမလပ်အောင် ပရိသတ်တွေ

ကြိတ်ကြိတ်တိုးနေကြသတဲ့။ ပန်းမိုးတွေရွာလိုက်ထာကလဲ မြေပြင်အလုံးမှာပန်းပွင့်တွေဖုံးနေတော့တာဘဲ။ပက်ဖြန်းကြဲတဲ့နံ့သာအခိုးအထုံတို့ဖြင့်ကောင်းကင်မြေမိုးလှိုင်ထုံဘဲ့ရနံ့တွေ လွှမ်းမိုးနေတယ်။ ပူဇော်ဘွယ်အမျိုးမျိုးတို့ဖြင့် လူရောနတ်ပါ ဖြဟ္မာမကျန် ကောင်းကြီးသံ ပေးလျက် ဟစ်ကြွေး ပူဇော်ကြသည်မှာ တောင်လျှောင်တုန်ဖိမ့်၍။ ဒလိမ့်ဒလိမ့်နှင့်၊ မြေကြီး စောင်းထောင် သွားမလောက်ပင်အံ့ဩဘွယ်ကြီးဖြစ်နေသတဲ့။

သင်္ဂြိုဟ်ပွဲကြီး

မိထွေးတော် ဂေါတမီ၏ အလောင်းနှင့် တကွ သင်္ကြိုဝင်ဘိက္ခုနီမ ါးရာတို့၏ အလောင်းများကို အသီးသီးတင်ထားယူဆောင်ကြရန် သိကြားမင်း ကိုယ်တိုင်အရေးယူပြီး ဝိသကြုံနတ်သားအားရတနာပြာသာဒ်ပေါင်းငါးရာတို့ကိုဆန်းကြယ်စွာဘန်ဆင်းရမယ်လို့ အမိန့်ပေးသဖြင့် ဝိသကြုံနတ်သားကလဲ သိကြားမင်း၏ အမိန့်တော်အတိုင်း ရတနာပြာသာဒ်ပေါင်း ငါးရာတို့ကိုလျင်မြန်စွာဘန်ဆင်းတယ်။နေမင်းအရောင်ကဲ့သို့ တွန်းပြောင်ထိန်လင်း၍ကာငင်းငင်းတောက်ပနေတဲ့ပြာသာဒ်ဆောင်တွေပေါ့။

(ဆိ) ကူဋာဂါရာနိသဗ္ဗာနိ၊အာသုံပဉ္စသတာနိပိ။
သရဒါဒိစ္စဝဏ္ဏာနိ၊ဝိဿကမ္မကတာနိပိ။

(ဆိ) ဟိ၊ကြေနိစင်စစ်။ဝိဿကမ္မကတာနိ၊ ဝိသကြုံနတ်သားသည်ဘန်ဆင်း၍ထားအပ်ကုန်သော၊ပဉ္စသတာနိ၊ငါးရာအတိုင်းအရှည်ရှိကုန်သော။ သဗ္ဗာနိကူဋာဂါရာနိ အလုံးစုံသော ရတနာပြာသာဒ်ဆောင်တို့သည်၊သရဒါဒိစ္စဝဏ္ဏာနိ တန်ဆောင်မုန်းလအခါ၌ တက်ထွန်းသော ဖလ်နေ နေ်း အရောင်ကဲ့သို့ တပြောင်ပြောင်ထိန်လင်းကြကုန်သည်။ အာသုံ၊ ဖြစ်ကြလေကုန်သတည်း။

ပြဆိုခဲ့ပြီးတဲ့ အတိုင်း၊ ပရိသတ်ပေါင်း များစွာတို့နှင့် တကွရတနာပြာသာဒ်ပေါင်းငါးရာတို့ စုံလင်ကြပဲ့အခါ မိထွေးတော်ဂေါတမီရဲ့ အလောင်းကို ပထမ ရှေးဦးစွာရတနာ ပြာသာဒ်ကြီးပေါ်သို့ တင်ကြတယ်၊

(၁၃) ကုရုဌာဂါရဝရေရမ္မေ သဗ္ဗသောဏ္ဏမယေယသုဘေ။
မဏ္ဍကံသဟာရောပေသုံ ယညသုတ္တာသိဂေါတမီ။

(၁၃) ယဉ္စ၊ အကြင်အရပ်၌နေ၍၊ ဂေါတမီ၊ မိထွေးတော်ဂေါတမီသည်။ သုတ္တာသိ၊ ကျောင်းစက်သောသဉ္ဇာဒ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူလေ၏။ ဘဉ္စ၊ ထိုအရပ်၌နေ၍။ သုဘေ ကောင်းမြတ်တင့်တယ်သော။ ရမ္မေ ရှုမြင်သူအပေါင်းတို့၏ ကောင်းစွာမွေ့လျော်ဘွယ်ဖြစ်သော။ သဗ္ဗသောဏ္ဏမယေ၊ အလုံးစုံရွှေသားအတိပြီးသော။ကုရုဌာဂါရဝရေ၊မြတ်သောပြာသာဒ်ထက်၌။သဟာမဏ္ဍကံ ဂေါတမီ၏အလောင်း ညောင်စောင်းနှင့်တကွ။ရောပေသုံ၊ သာဓုကီဠနသဘင်၊ ဆင်ယင်ကာတင်ကြလေကုန်သတည်း။

အဲ–အလောင်းတော်မြတ်ကို ရတနာပြာသာဒ်ထက်သို့တင်ပြီးတဲ့အခါ စတုလောကပါလနတ်မင်းကြီးလေးပါးတို့က ထိုရတနာပြာသာဒ်ကို ရှိသေလေးမြတ်စွာပခုံးဖြင့် ထမ်းဆောင်ကြတယ်။သိကြားမင်းအစရှိတဲ့ နတ်ပြဟ္မာအပေါင်းတို့ကတော့ ထိုရတနာပြာသာဒ်ကို မိမိတို့လက်ဖြင့် အသာအသာ ပင့်ဆောင်လို့လိုက်ပါကြတယ်။

(၁၄) စတ္တာရောလောကပါလာတေ၊
အံသေဟိသမဒါရယုံ။
သေသာသက္ကာဒိကာဒေဝါ၊
ကုဋာဂါရေသမဂ္ဂဟုံ။

(၁၄) စတ္တာရော လေးပါးကုန်သော၊ တေလောကပါလာ၊ ထိုလောကပါလနတ်မင်းကြီးလေးပါးတို့သည်။ အံသေဟိ၊ပခုံးတို့ဖြင့်။ သမဓါရယုံ၊ထမ်းဆောင်ကြကုန်၏။ သေသာ၊ထိုမှကြွင်းကုန်သော။သက္ကာဒိကာဒေဝါ၊ သိကြားမင်းအစရှိသော နတ်ပြဟ္မာအပေါင်းတို့သည်ကား။ ကုဋာဂါရေ၊ရတနာပြာသာဒ်ကောင်၌။ သမဂ္ဂဟုံ၊အသါအသါပင့်ဆောင်ကာလိုက်ပါကြလေကုန်သတည်း။

ပရိနိဗ္ဗာန် ဝင်စံတော်မူကြတဲ့ဘိက္ခုနီမအပေါင်း အလောင်းတော်ငါးရာတို့ကိုလဲ ထိုနည်းတူစွာ ရတနာပြာသာဒ်ဆောင် အသီးအသီးသို့တင်ပြီး နတ်ပေါင်းများစွာတို့က သူ့ထက်ငါထမ်းဆောင်ကြတယ်။ လွန်စွာ ကြည်ညိုဘွယ် ကောင်းတာပေါ့။ ဘိက္ခုနီမကျောင်းတိုက်ကြီးအတွင်းမှ တေဇောဓာတ်လောင်ရာဌာနဖြစ်တဲ့ မြေကွင်းပြင်ကြီးသို့ ရတနာပြာသာဒ်ပေါင်းငါးရာကို အစဉ်အတိုင်းထုတ်ဆောင်သွားတဲ့အခါ ပုထုဇန်နှင့်သောတာပန် မှန်သမျှ မြင်ရသူအလုံး ယူကျုံးမရအောင်တပူပူတဆွေးဆွေးနှင့် ဂုဏ်တွေ့ကိုတွေးပြီး ငိုကြွေးကြတယ်။ ရတနာပြာသာဒ်ပေါင်း ငါးရာတို့ကိုထုတ်ဆောင်တဲ့အခါမှာ သာကီဝင်ဘိက္ခုနီမငါးရာတို့၏ ပြာသာဒ်များကို ရှေ့ဆုံးက အစဉ်အတိုင်း ထုတ်ဆောင်သွားကြတယ်။

(ဆေ) သဗ္ဗာတာပိဘိက္ခုနိယော၊အာသုံမဉ္စေသုသာယိကာ၊
ဒေဝါနံ ခန္ဓမာရုဠှာ၊ နိယျန္တိ အနုပုဗ္ဗသော။

(ဆေ) မဉ္စေသု၊ညောင်စောင်းအသီးသီးတို့၌။သာယိကာ၊ပရိနိဗ္ဗာန်ပြောင်း၍စက်လျောင်းတော်မူကြကုန်သော။သဗ္ဗာပိ အလုံးစုံသည်းဖြစ်ကုန်သော။တာဘိက္ခုနိယော၊ထိုဘိက္ခုနီမအပေါင်းအလောင်းတော်ငါးရာတို့ကို။ ဒေဝါနံ၊ နတ်အပေါင်းတို့၏။ ခန္ဓမာရုဠှာ၊ ပခုံးထက်၌ထမ်းဆောင်အပ်ကုန်သည်ဖြစ်၍။ အနုပုဗ္ဗသော၊ အစဉ်အတိုင်း။ နိယျန္တိ၊ဘိက္ခုနီမကျောင်းတိုက်မှ သိုက်မြိုက်စွာ ထုတ်ဆောင်အပ်ကုန်သတည်း။

(ဆဲ) သဗ္ဗာယောပုရတောနီတာ၊နိဗ္ဗုတာသုဂတောရသာ။
ဂေါတမီနိယျတေပစ္ဆာ၊ သက္ကတာဗုဒ္ဓပေါသိတာ။

(ဆဲ) သုဂတောရသာ၊ ဘုရားရှင်၏ သမီးတော်မြတ်တွေ ဖြစ်ကြကုန်သော။ နိဗ္ဗုတာ ပရိနိဗ္ဗာန်ဝင်စံတော် မူကြကုန်ပြီးသော။ သဗ္ဗာယော အလုံးစုံသော သာကီဝင် ဘိက္ခုနီမအလောင်းတော်

ငါးရာတို့ကို။ ပုရတော၊ ရှေ့က။ နိုတာ၊ ထုတ်ဆောင်အပ်ကုန်၍။ ဗုဒ္ဓပေါသိကာ၊ဘုရားရှင်ကိုယ်စဉ်ကကျေးမွေး၍ မိထွေးတော်ကြီးဖြစ်ပေသော။သဏ္ဌာတာ၊ ပြဟ္မာလူနတ်တို့ ပူဇော်အပ်သော။ ဂေါတမီ၊ မိထွေးတော်ဂေါတမီ၏ အလောင်းတော်ကို။ ပစ္ဆာ၊ နောက်ဆုံးမှ။နိယျာတော၊ထုတ်ဆောင်အပ်လေသတည်း။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း၊ဘိက္ခုနီမအလောင်းတော်ငါးရာတို့ကိုလူနတ်ပြဟ္မာပရိသတ် အပေါင်းများစွာတို့ဝန်းရံလျက်ဘိက္ခုနီမကျောင်းတိုက်ကြီးမှထုတ်သွားကြတော့ ကောင်းကင်ပြင် တရိုးမှာ ဘွဲ့ပြုပုဆိုးတို့ဖြင့် ကာမိုး ဖြန့်သန်းပြီး ထူးဆန်းတဲ့ ဗိတာန်မျက်နှာကြက်ကြီးအသွင် နတ်ပြဟ္မာ အပေါင်းတို့က ခြယ်လှယ်ဆင့်ယင်ကြတယ်။ နေ,လ, နက္ခတ်တာရာတို့ကတော့ ထိုဗိတာန်မျက်နှာကြက်ကြီးတွင် ခြယ်စီထားတဲ့ ကြယ်ပွင့်ကလေးတွေလိုဖြစ်နေကြသတဲ့။ တံခွန်,ကုက္ကား,မုလေးပွား,တို့ကိုလဲ ထိုမှ ဤမှ စိုက်ထူဆွဲဆင်၍ ထားကြတယ်။ ပန်းကုံး,ပန်းခိုင်, ပန်းကတော့တွေကိုလဲနေရာတိုင်းက ပူဇော်ကြတယ်။ အထက် ကောင်းကင်အပြင်က အလောင်း တော်ကို ပူဇော် လိုကြသဖြင့် အဆန်းတကြယ်အံ့ဩဘွယ် ပေါ်ပေါက် လာကြသတဲ့။ ပဒုမ္မာကြာပန်းတွေကလဲမြေပြင်သို့ဦးခိုက်ပြီး ငိုက်ဆိုက်ပွင့်လို့နေကြတယ်။ မြေကြီးထဲမှဖြုံးကနဲ,ဖြုံးကနဲ, အလိုလိုခွဲပြီး ပေါ်ပေါက်လာကြတဲ့ ပဒုမ္မာတွေကလဲကောင်းကင်သို့မျှော်ပြီးမော်၍ဖူးကြသလို တစ္စင့်ပွင့်ပွင့်နေကြတယ်။

အလောင်းတော်တွေကို ထုတ်ဆောင်တဲ့အခါ မွန်းဝ ညှို့ချိန်နေ့ခင်းအခါကြီးပင်ဖြစ်သော်လဲ ထူးဆန်းအံ့ဩဘွယ်ရာ နေ,လ, နက္ခတ်,တာရာတို့ကတင့်တယ်စွာထွန်းလင်း တောက်ပကြတယ်။ သာဓုကိစ္စနံ့သာင် ဆင်ယင်ဘုင်းပကြဟဲ့အခါ မိမိတို့အရောင်ဖြင့် ပူဇော် လိုကြတဲ့ လက္ခဏာ ပေပေ။ ကောင်းကင် ပြင်မှာထိန်လင်းနေတဲ့ ရှင်နေမင်းကလဲ ပူပြင်းတဲ့ အရောင်ကိုမလွှတ်ဘဲလရောင်ခြည်အသွင် ကြည်လင်အေးမြတဲ့အရှိန်ဖြင့် ပရိသတ်တို့

နှလုံးပြံမြောက်အောင်ထွန်းထိန်တောက်ပလို့နေတယ်။ နတ်ပေါင်းများစွာတို့ကလဲနတ်ပြည့်မှယူဆောင်လာကြတဲ့ ပန်းနံ့သာ အမျိုးမျိုး, အခိုးအထုံအဖုံဖုံတို့ဖြင့် ရံလင်စွာပူဇော်ကြတဲ့ပြင် နတ်တူရိယာတို့ကိုတီးမှုတ်လျက်ဘုန်းတော်ဘွဲ့ဂါထာတို့ကိုရွတ်ဆိုကာအကြီးအကျယ်အံ့သြဘွယ်ပူဇော်ကြတယ်။ ထို့ပြင်နဂါးအပေါင်း၊ ဂဠုန်အပေါင်း၊ နတ်အပေါင်း၊ ဗြဟ္မာအပေါင်းတို့ကသဲ မိမိတို့ဘတ်စွမ်းသမျှအလှောင်းတော်ကိုပူဇော်ကာလိုက်ပါကြတယ်။ အလွန်ကြီးကျယ်တဲ့သာရကိဋ္ဌနပွဲတော်ကြီးပေပေါ့။

(ဆော) သဗ္ဗသောဆာဒိတံအာသိ၊ ဝိတာနေန နဘဂ္ဂလံ၊
သတာရာ စန္ဒသူရာစ၊လဋ္ဌိတာ ကနကာမယာ။

(ဆော) နဘဂ္ဂလံ၊ ကောင်းကင်ပြင် တခုလုံးသည်။ သဗ္ဗသော၊ အခြင်းခပ်သိမ်း။ ဝိတာနေန၊ ဘွဲ့ပြုပုဆိုး၊ ကာမိုးသောဝိတာန်မျက်နှာကြက်ကြီးဖြင့်။ဆာဒိတံ၊ဖုံးလွှမ်းမိုးကာ၍ထားအပ်သည်။အာသိ၊ဖြစ်လေသတည်း။ သတာရာ၊ နက္ခတ်ကြယ်တာရာအပေါင်းတို့နှင့်တကွဖြစ်ကုန်သော။စန္ဒသူရာစ၊ နေဝန်း, လဝန်း, တို့သည်လည်း။ ကနကာမယာ၊ ရွှေသားအတိ ပြီးကြကုန်သော။ လဋ္ဌိတာ၊ ရွှေကြယ်ပွင့်ကလေးတို့သည်။ အာသုံ၊ ဖြစ်ကြလေကုန်သတည်း။

(ဆော) ပဉ္စာကာဥဿိတာနေကာ၊ စိတ္တကာပုပ္ဖကဉ္စုကာ။
ဩဂတာကာသပဒ္မါစ၊ မဟိယာ ပုပ္ဖမုဂ္ဂတာ။

(ဆော) အနေကာ၊ တပါးမကများလှစွာကုန်သော။ ပဉ္စာကာ၊ တံခွန်ကုက္ကားမုလေးပွားတို့ကို။ ဥဿိတာ၊ စိုက်ထောင်ဆွဲဆင်၍ထားအပ်ကုန်၏။ ပုပ္ဖကဉ္စုကာ၊ ပန်းကုံး, ပန်းကတော့တို့သည်လည်း၊စိတ္တကာ၊လွန်စွာဆန်းကြယ်လှကုန်၏။အာကာသပဒ္မါစ၊ကောင်းကင်ကြာပန်းတို့သည်လည်း၊ဩဂတာ၊ငိုက်ဆိုက်ပွင့်၍နေကြလေကုန်၏။မဟိယာပုပ္ဖံ၊ မြေမှခွဲ၍ပေါ်လာသောပဒုမ္မာကြာပန်းများသည်လည်း၊ဥဂ္ဂတာ၊အထက်သို့စွင့်၍ပွင့်ကြလေသတည်း။

(ဆံ) ဒိဿန္တိ စန္ဒသူရိယာ ပဗ္ဗတန္တိ စ တာရကာ။
မဉ္ဇူဂေတာပိစာဒိဿ၊ နတာပေသိ သသိယထာ။

(ဆံ) စန္ဒသူရိယာ၊ လ နေ နေ့ ဝန်း တို့သည်။ ဒိဿန္တိ၊ ထင်ရှားစွာ ထွန်းလင်းတောက်ပကြလေကုန်၏။ တာရကာစ ကြယ်နက္ခတ်တာရာအပေါင်းတို့သည်လည်း။ ပဗ္ဗတန္တိ၊ မိမိတို့အရောင်ဖြင့် တောက်ပြောင် ထွန်းလင်းကြ လေကုန်၏။ မဉ္ဇူဂေတာပိ၊ ကောင်းကင်အလယ်၌ သွားသော။ အာဒိစ္စောစ၊ နေမင်းသည်လည်း။ သသိယထာ၊ လဝန်းကဲ့သို့။ နတာပေသိ၊ မပူလောင်စေ။

(ဆား) ဒေဝါဒိဗ္ဗေဟိဂန္ဓေဟိ၊ မာလေဟိသုရဘိဟိစ။
ဝါဒိတေဟိစ နစ္စေဟိ၊ သံဂီတိဟိစ ပူဇယုံ။

(ဆား) ဒေဝါ၊ နတ်အပေါင်းတို့သည်။ ဒိဗ္ဗေဟိ၊ နတ်ပြည်၌ဖြစ်ကုန်သော။ ဂန္ဓေဟိစ၊ အနံ့အမျိုးမျိုးတို့ဖြင့်ရင်း၊ သုရဘိဟိ၊ မွှေးကြိုင်ချိုလှောင်း၊ ရနံ့ကောင်းကုန်သော။ မာလေဟိစ၊ ပန်းအမျိုးမျိုးတို့ဖြင့်ရင်း။ ဝါဒိတေဟိစ၊ တီးမှုတ်ခြင်းအမျိုးမျိုးတို့ဖြင့်ရင်း။ နစ္စေဟိစ၊ ကခြင်း အမျိုးမျိုးတို့ဖြင့် ရင်း။ သံဂီတိဟိစ၊ တွဲ့ တွဲ့ ညွှင်း ညွှင်း၊ ဘုန်းတော်ဘွဲ့သီချင်းတို့ဖြင့်ရင်း။ ပူဇယုံ၊ တအံ့အြဩ်ဖြင့် နှစ်သိမ့်စွာပူဇော်ကြလေကုန်သတည်း။

(ဇ) နာဂါသုရာစဖြဟ္မာနော၊ ယထာသတ္တိယထာဗလံ။
ပူဇယိံသုစ နိဿန္တိံ နိဗ္ဗုတံ ဗုဒ္ဓမာတရံ။

•(ဇ) နာဂါစ၊ နဂါးအပေါင်းတို့သည်ရင်း။ သုရာစ၊ နတ်အပေါင်းတို့သည်ရင်း။ ဗြဟ္မာနောစ၊ ဗြဟ္မာအပေါင်းတို့သည်ရင်း။ နိဿန္တိံ၊ ကျောင်းတိုက်မှ ထုတ်ဆောင်၍သွားသော။ နိဗ္ဗုတံဗုဒ္ဓမာတရံ၊ နိဗ္ဗာန်စံပြောင်း၊ မိထွေးတော်ကြီး၏ အလောင်းကို။ ယထာသတ္တိ၊ မိမိတို့အစွမ်းသတ္တိရှိသမျှ။ ယထာဗလံ၊ မိမိတို့အင်အားရှိသမျှ။ ပူဇယိံသု၊ ပူဇော်ကြလေကုန်သတည်း။

## ရှင်တော်ဘုရားငြိုက်ဖို့တော်မူပုံအခမ်းအနား

မိထွေးတော် ဂေါတမီကြီး၏ အလောင်းတော်ကို ကျောင်းတော်မှထုတ်ဆောင်ခဲ့တဲ့အခါ လူပရိသတ်,နတ်ပရိသတ်, ဗြဟ္မာပရိသတ်,အပေါင်းတို့ကို ပဲခွန်,ကုလားပွား,မုလေးပွား မှစ၍ ပန်းနံ့သာ အမျိုးမျိုးတို့ကို ကိုင်ဆောင်ကာ ရှေ့တော်ကို သွားကြရတယ်။ ပဥ္စသိခ အစရှိတဲ့ ဂန္ဓဗ္ဗ နတ် အ ပေါင်း တို့က ငြိမ့်ငြိမ့်ညောင်းညောင်း စည်စောင်းပတ်သာ၊ တူရိယာတို့ကို တီးမှုတ်ပြီး ကခုန်ယမ်းခြင်း အမျိုးမျိုးတို့ဖြင့် လိုက်ပါကြတယ်။ ထို့နောက်မှ ရဟန်းပရိသတ် အပေါင်း ခြံရံကာ ရှင်တော်ဘုရားကိုယ်တော်တိုင် တင့်တယ်စံပယ်စွာ ပို့တော်မူတယ်။

(၈၁) ပုရတော ဒေဝမနုဿာ၊ သနာဂါသုရ ဗြဟ္မကာ။
ပစ္ဆာ သသာဝကော ဗုဒ္ဓေါ၊ ပူဇနတ္ထံ ယာတိ မာတုယာ။

(၈၁) ပုရတော၊ ဘုရားရှင်၏ ရှေ့တော်မှ၊ သနာဂါသုရဗြဟ္မကာ၊ နဂါးအပေါင်း,နတ်အပေါင်း,ဗြဟ္မာအပေါင်းတို့နှင့်တကွဖြစ်ကုန်သော။ ဒေဝမနုဿာ၊ နတ်ပရိသတ်, လူပရိသတ်တို့သည်။ မာတုယာ၊ မိထွေးတော်ကြီး၏ အလောင်းကို။ ပူဇနတ္ထံ၊ ပူဇော်ခြင်းအကျိုးငှာ။ ယန္တိ၊ လိုက် သွား ကြ ရ လေ ကုန် ၏။ ပစ္ဆာ၊ ထို လူပရိသတ်, နတ်ပရိသတ်,တို့၏ နောက်မှ။ ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်။ သသာဝကော၊ တပည့်သံဃာအပေါင်းနှင့်တကွ။ ယာတိ၊ ကြွတော်မူလေသတည်း။

## သင်္ဂြိုဟ်ပွဲကြီး၏ကြီးကျယ်ခမ်းနားပုံ

ရှင်တော်ဘုရား ကိုယ်တော်တိုင် ဂရုတစိုက် သိုက်မြိုက်ခမ်းနားစွာ ကြီးကြပ်ကာဆောင်ရွက်တော်မူတဲ့အတွက် ပရိနိဗ္ဗာန်စံပြောင်းတဲ့မိထွေးတော်ဂေါတမီ၏အလောင်းကိုသင်္ဂြိုဟ်ရာမှာလူ, နတ်, ဗြဟ္မာ, ရဟန်းသံဃာအပေါင်းတို့နှင့်တကွ ဝိုင်းဝန်းကူညီ

ကြရသဖြင့်ပြောလို့မပြီး ချီးလို့မကုန်မတွေ့မကြုံဘူးစဘွယ်အလွန့်အလွန် ကြီးကျယ်ခမ်းနားတယ်။ ရှင်တော်ဘုရားကိုယ်တော်တိုင် ပရိနိဗ္ဗာန်စံပြောင်း၍အလောင်းတော်ကိုသင်္ဂြိုဟ်တဲ့အခမ်းအနား သော်မှသို့ကလောက်မကြီးကျယ်ဘူးလို့ထေရီအပဒါန်ပါဠိတော်မှာသင်ခွားစွာပြလို့ထားတယ်။ ရှင်တော်ဘုရား သက်တော်ထင်ရှား ရှိနေတော်မူဘဲ့ အတွက် သို့ကလောက် ကြီးကျယ်ခမ်းနားတယ်လို့ ဆိုရမှာပေါ့လေ။ ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့အခါမှာ ရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလာန်, အစရှိတဲ့ ကိုယ်တော်မြတ်ကြီးတွေကွယ်လွန်တော်မူကြလေပြီဖြစ်၍ ဘုရားရှင်၏အလောင်းတော်ကို သင်္ဂြိုဟ်ပွဲ့ဘွင် ပါဝင်တော်မမူကြရရှာဘူး။ယခုမိထွေးတော်ဂေါတမီ၏ အလောင်းကို သင်္ဂြိုဟ်တဲ့ပွဲမှာတော့သာဝက အရှင်မြတ်ကြီးတွေစုံလင်စွာ ပါတော်မူနေကြတဲ့အတွက်သိုက်သိုက်ဝန်းဝန်းကူညီတော်မူနိုင်ကြတယ်။သို့အတွက်ကြောင့်အဆန်းတကြယ်အံ့ဘွယ်ခမ်းနားတာပေါ့။

(၈) ဗုဒ္ဓဿပရိနိဗ္ဗာနံ၊နေဒိသံအာသိယာဒိသံ။
ဂေါတမီပရိနိဗ္ဗာနံ၊အတိဝစ္ဆရိယံအဟု။

(၈) ဂေါတမီပရိနိဗ္ဗာနံ၊ မိထွေးတော်ဂေါတမီ၏ ပရိနိဗ္ဗာန်စံဝင်ပွဲကြီးသည်။ယာဒိသံ၊ အကြင်မျှလောက်။ အတိအစ္ဆရိယံ၊ အတိုင်းထက်အလွန်၊ထူးထူးချွန်ချွန်အံ့ဩဘွယ်ရှိသည်။အဟုဏာဝ၊ ဖြစ်လေဘိသကဲ့သို့။ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန် စံဝင်ပွဲကြီးသည်။ ဧဒိသံ၊ ဤကဲ့သို့ အကြီးအကျယ်၊ အံ့ဩဘွယ်ရှိသည်။နအာသိ၊မဖြစ်ခဲ့လေ။

(၉) ဗုဒ္ဓေါဗုဒ္ဓဿနိဗ္ဗာနေ၊နောပဋိယာဒိတော ဟုဝေ။
ဗုဒ္ဓေါဂေါတမီနိဗ္ဗာနေ၊သာရိပုတ္တာဒိကာတထာ။

(၉) ဂေါတမီနိဗ္ဗာနေ မိထွေးတော်ဂေါတမီ၏ ပရိနိဗ္ဗာန်စံဝင်ပွဲကြီး၌။ ဗုဒ္ဓေါ၊ ရှင်တော်ဘုရား ကိုယ်တော်တိုင်သည်၎င်း။

သာရိပုတ္တာဒိကာ၊ ရှင်သာရိပုတ္တရာ အစရှိကုန်သော။ ဘိက္ခဝေါ၊ ရဟန္တာအရှင်မြတ်ကြီးတို့သည်ရင်း။ ပဋိယာဒိံသု ယထာ၊ ကိုယ်တော်တိုင် ပါဝင်၍ စီရင်ဆောင် ရွက်တော် မူကြ လေကုန်ဘိ သကဲ့သို့။ ဘထာ၊ ထိုနည်းတူစွာ။ ဗုဒ္ဓသနိဗ္ဗာနေ၊ ရှင်တော်ဘုရား၏ ပရိနိဗ္ဗာန်ဝင်စံပွဲကြီး၌မူကား။ ဗုဒ္ဓေါ၊ ဘုရားရှင် ကိုယ်တော်တိုင်။ နေ ပဋိယာဒိ၊ စီရင်ဆောင်ရွက်တော်မမူနိုင်။ သာရိပုတ္တာဒိကာ၊ ရှင်သာရိပုတ္တရာအစရှိကုန်သော။ ဘိက္ခဝေါ၊ အရှင်မြတ်ကြီးတို့သည်လည်း။ နေ ပဋိယာဒိံသု၊ ကိုယ်တော်တိုင် ပါဝင်၍စီရင်ဆောင်ရွက်တော်မမူနိုင်ကြကုန်။

## [illegible]ခြင်း

အလောင်း တော်ကို ကျောင်း တော်မှ ထုတ် ဆောင်၍မီး သင်္ဂြိုဟ်ရန် သတ်မှတ်ထားတဲ့နေရာသို့ ဆိုက်ရောက်တော့ အခန့်သင့်ပြင်ဆင်ထားတဲ့ သာထင်းပုံထက်သို့ မိထွေးတော်ဂေါတမီ၏အလောင်းကို ညောင်စောင်းနှင့် တကွ တင်ဆောင်ကြတယ်။ အလွန်မွှေးကြိုင်တဲ့ သာမှုံတွေကိုလဲ နံ့သာထင်းပုံကြီးအတွင်းသို့ ပက်သွင်း ဖြန်းကြဲ ကြတယ်။ သာကီဝင် ဘိက္ခုနီမ အပေါင်းအလောင်းတော်ငါးရာကိုလဲ နံ့သာထင်းပုံထက်သို့အသီးအသီး တင်ဆောင်ကြတယ်။ ဒဲ-သို့ကာလမီးသင်္ဂြိုဟ်ရန် ကိစ္စများကိုပြည့်စုံစွာ ဆောင်ရွက် ကြပြီးတဲ့နောက် မိထွေးတော် ဂေါတမီ၏အလောင်းကို အမှူးထားလျက် နံ့သာထင်းပုံပေါင်း ငါးရာ ပေါ်တွင်အသီးအသီးတင်ထားတဲ့အလောင်းတော်မြတ်တွေကို တပြိုင်နက်မီးသင်္ဂြိုဟ်ကြလေရာမီးတောက်ပေါင်းငါးရာတို့သည်အညွန့်တလူလူနှင့်ကောင်းကင်သို့စွင့်ပြီး မြင့်မြင့်မောက်မောက် တောက်လောင်ကြတယ်။

ရှင်တော်ဘုရားနှင့် တကွ ရဟန်း ပရိသတ်, နတ်ပရိသတ်, ဗြဟ္မာ ပရိသတ်, အပေါင်းတို့က တထိန်ထိန် တပြောင်ပြောင် တောက်လောင်နေတဲ့မီးတောက်ပေါင်းငါးရာတို့ကို ဆိတ်ဆိတ်

ငှမ်ငှမ်ဆူဆူ ရနေရစွာ ရှုစားတော်မူကြပြီး သံဝေဂ ဂါထာတွေကို အသီးအသီး ရွတ်ဆိုကာ တရားသဘောဖြင့် ဆင်ခြင်တော်မူကြ တယ်။သည့်အခါ လွန်စွာကြည်ကဲ့ဘွယ် ကောင်းတာပေါ့လေ။

(၄) ဝိဘာကာနိကရိတွာန၊သဗ္ဗဂန္ဓမယာနိဘော။

ဂန္ဓရက္ခပကိဏ္ဏာနိ၊ဈာပယိံ၊သုစတာဘဟံ။

(၄) တဟိံ၊ ထိုသင်္ဂြိုဟ်ရာ မြေအပြင်သို့ ဆိုက်ရောက်လေ သောအခါ၌။ဘော၊ထိုဖြဟ္မာ၊လူ နတ်,ပရိသတ်အပေါင်းတို့သည်။ သဗ္ဗဂန္ဓမယာနိ၊အလုံးစုံနံ့သာဖြင့်ပြီးကုန်သော။ ဂန္ဓရက္ခပကိဏ္ဏာ နိ၊ နံ့သာမှုတ်ဖြင့်ဖြိုးဖြန်းကြကုန်သော။ စိတကာနိ၊ နံ့သာထင်းပုံ ပေါင်းငါးရာတို့ကို။ကရိတွာန၊ပြုလုပ်ကြကုန်၍။ တာ၊ထိုပရိနိဗ္ဗာန် စံပြောင်းသော အလောင်းတော်ငါးရာတို့ကို။ ဈာပယိံ သု၊ဘော ဓောခတ်ရောင် တပြောင်ပြောင်ဖြင့်၊ တောက်လောင်ရှို့မြှိုက်ကြ လေကုန်သတည်း။

## အရိုးတော်ခတ်ကိုကောက်ယူခြင်း

တေဓောခတ်ရောင်၊ပြောင်ပြောင်ထိန်ညီး၊ တောက်လောင် ၍ပြီးတဲ့အခါ ရှင်အာနန္ဒာ အရှင်မြတ်ကြီး ကိုယ်တော်တိုင် တေ ဓောခတ်လောင်ရာမှ ကြွင်းကျန်ရစ်တဲ့ အရိုးတော်ခတ်များကို ကောင်းမွန်စွာ ကောက်ယူပြီး နံ့သာရေတို့ဖြင့် ဆေးကြောခါမိ ထွေးတော်ဂေါတမီအမြဲကိုင်ဘွဲ့တဲ့သပိတ်တော်ထဲမှာ ထည့်ပြီးထို အရိုးတော်သပိတ်ကိုဖွဲ့ကိုင်ကာ သေချာစွာ ရှုစားတော်မူလျက် ဩဝါဒ်-ဘိက္ခုနီမသာသနာကို ရှေးဦးစွာ တည်ထောင်တော်မူ တဲ့မိထွေးတော် ဂေါတမီကြီးဟာ အဆုံးစွန်သော ချုပ်ပျောက် ခြင်းဖြင့် ချုပ်ပျောက်တော်မူလေပြီ။ အလောင်းတော်ကိုလဲ တေ ဓောခတ် လောင်ကြွင်း၍ ဆုံးခန်းတိုင်ရောက် ပျောက်ခြင်းကြီး ပျောက်ခဲ့လေပြီ။အရိုးတော်ခတ်မှသာကြွင်းကျန်ပါတော့တကား။ နောင်တော်ဘုရား၏ပရိနိဗ္ဗာန်ပွဲကြီးကိုလဲ မကြာမီ တွေ့ကြုံရလိမ့် အုံးမလားမဆိုနိုင်တော့ဘူး။ နောင်တော်ဘုရားနိဗ္ဗာန်သို့ကြွသွား

မှဖြင့်အများတကာအားကိုးရာမဲ့ဖြစ်ပြီး ခက်ခြင်းကြီးခက်ကုန်ကြ
တော့မယ်''။ ဆဲ-သို့ကလို ငိုးတွေး မှိုင်တွေလျက် မျက်ရေကို
မသိမ်းနိုင်ဘဲ ကတိမ်းကပါးဖြစ်တော်မူနေရှာသတဲ့။

(၄) ဂေါတမီနိဗ္ဗာနံယာတာ၊ ခုယျဥ္စသသရိရက်။
သံကေတံဗုဒ္ဓနိဗ္ဗာနံ၊ နစိရေန ဘဝိဿတိ။

( ရှင်အာနန္ဒာငိုးတွားသောဂါထာ )

(၄) သောဘနေ့ာ၊ နတ်လူပြဟ္မာ၊ အို-သတ္တဝါ အပေါင်းတို့။ ဂေါတမီ၊ မိထွေးတော် ဂေါတမီ၊ အရှင်မြတ်ကြီးသည်။ နိဗ္ဗာနံ၊ အဆုံးစွန်ချုပ်ပျောက်ခြင်းသို့၊ ယာတာ ဆိုက်ရောက်တော်မူရှာလေပြီ။အဿ၊ ထိုမိထွေးတော်ဂေါတမီ၏။သရီရက်၊အလောင်းတော်မြတ်ကို။ခု ယ့၊ တေဇောဓာတ်ရောင်၊ ပြောင်ပြောင်ထိန်လျှပ်၊ တောက်လောင်အပ်လေပြီ။ သံကေတံ၊နောင်လာမည့် အရေးကို၊ မျှော်တွေးစိုးရိမ်၍နေမိသည်ကား။ ဗုဒ္ဓနိဗ္ဗာနံ၊ နောင်တော်ဘုရားရှင်၏ ပရိနိဗ္ဗာန်စံဝင်ပွဲကြီးသည်။နစိရေန၊ မကြာမြင့်မီပင်လျှင်။ ဘဝိဿတိ ဖြစ်ပေါ် ကြုံတွေ့ရလိမ့်မည်တကားမသိရချေ။

## အရိုးတော်သပိတ်ကိုဘုရားရှင်၏လက်တော်သို့ဆက်ကပ်ခြင်း

အာနန္ဒာအရှင်မြတ်သည် အရိုးတော်သပိတ်ကို ပိုက်ပွေ့ကာ စိတ်နှလုံးပူပူနှင့် ညည်းညူပြီးတဲ့နောက် ထိုအရိုးတော်သပိတ်ကို ဘုရားရှင်၏ လက်တော်သို့ ဆက်ကပ် လိုက်တယ်။ ထိုအခါရှင်တော်မြတ်ဘုရားက မိထွေးတော်ထေရီ ဘိက္ခုနီးအရှင်မြတ်ကြီး၏အရိုးတော်ကိုရွှေလက်တော်ဖြင့် ကိုင်ကာ ပရိသတ်အပေါင်းတို့အားအနိစ္စနှင့် စပ်သည်တဲ့ တရားကို သို့ကလို မိန့်ကြားတော်မူတယ်။အို-ပြဟ္မာ လူနတ် ပရိသတ်အပေါင်းတို့၊ အနှစ်သာရနှင့်ပြည့်စုံစွာ မားမား မတ်မတ် ရပ်တည် ကြီးပွား နေတဲ့ သစ်ပင်ကြီးဟာ ပရိသတ်တို့ မျက်မှောက်ဘွင် ဖြိုးကနဲလဲပြို၍ သွားတဲ့

အလား မိထွေးတော်ဂေါတမီ ဘိက္ခုနီ အရှင်မြတ်ကြီးဟာလဲ ပရိနိဗ္ဗာန်ဝင်စံသောအားဖြင့် ရွေလျောချုပ်ကွယ်၍ သွားချေပြီ။ မပြဲသော အနိစ္စတရားသည် အလွန်ထင်ရှားလေစွတကား။ အို-ပရိသတ်အပေါင်းတို့၊ မိထွေးတော် ဂေါတမီ၏ ပရိနိဗ္ဗာန်စံဝင်ခြင်းဖြင့် ငါဘုရားသေဘ်မှပင် အံ့သြခြင်း ဖြစ်မိလေသည်တကား။ ယခုအခါအရိုးတော်သပိတ်မျှသာကြွင်းကျန်လေဟော့၏။ ဖိုးရိမ်ပူဆွေးငိုကြွေး ြ်းတွားခြင်းဖြင့် ဝ ဖိုတရားအကျိုးမရှိတော့ပြီ။အို-ပရိသတ်အပေါင်းတို့၊သင်တို့သည်ဖိုးရိမ်ပူဆွေးခြင်းမဖြစ်ကြနှင့်။ မိထွေးတော် ဂေါတမီသည် သံသရာဝဋ်စက်မှ၊ လွတ်ထွက်ကူးမြောက်သွားလေပြီ။အပူအပင်အလုံးစုံတို့မှ အကုန်လွတ်ငြိမ်းလေပြီ။ကိလေသာမီး ငြိမ်းလေပြီး၍ အအေးကြီး အေးမြလေပြီ။ အဲ-သည်ကဲ့သို့မိန့်ကြားတော်မူတယ်။

(ဇ) မဟာတောသာရဝန္တဿ၊ ယထာရုက္ခဿတိဋ္ဌတော။
ယောသောမဟတ္တရောခန္ဓော၊ ပလုဇ္ဇေယအနိစ္စတာ။
တထာဘိက္ခုနီသံဃဿ၊ ဂေါတမီ ပရိနိဗ္ဗုတာ။

(ဇ) သာရဝန္တဿ၊အနှစ်သာရနှင့်ပြည့်စုံစွာ။ တိဋ္ဌတော၊ ဘည်ခိုင်ကြီးပွား၍နေသော။ မဟာတောရုက္ခဿ သစ်ပင်ကြီး၏။ မဟတ္တရော၊ ကြီးခိုင်ထွားကြိုင်းလှစွာသော။ ယောခန္ဓော၊အကြင်ပင်လုံးကြီးသည်။ပလုဇ္ဇေယ ယထာ၊လဲပြိုပျက်စီးလေဘိသကဲ့သို့။ တထာ၊ထိုအတူ။ဘိက္ခုနီသံဃဿ ဘိက္ခုနီသံဃာအပေါင်း၏။ သေဋ္ဌာ။အမြတ်ဆုံးဖြစ်ပေသော။ဂေါတမီ၊မိထွေးတော်ဂေါတမီသည်။ပရိနိဗ္ဗုတာ၊ပရိနိဗ္ဗာန်ဝင်စံပြောင်းကြွရှာလေပြီ။အနိစ္စတာ၊ ဧဒြောင့်-မပြဲသောအနိစ္စတရား၊အလွန်ထင်ရှားလှပါသည်တကား။

(ဈ) အဟောအစ္ဆရိယံမေတံ နိဗ္ဗုတာယပိမာတုယာ။
သရီရမတ္တသေသာယ၊နတ္ထိသောကပရိဒ္ဒဝေါ။

(ဈ) မာတုယာ၊မိထွေးတော်ကြီး၏။ နိဗ္ဗုတာယ ပရိနိဗ္ဗာန်စံဝင်လေပြီဖြစ်၍။ သရီရမတ္တသေသာယပိ၊ အရိုးသပိတ် မျှသာကြွင်းကျန်တော့သည်ဖြစ်သော်လည်း။ မေ၊ ငါဘုရားအား။သော

ကပရိဒ္ဒဝေါ၊ဖုံးရိမ်ပူဆွေးခြင်းသည်။ နတ္ထိ၊ တစုံတခုမျှ မရှိချေ။ အဟောအစ္ဆရိယံ၊ ဩဗြဲ—အနိဗ္ဗုသဘော၊ အံ့ဩဘွယ်ကောင်းလှပါတကား။

(၈) နသောစိယာပရေသံသာ၊ တိဏ္ဏာသံသာရသာဂရာ။
ပရိဝဋ္ဋတသန္တာပါ၊သိတိဘူတာသုနိဗ္ဗုတာ။

(၈) ဘောနှော၊ အို- ပရိသတ်အပေါင်းတို့။ သာ၊ထိုမိထွေးတော်ဂေါတမီသည်။တိဏ္ဏာသံသာရသာဂရာ၊ သံသရာခရီး၊ ပင်လယ်ကြီးကိုလည်း အပြီးတိုင် ကူးမြောက်လေပြီ။ ပရိဝဋ္ဋတသန္တာပါ၊ ကိလေသာ အပူမီးတို့ကို အပြီးတိုင် ပယ်ဖြတ်၍ငြိမ်းသတ်တော်မူလေပြီ။သုနိဗ္ဗုတာ၊ဆင်းရဲချုပ်ငြိမ်း၊ ဝဋ်ဇာတ်သိမ်းသည်ဖြစ်၍။သိတိဘူတာ၊ အပူအလောင်ကင်းသဖြင့်၊ အေးခြင်းကြီးအေးခဲ့လေပြီ၊ တေန၊ထိုကြောင့်။သာ၊ ထိုမိထွေးတော်ဂေါတမီကို။ ပရေသံ၊သင်သူတပါးတို့သည်၊ နသောစိယာ၊ မစိုးရိမ်အပ်ပေ။

အဲ-သို့ဟုလိုဘုရားရှင်ကိုယ်တော်တိုင် မိထွေးတော်ဂေါတမီ၏အရိုးခတ်တို့ကို ကိုင်ပြီး အနိစ္စသဘောတရားဖြင့် ဟောကြားတော်မူပြီးတဲ့နောက်မိထွေးတော်ဂေါတမီ၏ ဂုဏ်ကျေးဇူးတို့ကိုချီးကျူးမြှောက်ဘော်ကာသို့ဟုလိုဟောကြားတော်မူပြန်တယ်။ အို-ဗြဟ္မာလူနတ်ပရိသတ်အပေါင်းတို့၊ငယ်ရွယ်စဉ်ကစ၍ ငါဘုရားအားနို့ချိုကျွေး၍ ပိုက်ပိုက်ထွေးထွေး၊မွေးမြူတော်မူခဲ့ဘဲ့ မိထွေးတော် ဂေါတမီသည် ကြီးကျယ်သောပညာ နက်နဲသော ပညာဂုဏ်နှင့် ပြည့်စုံတော်မူပေတယ်။ ရဟန်းမိန်းမ အပေါင်းတို့တွင်ပထမရှေးဦးစွာ သာသနာဘောင်သို့ဝင်၍ ရဟန်းပြုကာ ဘိက္ခုနီမသာသနာကို ရှေးဦးစွာ တည်ထောင်တဲ့ ပုဂ္ဂိုလ်ကြီးလဲ ဖြစ်ပေတယ်။ချပ်သွင်အမျိုးမျိုး၊ တန်ခိုးဘန်ဆင်းနိုင်တဲ့ ဣဒ္ဓိဝိဓအဘိညာဉ်၊ အသံအမျိုးမျိုးကို ကြားနိုင်တဲ့ ဒိဗ္ဗသောတ အဘိညာဉ်၊ အဆင်းအမျိုးမျိုးကိုမြင်နိုင်တဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်၊ သူတပါးတို့၏စိတ်အကြံအစည်ကိုသိနိုင်တဲ့စေတောပရိယအဘိညာဉ်၊ဖြစ်ခဲ့

သမ္ဘာဝအလုံးစုံကို အကုန်သိနိုင်တဲ့ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊ အဲ-သည်အဘိညာဉ် အမျိုးမျိုးတို့ကိုလဲရရှိပေတယ်။ အာသဝေါကင်းပြတ်သဖြင့် နောက်တဘန်ထပ်၍ ဘဝဇာတ်အသစ်ဖြစ်ပေါ်ဘို့လဲ မရှိတော့ဘူး၊ ပဋိသမ္ဘိဒါဉာဏ်လေးသွယ်တို့နှင့်လဲ အဆန်းတကြယ်အံ့ဩဘွယ်ပြည့်စုံတော်မူပေတယ်။ မိထွေးတော်ဂေါတမီ၏ အသိဉာဏ်များဟာ လွန်စွာသန့်ရှင်းစင်ကြယ်တော်မူတယ်။ သည်ကဲ့သို့သောကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူတဲ့ ပုဂ္ဂိုလ်တဦး နိဗ္ဗာန်ကူးတဲ့အခါ တစုံတရာမျှ ဝိုးရိမ်ဘွယ်မရှိဘူး။ အဲ-သို့ကလို မိထွေးတော်၏ ဂုဏ်ကျေးဇူးကို ချီးကျူးပို့နှင်ကြွားတော်မူတယ်။

(ဇော်) ပဏ္ဍိတာသိမဟာပညာ၊ ပုထုပညာတထေဝစ။
ရတ္တညူဘိက္ခုနီနံသာ၊ ဇေ၀ံဓာရေထ ဘိက္ခဝေါ။

(ဇော်) ဘောဓန္တော၊အို-ဗြဟ္မာ,လူ,နတ်, ပရိသတ်အပေါင်းတို့၊ သာ၊ထိုမိထွေးတော်ဂေါတမီသည်။ ပဏ္ဍိတာသိ၊ ဟုတ်တိုင်းမြင်သိ၍၊ ပညာရှိအစစ်လည်းဖြစ်တော်မူပေ၏။မဟာပညာ၊ ကြီးကျယ်ပြန့်ပြောသော ပညာလည်းရှိပေ၏။ တထေဝစ၊ထိုနည်း အတူသာလျှင်၊ ပုထုပညာ၊ထူတူထဲထဲနက်နဲသောပညာလည်းရှိပေ၏။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမအပေါင်းတို့တွင်၊ ရတ္တညူ၊ သာသနာတော်အတွင်းမှာ ရှေးဦးစွာရဟန်းပြု၍လာသော ပုဂ္ဂိုလ်မြတ်ကြီးပေတည်း။ ဘိက္ခဝေါ၊ အို- ရဟန်း အ ပေါင်း တို့။ ဇေ၀ံ၊ ဤသို့ငါဘုရားဟောကြားတော်မူသောအတိုင်း။ ဓာရေထ မှတ်သားကြကုန်လော့။

(ဇံ) ဣဒ္ဓိယာစ ဝသီအာသိ၊ ဒိဗ္ဗာယသောတဓာတုယာ၊
စေတောပရိယဉာဏဿ၊ ဝသီအာသိစ ဂေါတမီ။

(ဇံ) ဂေါတမီ၊ မိ ထွေး တော် ဂေါ တ မီ သည်၊ ဣဒ္ဓိယာစ၊ ကောင်းကင်မြေမိုယ်း၊ တန်ခိုးအမျိုးစုံ ဘန်ဆင်းမှု၌လည်း၊ ဝသီအာသိ၊ပိုင်နိုင်ကဲမောက်၊ဝသီမြောက်တော်မူပေ၏။ဒိဗ္ဗာယသော

တခါဝုယာ၊ အသံအမျိုးမျိုးကို ကြား နိုင် သော ဒိဗ္ဗသောတအဘိညာဉ်အရာ၌လည်း၊ ဝသီအာသိ၊ ပိုင်နိုင်ကဲမောက်၊ ဝသီဘော်မြောက်တော်မူပေ၏။ စေတောပရိယဉာဏာယ၊ သူတပါးတို့ စိတ်အကြံကို အကုန်သိနိုင်သော စေတောပရိယ အဘိညာဉ်၌လည်း။ ဝသီအာသိ၊ ပိုင်နိုင်ကဲမောက်၊ ဝသီဘော်မြောက်တော်မူပေ၏။

(၈၁း) ပုဗ္ဗေနိဝါသမညာသိ၊ ဒိဗ္ဗစက္ခုံ ဝိသောဓိတံ။
သဗ္ဗာသဝါ ပရိက္ခီဏာ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ။

(၈၁း) သာ ထိုမိထွေးတော်ဂေါတမီသည်၊ ပုဗ္ဗေနိဝါသံ၊ ရှေး၌ဖြစ်ဖြစ်သမျှသော ဘဝအမျိုးစုံကို။ အညာသိ၊ အကုန်သိနိုင်တော်မူ၏။ ဒိဗ္ဗစက္ခုံ၊ အဆင်းအမျိုးမျိုးကိုမြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်ကိုလည်း။ ဝိသောဓိတံ၊ စင်ကြယ်စွာသုတ်သင်အပ်လေပြီ။ သဗ္ဗာသဝါ၊ စီးသွန်ကျလျော၊ အလုံးစုံသော အာသဝေါတို့သည်လည်း။ ပရိက္ခီဏာ၊ မကျန်မကြွင်း၊ ရှင်းရှင်းကုန်ခြောက်ခဲ့လေကုန်ပြီ။ ဒါနိ၊ ထိုမိထွေးတော်ဂေါတမီအား၊ ပုနဗ္ဘဝေါ၊ တဘန်ဘဝသစ်ဖြစ်ရန်အကြောင်းသည်။ နတ္ထိ၊ တစုံတခုမျှမရှိတော့ချေ။

(၈၂) အတ္ထဓမ္မနိရုတ္တီသု၊ ပဋိဘာဏေ တထေဝစ။
ပရိသုဒ္ဓံ အဟုညာဏံ၊ တသ္မာ သောစနိယာ န သာ။

(၈၂) ဒါနိ၊ ထို မိထွေးတော်ဂေါတမီ၏။ ဉာဏံ၊ ဉာဏ်သည်။ အတ္ထဓမ္မနိရုတ္တီသု၊ အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါတို့၌၎င်း၊ တထေဝ၊ ထို နည်းအတူစွာ၊ ပဋိဘာဏေစ၊ ပဋိဘာဏပဋိသမ္ဘိဒါ၌၎င်း။ ပရိသုဒ္ဓံ၊ ညစ်ကြေးမတွယ်၊ လွန်စင်ကြယ်သည်၊ အဟု၊ ဖြစ်လေသတည်း။ တသ္မာ ထို့ကြောင့်၊ သာ၊ ထိုမိထွေးတော်ဂေါတမီကို။ နသောစနိယာ၊ စိုးရိမ်ပူဆွေး၊ တဆွေးဆွေးနှင့်၊ ငိုကြွေးလွမ်းတအပ်သည်မဟုတ်ချေ။

ဤ-သို့ကလိုမိထွေးတော်ကြီးခဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးမိန့်ကြားတော်မူပြီးတဲ့နောက် ကိလေသာကုန်ခန်းသော ရဟန္တာအ

ရှင်မြတ်ကြီးတို့၏လားရာဂတိမရှိကြောင်းကို ဟောကြားတော်မူလိုသည်နှင့်၊ ပြဆိုလတ္တံ့သော ဂါထာနှစ်ပုဒ်ကို သို့ကလိုကျူးရင့်တော်မူပြန်လေသည်။

(၅၁) အယောဃနဟာဘဿေဝ၊ ဇလတောဇာတဝေဒသော။
အနုပုဗ္ဗူပသန္တဿ၊ ယထာနညာယတေဂတိ။

(၅၂) ဧဝံသမ္မာဝိမုတ္တာနံ၊ ကာမဗန္ဓောဃတာရိနံ။
ပညာပေတုံဂတိနတ္ထိ၊ ပတ္တာနံ အစလံ သုခံ။

(၅၁-၅၂) ဘောဇ္ဈင်္ဂ၊ အိုး- ဖြဟ္မွာ, လှူ, နတ်, ပရိသတ်အပေါင်းတို့။ ဇာလတော၊ တောက်ပ၍နေသော။ ဇာတဝေဒသော၊ ရှိန်ရှိန်လောင်ညီး၊ မီးတော်ကြီးသည်။ အယောဃနဟာဘဿေဝ၊ သံတူကြီးဖြင့် ပုတ်ခပ်အပ်သည်ဖြစ်၍။ အနုပုဗ္ဗူပသန္တဿ၊အရှိန်တဖြည်းဖြည်းငြိမ်းအေးကွယ်ပျောက်လေသည်ရှိသော်။ ဂတိ၊ ထိုမီးတောက်၏သွားရာဌာနကို၊နညာယတေယသာမသိမမြင်အပ်လေဘိသကဲ့သို့။ ဧဝံတထာ ထိုနည်းတူစွာ။ သမ္မာဝိမုတ္တာနံ၊ သံသရာဝဋ်တို့မှ၊ကျွတ်လွတ်တော်မူကြကုန်ပြီးသော။ ကာမဗန္ဓောဃတာရိနံ၊ကာမဂုဏ်နှောင်ကြိုး၊ အဖွဲ့မျိုးနှင့်၊ ဆိုးဝါးပေတောင်း၊ကာမဂုဏ်ဝဲခနှောင်းမှ၊ ကောင်းစွာ ကူးမြောက်တော် မူကြလေကုန်ပြီးသော။ အစလံသုခံ၊မလှုပ်မရှားနိုင်၊ ခိုင်ခိုင်တုံလတ်၊နိဗ္ဗာန်တည်းဟူသောချမ်းသာမြတ်သို့။ ပတ္တာနံ ဆိုက်ရောက်တော်မူလာကြကုန်သော။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ ဂတိ၊ လားရာဂတိသည်၊ဝါ၊လားရာဂတိကို။ပညာပေတုံ၊ သိအောင်ပြုခြင်းငှါ၊ဝါ၊ပညတ်ခြင်းငှါ။ နတ္ထိ၊ကေန်စင်စစ်၊မရှိရိုးမှန်သည်သာသျှင်ဘည်း။

တောက်လောင်သောမီးတောက်ကြီး၏ လားရာဂတိကို မသိနိုင်ဘိသကဲ့သို့ ထိုနည်းတူစွာ ကိလေသာဝဋ်, သံသရာဝဋ်တို့မှ ကျွတ်လွတ်တော်မူကြတဲ့ ရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဂတိကိုမသိနိုင်ဘူး။ ဘာ့ကြောင့်မသိနိုင်သလဲဆိုတော့ လားရာဂတိက-မရှိတဲ့အတွက်ကြောင့် ဖြစ်တယ်၊ ဘဝဝဋ်ဇာတ်ကိန်းဖြင့် မယိမ်းမ

ယိုင်အလွန်ခံ့ခိုင်တဲ့နိဗ္ဗာန်သို့သာ ဆိုက်ရောက်တော်မူကြတယ်လို့ ဆိုရတော့တာဘဲ။ ဤကဲ့သို့ မိန့်ကြားတော်မူပြီးလျှင် အဆုံးစွန် နိဂုံးချုပ်သောအားဖြင့် ရဝေးလျက်ရှိကြတဲ့ ပရိသတ်အပေါင်း တို့အား ဆုံးမစကားကို သို့ကလိုဟောကြားတော်မူပြန်တယ်။

## အနုသာသနီနိဂုံးဂါထာ

(၅၈) အညာဒိပါ တတော ဟောထ၊ သတိပဋ္ဌာနဂေါစရာ။
ဘာဝေတွာ သတ္တဗောဇ္ဈင်္ဂေ၊ ဒုက္ခဿန္တံ ကရိဿထ။

(၅၈) ဘောနွေ့ာ၊ ဖြပဟွာ,နတ်,လူ, ပုန်းဆူသောင်းသောင်း၊ အို- ပရိသတ်အပေါင်းတို့။ တတော၊ ထိုသို့ဟောကြား အနိစ္စ သဘောတရား ထင်ရှားစွာရှုနေခြင်းကြောင့်။ တုမှေ၊ သင်တပည့် သားအပေါင်းတို့သည်၊ အတ္တဒီပါ၊ မိမိကိုယ်ကိုသာလျှင်၊ မှီခိုရာ ကျွန်းကြီးသဘွယ်ဖြစ်ကြကုန်၍။သတိပဋ္ဌာနဂေါစရာ၊သတိပဋ္ဌာန် လေးပါးမြတ်အာရုံတို့၌၊ အလုံပြုသောအားဖြင့် ကျက်စား၍နေကြ ကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သတ္တဗောဇ္ဈင်္ဂေ၊ဗောဇ္ဈင် တရား ခုနစ်ပါးတို့ကို၊ ဘာဝေတွာ၊ မနေမနား၊ ပွားများရှုမြင်၊ သင်ခြင်ကြကုန်လျက်၊ ဒုက္ခဿန္တံ၊ငါးဒုက္ခအလုံးစုံတို့၏ ကင်းကုန် ချုပ်ဆုံးရလေအောင်၊ ကရိဿထ၊ သံဝေဂဉာဏ်၊ ဖွဲ့သန်သန်ဖြင့်၊ ပြင်းထန်စွာ ပြုလုပ်ကြိုးစားကြကုန်လော့။

အို- ဖြဟ္မာ,လူ,နတ်, ပရိသတ်အပေါင်းတို့။ မည်သူတဦးတ ယောက်မျှရှောင်လွဲလို့မရနိုင်တဲ့ အနိစ္စတရားဆိုးကြီးက လွှမ်းမိုး အုပ်စီးလျက် နေခြင်းကြောင့် ဤဝဋ်ဘုံ လောကကြီးအတွင်းမှာ တစုံတရာမျှ ကိုးကွယ်ရာမရှိဘူး။ မိမိကိုယ်သာလျှင် ကိုးကွယ်ရာ ရှိကြတယ်၊ မိမိကိုယ်ကိုသာမှီခိုရာကျွန်းကြီးသဘွယ်ရယ်လို့မှတ် ထားကြရမယ်။ မိမိကိုယ်ကိုသာ မှီခိုရာပြုပြီး သတိပဋ္ဌာန်တရား လေးပါးဟည်းဟူသော အာရုံ၌သာ ကျက်စား၍နေကြရမယ်။ သင်တို့၏စိတ်များကို သတိပဋ္ဌာန်လေးပါးနယ်မှထွက်၍ မသွား စေလင့်။ သတိပဋ္ဌာန်တရား အာရုံလေးပါးကို လက်ကိုင်ထား

လျှင်ဗောဓိပင်ခုနစ်ပါးပွားများခွင့်ကြီးပေါ်လာလိမ့်မယ်။ဗောဇ္ဈင်ခုနစ်ပါးကို ပွားများ အားထုတ်လျက် နစ်မြုပ် ကျလျော၊ တွင်တွင်ကြီး မြောနေတဲ့ သံသရာကြော- ဒုက္ခတော နယ်ကြီးမှ လွတ်မြောက်အောင်ကြိုးစားကြရမယ်။ ဆဲ-သည့်ကဲ့သို့ မိန့်ကြားတော်မူပြီးသုံးလောကထွတ်ထား၊ ရှင်တော်မြတ်ဘုရားကြီးသည် သင်္ဂြိုဟ်ပွဲကြီး ပြီးဆုံးသည်နှင့် သီဘင်းသုံးရာ ကျောင်းတော်သို့ ပြန်ကြွတော်မူလေသတည်း။

ရှင်တော် ဘုရားကြွတော်မူလေရာ လူနတ် ပြဟ္မာ ပရိသတ်ပေါင်းများစွာတို့ကလည်း မိမိတို့ဌာနသို့ အသီးအသီး ပြန်လည်ကြလေသတည်း။

(မှတ်ချက်။ ။ဤနိဂုံးဂါထာတော်ကြီး၌သတိပဋ္ဌာန်လေးပါး၌ ကျက်စားရမည့်။ဗောဇ္ဈင်ခုနစ်ပါးကို ပွားများရမည်ဟု အချုပ်အားဖြင့်မိန့်ကြားဆုံးမတော်မူသောအတိုင်း သတိပဋ္ဌာန်လေးပါးနှင့်ဗောဇ္ဈင်ခုနစ်ပါး ပွားများပုံသဘောများကို ပြန့်ပြန့်ပြူးပြူးနားလည်ကျွမ်းကျင်လိုကြပါလျှင် ''မဟာသတိပဋ္ဌာန် အမေးအဖြေစာအုပ်''ကိုကြည့်ရှုတော်မူကြပါကုန်)

ဂေါတမိထေရီ ဝတ္ထုကြီးပြီး၏။

---

## ဂုတ္တာထေရီဝတ္ထု

ပဋိသန္ဓေသခုပ္ပါဒ်၊ ရဟာဘ်ပုံဘောင်း၊ စက်ကုန် မောင်းလျက်၊ လွတ်ကြောင်းမမြင်၊ ခန္ဓာစဉ်ဖြင့် ကျင်လည်နစ်မြော၍ နေရသော သံသရာဝဋ်အတွင်းမှ၊ လွတ်ကင်းလိုတဲ့ဆန္ဒဖြင့်ပါရမီပုည အထူးထူးကို၊ဆည်းပူးလိုလာခဲ့ဘဲ့၊အမျိုးသို့းကလေးတယောက်ဟာ၊ပါရမီရင့်သန်၊ကျွတ်ချိန်တန်တဲ့အဆုံးဘဝသို့ရောက်ခဲ့လေသော်ယခု ဂေါတမဘုရား ထင်ရှားပွင့်တော်မူတဲ့ ခေတ်အခါ သာဝတ္ထိပြည်

ပုဿားမျိုးမှာထင်ရှားစွာဖြစ်ပေါ်လို့လာခဲ့တယ်။ အမည်မှာတော့ "ဂုတ္တာ"တဲ့။

ဂုတ္တာဆိုတဲ့ အမည်၏ အဓိပ္ပါယ်ကတော့ "လုံခြုံတယ်"လို့ ဆိုလိုတယ်။ အကုသိုလ် တရား အလုံးစုံတို့မှ လုံခြုံမှု၊ ဘေးရန် အန္တရာယ် အလုံးစုံတို့မှ လုံခြုံမှု၊ ဣန္ဒြေကို စောင့်စည်းသောအား ဖြင့်လုံခြုံမှု၊ ဤကဲ့သို့လုံခြုံမှုဟု ဆိုအပ်သော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတဲ့အတွက် ပါဠိဘာသာအားဖြင့် ဂုတ္တာရယ်လို့ မှည့်ခေါ် ကြသတဲ့။ မြန်မာလိုပြန်ဆို ခေါ်ဝေါ်ရပါလျှင် "ခင်လုံ"ရယ်လို့ ခေါ်ဝေါ်ရမှာပေါ့လေ။

အဲ-ပြခဲ့ပြီးတဲ့အတိုင်း လုံခြုံခြင်း ဂုဏ်အမျိုးမျိုးနှင့် ပြည့်စုံ သဖြင့် ခင်လုံရယ်လို့ ခေါ်ဆိုရတဲ့ အမျိုးသမီး ကလေးသည် အချိန် အရွယ်သို့ရောက်လာတဲ့အခါ ရှေးကပါရမီအမျိုးမျိုးတို့ကဆော် နှိုးတိုက်တွန်းကြတဲ့ အတိုင်း လောကီလူများ၏ မွေ့တာ အိမ်ရာ ထောင်ခြင်းဆိုတဲ့ကိစ္စဘက်သို့ နှစ်သက်ညွတ်ယိုင်ခြင်းမရှိဘဲအိမ် ရာထောင်တဲ့လူ့ဘောင်မှထွက်ခွါပြီး သာသနာဘက်သို့သာခိုဝင် လိုတဲ့စိတ်မျိုးတွေ ဖြစ်ပေါ်နေသတဲ့။ မိဘနှစ်ပါးတို့က လောကီ ကြီးပွားရေးကိစ္စဖြင့်တိုက်တွန်းအားပေးကြသော်လဲအနည်းငယ် ကလေးမျှအားကျသာယာတဲ့စိတ်မျိုးမဖြစ်ပေါ်ဘူးတဲ့။

သာသနာတော်ဘောင်သို့ဝင်၍ ရဟန်းပြုချင်တဲ့ ဆန္ဒတွေဟာ နှိမ်လို့မရအောင် ထက်သန်လာတဲ့ အခါကျတော့ မိဘတို့ထံမှာ မရ,ရအောင်း ခွင့်ပန်တောင်းပြီးမိထွေးတော် ဂေါတမီထေရီမ ကြီးအထံသို့ သွား ရောက်ဘယ်။ မိထွေးတော် ဂေါတမီ ထံမှာ ရဟန်းပြုရန် အခွင့်တောင်းပြီး ကောင်းမွန်မြင့်မြတ်တဲ့ ဘိက္ခုနီမ အဖြစ်သို့ရောက်လေရော၊ မူလအမည်သညာအတိုင်း 'ဂုတ္တာထေရီ' ရယ်လို့ပင်ထင်ရှားကျော်စောတယ်။

ရဟန်းပြုပြီးတဲ့နောက် ဥပဇ္ဈာယ် ဆရာမကြီး ဖြစ်တော်မူတဲ့ မိထွေးတော်ဂေါတမီကရဟန်းတို့၏အလုပ်ကိုအားထုတ်စေခြင်း ငှာလိုငှါဝိပဿနာကမ္မဋ္ဌာန်းကို နည်းလမ်းကျနစွာသင်ပြတော်မူ

တယ်။ ဂုဏ္ဍာထေရီဘိက္ခုနီသည် သင်ပြသော နည်းလမ်းတို့ကို ကောင်းစွာနာယူမှတ်သားပြီး တကိုယ်တည်း ဆိတ်ငြိမ်ရာသို့ကပ် ၍ကမ္မဋ္ဌာန်းအလုပ်ကိုကြိုးစားအားထုတ်တော်မူတယ်။

ပထမရှေးဦးစွာ ကမ္မဋ္ဌာန်းကျောင်းသို့ဝင်၍ ဆင်ခြင်ရှုစားပါ သော်လဲဝိပဿနာနိမိတ်မထင်မြင်ဘဲအပြင်သို့သာ စိတ်တွေလွင့် ပါးပြေးလွှားနေသတဲ့။တည်ကြည်ငြိမ်ဝပ်တဲ့ သမာဓိဓာတ်ကိုမရ နိုင်ရှာဘူး။ကမ္မဋ္ဌာန်းအလုပ်ထဲမှာ စွဲစွဲမြဲမြဲစိတ်သက်ဝင်နိုင်ဘို့ဆို တဲ့အချက်ဟာအလွန်ခဲယဉ်းတာကလား။ သာမန် ပုဂ္ဂိုလ်များကို မဆိုထားနှင့်တော့ပါရမီရင့်သန်၍ ဉာဏ်ပညာထက်မြက်တဲ့အချို့ ပုဂ္ဂိုလ်များတောင် ကမ္မဋ္ဌာန်း အလုပ်ခွင်သို့ ဝင်ကြည့် လိုက်တဲ့ အခါ ပြေးလား,လွှားလား နှင့်လွင့်ပါးနေတဲ့ စိတ်တွေကိုနိုင်နင်း အောင်ထိန်းသိမ်းကာ၊သမာဓိမဏ္ဍိုင်ဖြင့်ခိုင်စွာနေဘို့အရေးမှာ အတော်ပင်ခဲယဉ်းတော်မူကြသေးတယ်။ အဲ-သို့အတွက်ကြောင့် ကမ္မဋ္ဌာန်းအလုပ်ခွင်သို့ဝင်ကြတဲ့အခါပထမရှေးဦးစွာလွင့်ပါးနေ နေတဲ့စိတ်တွေကို မနိုင်သဖြင့် မှိုင်တွေချကာ စိတ်ပျက်ပြီးထွက် ပြေးဘို့များစိတ်မကူးကြလေနှင့်။စိတ်ကိုသန်သန်နှင့်အားအန်ထုတ် ပြီးမဆုတ်တန်းဆိုတဲ့ သဘောမျိုးနှင့် ကြိုးစားနိုင်မှ သင့်တော်ကြ လိမ့်မယ်။

## ဘုရားရှင်၏ ချီးမြှောက်ခြင်း

အဲ-ပြဆိုခဲ့တဲ့ အတိုင်း၊ ဂုဏ္ဍာထေရီသည် ကမ္မဋ္ဌာန်းကျောင်း အတွင်းမှာ လွင့်ပါးနေတဲ့ စိတ်တွေကို မထိန်းနိုင်ဘဲ မှိုင်တွေချ ကာစိတ်ဓာတ် ပြော့ပြော့နှင့် အားလျော့နေပုံအချက်ကို ဂန္ဓကုဋိ တိုက်မှရှင်တော်ဘုရားထင်ရှားစွာ မြင်လေသော်ကြီးမြတ်တဲ့ကရု ဏာဖြင့် သို့တော်ဂုဏ္ဍာကို ကောင်းစွာ ချီးမြှောက်တော် မူလို သည်နှင့်ဂန္ဓကုဋိတိုက်တော်မှ ရောင်ခြည်တော် ခြောက်သွယ်ကို တင့်တယ်စွာ စေလွှတ်တော်မူပြီး ဂုဏ္ဍာထေရီ သီတင်းသုံးနေတဲ့ ကမ္မဋ္ဌာန်းကျောင်း၏ အထက်အပြင် မိုး ကောင်းကင်က ဘုရား

အသွင်ကိုထင်ရှားစွာပြတော်မူပြီး ဩဝါဒဂါထာဘို့ကို သို့ကလို ဟောကြားတော်မူလေသတည်း။

(က) ဂုဗ္ဗေယာဒႏွ်ံပဗ္ဗဋ္ဌာ၊ဟိတွာပုတ္တံပသုံပိယံ။
တမေဝအနုဗြူဟေဟိ၊မာစိတ္တဿဝသံဂမိ။

(က) ဂုဗ္ဗေ၊ အို-ချစ်သွီး ဂုတ္တာ။ ယဒႏွ်ံ၊ ကိလေသာ ကွာရှင်း၍အကြင်နိဗ္ဗာန်သို့ဆိုက်ရောက်ခြင်းငှါ။ ပိယံ၊တွယ်တွယ် တာတာ လွန်စွာချစ်မြတ်နိုးအပ်သော။ ပုတ္တံ၊သားသွီးကိုအစထား ၍များလှစွာသောဆွေမျိုးအပေါင်းကိုင်း။ ပသုံ၊ကျွဲနွားဆင်မြင်း ကအစထား၍များလှစွာသောကျေးကျွန်အပေါင်းကိုင်း။ဟိတွာ၊ မတွယ်မတာ၊ ပယ်ခွါ ကင်းအောင်၊ အလွတ်ရှောင်၍။ ပဗ္ဗဋ္ဌာ၊ ရဟန်းပြု၍လာခဲ့ခြင်းသည်၊ဟောသိနနု၊ဖြစ်သည်မဟုတ်ပါလော။ တေန၊ထို့ကြောင့်။တွံ၊သင်ချစ်သွီးဂုတ္တာသည်။တမေဝ၊ထိုကိလေ သာ ကင်းရှင်းကြောင်းဖြစ်သော ကမ္မဋ္ဌာန်း အလုပ်ကိုသာလျှင်။ အနုဗြူဟေဟိ၊ ကြိုးကြိုးစားစား၊ ပွားများ အားထုတ်ပါလော။ စိတ္တဿ၊ ချန်ပေါက်ပြေးသွား၊ လွင့်ပါးချန်စိုင်း၊ စိတ်မိုက်ရိုင်း၏။ ဝသံ အလိုနိုင်ငံသို့၊မာဂမိ လိုက်ပါလွင့်ပါး၍မနေပါလင့်။

(ခ) စိတ္တေနဝဉ္စိတာသတ္တာ၊ မာရဿဝိသယေရတာ။
အနေကဇာတိသံသာရံ၊သန္ဓာဝန္တိ အဝိဒ္ဒသူ။

(ခ) ဂုတ္တေ၊ချစ်သွီးဂုတ္တာ။ စိတ္တေန၊ ထင်တိုင်းမြင်တိုင်း၊ ချန် စိုင်းဖျတ်လတ်၊စိတ်ရိုင်းခုတ်ဖြင့်။ဝဉ္စိတာ၊လှည့်ပတ်ဖြားယောင်း ခြင်းကို ခံနေကြရကုန်သော။ သတ္တာ၊ အထင်မှား, အမြင်မှား၊ အကြင်သတ္တဝါဗိုလ်လူအများတို့သည်။မာရဿ အမွေမှိုင်းတုံကျ မာရ်နတ်မိုက်၏။ ဝိသယေ၊ ရူပ်ထွေးပွေလောင်၊ ထောင်နှောင် အကျဉ်း၊နိုင်ငံတွင်း၌။ရတာ၊မထွက်နိုင်ဘဲ၊ စွဲလမ်းနှစ်မြိုက်၍ပျော် ပိုက်မွေ့လျော်ကာ၊နေကြရှာလေကုန်သတည်း။ တေသတ္တာ၊ ထို မာရ် မင်းလှော်ထား၊ ထောင်သားသတ္တဝါ အပေါင်းတို့သည်။

အဝိဇ္ဇာသူ၊ ဉာဏ်အမြင်မလင်းသဖြင့်ထိုးထွင်းခြင်းငှါ မစွမ်းနိုင်ကြကုန်ဘဲ။ အနေကဇာတိ သံသာရံ၊ ဘဝများစွာ၊ သံသရာစက်ရုံ၊ ဂယက်မြှုပ်၌၊ သန္ဓာဝတ္တိ၊ ပြေးလား,လွှားလား,တဖါးဖါးနှင့်ကျက်စားကျင်လည်ကာနေကြရလေကုန်သတည်း။

(ဂ) ကာမစ္ဆန္ဒဉ္စ ဗျာပါဒံ၊ သက္ကာယဒိဋ္ဌိမေဝစ။
သီလဗ္ဗတပရာမာသံ၊ ဝိစိကိစ္ဆဉ္စ ပဉ္စမံ။

(ဃ) သညောဇနာနိ ဧတာနိ၊ ပဇဟိတွာန ဘိက္ခုနီ။
ဩရမ္ဘာဂမနီယာနိ၊ နယိဒံ ပုန ရေဟိသိ။

(ဂ-ဃ) ဘိက္ခုနိ၊ အို-ချစ်သမီးဘိက္ခုနီ။ ကာမစ္ဆန္ဒဉ္စ ကာမစ္ဆန္ဒကိုလည်းကောင်း။ ဗျာပါဒံစ၊ ဗျာပါဒကိုလည်းကောင်း။ သက္ကာယဒိဋ္ဌိမေဝစ၊ သက္ကာယဒိဋ္ဌိကိုလည်းကောင်း။ သီလဗ္ဗတပရာမာသံစ၊ သီလဗ္ဗတပရာမာသကိုလည်းကောင်း။ ပဉ္စမံ ငါးခုမြောက်ဖြစ်သော။ ဝိစိကိစ္ဆဉ္စ၊ ဝိစိကိစ္ဆာကိုလည်းကောင်း။ ဩရမ္ဘာဂမနီယာနိ၊ ကာမဘုံ၌သာစုန်မြောစေတတ်ကုန်သော။ ဧတာနိသညောဇနာနိ၊ ဤသံယောဇဉ်ငါးပါးတို့ကို။ ပဇဟိတွာန၊ ပယ်စွန့် ဖြတ်တောက်လိုက်သည်ရှိသော်။ ဣဒံ ဤကမ္မဋ္ဌာန်းအလုပ်သည်။ ပုန၊ တဖန်။ နဧဟိသိ၊ ကာမဘုံ၌စုန်မြောစေလိမ့်မည်မဟုတ်ချေ။

(င) ရာဂံ မာနံ အဝိဇ္ဇဉ္စ ဥဒ္ဓစ္စဉ္စ ဝိဝဇ္ဇိယ။
သညောဇနာနိ ဆေတွာန၊ ဒုက္ခဿန္တံ ကရိဿသိ။

(င) ဂုတ္တေ၊ ချစ်သမီးဂုတ္တာ။ ရာဂံစ ရူပရာဂ, အရူပရာဂ, နှစ်ပါးကိုလည်းကောင်း။ မာနံစ၊ ထောင်လွှားတတ်သော မာနတရားကိုလည်းကောင်း။ အဝိဇ္ဇဉ္စ မသိမမြင်သောအဝိဇ္ဇာတရားကိုလည်းကောင်း။ ဥဒ္ဓစ္စဉ္စ၊ ချန်ပိုင်းပြေးလွှား၊ ပျံ့လွင့်သောဥဒ္ဓစ္စတရားကိုလည်းကောင်း။ ဝိဝဇ္ဇိယ၊ စွန့်ပယ်ရှောင်ရှား၍။ ဧတာနိသညောဇနာနိ၊ ဤသံယောဇဉ်ငါးပါးတို့ကို။ ဆေတွာန၊ ဖြတ်တောက် ပယ်ရှားလိုက်သည် ရှိသော်။ ဒုက္ခဿန္တံ၊ ဆင်းရဲအားလုံး၏ပြီးဆုံးမှုကို။ ကရိဿသိ၊ ပြုရလတ္တံ့သတည်း။

(စ) ခေပေတွာ ဇာတိသံသာရံ ပရိညာယ ပုနဗ္ဘဝံ။
ဒိဋ္ဌေဝ ဓမ္မေ နိစ္ဆာတာ၊ ဥပသန္တာ စရိဿသိ။

(၈) ဂုတ္တေ၊ အို-ချစ်သမီးဂုတ္တာ။ ဇာတိသံသာရ၏ အဖြစ်မဲ့, အသေမဲ့၊လွန်ကဲနှိပ်နင်း၊ သံသရာဝဋ်စက်ကွင်းကို။ ခေပေတွာ၊ မကျန်မကြွင်း ရှင်းလင်းကုန်ခန်းစေလျက်။ ပုနဗ္ဘဝံ၊ နောင်တဘန်ဘဝသစ်ကို။ပရိညာယ၊ပဟာနပရိညာဖြင့် ပယ်ရှားလိုက်သည်ရှိသော်၊ ဒိဋ္ဌေဝဓမ္မေ၊မျက်မှောက်ဘဝ၌ပင်လျှင်။ နိဗ္ဗုတာ၊ ပူလောင်တတ်မှုတ်ခြင်းတို့မှကင်းရှင်းစင်ကြယ်သည့်ဖြစ်၍။ ဥပသန္တာ၊ချမ်းသာ တွေ့လျက် ငြင်မြေ နှစ်သက်စွာ။ စရိဿသိ၊ အလိုရှိသမျှ၊ အေးအေးမြမြ သွားလာလှည့်ပတ်ရလိမ့်မည်သာတည်း။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ရှင်တော်မြတ်ဘုရားက တန်ခိုးတော်များဖြင့် ကောင်းကင်ထက်က ရပ်တည်ကာဩဝါဒဂါထာတို့ကို ဟောကြားတော်မူတော့ ဂုတ္တာထေရီ- ဘိက္ခုနီက သဒ္ဓါတရား စွင့်စွင့်နှင့်နားဘွင့်ပြီးကြားနာနေတယ်။ဂါထာ၏ အဓိပ္ပါယ်ကိုလဲ အကျယ်အားဖြင့်ဆင်ခြင်၍ဉာဏ်အမြင်ပွင့်လင်းသွားတယ်။ဟောကြားတော်မူတဲ့ ဂါထာတွေ၏ အဆုံးမှာ ဉာဏ်ပညာထက်သန်နေတဲ့အတိုင်းအလုံးစုံသောက်လေသာတို့ကိုပယ်ခွါဖြတ်တောက်လျက် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ရဟန္တာအဖြစ်သို့ဆိုက်ရောက်ပြီးတဲ့အခါရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ ဩဝါဒ ဂါထာများကို ဝမ်းမြောက်ဝမ်းသာ-မကြာမကြာဥဒါန်းကျူးရင့်တော်မူလေ့ရှိပေသတည်း။

ဂုတ္တာထေရီဝတ္ထုပြီး၏။

## ဝိမလာထေရီဝတ္ထု

ပဋိသန္ဓေနေလျှမဆုံး၊ အိုလျှမဆုံး၊ နာလျှမဆုံး သေလျှမဆုံး၊ အမျိုးမျိုးသော ဗိုးရိမ်ရေးတို့ဖြင့်ပူဆွေးလျှမဆုံးဆင်းရဲခြင်းတည်းဟူသောလှိုင်းလုံးတို့ဖြင့်တရုံးရုံးထကြွလှုပ်ရှား၍နေသောသံသရာ

တခွင် ပင်လယ်ဝဲသြဃကြီးအတွင်းမှ လွတ်ခြင်းကြီးလွတ်မြောက်၍ နိဗ္ဗာန်ထုတ်ချောက် ပေါက်ရောက်လိုတဲ့ဆန္ဒဖြင့် ဘဝအဆက်ဆက်တို့၌ ထက်မြက်တဲ့ စေတနာကို လက်ကိုင်ထားပြီး၊ ပါရမီကုသိုလ်တရားကို ကြိုးစား၍ ဆည်းပူး လာခဲ့သော အမျိုးသွီးကလေးတယောက်သည် ဘဝပေါင်းများစွာ သုဂတိသံသရာတို့၌ ချမ်းသာစွာ ကျင်လည်ခဲ့ပြီးတဲ့နောက် ယခုဘုရားရှင် လက်ထက်တော်သို့ ရောက်တော့ ရာဇဂြိုဟ်ပြည်တွင် ချမ်းသာကြွယ်ဝတဲ့အမျိုးမှာ ဟင့်တယ်စွာဖြစ်ထွန်းလို့လာခဲ့တယ်။

ဘွားမြင်လာတဲ့အခါ မိဘတို့မှာ အကြီအမျိုးမျိုး အောင်မြင်ခြင်း၊ ဘေးရန်အမျိုးမျိုးတို့ကိုအောင်မြင်ခြင်း၊ဤကဲ့သို့ အောင်မြင်ခြင်း တိတ်,နိမိတ် တို့ကိုဖြစ်ပွားစေလျက် အောင်မြင်စွာမွေးဘွားလာတဲ့အတွက် မိမိတို့ရင်သွေး သတို့သွီးကလေးကို ''ဝိဇယာ'' ရယ်လို့ အမည်ပေးကြတယ်။ မြန်မာဝေါဟာရအားဖြင့် ပြန်ဆိုခေါ်ဝေါ်ရပါလျှင်''ခင်အောင်''ရယ်လို့ ခေါ်ရမှာပေါ့လေ။

ဘေးမထိရန်မတွယ်ဘဲ တင့်တင့်တယ်တယ်ကြီး ဘွားမြင်လို့လာခဲ့ရာ ရုပ်ဆင်းလက္ခဏာ အလိမ္မာဂုဏ်တို့နှင့် ပြည့်စုံတင့်တယ်၍ လောကအလယ်မှာ ချစ်ခင်စဘွယ်ကြီး ဖြစ်လာသတဲ့။ ဂုဏ်ထူးတခုမှာတော့ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ အဂ္ဂမဟေသီခေမာဒေဝီနှင့် အကျွမ်းတဝင် ချစ်ချစ်ခင်ခင်ဖြစ်နေကြတယ်။

တနေ့သောအခါ ခေမာမိဖုယားကြီးသည် လောကီစည်းစိမ်တွေကိုစွန့်ပြီး သာသနာ့ဘောင်သို့ ခိုဝင်ကာ ဖန်ဝါသားနီနှင့် ရဟန်းပြုသွားပြီ ဆိုတဲ့ သတင်းကိုကြားတော့ ဝိဇယာ၏စိတ်ထဲမှာ သို့ကလို အကြံဖြစ်ပေါ်လာသတဲ့။ ငါ၏ အဆွေတော်ကြီးဖြစ်တဲ့ အရှင်ခေမာမိဖုယားသည် ရွှေနန်းကြီးပေါ်မှာ ရံရွေတော်အများနှင့် ပျော်ပါးချင်တိုင်းပျော်ပါး,စံစားချင်တိုင်းစံစားရသော်လဲ လောကီစည်းစိမ်တွေကို သာယာဘွယ်ရယ်လို့ မထင်မှတ်ဘဲ ပယ်ဖြတ်စွန့်ခွါပြီး သာသနာ့ဘောင်သို့ဝင်ကာ ရဟန်းပြုသွားရှာ

ပေါ့၊ သို့ကလောက်ကြီးကျယ်တဲ့ စည်းစိမ်ရှင်ကြီးသော်မှ ရဟန်းပြုနိုင်သေးတာကဘဲ။ ငါတို့ကဲ့သို့ အောက်တန်းကျတဲ့သူများဟာ အဘယ်မှာ ရဟန်းမပြုနိုင်ဘဲရှိပါမလဲ။ အဲ- သို့ကလို အကြံဖြစ်ပေါ်လာသတဲ့။ သဒ္ဓာသက်ပွသဘောနှင့် မြတ်သောအကြံအစည်ရယ်လို့ ချီးမွမ်းထိုက်ထာပေါ့လေ။သည်လို ကုသိုလ်ရေးမှာ အားကျခြင်းဆိုတဲ့အလုပ်ဟာ လွန်စွာအကျိုးရှိတာပေါ့။လောကီရေးမှာသာအားကျလို့နေခဲ့ပါလျှင် သံသရာဝဲတကြောမှာ စုံမြောနစ်မြုပ်တို့ဖြစ်လိမ့်မယ်လို့သာမှတ်ကြပေတော့။

ရဟန်းအဖြစ်သို့ ဆိုက်ရောက်ခြင်း

အဲ- သို့ကလို အကြံဖြစ်ပြီးတဲ့နောက် ထမြောက်အောင်မြင်စေလိုတဲ့သဘောဖြင့် ခေမာထေရီ ဘိက္ခုနီအထံသို့ သွားရောက်ချဉ်းကပ်ပြီး တရားတော်မြတ်ကို ရှိသေစွာကြားနာတယ်။ ခေမာထေရီ ဘိက္ခုနီအရှင်မြတ်ကလဲ "ငါ့မိတ်ဆွေမကြီးတဦး ဆိုက်ရောက်လာပေါ့၊ သာသနာတော်အတွင်းမှာ ဘိက္ခုနီမတပါးတိုးပွားပြန်တော့မယ်"အဲ-သို့ကလိုဆင်ခြင်တော်မူကာ ဝမ်းမြောက်အားရစွာနှင့် ကာမဂုဏ်တို့၏အပြစ်နှင့်ဆိုင်သောတရား၊သံသရာဝဋ်ဒုက္ခနှင့်ဆိုင်သောတရား၊သာသနာတော်သို့ဝင်ကာ ရဟန်းပြုရခြင်း၏ အကျိုးတရား၊ အဲ-သည်ကဲ့သို့သော တရားအစဉ်ကို ထင်မြင်အောင် ဟောပြောတော်မူတယ်။

အမျိုးသမီးဝိဇယာသည် ခေမာထေရီ ဘိက္ခုနီမ ဟောကြားအပ်တဲ့ တရားအမွန်အမြတ်တွေကို ကြားနာရတော့ သဒ္ဓါတရားအတိုင်းထက်အလွန်တိုးပွားပြီး ဆိုင်းငံ့ခြင်းမပြုဘဲ မကြာမီအတွင်းမှာပင်ရဟန်းပြုချင်တဲ့စိတ်ကောင်းစိတ်မြတ်တွေဖြစ်ပေါ်လာပါရော။ ထိုအခါ ခေမာထေရီ ဘိက္ခုနီမ အရှင်မြတ်ထံမှာ ရိုသေစွာခစားပြီး ရဟန်းပြုဘို့ အကြောင်းနှင့် အခွင့်တောင်းတယ်။

ခေမာထေရီ အရှင်မြတ်ကလဲ ကျွတ်ထိုက်တဲ့ အမျိုးသမီးဖြစ်ကြောင်းကို ကောင်းစွာသိမြင်တော်မူသည်နှင့် လွယ်ကူစွာအခွင့်

ပေးပြီးရဟန်းဘောင်သို့ ရောက်အောင်ချက်ဆောင် ချီးမြှင့်တော်မူတယ်။ ရဟန်းအဖြစ်သို့ ရောက်တဲ့အခါ မူလရင်း အမည်သညာအတိုင်း ဝိဇယာ ထေရီရယ်လို့ သာသနာတော်အတွင်းမှာ ထင်ရှားကျော်စောသွားပါရော။

ရဟန်းဖြစ်ပြီးတဲ့ အခါ ဥပဇ္ဈာယ် ထေရီမကြီးက ကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်စေလိုတဲ့ ဆန္ဒဖြင့် အားထုတ်ပုံ နည်းလမ်းများကိုသင်ကြားပြသလို့ ပေးတော်မူတယ်။ ဝိဇယာထေရီသည် သင်ကြားပြသတဲ့နည်းလမ်းများကို သင်ကြားနာယူပြီးဆိတ်ငြိမ်ရာဌာနတွင် တည်ရှိတဲ့ ကမ္မဋ္ဌာန်းကျောင်းသို့ဝင်ကာ ဘာဝနာ အလုပ်ကို အားထုတ်ကြိုးစားတော်မူတယ်။

ကမ္မဋ္ဌာန်း ကျောင်းသို့ ဝင်ပြီး ထင်မြင်အောင် အားထုတ်တဲ့ အခါစိတ်တွေလွင့်ပါးလျက် သမာဓိမရနိုင်တဲ့အတွက် စိတ်ပျက်ပြီးသို့ကလိုကြီးတွေးတော်မူတယ်။ ဪ–လောကမှာ လူဘောင်မှစွန့်ပြီးသာသနာတော်ဘောင်သို့ ခိုဝင်ကာ ရဟန်းပြုခြင်းဆိုတဲ့ အလုပ်ဟာရဟန်းအဖြစ်သို့ရောက်ပြန်ပါတော့လဲစိတ်နှလုံးတည်တံ့စွာနှင့် ဘာဝနာ အလုပ်ခွင်မှာ တွင်တွင်ကြီး လုပ်ဖို့ အရေးဟာလဲ အလွန် ခက်သေး တာဘဲ။ ယခု အခါ ငါကိုယ်တိုင်ပင် ကမ္မဋ္ဌာန်းကျောင်းသို့ ဝင်ပြီးထင်မြင်အောင် အားထုတ်ပါသော်လဲလွင့်ပါးတဲ့ စိတ်တွေကို မနိုင်သဖြင့် ခိုင်မြဲတဲ့သမာဓိကို မရနိုင်ဘဲရှိနေပါကလား။ သမာဓိ မရဘဲနှင့် ကမ္မဋ္ဌာန်း ကျောင်းထဲမှာ ဣန္ဒြေလုပ်ပြီး ငုတ်တုတ်တုတ်ကြီး ထိုင်နေရခြင်းဟာလဲ လွန်စွာ ဆင်းရဲတာဘဲ။ သည်ကမ္မဋ္ဌာန်း အလုပ်ကို အားမထုတ်ချင်တော့ပါဘူးလေ၊ ခပ်ချောင်ချောင် ကလေး နေပြီး သာမန်ကုသိုလ်များကိုသာပြုစားလို့ နေပါတော့မယ်။ အဲ-သို့ကလိုကြီးတွေး တော်မူသတဲ့။

အဲ-ပြဆိုခဲ့ပြီးတဲ့ အတိုင်း ကမ္မဋ္ဌာန်း အလုပ်ခွင်မှာ စိတ်မဝင်နိုင်ဘဲရှိသဖြင့် ကမ္မဋ္ဌာန်း အလုပ်ကို လက်လွှတ်ပြီး ကမ္မဋ္ဌာန်း

ကျောင်းပေါ်မှစိတ်ပျက်ပျက်နှင့် ရုတ်တရက်ဆင်းသွားသတဲ့။ ထို့နောက်တဘန်စိတ်ကောင်းပေါ်လာပြန်သဖြင့် ကမ္ဗဋ္ဌာန်းကျောင်းပေါ်သို့ တက်ပြီး ရှေးနည်း အတိုင်း အားထုတ် ပြန်ပါသော်လဲ သမာဓိတရား မရနိုင်သဖြင့် မှိုင်တွေကာ ငြီးငွေ့သွားပြီး ကမ္ဗဋ္ဌာန်းကျောင်းပေါ်မှဆင်းသွားပြန်ပါရောတဲ့။ အဲ-သို့ကာလို ဆင်းချည်, တက်ချည်,ရှေ့တိုး, နောက်ဆုတ်နှင့် ပြုလုပ် နေလိုက်ထာ လေးကြိမ် ငါးကြိမ်တိုင်တိုင်ဖြစ်သွားသတဲ့။

ထို့နောက်တဘန် စိတ်ကောင်း ပေါ်လာပြန်တော့ ဥပဇ္ဈာယ်ဖြစ်တော်မူတဲ့ ခေမာထေရီ ဘိက္ခုနီမထံသို့ ရိုသေလေးမြတ်စွာ ချဉ်းကပ်ပြီးသမာဓိမရနိုင်ပုံအလုံးစုံကိုအကုန်ပြန်လှန်ကာလျှောက်ထားတော့ဥပဇ္ဈာယ်ဆရာမကြီးက သမာဓိရကြောင်းဖြစ်တဲ့နည်းလမ်းနိသျှတို့နှင့်တကွခန္ဓာ,အာယတန, ဓာတ် အစရှိတဲ့ပရမတ်သဘောတရားများကိုနက်နဲစွာဟောကြားတော်မူတယ်။

သည်ကဲ့သို့နက်နဲထူးမြတ်တဲ့ ပရမတ်တရားတွေကို ကြားနာရတဲ့အခါ ဉာဏ်ပညာ ပွင့်လန်းလာသည်နှင့် ဥပဇ္ဈာယ်ဆရာမကြီးထံမှ ခွါပြီး ကမ္ဗဋ္ဌာန်း ကျောင်းသို့ တက်တော်မူပြန်တယ်။ ကမ္ဗဋ္ဌာန်း ကျောင်းပေါ် သို့ရောက်တော့ စိတ်ခေတ် သန်သန်နှင့်သို့ကလိုမိန့်ဌာန်တော်မူသတဲ့။ ကိလေသာတို့ကိုချိုးဖြက်၍ထူးမြတ်တဲ့တရားကို မရသမျှ ထိုင်ရာကမထတော့ဘဲအစာ အာဟာရကိုလဲမသုံးဆောင်ပြီး ဝိညာဉ်ကြွေ၍သေချင်လျှင်လဲ သေပေစေတော့။ ယခုရရှိတဲ့အသက်ကိုမြက်လောက်မှ အရေးမထိုက်တော့ဘူး။ အဲ-သို့ကလိုမိန့်ဌာန်ကာ ကမ္ဗဋ္ဌာန်းကျောင်းတွင်းမှမထသော ထိုင်ခြင်းဖြင့်ထိုင်နေတော်မူပါရော။

''အသားကြေကြေ,အရေခြေ ကိခြောက်'' ဆိုတဲ့သဘောမျိုးနှင့်သတိကိုရှေ့ထားလျက်ဝိရိယတရားဖြင့် တွင်တွင်ကြီး ကြိုးစားတော်မူလေရာ ကျောက်တောင် အလားကဲ့သို့ ကြံ့ခိုင်တဲ့သမာဓိတရားကို ရတော်မူတယ်။ သမာဓိကို ကောင်းကောင်းကြီးရရှိပြီးတဲ့ အခါ ပညာ ဆိုတဲ့ အထက် စခန်းသို့ တက်

လှမ်းတို့ဆိုတဲ့အရေးဟာ မဝေးမကွာတော့ဘူးပေါ့၊ သမာဓိနှင့် ပညာမှုတစွာ အချိုးကျသွားသဖြင့် ဝိပဿနာအာရုံထဲမှာ ငွဲစွဲမြဲမြဲကြီး ရှုဆင်ခြင်တော်မူလေရာ မဂ်အဆင့်ဆင့်, ဖိုလ်အဆင့်ဆင့်, ပေါက်ရောက်လျက် ခုနစ်ရက်မြောက်သောညမှာကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ဆိုက်ရောက်တော်မူလေသတည်း။

ကမ္မဋ္ဌာန်းကျောင်းအတွင်းမှမထသော ထိုင်ခြင်းဖြင့် ထိုင်နေတဲ့ အခါကစပြီး ခုနစ်ရက်မြောက်သောနေ့မှာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန်းကိစ္စပြီးဆုံးတော့ ရွှင်ပြုံးအားရ နှစ်သက်တော်မူလှသဖြင့် မိမိ၏ကျင့်စဉ်ကို ဆင်ခြင်တွေးဆကာ ဥဒါန်းဂါထာခြောက်ပုဒ်ကို သို့ရကလိုကျူးရင့်တော်မူလေသတည်း။

(၁) စတုက္ကဏ္ဍံ ပဉ္စကဏ္ဍံ၊ ဝိဟာရာဥပနိက္ခမိံ။
အလဒ္ဓါစေတသောသန္တိံ၊ စိတ္တေအဝသဝတ္တိနီ။

(၁) အဟံ၊ အကျွန်ုပ်သည်။ စေတသော၊ အာရုံတွေများ၍ ပြေးသွားချင်တိုင်း၊ တခုန်ခုန်တစိုင်းစိုင်းနှင့်၊ မိုက်ရိုင်းသောစိတ်ခဝတ်၏။ သန္တိံ၊ ငြိမ်သက်တည်ကြည်ခွင့်ကို။ အလဒ္ဓါ၊ အလိုကျအောင် မရလေသောကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ စိတ္တေ၊ ရိုင်းစိုင်း၍နေသော စိတ်အပေါင်းတို့ကို။ အဝသဝတ္တိနီ၊ ကိုယ့်အလိုသို့ ပါအောင် မဆွဲဆောင်နိုင်သည်ဖြစ်၍။ ဝိဟာရာ၊ တရားအလုပ်ကို အားထုတ်ရာဖြစ်သော ကမ္မဋ္ဌာန်းကျောင်းတွင်းမှ။ စတုက္ကဏ္ဍံ၊ လေးကြိမ်တိုင်တိုင်။ ပဉ္စကဏ္ဍံ၊ ငါးကြိမ်တိုင်တိုင်။ ဥပနိက္ခမိံ၊ သမာဓိမတည်တံ့သဖြင့်ကြောက်လန့်ကာ ဆင်းပြေးခဲ့ရပါသတည်း။

(၂) ဘိက္ခုနိံ ဥပသင်္ကမ္မ၊ သက္ကစ္စံပရိပုစ္ဆဟံ။
သာမေဓမ္မမဒေသေသိ၊ ဓာတုအာယတနာနိစ။

(၃) စတ္တာရိအရိယသစ္စာနိ၊ ဣန္ဒြိယာနိဗလာနိစ။
ဗောဇ္ဈင်္ဂဋ္ဌင်္ဂိကံအင်္ဂံ၊ ဥတ္တမတ္ထဿပတ္တိယာ။

(၂-၃) တတော၊ ထိုလေးကြိမ်, ငါးကြိမ်, စိတ်မငြိမ်တိုင်း၊ ထွက်ပြေးခဲ့ပြီးသော နောက်၌။ အဟံ၊ အကျွန်ုပ်သည်။ ဘိက္ခုနိံ၊

ဥပဋ္ဌာယ် ဖြစ်သော ခေမာထေရီ ဘိက္ခုနီ အရှင်မြတ်ကြီးသို့၊
သက္ကစ္စံ၊ ရိုသေစွာ၊ ဥပသင်္ကမ္မ၊ ချဉ်းကပ်၍၊ ပရိပုစ္ဆိံ၊ သမာဓိရ
ကြောင်းနည်းလမ်းကောင်းတို့ကိုတောင်းပန်ကာမေးမြန်းခဲ့ပါသ
တည်း။ တဒါ၊ ထိုအခါ၌၊ သာ၊ ထိုကျေးဇူးရှင်ဘိက္ခုနီမကြီးသည်၊
မေ၊ အကျွန်ုပ်အား၊ မေ့၊ နည်းမှန်ရကြောင်း တရားကောင်းကို၊ အ
ဒေသေသိ၊ ဟောကြားတော်မူလေသတည်း။ ဥတ္တမတ္ထဿ၊ နိဗ္ဗာန်
တည်းဟူသောအကျိုးမြတ်ကို၊ ပတ္တိယာ၊ ဆိုက်ရောက်စေခြင်းငှါ။
ဓာတုအာယတနာနိစ၊ ဓာတ်တရား၊ အာယတန၊ တရားတို့ကိုရင်း။
စတ္တာရိအရိယသစ္စာနိစ၊ သစ္စာလေးပါးမြတ်တရားတို့ကိုရင်း။ ဣန္ဒြိ
ယာနိစ၊ ဣန္ဒြေ တရားတို့ကိုရင်း။ ဗလာနိစ၊ ဗိုလ်တရားတို့ကိုရင်း။
ဗောဇ္ဈင်္ဂံ၊ ဗောဇ္ဈင်တရား ခုနစ်ပါးကိုရင်း၊ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်
ပါးနှင့်ပြည့်စုံသော၊ မဂ္ဂံ၊ မဂ်တရားကိုရင်း၊ အဒေသေသိ၊ ဟော
ကြားတော်မူပေသတည်း။

(၄) တဿာဟံ ဝစနံ သုတွာ၊ ကရောန္တီ အနုသာသနိံ။
ရတ္တိယာ ပုရိမေ ယာမေ၊ ပုဗ္ဗေဇာတိမနုဿရိံ။

(၅) ရတ္တိယာ မဇ္ဈိမေ ယာမေ၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိံ။
ရတ္တိယာ ပစ္ဆိမေ ယာမေ၊ တမောက္ခန္ဓံ ပဒါလယိံ။

(၄-၅) အဟံ၊ အကျွန်ုပ်သည်၊ တဿာ၊ ထိုကျေးဇူးရှင်
ဘိက္ခုနီအရှင်မြတ်ကြီး၏၊ ဝစနံ ဟောပြတော်မူအပ်သောတရား
စကားတော်ကို၊ သုတွာ၊ ကြားနာရသည်ဖြစ်သော်၊ အနုသာသနိံ၊
ဆုံးမတော်မူသောအတိုင်း၊ ကရောန္တီ၊ လိုက်နာကျင့်ကြံ၍နေစဉ်၊
ရတ္တိယာပုရိမေယာမေ၊ ညဉ့်ဦးယာမ်အချိန်၌၊ ပုဗ္ဗေဇာတိံ၊ ရှေး၌ဖြစ်
ဖြစ်ခဲ့သမျှသော ဘဝအလုံးစုံကို၊ အနုဿရိံ၊ ထင်ထင်မြင်မြင်ဆင်
ခြင် အောက်မေ့နိုင်ပါသတည်း၊ ရတ္တိယာ၊ ညဉ့်၏၊ မဇ္ဈိမေယာမေ၊
အလယ်ဗဟိုဖြစ်သောသန်းခေါင်ယာမ်အခါ၌၊ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခု
အဘိညာဉ်ကို၊ ဝိသောဓယိံ၊ စင်ကြယ်စွာ သုတ်သင်ခဲ့ရပါသ
တည်း။ ရတ္တိယာ၊ ညဉ့်၏၊ ပစ္ဆိမေယာမေ၊ အဆုံးဖြစ်သောမိုးသော်

ယာခံ၌၊တမောကန္တနှံ့ အငိဋ္ဌာ တည်းဟူသောအမိုက်ဘုံး, အမိုက်ခဲကို၊ပဒါလယိံ၊ပေါက်ခွဲ၍ဖျက်ခွဲရပါသတည်း။

(၆) ဒိတိသုခေနစကာယံ ဖရိတွာဝိဟာရိံ တဒါ။
သတ္တမိယာပါဒေပသာရေသိံ၊ တမောကန္ဓံပဒါလိယ။

(၆) တဒါ၊ ထိုဝိဋ္ဌာ ဥကျက် သုံးပါးပေါက် ဆိုက်ရောက်ပြီးသောအခါ၌၊ ဒိတိသုခေနစ၊ ဒိတိချမ်းသာဖြင့်သာလျှင်၊ ကာယံ၊ မိမိတကိုယ်လုံးကို၊ဖရိတွာ၊တင်းခံဗုံမွှန်နှင့် နှစ်သိမ့်စွာ ပျံ့နှံ့စေလျက်၊ ဝိဟာရိံ၊ ချမ်းချမ်းသာသာနေထိုင်ရပါသတည်း၊ သတ္တမိယာ၊စ၍ အားထုတ်သည့်နောက် ခုနစ်ရက်မြောက်သောနေ့၌၊ တမောကန္ဓံ၊ အငိဋ္ဌာ တည်းဟူသော အမိုက်ဘုံး အမိုက်ခဲကြီးကို၊ ပဒါလိယ၊ ပေါက်ခွဲ ဖျက်၍၊ပါဒေ၊ ခွေ၍ထားသောခြေတို့ကို၊ ပသာရေသိံ၊ဆန့်တန်းခဲ့ရပါသတည်း၊

မာရ်နတ်ကြီးလာ၍နှောင့်ရှက်ဖြားယောင်းခြင်း

(မှတ်ချက်။ ။ပြဆိုလတ္တံ့သော စကားရပ်တို့ကို သဂါထာဝဂ္ဂသိကျူး၌သံယုတ်မှထုတ်ဆောင်၍ ပြဆိုလိုက်ပါသည်)

ဝိဇယာထေရီ ဘိက္ခုနီ အရှင်မြတ်ကြီးသည် ကိလေသာကုန်ခန်း၍ရဟန်းကိစ္စပြီ ဆုံးပြီးတဲ့နောက် ဖလသမာပတ်ချမ်းသာဖြင့် ငြိမ်သက်စွာနေတော်မူလေ့ရှိခဲ့ရာ တနေ့သောအခါ သာဝတ္ထိနေပြည်တော်ကြီးအတွင်းမှာ ဆွမ်းခံဘုဉ်းပေးလည်တော်မူပြီးနောက် တကိုယ်တည်း ဆိတ်ငြိမ်စွာစံနေတော်မူခြင်းအလို့ငှါ "အန္ဓဝန်" တောအုပ်အတွင်းသို့ချဉ်းကပ်တော်မူခဲ့တယ်၊ အန္ဓဝန်တောအုပ်အတွင်းသို့ရောက်တော့ တခုသော သစ်ပင်ရင်းမှာ သမာဓိဈာန်ချမ်းသာဖြင့် ငြိမ်သက်စွာစံနေတော်မူတယ်။

ထိုအခါ ယုတ်မာလှစွာသော မာရ်နတ်မိုက်ကြီးသည် ဝိဇယာထေရီ၏သမာဓိတရားကို ပျက်ပြားစေလိုတဲ့ ဆန္ဒနှင့် အလွန်လှတဲ့ လုလင်ပျိုကလေး အသွင် ဖန်ဆင်းပြီး စောင်းကို ပိုက်လျက်

ပြုံးရွှင်တဲ့အမူအရာဖြင့် ဝိဇယာထေရီ ဘိက္ခုနီအပါးသို့ လာပြီး ဖြားယောင်းသွေးဆောင်တဲ့ ဂါထာကို မြူမြူချိုချိုနှင့် သို့ကလို ရွတ်ဆိုလေသတည်း။

(က) ဒဟာရာ တွံ ရူပဝတီ.အဟဉ္စ ဒဟာရော သုသု။
ပဉ္စင်္ဂိကေန တူရိယေန ဧဟာယျေ ဘိရမာမသေ။

(က) အယျေ၊ အို-ရှင်မဝိဇယာ။ တွံ၊ သင်ရှင်မဝိဇယာသည်။ ဒဟာရာ၊ အသက်အရွယ်လည်း နုနယ်ပျိုမြစ်ပါသေး၏။ ရူပဝတီ၊ ချစ်ခင်စဖွယ်၊ တင့်တယ် သော အရုပ် အဆင်းလည်း ရှိပေ၏။ အဟဉ္စ၊ အကျွန်ုပ်သည်လည်း။ ဒဟာရော အသက်အရွယ်၊ ပျိုနုနယ်သည်ဖြစ်၍၊ သုသု၊ လုလင်ပျိုကလေးပါတည်း။ အယျေ၊ အို-ရှင်မဝိဇယာ။ ဧဟိ၊ အကျွန်ုပ်ထံသို့ အမြန်လာခဲ့ပါလော။ ပဉ္စင်္ဂိကေန၊ အင်္ဂါငါးပါးရှိသော။ တူရိယေန၊ သာယာ နှဲ ပြောင်း၊ တူရိယာ စည်စောင်းဖြင့်၊ အဘိရမာမသေ၊ ကြည်ကြည်ဖြူဖြူ၊ အတူတူမွေ့လျော်အပျော်ကြီးပျော်ပါးကြပါကုန်စို့။

အို-ရှင်မဝိဇယာ၊ သင်သည်လည်း အရွယ်နုပျို၍ စိုစိုဖတ်ဖတ်နှင့် လျော်ပတ် တင့်တယ် ချစ်ခင်ဘွယ်သော ရုပ်အဆင်းရှိပေတယ်။ ကျွန်ုပ်ကလည်းနှစ်လိုစဖွယ် အရွယ်ငယ်ငယ်နှင့်တင့်တယ်တဲ့ လုလင်ပျိုကလေးတယောက်ဖြစ်ပါတယ်။ အနားသို့လာခဲ့ပါ။ တူရိယာစည်စောင်းတို့ဖြင့် ကောင်းစွာမွေ့လျော်ကြကုန်စို့။ ဆဲ-သို့ကလိုမာရ်နတ်အယုတ်တမာကြီးက မဘွယ်မရာ ဖြားယောင်းသွေးဆော လာတယ်။ ကိလေသာကင်းပြတ်တဲ့ရဟန္တာမ အရှင်မြတ်ကြီးကိုလူပျိုလှဲ့ တဲ့သဘောအားဖြင့် သို့ကလို ပြောကြားခြင်းဟာဘယ်ကလောက်ယုတ်မာတယ်ဆိုတာ စဉ်းစားလို့သာကြည့်ကြပေတော့။

ထိုအခါဝိဇယာထေရီက မာရ်နတ်ရိုက်ကြီးလာ၍ ယုတ်ယုတ်မာမာပြောဆိုကြောင်းကိုသိတော်မူသည်နှင့်တွန်းလှန် ကြိမ်းဝါးတဲ့ဂါထာကိုသို့ကလိုကျူးရင့်တော်မူလေသတည်း။

(ခ) ရူပါသဒ္ဒါ ဂန္ဓာရသာ၊ ဖေါဋ္ဌဗ္ဗာစ မနောရမာ။
နိယျာတယာမိ တုယှေဝ၊ မာရ နာဟံ တေနတ္ထိကာ။

(ခ) မာရ၊ ကာမဂုဏ်ပိုက်တန်းဖြင့်၊ လိုက်ဘမ်းသွေးဆောင်၊ ဟာသ်မာရ်နတ်အယုတ်ကောင်။ ရူပါ အဆင်းမျိုးစုံ ရူပါရုံတို့သည်၎င်း။ သဒ္ဒါ အသံမျိုးစုံ သဒ္ဒါရုံတို့သည်၎င်း။ ဂန္ဓာ အနံ့မျိုးစုံ၊ ဂန္ဓာရုံတို့သည်၎င်း။ ရသာ၊ အရသာမျိုးစုံ၊ ရသာရုံတို့သည်၎င်း။ ဖေါဋ္ဌဗ္ဗာ၊ အတွေ့မျိုးစုံ၊ ဖေါဋ္ဌဗ္ဗာရုံတို့သည်၎င်း။ မနောရမာ ပုထုဇန်တို့ စရိုက်ဖြင့်၊ နှစ်ခြိုက်သေအောင်၊ သွေးဆောင်ဖျော်ဖြေတတ်ကြလေကုန်၏။ တေ ထိုလောကီအာရုံ၊ ကာမဂုဏ်တို့ကို။ တုယှေဝ၊ သင့်အားသာလျှင်။ ဝါ-သင့်လက်တွင်းသို့သာလျှင်၊ နိယျာတယာမိ၊ စုပုံအပ်နှင်းလိုက်ပါ၏။ အဟံ၊ ငါသည်မူကား။ တေန၊ ထိုကာမဂုဏ်ရိုင်း၊ လောကီမှိုင်းဖြင့်။ နတ္ထိကာ၊ မသာယာ မစုံမက် မနှစ်သက်မမြတ်နိုး အလိုမရှိရိုးမှန်သည်သာလျှင်တည်း။

ဟယ်-မာရ်နတ်ရိုက်၊ ပုထုဇန်တို့စိတ်နှလုံးကို ရွှင်ပြုံးအောင် သွေးဆောင်တတ်တဲ့ ကာမဂုဏ် တွေကို ငါအလိုမရှိဘူး။ သင်ကဲ့သို့သော သတ္တဝါအရိုက်တို့သာလျှင် နှစ်ခြိုက်မြတ်နိုးလေ့ရှိကြတယ်။ သင်နှစ်ခြိုက်တဲ့ ကာမဂုဏ်တို့ကို လုံးစုံမကြွင်း, သင့်လက်တွင်းသို့ ငါအပ်နှင်းလိုက်မယ်။ သင်နှစ်သက်တဲ့အစာကို သင်သာ သုံးဆောင် ခံစား လေတော့။ အဲ- သို့ကလို ပြောဆိုလိုရင်းဖြစ်ပေတယ်။

(ဂ) ဣမိနာပူတိကာယေန၊ ဘိန္နေန ပဘင်္ဂုနာ။
အဋ္ဋိယာမိ ဟရာယာမိ၊ ကာမတဏှာ သမူဟတာ။

(ဂ) မာရ၊ အမှောင်မှိုင်းတိုက်၊ မာရ်နတ်ရိုက်။ ဘိန္နေန၊ ဖရိုဖရဲ၊ ပြိုကွဲပျက်စီးလေ့ရှိသော။ ပဘင်္ဂုနာ၊ မွှန်မွှန်ညက်ညက်၊ ကြေပျက်ပြုန်းတီးလေ့ရှိသော။ ဣမိနာ ပူတိကာယေန၊ ဤအပုပ်ကောင် ကိုယ်ခန္ဓာကြီးဖြင့်။ အဋ္ဋိယာမိ၊ ငြီးငွေ့ရွံမုန်းလှပါ၏။ ဟရာယာမိ၊

ရှက်လည်းရှက်လှပါ၏။မယာ ငါသည်။ကာမတဏှာ၊ ကာမဂုဏ် ငါးဖြာ၌၊တွယ်တာတုံလတ် ကာမဓာတ်ကို။ သမုဟာတာ၊ အမြစ် ပါမကျန်အောင်ပယ်လှန်နှုတ်ပစ်အပ်လေပြီ။

(ဃ) ယေစရူပူပဂါသတ္တာ၊ယေစအရူပဂါမိနော။
ယာစသန္တ သမာပတ္တိ၊ သဗ္ဗတ္ထ ဝိဟတော တမော။

(ဃ) မာရ၊ကာမဂုဏ်အောင်လံဗိုက်၍၊ အမိုက်ထွန်ခေါင်၊ ဟယ်-မာရ်နတ်အယုတ်ကောင်။ ရူပူပဂါ၊ ရူပါဝစရပြဟ္မာဘုံ၌ဖြစ် နေကြကုန်သော၊ယေစသတ္တာ အကြင်သတ္တဝါအပေါင်းတို့သည် ၎င်း။ အရူပဂါမိနော၊ အရူပဘုံသို့ သွားရောက် ဖြစ်နေကြကုန် သော။ယေစသတ္တာ၊အကြင်သတ္တဝါအပေါင်းတို့သည်၎င်း။သန္တိ၊ ထင်ရှားရှိကြလေကုန်၏။ သန္တာ၊ ငြိမ်သက် တည်ကြည်သော။ ယာစသမာပတ္တိ၊ အကြင်သမာပတ် ရှစ်ပါး၊ ဈာန်တရား သည် လည်း။ အတ္ထိ၊ရှိလေ၏။ သဗ္ဗတ္ထ ကာမဂုဏ်မှလွတ်မြောက်၍ အ ထက် တန်းရောက်သောတရားအလုံးစုံတို့၌။ တမော၊ မသိမမြင် အောင် မှောင်ချ၍ထားသောမောဟဓာတ်ကို။ မယာ၊ ငါသည်။ ဝိဟတော၊ပယ်သတ်အပ်လေပြီ။

အဲ-သို့ကလို မိန့်ဆိုကြွမ်းဝါးတော် မူတဲ့အခါ မာရ်နတ်မိုက် အယုတ်တမာသည်လွန်စွာ ထိတ်လန့်ခြင်းဖြစ်ပြီး ငါ့အကြောင်း ကိုကောင်းစွာသိလေပြီဟု တွေးတောဆင်ခြင်ကာ ထိုနေရာ၌ပင် လျှင်မြန်စွာကွယ်ပျောက်၍ ထွက်ပြေးလေသတည်း။ မာရ်နတ်၏ ရန်ကိုတွန်းလှန် နှိမ်ချ၍ ဝိဇယာထေရီ၏ အောင်မြင်ကြောင်းကို ကြားသိကြလေရာလူရှင်ပရိသတ်အပေါင်းတို့က ကောင်းချီးပေး ဘာချီးမွမ်းကြလေသတည်း။

ဝိဇယာထေရီဝတ္ထုပြီး၏။

သတ္တနိပါတ်ထေရီဘာသာပြန်ပြီး၏။

## သတ္တနိပါတ်ထေရီဘာသာပြန်

### (၁) ဥတ္တရာထေရီဝတ္ထု

ဘုန်းတော်ခြောက်သွယ်အောင်လံထူ၍ ပြိုင်သူဘက်ကင်း၊မင်းထက်မင်းဖြစ်တော်မူသော၊ရှေးဓရှေးပွင့်တော်မူသောဘုရားရှင်တို့ လက်ထက်တော်အခါ သာသနာတည်းဟူသော လယ်ယာမြေကောင်းကြီးအတွင်း၌ အောင်မြင်ထက်သန် လှစွာသော ပါရမီကုသိုလ်မျိုးကို စိုက်ပျိုးထူထောင်၍လာခဲ့တဲ့ အမျိုးသမီးကလေးတသောက်သည် မိမိ၏ကုသိုလ်အရှိန်အဝါတို့ကြောင့် ချမ်းသာမြင့်မြတ်၍ ချီးမွမ်းအပ်သောသုဂတိ ဘုံဘဝတခွင်မှာ အစဉ်သဖြင့် ကျင်လည်ခဲ့ပြီးတဲ့နောက် ယခု ဘုရားရှင် လက်ထက် တော်သို့ ရောက်တော့ သာဝတ္ထိပြည်တွင် မထင်ရှားတဲ့အမျိုးမှာ ဖြစ်ပေါ်ပေါက်ဘွား၍လာခဲ့တယ်။ အမည်မှာတော့ "ဥတ္တရာ" တဲ့။

ဥတ္တရာဆိုတဲ့ အမည်ကို မြန်မာလိုပြန်ဆို ခေါ်ဝေါ်ရပါလျှင် "ခင်မြင့်ရယ်" လို့ ခေါ်ဆိုရမှာပေါ့လေ။ ဥတ္တရာသဒ္ဒါကမြင့်မြတ်ခြင်းကိုဟောတယ်။ မွေးဘွားတဲ့အခါကစပြီးစိတ်နေစိတ်ထားမြင့်မြတ်တဲ့အတွက် ဥတ္တရာရယ်လို့ အမည်ပေးကြသတဲ့။

အချိန်အရွယ်သို့ရောက်လာတဲ့အခါ ပါရမီထက်သန်ရင့်မာ၍လာခဲ့တဲ့အတိုင်း အိမ်ရာထောင်တဲ့လူ့ဘောင်မှာ မမွေ့မလျော်နိုင်ဘဲ ကာမဂုဏ်ဘောင်မှ ထွက်ချောင်လိုတဲ့ ဆန္ဒတွေသာဖြစ်ပွားနေသတဲ့။ မကြာမကြာ ပဋာစာရီထေရီမကြီးအထံသို့သွားပြီး တရားနာလေ့ရှိတယ်။ ပဋာစာရီထေရီအရှင်မြတ်ကလဲ အမျိုးသမီး ဥတ္တရာအား သံသရာငြီးငွေ့ကြောင်းမှစ၍ ထူးမြတ်တဲ့ တရားတို့ကိုဟောကြားလေ့ရှိတယ်။ ကြိမ်ဖန်များစွာတရားနာရတော့ လူဝတ်ကြောင်ကို ခါချောင်စွန့်ပယ်၍ သာသနာတော်ဘောင်မှာ ရဟန်းပြုလိုကြောင်းနှင့် ခွင့်တောင်းတဲ့အခါ ပဋာစာရီဘိက္ခုနီ အရှင်မြတ်ကလဲ လွယ်ကူစွာနှင့်အခွင့်ပေးပြီး ရဟန်းဘောင်သို့ သွင်းဆောင်ချီးမြှင့်တော်မူတယ်။ ရဟန်းအဖြစ်သို့ရောက်တဲ့အခါ

သူငယ်မည်သည့်အတိုင်း ဥတ္တရာထေရီဘိက္ခုနီမတပါးရယ်လို့ ထင်ရှားကျော်စောသွားတာပေါ့။

ထို့နောက် ဥပဇ္ဈာယ်ဆရာမကြီးထံမှ ကမ္မဋ္ဌာန်းနည်းကို သင်ကြားပြီး တကိုယ်တည်း ဆိတ်ငြိမ်စွာနှင့် လွတ်လွတ် လပ်လပ် အားထုတ်ရလေအောင် ကမ္မဋ္ဌာန်းကျောင်းသို့ ကြွသွားတော်မူတယ်။ ပဋာစာရီအရှင်မြတ်ကြီး၏ ဆုံးမတော်မူလေ့ရှိတဲ့အချက် တခုမှာ "ကမ္မဋ္ဌာန်းကျောင်းသို့ တက်တဲ့အခါ မိမိတို့ခြေကို ရေဆေးကြ။ ရေဆေးပြီးတဲ့အခါ ခြေဆေးရေ၏ ပျောက်ဆုံးသွားပုံများကို ကြည့်ရှုဆင်ခြင်ကြ။ "အဲ-သို့ကလို ဆုံးမတော်မူလေ့ရှိပေတယ်။မိမိအားထုတ်ခဲ့တဲ့အတိုင်း ပြောဟောဆုံးမလေ့ရှိတယ် လို့ ဆိုရမှာပေါ့လေ။

ဥတ္တရာထေရီသည် ကမ္မဋ္ဌာန်းကျောင်းသို့တက်ခါနီးတွင် ခြေကိုရေဆေးပြီး ခြေဆေးရေတို့ကိုကြည့်ရှုပြီးမှတက်တော်မူတယ်။ ကမ္မဋ္ဌာန်းကျောင်းပေါ်သို့ဆိုက်ရောက်တဲ့အခါ"တရားထူးကိုမရသမျှ ထိုင်ရာကမထတော့ပြီ" ဤသို့အဓိဋ္ဌာန်ပြုကာ ခြေဆေးရေတို့၏ပျောက်ပျက်ပုံသဘောကိုမှုရင်းထားပြီး ဝိပဿနာတရားကို ကြိုးစားအားထုတ်တော်မူလေရာ ပါရမီထက်သန်၍ ပညာဉာဏ်ရင့်ပြီးသောပုဂ္ဂိုလ်ဖြစ်တဲ့အတိုင်း မကြာမီအတွင်းမှာပင် ကိလေသာကင်းရှား၍ အလင်းဉာဏ် ပွင့်ပေါ်ကာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ရဟန္တာဖြစ်ပြီးတဲ့အခါ မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်ခဲ့တဲ့ကျင့်စဉ်နည်းလမ်းများကိုဘော်ပြလိုသည့်တကြောင်း၊အခြားပုဂ္ဂိုလ်တို့အားလည်း မိမိကဲ့သို့ကျင့်ကြံအားထုတ်စေရန် နှိုးဆော်တိုက်တွန်းလိုသည့်တကြောင်း၊ ဥပဇ္ဈာယ်ဖြစ်တော်မူတဲ့ ပဋာစာရာထေရီအရှင်မြတ်ကြီး၏ ဂုဏ်ကျေးဇူးကို ချီးကျူးလိုသည့် တကြောင်း ဤအကြောင်းများကြောင့် ဥဒါန်းဂါထာ ခုနစ်ပုဒ်ကို သို့ကလိုကျူးရင့်တော်မူလေသတည်း။

(၁) မုသလာနိဂဟေတွာန၊ ဓညံကောဋ္ဋေန္တိ မာဏဝါ။
ပုတ္တဒါရာနိ ပေါသေန္တာ၊ ဓနံဝိန္ဒန္တိ မာဏဝါ။

(၁) မာဏဝါ၊ လောကီလူများအပေါင်းတို့သည်။ မုသလာနိ၊ ကျည်ပွေ့တို့ကို။ ဂဟေတွာန၊ ကိုင်ဆောင်ကြကုန်လျက်။ ကောဋ္ဋေန္တိ၊ ထောင်းကြလေကုန်၏။ မာဏဝါ၊ လောကီလူများအပေါင်းတို့သည်။ ပုတ္တဒါရာနိ၊ သားမယားတို့ကို။ ပေါသေန္တာ၊ ကျွေးမွေးကြကုန်လျက်။ ဓနံ၊ ပစ္စည်းဥစ္စာရတနာတို့ကို။ ဝိန္ဒန္တိ၊ ရအောင်ရှာဖွေနိုင်ကြလေကုန်၏။

(၂) ဃဋေထ ဗုဒ္ဓသာသနေ၊ ယံကတွာ နာနုတပ္ပတိ။
ခိပ္ပံ ပါဒါနိ ဓောဝိတွာ ဧကမန္တံ နိသီဒထ။

(၂) ဘောန္တော ဒိ-သူတော်ကောင်းအပေါင်းတို့။ ဗုဒ္ဓသာသနေ၊ ဘုရားရှင် သာသနာတော်မြတ်အတွင်း၌။ ယံ၊ အကြင်ဘာဝနာကမ္မဋ္ဌာန်းကို။ ကတွာ၊ ကြိုးကြိုးကုတ်ကုတ် အားထုတ်လိုက်သည်ရှိသော်။ နာနုတပ္ပတိ၊ နောင်တတဘာန်၊ ပူပန်စိုးရိမ်ခြင်း မရှိနိုင်ချေ။ တံ၊ ထိုအစိုးရိမ်ကင်းပြတ်သောဘာဝနာကမ္မဋ္ဌာန်းအလုပ်ကို။ ဃဋေထ၊ တကယ်တမ်းပွန်းစား၍ အားထုတ်ကြိုးကုတ်ကြကုန်လော့။ ခိပ္ပံ၊ လျင်လျင်မြန်မြန်။ ပါဒါနိ၊ ခြေတို့ကို။ ဓောဝိတွာန၊ ဆေး၍။ ဧကမန္တံ၊ သင့်လျော်လျောက်ပတ် ဆိတ်ငြိမ်သောအရပ်၌။ နိသီဒထ၊ မထသောထိုင်ခြင်းဖြင့်ဖွတ်အတင်းထိုင်နေကြကုန်လော့။

(၃) စိတ္တံ ဥပဋ္ဌပေတွာန၊ ဧကဂ္ဂံ သုသမာဟိတံ။
ပစ္စဝေက္ခထ သင်္ခါရေ၊ ပရတောနောစအတ္တတော။

(၃) ဘောန္တော ဒိ-သူတော်ကောင်းအပေါင်းတို့။ စိတ္တံ၊ မိမိစိတ်ကို။ ဧကဂ္ဂံ၊ အာရုံတခုထဲ၌ စွဲမြဲစူးစိုက်သည်ဖြစ်၍။ သုသမာဟိတံ၊ ငြိမ်သက်တည်ကြည်လေအောင်။ ဥပဋ္ဌပေတွာန၊ ပြုပြင်ထူထောင်၍။ သင်္ခါရေ၊ ရုပ်,နာမ်ခန္ဓာ၊ သင်္ခါရတို့ကို။ ပရတော ကိုယ်နှင့်

မဆိုင်၊ ကိုယ်ပိုင်မဟုတ်သော အနေအားဖြင့်။ ပစ္စဝေက္ခထ၊ ထင်ထင်မြင်မြင်၊ ဆင်ခြင်ရှုစားကြပါကုန်လော့။ အတ္တဘော စိုးရပိုင်ပိုင်၊ ကိုယ်တိုင် သဘော အနေအားဖြင့်။ နေဝစ ပစ္စဝေက္ခထ၊ မဆင်ခြင်မရှုစားကြပါကုန်လင့်။

(၄) တဿာဟံဝစနံသုတွာ၊ပဋာစာရာနုသာသနိံ။
ပါဒေပက္ခာလယိတွာန၊ဧကမန္တေ ဥပါဝိသိံ။

(၄) အဟံ၊အကျွန်ုပ်သည်။တဿာပဋာစာရာနုသာသနိံ၊ထို ပဋာစာရီထေရီအရှင်မြတ်ကြီး၏အဆုံးအမတော်ဖြစ်သော။ဝစနံ၊ စကားတော်မြတ်ကို။သုတွာ၊ ကြားနာရသည်ရှိသော်။ ပါဒေ၊ခြေတို့ကို။ပက္ခာလယိတွာန၊ဆေးကြော၍။ဧကမန္တေ၊သင့်တင့်လျော်ပတ်၊ဆိတ်ငြိမ်ရာအရပ်၌။ဥပါဝိသိံ၊ဝင်ကပ်ရောက်ခဲ့ပါသတည်း။

(၅) ရတ္တိယာ ပုရိမေယာမေ၊ပုဗ္ဗဇာတိ မနုဿရိံ။
ရတ္တိယာမဇ္ဈိမေယာမေ၊ဒိဗ္ဗစက္ခုံ ဝိသောဓယိံ။

(၆) ရတ္တိယာပစ္ဆိမေယာမေ၊တမောခန္ဓံပဒါလယိံ။
တေဝိဇ္ဇာအထဝုဋ္ဌာသိံ၊ ကတာတေအနုသာသနီ။

(မှတ်ချက်။ ။အထက်၌ ပါရှိသောဂါထာများသည် လွန်ခဲ့သောဝိဇယာထေရီဝတ္ထု၌လည်း ပါရှိခဲ့ပြီ။ ထို့ဖြစ်၍ ထူးသော အချက်တို့၌သာအနက်ပြန်ဆိုရေးသားပါမည်)

(၆) အထ၊ထို့နောက်။တေဝိဇ္ဇာ၊အမြင်သုံးတန်၊ ဝိဇ္ဇာဉာဏ် ပေါက်ရောက်ပြီးသည်ဖြစ်၍။ ဝုဋ္ဌာသိံ၊ကမ္မဋ္ဌာန်းကျောင်းမှ ထခဲ့ ပါသတည်း။ တေ အရှင်ပဋာစာရီထေရီမကြီး၏။ အနုသာသနီ၊ လေးလေးနက်နက်ဆုံးမချက်ကို။ ကတာ၊ လိုက်နာဆောင်ရွက် ခြင်းကိစ္စပြီးစီးခဲ့လေပြီ။

(၇) သက္ကံဝဒေဝါတိဒသာ၊ သင်္ဂါမေအပရာဇိတံ။
ပုရက္ခတွာ ဝိဟာရာမိ၊တေဝိဇ္ဇမှိ အနာသဝါ။

(၇) သင်္ဂါမေ၊ အသူရာတို့နှင့် တွေ့ဆိုင်၍ စစ်ပြိုင်ရာ ဖြစ်သောစစ်မြေပြင် အရပ်၌။ အပရာဇိတံ၊ အောင်လံကို စိုက်ထူ၍ အောင်ပွဲယူကာ, အောင်တော်မူ၍ လာပေသော။ သက္ကံ၊ မေသူဇာ့ မောင်၊ တထောင်မျက်လုံး၊ စက်ဘုန်းထိန်လင်း၊ သိကြားမင်းကို။ တိဒသာ၊ ဝတိံသာတွင်၊ ပျော်ရွှင်စံစားလေ့ ရှိကြကုန်သော။ ဒေဝါ၊ နတ်ပေါင်းများစွာတို့သည်။ ပုရက္ခတွာ၊ သောင်းသောင်းဖြဖြ၊ ခြံရံကြကုန်လျက်။ ဝိဟာရန္တိဏ္ဍဝ၊ မြိုင်မြိုင်ဆိုင်ဆိုင်၊ နေထိုင်ကြလေကုန်ဘိသကဲ့သို့။ ဝိဟာရမိ၊ ပျော်ရွှင်ချမ်းသာစွာ နေထိုင်ရပေဘော့အံ့။ အပဟံ၊ အကျွန်ုပ်သည်။ ဇာဒါနိ၊ ယခုအခါ၌။ တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးတန်၊ အမြင် ဉာဏ်ပေါက်ရောက်ခဲ့သည် ဖြစ်၍။ အနာသဝါ၊ ကိလေသာ အာသဝေါ၊ ကွာလျော့ကုန်းခန်းခဲ့သည်။ အမှိ၊ ဖြစ်ပါသတည်း။

(မှတ်ချက်။ ။ဤနောက်ဆုံးဂါထာမှာ လွန်စွာဝမ်းမြောက်လှသဖြင့်ရွတ်ဆိုအပ်သောဂါထာဖြစ်ပေသည်)

ဥတ္တရာထေရီဝတ္ထု ပြီး၏။

ခါလာသေရီဝတ္ထု

ပဒိုဝ္တသမုပ္ပါဒ်၊ ရဟတ်စကြာ၊ သံသရာမှ၊ မြန်စွာထွက်မြောက်လိုတဲ့အမျိုးသမီးကလေး တယောက်သည်လွန်ခဲ့သော ကပ်ကမ္ဘာတို့၌ ကံအားလျော်စွာ တွေ့ဆုံ ကြုံကြိုက်ခဲ့သော ဘုရားရှင်တို့၏ သာသနာဝယ် ပါရမီကုသိုလ်မျိုးကို စိုက်ပျိုးထူထောင်ခဲ့သဖြင့် ဘဝများစွာ သုဂတိ သံသရာတို့၌ ဘန်ခါခါ ကျင်လည်ခဲ့ပြီးတဲ့ နောက်ယခုဘုရားရှင် လက်ထက်တော်သို့ရောက်တော့ ''မာဂဓ'' တိုင်းအဝင်အပါ ''နာဠန္ဒ'' မြို့၏အနီး၊ နာဠကရွာကြီး၌ ''ရူပသာရီ'' အမည်ရှိတဲ့ပုဏ္ဏားသူဌေးမကြီး၏သမီးဖြစ်လာတယ်။

ထိုရှုပသာရီ ပုဏ္ဏားမကြီးမှာ ပဥ္စည်းဥစ္စာ ဘယ့်ကလောက် ချမ်းသာသလဲလို့ ဆိုတော့ ၈၀ ကုဋေ ချမ်းသာ ကြွယ်ဝ တယ်။ သာမန်မျှမဟုတ်ပေဘူး။ ထိုရှုပသာရီ သူဌေးမကြီးအယူ ဝါဒမှာတော့ မှားယွင်းဘောက်ပြန်တဲ့ မိစ္ဆာဒိဋ္ဌိဝါဒမျိုး ဖြစ်နေ တယ်။သာသနာတော်ကိုမကြည်ညိုဘူး။

ထိုသူဌေးမကြီး၏သားသမီးများမှာတော့ (၁)ဥပတိဿ၊(၂) ရေဝတခရယ်လို့သားလေးယောက်ရှိတယ်။ သမီးများမှာတော့ (၁) စာလာ၊ (၂)ဥပစာလာ၊(၃) သိသူပစာ လာရယ်သို့သမီးသုံးယောက်, ဆိုတော့ သားသမီးခုနစ်ယောက်ရှိတဲ့ သူဌေးမကြီးပေပေါ့။

သားအကြီးဆုံးဖြစ်တဲ့ ဥပတိဿဆိုတာအခြားသူ မဟုတ်ပေ ဘူး။ရှင်တော်ဘုရား၏ လက်ျာတော်ရံ ပညာဧတဒဂ်ဘွဲ့ရ အရှင် သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ဖြစ်ပေဘယ်။

ယခုပြဆိုလျက် ရှိတဲ့ "စာလာ" ကို ဘယ် အတွက်ကြောင့် သည်ကဲ့သို့အမည်ပေးရသလဲလို့ ဆိုတော့ အရုပ်အဆင်းလှပခြင်း ကြောင့် သူကို မြင်ကြရတဲ့ အခါ ယောက်ျားတို့၏ စိတ်နှလုံး သည် ငြိမ်သက်စွာ မတည်နိုင်ဘဲ ချန်ဆွ, ချန်ဆွ,နှင့် တုန်လှုပ် ကြရတယ်။ ထို-သို့အတွက်ကြောင့် "စာလာ"ရယ်လို့ မှည့်ခေါ် ကြသတဲ့။

သူဌေးသမီးစာလာသည်ယခင်အခါကတော့မိခင်၏အယူဝါဒ အတိုင်းမိစ္ဆာဒိဋ္ဌိစရိုက်တွေနှင့်သာ နေထိုင်ခဲ့ရာ အချိန်အရွယ်သို့ ရောက်တဲ့အခါအမျိုးတူ,ဝါဒတူ ဖြစ်တဲ့ သတို့သားတယောက် နှင့်ထိမ်းမြားမင်္ဂလာပြု၍နေထိုင်ခဲ့ရာ သားတယောက်ဘွားမြင်၍ လာတယ်။ထိုသားကလေးကိုလဲချစ်ခင်မြတ်နိုးလှသဖြင့် မိမိအမည် ကိုပေးပြီး "စာလ" ရယ်သို့ခေါ်ဝေါ်တယ်။

ရဟန်းအဖြစ်သို့ဆိုက်ရောက်ခြင်း

တနေ့သောအခါ မောင်တော်ကြီးဖြစ်တဲ့ ဥပတိဿသည်ဂေါ တမဘုရားရှင်၏ အထံတော်သို့ခိုဝင်ကာ ရဟန်းပြုသွားပြီဆိုတဲ့

သတင်းကိုကြားရတော့ စာလာ၏စိတ်ထဲမှာ သို့ကလိုအကြံဖြစ်ပေါ်လာသတဲ့။ ငါ၏မောင်တော်ကြီးသည် အမြော်အမြင်အဆင်ခြင်ဉာဏ်နှင့်လဲ ပြည့်စုံတော်မူပေတယ်၊ ယခုအခါ မိဘတို့၏ အယူဝါဒကို စွန့်ပယ်ပြီး ဂေါတမဘုရားရှင်၏ အထံတော်သို့ ဝင်ရောက်၍ ရဟန်းပြုတော်မူခြင်းဟာ လွန်စွာထူးဆန်းတာဘဲ။ စင်စစ်အားဖြင့်ဆိုတော့ ကောင်းမြတ်သော အလုပ်မျိုး မဟုတ်ခဲ့ပါလျှင်အရှင်ဂေါတမထံမှာရဟန်းပြုလိမ့်မည်မဟုတ်ဘူး။အယူဝါဒဖြောင့်မှန်၍ ထူးလွန်မွန်မြတ်တဲ့ အတွက်ကြောင့်သာ ရဟန်းပြုတော်မူခြင်း ဖြစ်ပေလိမ့်မယ်။ မောင်တော်ကြီး၏ ခရီးလမ်းအစဉ်ကို ငါကိုယ်တိုင်လိုက်ရပါလျှင် ထူးမြတ်တဲ့အခြေသို့ဆိုက်ရောက်မှာ အမှန်ဘဲ။ ဟဲ-သို့ကလို အကြံဖြစ်ပေါ်လာသတဲ့။

သည်သို့ အကြံဖြစ်ပေါ်ပြီးတဲ့နောက် ကြာရှည်စွာ ဆိုင်းလင့်ခြင်းမပြုဘဲ အိမ်ရာထောင်တဲ့ လူ့ဘောင်မှ ထွက်ပြီး ရှင်တော်ဘုရား၏ သာသနာတော်အတွင်းသို့ အတင်း ဝင်ရောက်လာခဲ့တယ်။မိခင်သူဌေးကတော်ကြီးနှင့်ဘကွ ဆွေမျိုးဉာတိအပေါင်းတို့က ငိုယိုကာဘောင်းပန် တားမြစ်ကြသော်လဲ တစုံတခုမျှ အရေးမစိုက်ဘဲ မိမိစိတ်အကြံကိုမြန်မြန်ကြီး အောင်မြင်စေခြင်းငှါ ဘယ်သူ့မျက်နှာကိုမှ မထောက်ထားဘဲ အတင်းထွက်လာတဲ့ အာဇာနည်အမျိုးသွီးတဦးပေပေ ့။

ထိုအခါ ဘိက္ခုနီမသာသနာတော်ကြီး ထွန်းကားပြီးဖြစ်လေသော်ကြောင့် ဘိက္ခုနီတို့၏ ကျောင်းကိုက်သို့ဝင်ပြီး ရဟန်းပြုလေရာ မူလအမည်သညာအတိုင်း စာလာထေရီ ဘိက္ခုနီမရယ်လို့ ထင်ရှားကျော်စောသွားတယ်။ လက်ျာတော်ရံ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏နှမတော်အရင်းဖြစ်တဲ့ပြင် မိစ္ဆာဒိဋ္ဌိဝါဒကိုဖြတ်တောက်၍ သာသနာတော်အတွင်းသို့ ဝင်ရောက်လာတဲ့အတွက် ထိုစာလာထေရီ ဘိက္ခုနီ အရှင်မြတ်ကို လူနတ်အပေါင်းတို့က သောင်းသောင်းဖြဖြ သာဓုခေါ်ကြတယ်။

ရဟန်းဖြစ်ပြီးတဲ့အခါ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း နည်းများကို သင်ကြားနာယူပြီး ဆိတ်ငြိမ်ရာသို့ကပ်၍ မြင့်မြတ်တဲ့ရဟန်း အလုပ်ကိုအားထုတ်ကြိုးစားတော်မူလေရာပညာပါရမီ ရင့်ပြည့်ဝပြီးဖြစ်တဲ့အတိုင်း မကြာမီအတွင်းမှာပင် ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေသတည်း။ ဤကဲ့သို့ရဟန္တာဖြစ်ပုံကို ရည်ရွယ်ကာ ထေရီဂါထာတပုဒ်ကို သို့ကလိုကျူးရင့်တော်မူလေသတည်း။

(၁) သတိမုပဋ္ဌပေတွာန၊ ဘိက္ခုနီ ဘာဝိတိန္ဒြိယာ။
ပဋိဝိဇ္ဈိပဒံသန္တံ၊ သင်္ခါရူပသမံသုခံ။

(၁) ဘိက္ခုနီ၊ စာလာအမည်ရှိသော ဘိက္ခုနီမသည်။ သတိံ၊ နိုင်မြဲသောသတိကို။ ဥပဋ္ဌပေတွာန၊ ဖြစ်ပွားစေ၍၊ ဘာဝိတိန္ဒြိယာ၊ ပွားများအပ်သောဣန္ဒြေ ရှိလေသောကြောင့်။ သင်္ခါရူပသမံ၊ သင်္ခါရတရားအလုံးစုံတို့၏ ကုန်ချုပ်ငြိမ်းရာဖြစ်သော၊ သုခံ ချမ်းသာတကာတို့၏အထွဋ်အထိပ်ဖြစ်သော။ သန္တံ၊ အနှောင့်အရှက်ကင်း၍ ငြိမ်သက်ခြင်းဂုဏ်နှင့်လည်း ပြည့်စုံပေထသော။ ပဒံ အမြုတ်နိဗ္ဗာန်ကို။ ပဋိဝိဇ္ဈိ၊ ထိုးထွင်း၍သိမြင်တော်မူလေသတည်း။

## မာရ်နတ်လာ၍ နှောင့်ယှက်ခြင်း

တနေ့သောနံနက်အခါ စာလာထေရ်ဘိက္ခုနီသည် သာဝတ္ထိမြို့တော်ကြီးအတွင်းမှာ ဆွမ်းခံလှည့်လည်ခဲ့ပြီးတဲ့နောက် နေ့ခင်းအခါ သမာပတ်ချမ်းသာနှင့် ငြိမ်သက်စွာ နေလိုသော ဆန္ဒဖြင့် အန္ဓဝန်တောကြီးအတွင်းသို့တကိုယ်တည်းဝင်တော်မူကာ ဆိတ်ငြိမ်ရာဖြစ်တဲ့သစ်ပင်ရင်းမှာ ဈာန်ချမ်းသာဖြင့်စံနေတော်မူတယ်။

ထိုအခါသာသနာတော်ရေးနှင့် ဆိုင်တဲ့ကိစ္စများကို ပျက်ပြားစေလိုတဲ့ဆန္ဒဖြင့် လိုက်လံဖျက်ဆီးလေ့ရှိသော မာရ်နတ်မိုက်ကြီးသည် စာလာထေရီဘိက္ခုနီ၏သမာဓိဈာန်တရားကို ပျက်ပြားစေလိုပဲ့ဆန္ဒဖြင့် အနီးသို့ချဉ်းကပ်ပြီး ပထမစတင်ကာမေးမြန်းတဲ့ဂါထာကို သို့ကလိုရွတ်ဆိုလိုက်တယ်။

(၂) ကာံနူဥဒ္ဒိသမ္ပကာသိ၊ သမဏိဝိယာဒိသာသိ။
နံစရောစေသိပါသဇ္ဇော၊ကိမိဒ်စရသိမောမုဟာ။

(၂) အသျော၊အို-ရှင်မ၊ တွံ၊ သင်သည်၊သမဏီဝိယ၊ရဟန်းမကဲ့သို့။ ဒိဿသိ ထင်မြင်၏။ ကာံ၊ အဘယ်ပုဂ္ဂိုလ်ကို။ ဥဒ္ဒိဿ၊ အကြောင်းပြု၍၊ မုဏ္ဍာသိနု၊ ဦးခေါင်းတုံးကာ၊ရဟန်းပြု၍လာခဲ့ပါသနည်း။ တွံ၊ သင်သည်၊ ပါသဏ္ဍေ၊ ပါသဏ္ဍ ဂိုဏ်းဝင်ဖြစ်သော တိတ္ထိတက္ကတွန်းတို့ကို။နစရောစေသိ၊ ကြည်ညိုနှစ်သက်မှု မပွားဘဲ ဖိမ်းစိမ်းကားကားလုပ်၍နေဘိ၏။တွံ၊သင်သည်။ကိမိဒ်၊ အဘယ်အကြောင်းကြောင့်။ မောမုဟာ၊ တွေဝေပြန့်ပွား. လမ်းမှောက်မှားလျက်။ စရသိ၊ အကျိုးမဲ့ကျင့်ကြံ၍နေပါသနည်း။

အို-ရှင်မ၊သင်သည် ရဟန်းမကြီး မဟုတ်ပါလော။ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ဦးခေါင်းတုံးကာ ရဟန်းပြုလို့လာခဲ့ပါသလဲ။သင်သည်ပါသဏ္ဍဂိုဏ်းဝင်ဖြစ်တဲ့တိတ္ထိတက္ကတွန်းများကိုမကြည်ညိုနိုင်ဘူး။ သင်သည်ကား မှောက်မှောက်မှားမှားမောဟများ၍နေခဲ့လေပြီ။ ဘယ်အတွက်ကြောင့်အကျိုးမရှိတဲ့ အကျင့်တွေကိုကျင့်ကြံလို့ နေချင်ပါသလဲ၊ အဲ-သို့ကလို ပြောဆိုမေးမြန်းလာတယ်။

ထိုအခါ စာလာထေရီဘိက္ခုနီက မာရ်နတ် မိုက်ကြီးလာ၍နှောင့်ယှက်ကြောင်းကိုသိရှိတော်မူသည်နှင့် တွန်းလှန်နှိမ်နင်းသောဂါထာဘို့ကို သို့ကလိုခွက်ဆိုကျူးရင့်တော်မူလေသတည်း။

(၃) ဣတောဗဟိဒ္ဓါပါသဏ္ဍာ၊ ဒိဋ္ဌိယောဥပနိဿိတာ။
နတေဓမ္မံဝိဇာနန္တိ၊ နတေဓမ္မဿကောဝိဒါ။

(၃) မာရ၊ ဒိဋ္ဌိသွတ်နှောင်၊ထောင်ပေတတ်ငြား၊ မာရ်နတ်ဆား။ ပါသဏ္ဍာ၊ ပါသဏ္ဍဂိုဏ်းဝင်ဖြစ်ကြကုန်သော တိတ္ထိတက္ကတွန်းတို့သည်။ဣတော၊ဤဘုရားရှင်သာသနာတော်ကြီးမှ။ဗဟိဒ္ဓါ၊အသုံးမဝင် အပြင်အပတို့သာဖြစ်ကြသေကုန်၏။ တေ၊ ထိုတိတ္ထိတက္ကတွန်းတို့သည်။ဒိဋ္ဌိယော သွဲချော်ဘောက်ပြား၍ မှောက်မှား

သောအယူတို့ကို။ဥပနိသ်တော၊ မြိုင်အား ထားကာနေကြလေကုန်၏။တော၊ထိုတိတ္ထိတက္ကတွန်းတို့သည်။ခမ္မ၊ဟုတ်မှန်သော တရားကို။ နပိဇာနန္တိ၊ မသိမမြင်နိုင်ကြလေကုန်။တော၊ ထိုတိတ္ထိတက္ကတွန်းတို့သည်။ မမ္မသ၊ကောင်းမွန်ဖြောင့်မှန်သော တရားအရာ၌။ နကောဝိဒါ၊ ကျွမ်းကျင်လိမ္မာကြသည်မဟုတ်ကုန်။

(၄) အဗ္ဘုသကျကုလေဇာတော၊ ဗုဒ္ဓေါ အပ္ပဋိပုဂ္ဂလော။
သောမေဓမ္မမဒေသေသိ၊ ဒိဋ္ဌိနံ သမတိက္ကမံ။

(၄) မာရ၊ဟယ် မာရ်နတ်အယုတ်ကောင်။ သကျ ကုလေ၊ သာကီဝင်မင်းမျိုး၌။ဇာတော၊ဘွားမြင်ပေါ်ပေါက်၍လာတော်မူသော။ အပ္ပဋိပုဂ္ဂလော၊ ဂုဏ်တူချင်းချင်း၊ ပြိုင်ဘက်ကင်းတော်မူသော။ဗုဒ္ဓေါ သဗ္ဗညုလေးလီနှင်းဆိပ်ပန်းခိုင်၊လှမ်းကိုင်ဆွတ်ရူးထွင်ဖူးထိပ်တင်၊ ဘုရားရှင်သည်။အဗ္ဘု တင့်တယ်ထင်ရှားစွာရှိတော်မူပေ၏၊ သော၊ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ဒိဋ္ဌိနံ၊ များယွင်းဘောက်ပြန်သော ဒိဋ္ဌိအမျိုးမျိုးတို့ကို။ သမ တိက္ကမ၊ ကျော်နင်းလွန်မြောက်ခြင်းအကျိုးငှာ။မေ၊ သဗ္ဗာလေးတန်တရားမှန်ကို။ အဒေသေသိ၊ဆင်ထင်ရှားရှားဟောကြားတော်မူပေသတည်း။

(၅) ဒုက္ခံဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစအတိက္ကမံ။
အရိယံစဋ္ဌင်္ဂိကံမဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

(၅) မာရ၊ ဗိုလ်ုဘွဲ့နှောင်၊ ဟယ်-မာရ်နတ်အယုတ်ကောင်။ ဒုက္ခံ၊ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာကိုရင်း။ ဒုက္ခသမုပ္ပါဒံ၊ဆင်းရဲကြောင်းဖြစ်သော သမုဒယသစ္စာကိုရင်း။ ဒုက္ခဿစ အတိက္ကမံ၊ ဆင်းရဲဝဋ်မှ၊ ကျော်လွတ်လွန်မြောက်ကြောင်းဖြစ်သော နိရောဓသစ္စာကိုရင်း၊ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခကင်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ အရိယံ၊မွန်မြတ်သော။ အဋ္ဌင်္ဂိကံ၊အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော၊ မဂ္ဂံ၊ မဂ္ဂသစ္စာကိုရင်း။ အဒေသေသိ၊ အထင်အရှား၊ ဟောကြားတော်မူပေသတည်း။

(၆) တသာဟံ စေနံသုတွာ ဝိဟာရိံ သာသနေ ရတာ။
တိဿောဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံဗုဒ္ဓဿသာသနံ။

(၆) မာရ၊ ဒိဗ္ဗဘဲ့နှောင်၊ ဟယ်-မာရ်နတ်အယုတ်ကောင်။အဟံ၊ ငါသည်။ တဿ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ ဝစနံ၊ သဗ္ဗာလေးပါး ထင်ရှားပြဘတ်၊ တရားမြတ်ကို။ သုတွာ၊ ကြားနာရသည်ဖြစ်၍။ သာသနေ၊ သာ သ နာ တော် မြတ် ကြီး အတွင်း၌။ ရတာ မွေ့လျော်ပျော်ပိုက်၊ နှစ်ခြိုက် ရှင်လန်းစွာ။ ဝိဟာရိံ၊ နေထိုင်ခဲ့ပါသတည်း၊ တိဿောဝိဇ္ဇာ၊ အမြင်သုံးတန်၊ ဝိဇ္ဇာဉာဏ်တို့ကို။ အနုပ္ပတ္တာ၊ အစဉ်အတိုင်းဆိုက်ရောက်ခဲ့လေပြီ။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ သာသနံ အဆုံးအမတော် အလုံးစုံကို။ ကတံ၊ လိုက်နာပြုကျင့်ခြင်းကိစ္စပြီးစီးခဲ့လေပြီ။

(၇) သဗ္ဗဋ္ဌ ဝိဟတာ နန္ဒီ၊ တမောက္ခန္ဓော ပဒါလိတော။
ဧဝံဇာနာဟိ ပါပိမ၊ နိဟတော တွမသိ အန္တက။

(၇) ပါပိမ၊ အမိုက်တွင်မိုးချုပ်၊ အယုတ်တွန့်ခေါင်၊ ဟယ်-မာရ်နတ်အဆိုးကောင်။ မယာ၊ ငါသည်။ သဗ္ဗတ္ထ ဘုံဘဝအာရုံ၊ အလုံးစုံတို့၌။ နန္ဒီ၊ နှစ်သက်သောတဏှာခေတ်ကို။ ဝိဟတာ၊ ပယ်သတ်ဖျက်ဆီးအပ်လေပြီ၊ တမောက္ခန္ဓော၊ အဝိဇ္ဇာတည်းဟူသော အမိုက်ထု အမိုက်ခဲကိုလည်း၊ ပဒါလိတော၊ ဘောက်ခွဲဖြိုဖျက်အပ်လေပြီ။ ဧဝံ၊ ဤငါဆိုခဲ့ပြီးသောအတိုင်း။ဇာနာဟိ၊ သင်သိလေတော့။ အန္တက၊ ယုတ်မာမိုက်မှောင်၊ ဟယ်– မာရ်နတ်အဆိုးကောင်။ တွံ၊ သင်သည်။ နိဟတော၊ ယခုလုံးလုံး၊ ဆုံးရှုံးပျက်စီးလေသည်။ အသိ၊ ဖြစ်ခဲ့လေပြီတကား။

အဲ– ဤကဲ့သို့ စာလာထေရ် ဘိက္ခုနီအရှင်မြတ်က မာရ်နတ်မိုက်ကြီးအား ကြိမ်းဝါး ပြောဆိုလိုက်တဲ့အခါ ပြန်လှန်ကာဗျာ မပြိုင်နိုင်တော့ဘဲ လက်မှိုင်ချကာ ပျောက်ကွယ် ထွက်ပြေးရလေသတည်း။

စာလာထေရီဂါထာ ပြီး၏။

## (၁) ဥပစာလာထေရီ ဝတ္ထု

(မှတ်ချက်။ ။ဤဝတ္ထုသည်လည်း ပြဆိုခဲ့ပြီးသော ဝတ္ထုနှင့် အတူတူပင်ဖြစ်၍ ရဟန်းမပြုခင်အကြောင်းများကို အကျယ်တွင့် ဆိုရေးသားရန် မလိုတော့ချေ)

ဥပစာလာသည် ရှင်သာရိပုတ္တရာ ပညာထေဒဂ်ရ-လက်ျာရံ ကိုယ်တော်မြတ်ကြီး၏နှမတော် ,စာလာထေရီ၏ညီမတော်ဖြစ်ပေတယ်။ မောင်တော်ကြီးရဟန်းပြု၍သွားကြောင်းကို ကြားလေသောအခါ စာလာထေရီဝတ္ထု၌ ပြဆိုခဲ့ပြီးသောအတိုင်း လူတို့ဘောင်မှအတင်းခွါရှောင်၍ သာသနာဘောင်၌ ရဟန်းပြုလေရာ ဥပစာလာ- ထေရီရယ်လို့ သာသနာတော်အတွင်းမှာ ထင်ရှားကျော်စော၍သွားတယ်။ ရဟန်းပြုပြီးတဲ့နောက် ဆိတ်ငြိမ်ရာသို့ကပ်၍ မွန်မြတ်တဲ့ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်လေရာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူတယ်။ ရဟန္တာဖြစ်ပြီးတဲ့အခါ လွန်စွာဝမ်းမြောက်လှသဖြင့် ဥဒါန်းဂါထာတပုဒ်ကို သို့ကလို ကျူးရင့်တော်မူလေသတည်း။

(၁) သတိမတီစက္ခုမတီ၊ ဘိက္ခုနီဘာဝိတိန္ဒြိယာ။
ပဋိဝိဇ္ဈိပဒံသန္တံ၊ အကာပုရိသသေဝိတံ။

(၁) သတိမတီ၊ ခိုင်ခံ့သောသတိနှင့် ပြည့်စုံသော။ စက္ခုမတီ၊ဉာဏ်မျက်စိအမြင်နှင့်ပြည့်စုံသော။ ဘာဝိတိန္ဒြိယာ၊ ပွားများအပ်ပြီးသော ဣန္ဒြေရှိသော။ အကာ ပုရိသသေဝိတံ၊ ယုတ်ညံ့သောယောကျ်ားတို့မှီဝဲခြင်းငှာထိုက်သော။(ဝါ-ယောကျ်ားမြတ်တို့သာမှီဝဲခြင်းငှါမထိုက်ကန်သော) သန္တံ၊ငြိမ်သက်တည်ကြည်သော။ ပဒံ၊အမြိုက်နိဗ္ဗာန်ကို၊ ပဋိဝိဇ္ဈိ၊ အမြင်လင်း၍ ထိုးထွင်းသိမြင်လေသတည်း။

### မာရ်နတ်လာ၍နှောင့်ယှက်ခြင်း

တနေ့သောအခါ ဥပစာလာထေရီ ဘိက္ခုနီအရှင်မြတ်သည် အန္ဓဝန်တောကြီးအတွင်း သစ်ပင်ရင်းတခုမှာ ငြိမ်သက်စွာသိ

တင်းသုံးနေတော်မူစဥ် သမာဓိဈာန်တရားကို ပျက်ပြားစေလိုတဲ့ သန္တိဖြင့် မာရ်နတ်မိုက်ကြီးလာပြီး ဂါထာတပုဒ်ကို သို့ကလိုပြော ကြားရှာတဲ့ဆိုတယ်။

(၁) ကိန္နု စာတိ နရောစေသိ၊ ဇာတော ကာမာနိဘုဥ္ဇတိ။
ဘုဥ္ဇာဟိကာမရတိယော၊ မာဟုပစ္ဆာနုတာပိနီ။

(၂) အဃော၊ အို-ရှင်မ။ တွံ၊သင်ရှင်မသည်။ ကိံ နု၊ အဘယ့် ကြောင့်။ ဇာတိံ၊ ပဋိသန္ဓေနေခြင်းကို၊ နရောစေသိ မနှစ်သက်ဘဲ ရှိပါသနည်း။ ဇာတော ပဋိသန္ဓေအားဖြင့် ဘွားမြင်၍လာသောသူ သည်။ ကာမာနိ၊ လောကီအာရုံကာမဂုဏ်တို့ကို။ ဘုဥ္ဇတိ၊ သုံး ဆောင်ခံစားရ၏။ တွံ၊ သင်ရှင်မသည်။ ကာမရတိယော၊ ကာမ ဂုဏ်အလေ့၊ အပျော်အမွေ့တို့ကို။ ဘုဥ္ဇာဟိ၊ အလိုရှိသမျှခံစားပါ လေ။ ပစ္ဆာနုတာပိနီ၊နောင်ဘ တဘန်၊ပူပန်ငြိုးတွား၍နေရသည်။ မာအဟု၊ မဖြစ်ပါစေလင့်။

အို-ရှင်မဘိက္ခုနီ၊သင်သည် ပဋိသန္ဓေနေမှုကိုမနှစ်သက်သော ကြောင့် ဦးခေါင်းဘုံးကာ အဆုံးရှုံးခံလျက် ကျင့်ကြံနေတယ် လို့ထင်မိတယ်။ ဘယ်အတွက်ကြောင့် ပဋိသန္ဓေနေမှုကိုမနှစ်သက် ရတာလဲ။ ပဋိသန္ဓေတည်နေကာ ဘွားမြင် လာကြတဲ့ သူတွေ ဟာ လောကီတခွင်မှာ ပျော်ရွှင်ဘွယ် ကောင်းတဲ့ ကာမဂုဏ် တွေကို ခံစားနေကြရတယ် မဟုတ်လား။ ယခုလို နုနုပျိုပျိုအချိန် အရွယ်မှာ လူတို့နှစ်သက်တဲ့အာရုံ ကာမဂုဏ်အပျော်သိုက်တို့ကို နှစ်နှစ်ခြိုက်ခြိုက် ပျော်ပိုက်ခံစားလိုက်ပါ။ အသက်ကြီးရင့်၍ အ ရွယ်လွန်သွားတဲ့အခါ သူတကာနည်းတူ မခံစားခဲ့ ရလေခြင်း လို့ နောင်တ တဘန် ပူပန်စိုးရိမ်မှုတွေမဖြစ်ပါစေနှင့်။အဲ-သို့ကလို ပြောဆိုနှောင့်ယှက်လာတယ်။

ထိုအခါ ဥပစာလာထေရီ- ဘိက္ခုနီအရှင်မြတ်က မာရ်နတ် မိုက်၏နှောင့်ရှက်လာပုံကို သိလေသောကြောင့် ပဋိသန္ဓေနေမှုနှင့် စပ်လျဥ်းတဲ့ အပြစ်မျိုးတွေကိုပြဆိုမိန့်ကြားခြင်း၄ါ ဇာတိဂါထာ တပုဒ်ကို သို့ကလိုကျူးရင့်တော်မူလေသတည်း။

(၂) ဓာဘဿမရဏံ ဟောတိ၊ ဟတ္ထပါဒါနဆေဒနံ။
ဝဓဗန္ဓပရိက္လေသံ၊ ဓာတောဒုက္ခံနိဂစ္ဆတိ။

(၂) မာရ၊ ဓာတ်ကျေးဇူး၊ ချီးကျူးထုတ်ဆောင်။ ဟယ်-မာရ်နတ်အယုတ်ကောင်၊ ဓာတာသ၊ ပင့်သန္ဓေ တည်နေဖြစ်ပွား လာကြသော သတ္တဝါအများအား။ မရဏံ၊ အမြဲမနေ၊ ခန္ဓာကြွေ၍၊ သေရခြင်းတည်းဟူသော ဆင်းရဲဒုက္ခသည်။ ဟောတိ၊ ရှောင်မရ လွဲမရ၊ မုချဖြစ်ရမည်သာတည်း။ ဟတ္ထပါဒါနံ၊ ခြေလက်အင်္ဂါတို့၏။ ဆေဒနံ၊ အဖြတ်အတောက်ခံရခြင်း ဆင်းရဲသို့လည်း။ နိဂစ္ဆတိ၊ ဆိုက်ရောက်ရလိမ့်မည်သာတည်း။ ဝဓဗန္ဓပရိက္လေသံ၊ အသတ်ခံရခြင်း, အနှောင်အဖွဲ့ခံရခြင်း, ညှိုးသိုးနွမ်းနွမ်း ပင်ပန်းငြိုငြင်ခြင်း, အစရှိသော ဒုက္ခအမျိုးမျိုးသို့လည်း။ နိဂစ္ဆတိ၊ မုချမှန်စွာ ဆိုက်ရောက် ရလိမ့်မည်သာတည်း။ ဓာတော၊ ပဋိသန္ဓေအားဖြင့် ဖြစ်ပွားပေါ်ပေါက်၍ လာသော သတ္တဝါမှန်သမျှသည်။ ဒုက္ခံ၊ အမျိုးမျိုးသောဆင်းရဲဒုက္ခသို့။ နိဂစ္ဆတိ၊ မုချသေချာ။ ဆိုက်ရောက်ရလိမ့်မည် အမှန်သာတည်း။

ဓာတ်ကိုနှစ်ခြိုက် ကာမဂုဏ်အလိုလိုက်ဟဲ့ မာရ်နတ်မိုက် အယုတ်တမာကြီး၊ အသင်ကဓာတ်ဂုဏ်ကျေးဇူးကို ချီးကျူးကာ ပြောဆိုသော်လဲ သင်နှစ်ခြိုက်တဲ့ ဓာတ်မှာ တစုံတရာမျှ ချီးမွမ်းဘွယ်မရှိဘူး။ ဓာတ်ကိုအရင်းခံထားပြီးဖြစ်ပွားပေါ်ပေါက်လာသမျှ သတ္တဝါတွေဟာ အမြဲနေရတယ်လို့မရှိဘဲ သေခြင်းဖြင့်အဆုံးသတ်ကြရတယ်မဟုတ်လား။ လက်ကိုဖြတ်ခြင်း၊ ခြေကိုဖြတ်ခြင်း၊ ကိုယ်အင်္ဂါ အမျိုးမျိုးကို ဖြတ်တောက်ခြင်း အသတ်ခံရခြင်း အနှောင် အဖွဲ့ခံရခြင်း၊ ငြိုငြင်ပင်ပန်း ညှိုးနွမ်း ဆင်းရဲရခြင်းမှစ၍ ဘေးဒုက္ခအမျိုးမျိုးကိုခံစားရတယ်မဟုတ်လား။ ပဋိသန္ဓေတည်နေခြင်းဆိုဟဲ့ ဓာတ်သဘောမရှိခဲ့ပါလျှင် သည်လိုဒုက္ခမျိုးတွေကို ခံစားရမှာမဟုတ်ဘူး။ စင်စစ်အားဖြင့်အတိုချုပ်ပြောကြားရပါလျှင် ပဋိသန္ဓေနေခြင်းဆိုတာ ဘေးဒုက္ခအမျိုးမျိုးတွေ ဖြစ်ပေါ်အောင်

ထူထောင်ပေးတဲ့အရေးကိစ္စမျှသာဖြစ်တယ်။ သင်နှစ်မြို့က်တဲ့ ဇာ
တိကို ဘယ်လိုနှစ်သက်နိုင်ပါမလဲ။ အဲ-သို့ကလို မိန့်ကြားတော်
မူတယ်။ ထိုနောက်တဘာန် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ချီးကျူး
လျက် မိမိ၏အစွမ်းသတ္တိကိုပြတော်မူလိုပြန်သဖြင့် ထေရီဂါထာ
လေးပုဒ်ကို သို့ကလို ကျူးရင့်တော်မူပြန်လေသတည်း။

(၃) အတ္တိသကျကုလေဇာတော၊ သမ္ဗုဒ္ဓေါအပရာဇိတော။
သောမေဓမ္မဒေသေသိ၊ ဇာတိယာသမတိက္ကမံ။

(၃) သကျကုလေ သာကီဝင်မင်းမျိုး၌။ ဇာတော၊ ဖြစ်ပေါ်
ထွန်းကား၍လာသော။ အပရာဇိတော၊ သူတပါးတို့အောင်မြင်
ခြင်းငှါမစွမ်းနိုင်သော။ (ဝါ၊ ပြိုင်ပွဲဆိုင်ပွဲ၌၊ နိုင်မြဲအမှန် အောင်လံ
စိုက်ထူ၊ အောင်ပွဲယူတော် မူလေ့ ရှိပေထသော။) သမ္ဗုဒ္ဓေါ၊
ရှင်တော်မြတ်ဘုရားသည်။ အတ္တိ၊ ထင်ရှားစွာ ရှိတော် မူပေ၏။
သော ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ၊အကျွန်ုပ်အား။
ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။ သမတိက္ကမံ၊ လွန်မြောက်ကျော်နင်း
ခြင်းအကျိုးငှါ။ ဓမ္မံ၊သစ္စာလေးပါး၊မြတ်တရားကို။ အဒေသေသိ၊
ထင်ထင်ရှားရှား ဟောကြားတော်မူပေသတည်း။

(၄) ဒုက္ခံဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစအတိက္ကမံ။
အရိယဉ္စဋ္ဌင်္ဂိကံမဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

(၅) တဿာဟံ ဝစနံသုတွာ၊ ဝိဟာရိံ သာသနေရတာ။
တိဿောဝိဇ္ဇာအနုပ္ပတ္တာ၊ ကတံဗုဒ္ဓဿသာသနံ။

(၆) သဗ္ဗတ္ထ ဝိဟတာနန္ဒီ၊ တမောက္ခန္ဓောပဒါလိတော။
ဧဝံဇာနာဟိပါပိမ၊ နိဟတောတွမသိအန္တက။

(မှတ်ချက်၊ ၊အထက်ကပြဆိုအပ်ပြီးသော ဂါထာသုံးပုဒ်၏
အနက်ကို စာလာထေရီဝတ္ထု၌ ရေးသားခဲ့ပြီးဖြစ်၍ ဤဝတ္ထု၌ရေး
သားရန်မလိုတော့ချေ)။

ဥပစာလာ ထေရီဘိက္ခုနီအရှင်မြတ်က ဤကဲ့သို့ ကြိမ်းဝါး မောင်းမဲ တော်မူလိုက်တဲ့အခါ ယုတ်မာလှစွာသော မာရ်နတ်ကြီး သည် ငါ၏စိတ်အကြံကို သိလေပြီတကားဟု များစွာထိတ်လန့် ခြင်းဖြစ်ပြီး ထိုနေရာမှာသာ နှမ်ပင် လျင်မြန်စွာ ပျောက်ကွယ် ထွက် ပြေးလေသတည်း။

ဥပစာလာထေရီ ဝတ္ထုပြီး၏။

သတ္တနိပါတ်ထေရီဘာသာပြန်ပြီး၏။

အဋ္ဌနိပါတ်ထေရီဘာသာပြန်

(၁) သီသူပစာလာထေရီဝတ္ထု

(မှတ်ချက်။ ။ဤသီသူပစာလာထေရီဝတ္ထု၌လည်း ရဟန်း မပြုခင်အကြောင်းများကို အကျယ်ဘွင့်ဆိုရေးသားရန်မသိတော့ ချေ။စာလာထေရီဝတ္ထု၌ပြဆိုခဲ့ပြီးသောအတိုင်းပင်ဖြစ်ပေသည်

သီသူပစာလာထေရီမသည် ရှင်သာရိပုတ္တရာကိုယ်တော်မြတ် ၏ နှမတော်အငယ်ဆုံးဖြစ်တယ်။မောင်တော်ကြီးဘုရား-ရဟန်းပြု သွားပြီလို့ကြားရတော့ အားကျခြင်းဖြစ်ပြီး အိမ်ရာထောင်တဲ့လူ တို့ဘောင်မှ အတင်းခွါရှောင်ကာ သာသနာဘောင်မှာ ရဟန်းပြု တော်မူလေရာ "သီသူပစာလာထေရီ" ရယ်လို့ ထင်ရှားကျော် စောတော်မူတယ်။

ရဟန်းဖြစ်ပြီးတဲ့အခါ လိုရင်းကိစ္စဖြစ်တဲ့ ရဟန်း အလုပ်ကို အားထုတ်တော် မူလေသည့်တွင် ပါရမီရင့်သန်၍ ပညာဉာဏ် ထက်မြက်သောအတိုင်း ကိလေသာ အာသဝေါတို့ကို ခွါလျော ပယ်ဖြတ်ပြီး မြတ်သော ရဟန်းအဖြစ်သို့ ဆိုက်ရောက်တော်မူ သွားတယ်။ ရဟန္တာဖြစ်ပြီးတဲ့အခါ လွန်စွာဝမ်းမြောက်တော် မူလှသဖြင့် ဥဒါန်းဂါထာတပုဒ်ကို သို့ကလိုမြွက်ဆိုကျူးရင့်တော် မူလေသတည်း

(၁) ဘိက္ခုနီသီလသမ္ပန္နာ၊ ဣန္ဒြိယေသု သုသံဝုတာ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ အသေစနကမောဇဝံ၊

(၁) သီလသမ္ပန္နာ၊ သီလအကျင့်ဂုဏ်နှင့် ပြည့်စုံသော။ ဣန္ဒြိယေသု၊ စောင့်စည်းအပ်သော ဣန္ဒြေခြောက်ပါးတို့၌ သုသံဝုတာ၊ ကောင်းစွာစောင့်စည်း၍ လုံခြုံစေအပ်သော။ ဘိက္ခုနီ၊ သိသူပစာ လာမည်သောဘိက္ခုနီသည်။ အသေစနကံ၊ ဖြည့်စွက်သွန်းလောင်းဘွယ်မရှိဘဲ၊ ဩဇဝံ၊ ပကတိသဘောအားဖြင့် ဩဇာအရသာရှိသော။ သန္တံ၊ ငြိမ်သက်ဘည်ကြည်သော။ ပဒံ၊ အမြိုက်နိဗ္ဗာန်ကို။ အဓိဂစ္ဆေ၊ ဆိုက်ရောက်ရရှိလေသတည်း။

(မှတ်ချက်။ ။ဤဂါထာ၌ အသေစနက မောဇဝံ ဆိုသော ပုဒ်၏အဓိပ္ပါယ်မှာ အစွက်အဘက် သွန်းလောင်းဘွယ်မရှိသည်ကို အသေစနကဟုဆိုသည်။ ပကတိသဘောအားဖြင့် ဩဇာ-အရသာနှင့် ပြည့်စုံသည်ကို ဩဇဝံ-ဟုဆိုသည်။ ထိုပုဒ်များသည် နိဗ္ဗာန်၏ဂုဏ်ကို ချီးကျူးသောပုဒ်များဖြစ်ပေသည်။ ထန်းလျက်ကို အချိုလောင်းဘွယ်မရှိ ဆိုသောစကားပုံကဲ့သို့ ပကတိသဘောအားဖြင့် ဩဇာအရသာနှင့်ပြည့်စုံနေသောနိဗ္ဗာန်ကို တခြားအရသာတို့ဖြင့်ရောနှောသွန်းလောင်းဘွယ်မရှိဟုဆိုလိုသည်။ အရသာနှင့် ကောင်းစွာပြည့်စုံသော အရာများကို တိုးတက်၍ အရသာနှင့် ပြည့်စုံအောင် လောက၌ အခြားအရသာအမျိုးမျိုးတို့ဖြင့် လောင်းစွက် ရောနှောမှုရှိကြသည်၊ နိဗ္ဗာန်ချမ်းသာမှာ ထိုကဲ့သို့မဟုတ်ချေ။ နိဗ္ဗာန်ချမ်းသာ အရသာသည်ကား ပကတိသဘောအားဖြင့် ကောင်းမွန်စွာ အရသာရှိပြီးဖြစ်သောကြောင့် ရောနှောစွက်ဘက်ရန် မလိုတော့ပေ။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို အထွဋ်ဆုံး, အမြတ်ဆုံး, ဟူ၍ဆိုရပေသည်။ ရုပ်တရား နာမ်တရားတို့၌ အချင်းချင်း ယှဉ်ဘော်, ယှဉ်ဘက် သမ္ပယုတ္တ, သဟဇာတ, များရှိသကဲ့သို့ နိဗ္ဗာန်တည်းဟူသော အသင်္ခတတရား၌ သမ္ပယုတ္တ, သဟဇာတများ မရှိပုံကိုလည်း အဘိဓမ္မာနည်းအားဖြင့် ထင်ရှားအောင် ဆင်ခြင်ကြလေ။)

## မာရ်နတ်သာ၍နှောင့်ယှက်ခြင်း

တနေ့သောအခါ သီသူပစာလာထေရီဘိက္ခုနီသည် ဆွမ်းကိစ္စပြီးစီး၍ အန္ဓဝန်တောကြီးအတွင်း တခုသောသစ်ပင်ရင်းမှာ ဖလသမပတ္တိချမ်းသာဖြင့် ဆိတ်ငြိမ်စွာ စံနေတော်မူစဉ် ထိုဘိက္ခုနီအရှင်မြတ်၏ သမာဓိတရားကို ပျက်ပြားရွေ့လျောစေလိုတဲ့ ဆန္ဒနှင့် မာရ်နတ်မိစ်ကြီးလာပြီး ဂါထာတပုဒ်ကို သို့ကလိုရွတ်ဆိုပြောကြားတယ်။

(၂). တာဝတိံသာစယာမာစ၊ တုသိတာစာပိဒေဝတာ။
နိမ္မာနရတိနောဒေဝါ၊ ယေဒေဝါဝသဝတ္တိနော။
တတ္ထစိတ္တံပဏိဓေဟိ၊ ယတ္ထတေဝုသိတံပုရေ။

(၂) အယျေ၊ အို-ရှင်မ။တာဝတိံသာစ၊တာဝတိံသာနတ်တို့သည်၎င်း။ ယာမာစ၊ ယာမာနတ်တို့သည်၎င်း။တုသိတာစာပိဒေဝတာ၊ တုသိတာနတ်တို့သည်၎င်း။နိမ္မာနရတိနောဒေဝါ၊နိမ္မာနရတိနတ်တို့သည်၎င်း။ ဝသဝတ္တိနော၊ ဝသဝတ္တိအမည်ရှိကုန်သော။ ယေဒေဝါစ၊ အကြင်နတ်တို့သည်၎င်း။ သန္တိ၊ထင်ရှားစွာရှိကြလေကုန်၏။ ယတ္ထ၊ အကြင်နတ်ပြည်တို့၌။ တေ၊ သင်ရှင်မသည်။ ပုရေ၊ ရှေးအခါ၌။ ဝုသိတံ၊ နေထိုင်ပျော်ပါးခဲ့ဘူးလေ၏။ တတ္ထ ထိုနတ်ပြည်တို့၌။စိတ္တံ၊သွားရောက်ခံစားလိုသောစိတ်ဆန္ဒကို။ ပဏိဓေဟိ ရည်ရွယ် မျှော်မှန်းပါလော။

အို-ရှင်မ၊ ရှေးအခါသင်ရှင်မသည် တာဝတိံသာနတ်ပြည်အစရှိသည်တို့မှာ ချမ်းသာစွာခံစား, စံစား,ခဲ့ရဘူးတယ်။တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တိ, ဆိုတဲ့ နတ်ပြည်တွေရှိတယ်။ ယခု သင်ကျင့်ဆောင်နေတဲ့ အကျင့်ဖြင့်၊ ထို နတ်ပြည်များသို့ သွားရောက် ခံစားရလေအောင် သင့်စိတ် ပြဋ္ဌာန်းပြီး မျှော်မှန်းရည်ရွယ်ပါလော။ အဲ သို့ကလို ပြောဆိုတိုက်တွန်းတယ်။ ဘုဘာဝဇာတိဝဋ်မှ ကျွတ်လွတ်အောင် ကြိုးစား

နေတဲ့ဘိက္ခုနီမအရှင်မြတ်တပါးကိုသို့ကလိုပြောဆိုသွေးဆောင်ခြင်းဟာ အလွန်နှောင့်ယှက်ခြင်းဖြစ်တာပေါ့။

ထိုအခါဘိက္ခုနီအရှင်မြတ်က မာရ်နတ်မိုက်၏ စကားကိုငယ်ရှားတွန်းလှန်လိုသဖြင့် နတ်ဘုံ,နတ်ဘဝ,တို့ကို။ကဲ့ရဲ့ရှုံ့မိန့်နှင်းသော သဘောအားဖြင့် နိဂုံးဂါထာကို သို့ကလိုကျူးရင့်တော် မူလေသတည်း။

(၃) တာဝတိံသာစယာမာစ၊ တုသိတာစာပိဒေဝတာ။
နိမ္မာနရတိနောဒေဝါ၊ ယေဒေဝါ ဝသဝတ္တိနော။
(ဤဂါထာ၏အနက်ကိုရေးသားဘော်ပြခဲ့ပြီ)•

(၄) ကာလံကာလံဘဝါဘဝံ သက္ကာယသ္မိံ ပုရက္ခတာ၊
အဝီတိ ဝတ္တာသက္ကာယံ၊ ဇာတိမရဏသာရိနော၊

(၄) မာရ၊ ဟယ်-မာရ်နတ် အယုတ်ကောင်။တော၊ ထိုနတ်ဘုံ, နတ်ဘဝ,တို့သည်။ကာလံ·ကာလံ အခါတိုင်း,အခါတိုင်း။ဘဝါ-ဘဝံ၊တဘဝပြီးတဘဝသို့၊ဥပဂန္တုံ၊ကပ်ရောက်ခြင်းငှာ။နဒုက္ကရာ၊ခဲယဉ်းသည်မဟုတ်ကုန်။ သုလဘာ၊ လွယ်စွာနှင့်ရနိုင်သော ဘဝမျိုးတို့ပေတည်း။ တော၊ထိုနတ်ဘုံ,နတ်ဘဝ,တို့သည်။သက္ကာယသ္မိံ၊ သက္ကာယဟုဆိုအပ်သောခန္ဓာငါးပါး၌။ပုရက္ခတာ တည့်ရာ,ရှေ့ရှု,ပြု၍နေကြလေကုန်၏။ တော၊ထိုနတ်ဘုံ, နတ်ဘဝ, တို့သည်။သက္ကာယံ သက္ကာယတည်းဟူသောခန္ဓာငါးပါးကို။အဝီတိဝတ္တာ၊ ·လွန်မြောက်နိုင်ကြသည်မဟုတ်ကုန်။တော၊ ထိုနတ်ဘုံ နတ်ဘဝ တို့သည်၊ဇာတိမရဏသာရိနော၊ ပဋိသန္ဓေနေခြင်း,သေခြင်း,နောက်သို့၊တခေါက်ကော်လိုက်ပါ၍နေကြရကုန်သည်သာလျှင်တည်း။

ဟယ်-မာရ်နတ်မိုက် ဂုဏ်တင်၍ သင်ချီးမွမ်းအပ်တဲ့ နတ်ဘုံ, နတ်ဘဝ တွေဆိုတာ သံသရာတခွင်မှာ ကြင်လည်၍နေစဉ်အခါ ရနိုင်ဖို့ ခဲယဉ်းတာမဟုတ်ဘူး။ အခါတိုင်း, အခါတိုင်း,ရနိုင်ပါတယ်။ တဘဝသို့ကူးပြီး ငှင်မြူးနှစ်ခြိုက်စွာ ခံစားနိုင်ပါတယ်။ သင်ချီးမွမ်းတဲ့နတ်ဘုံ, နတ်ဘဝ,တွေဟာ သက္ကာယတည်းဟူသော ခန္ဓာငါးပါးတို့၌သာ ထောက်တည့်ရာပြုလို့ တည်နေကြရ

တယ်။ ခန္ဓာငါးပါးနယ်ကို မလွန်မြောက်နိုင်ကြဘူး။ ပဋိသန္ဓေနေရခြင်း, အိုရခြင်း, သေရခြင်း,ဆိုတဲ့ ဘေးတို့၏ နောက်ကိုသာ တကောက် ကောက် လိုက် နေ ကြ ရ တယ်။ အိုဘေး, နာဘေး, သေဘေးမှ, မလွတ်မြောက်နိုင်ကြဘူး။အဲ- သို့ကလို ဘေးဒုက္ခအမျိုးမျိုးတွေပိုင်းပြီး အလှိုင်းတကြီး ဆင်းရဲနေတာပါကို ဘယ်မှာငါနှစ်သက်နိုင်ပါမလဲ။

အဲ-သို့ကလို မိန့်တော်မူပြီးတဲ့နောက် တလောကလုံး၏အပြစ်ကိုဘော်ပြတော်မူလိုသည်နှင့် ဂါထာတပုဒ်ကို သို့ကလိုကျူးရင့်တော်မူပြန်တယ်။

(၅) သဗ္ဗောအာဒိပိတောလောကော၊
သဗ္ဗောလောကောပဒိပိတော။
သဗ္ဗောပဇ္ဇလိတောလောကော၊
သဗ္ဗောလောကောပကမ္ပိတော။

(၅) မာရ၊ဟယ်-မာရ်နတ်အယုတ်ကောင်။လောကော၊သုံးဆဲ့တဘုံတည်းဟူသော အလုံးစုံသောလောကခေတ်ကြီးသည်။အာဒိပိတော၊ရာဂအစရှိသောမီးတို့ဖြင့်၊ ကညီးညီး တပြောင်ပြောင်တောက်လောင်ခြင်းကိုခံနေရလေ၏။ သဗ္ဗောလောကော၊ သုံးဆဲ့တဘုံတည်းဟူသော အလုံးစုံသော လောကခေတ်ကြီးသည်။ပဒိပိတော၊အကြိမ်ကြိမ်အဖန်ဖန်၊ ပူပန်လေအောင်၊ တောက်လောင်ငြိုခြင်းကိုခံနေရလေ၏။ သဗ္ဗောလောကော၊ သုံးဆဲ့တဘုံတည်းဟူသောအလုံးစုံသောလောကခေတ်ကြီးသည်။ပဇ္ဇလိတော၊ ရာဂအစရှိသောမီးနှိုန်တို့ဖြင့် တင်နိထိန်ငြိုး၍ တရဲရဲတောက်ပြောင်ကာနေလေ၏။ သဗ္ဗောလောကော၊ သုံးဆဲ့ တဘုံတည်းဟူသော အလုံးစုံသောလောကခေတ်ကြီးသည်။ ပကမ္ပိတော၊ မရပ်မတည်ဘဲ ပတ်ပတ်လည်ယှုပ်ရှား၍နေလေ၏။

(ဤဂါထာ၏အဓိပ္ပါယ်မှာထင်ရှားပြီ)

(၆) အကမ္ပိယံအတုလိယံ၊ အပုထုဇ္ဇနသေဝိတံ။
ဗုဒ္ဓေါမေ့မဒေသေသိ၊ တတ္ထမေနိရတောမနော။

(၆) မာရ၊ဟာယ်–မာရ်နတ်အမိုက်ကောင်၊ အကမ္ပိတံ၊ တုန်လှုပ်ချော်ခြားခြင်းမရှိသော။ အသာလီယံ၊ နှိုင်းပြိုင်တုန္ဒနှိုင်းဘွယ်မရှိသော။ အပုထုဇ္ဇနသေဝိတံ၊ အောက်တန်းကျသော ပုထုဇန်ပုဂ္ဂိုလ်တို့၏ မှီဝဲသုံးဆောင်ခြင်းငှာမထိုက်တန်သော။ ခမ္မံ၊ အမြိုက်နိဗ္ဗာန်တရားကို။ ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်။ အဒေသေသိ၊ အထင်အရှားဟောကြားတော်မူပေ၏။ တတ္ထ၊ ထိုနိဗ္ဗာန်တရား၌။ မေ၊ ငါ၏။ မနော၊ စိတ်နှလုံးသည်။ နိရတော၊ ရွှင်ရွှင်ပိုက်ပိုက်၊ လွန်နှစ်မြိုက်၍။ ပျော်ပိုက်မွေ့လျော်ကာနေလေသတည်း။

(၇) တသာဟံ ဝစနံသုတွာ၊ ဝိဟာရိံ သာသနေရတာ။ တိဿောဝိဇ္ဇာအနုပ္ပတ္တာ၊ ကတံဗုဒ္ဓဿ သာသနံ။

(၈) သဗ္ဗတ္ထဝိဟတာနန္ဒိ၊ တမောက္ခန္ဓောပဒါလိတော။ ဧဝံဇာနာဟိပါပိမ၊ နိဟတောတွမသိအန္တက။

(ဤဂါထာနှစ်ပုဒ်၏အနက်ကို စာလာထေရီဝတ္ထု၌ ပြဆိုရေးသားခဲ့ပြီးဖြစ်၍ ဤဝတ္ထု၌ရေးသားရန်မလိုတော့ပေ)

သိသူပစာလာထေရီ ဘိက္ခုနီအရှင်မြတ်က မာရ်နတ်မိုက်ကြီးအား ပြဆိုခဲ့ပြီးသောဂါထာတို့ဖြင့် မောင်းနှင်ကြိမ်းဝါးတော်မူလိုက်ရာအလွန်ယုတ်မာသောမာရ်နတ်ရိုင်းကြီးသည် ငါ့အကြံကိုသိလေပြီတကားဟု ကြောက်အား လန့်အားနှင့် တည်တံ့စွာမနေနိုင်တော့ဘဲထိုအရပ်မှာနန္ဒပင်လျှင်လျှင်မြန်စွာကွယ်ပျောက်ထွက်ပြေးရလေသတည်း။

သိသူပစာလာထေရီဝတ္ထုပြီး၏။

(မှတ်ချက်။ ။အရှင်သာရိ ပုတ္တရာ ကိုယ်တော် မြတ်ကြီး၏ နှမတော်အရင်းဖြစ်သောစာလာ၊ ဥပစာလာ၊ သိသူပစာလာ၊ ဤညီအမသုံးယောက်တို့သည် ဤယခု ဘုရားရှင် သာသနာတော်ဝယ် ကံတူ အကျိုးပေး ဖြစ်ကြပြီးလျှင် အတူတကွ ကျွတ်တမ်းဝင်ကြ

ကုန်၏။ ရှေးရှေးဘဝတို့၌လည်း ပါရမီ ကုသိုလ်ပုညများကို အတု
တကွပြုလုပ်ဆည်းပူး၍ ဆုတောင်း ပဋ္ဌနာမှုကိုလည်း ပြုခဲ့ကြပေ
လိမ့်မည်။ သို့ရာတွင် ထိုရှေးဟောင်း ကုသိုလ်များနှင့် ဆုတောင်း
ပဋ္ဌနာများကို ထေရီ အပဒါန်ပါဠိတော်၌လည်း ပြဆိုချက်မရှိ။
အဋ္ဌကထာဆရာကြီးတို့ကလည်း ထိုအကြောင်းကို ဘွင့်ပြတော်
မမူကြကုန်။ သို့ဖြစ်၍ ဤထေရီဘာသာပြန်ကျမ်း၌လည်း ဖော်ပြ
ရေးသားခြင်းငှါ အခွင့်မရဘဲရှိလေသတည်း)

အဋ္ဌနိပါတ်ထေရီဘာသာပြန်ပြီး၏။

---

## နဝနိပါတ်ထေရီဘာသာပြန်

## (၁) ဝဍ္ဎမာတာထေရီဝတ္ထု

အာသဝေါလေးပါးတည်းဟူသော ရေယဉ်ကြောဝယ်ဩဃ
လေးပါးတည်းဟူသော ဝဲဂယက်တို့ဖြင့် နှိပ်စက် ရိုက်ပုတ်လျက်
ရုန်းရုန်းနစ်မြုပ်စေတတ်သောသံသရာတခွင်မှအလျင်အမြန်လွတ်
မြောက်၍နိဗ္ဗာန်သို့ ဆိုက်ရောက်ခြင်း အလို့ငှါ ကျွတ်တမ်းကိုရှာ
နေတဲ့အမျိုးသမီးကလေးတယောက်သည်ရှေးရှေးအခါ ကံအားလျော်
စွာတွေ့ကြုံဆုံဆည်းခဲ့တဲ့ ဘုရားရှင်တို့ လက်ထက်တော်ဝယ် စင်
ကြယ်မြင့်မြတ်တဲ့ ပါရမီကုသိုလ်မျိုးကို စိုက်ပျိုး ထူထောင်ကာ
သုဂတိသံသရာတို့၌ ကြိမ်ဘန်များစွာ ကြင်လည်ခဲ့ပြီးတဲ့နောက်
ယခုဘုရားရှင်လက်ထက်တော်သို့ရောက်တော့ "ဘာရုကစ္ဆ"မြို့
၌ချမ်းသာကြွယ်ဝတဲ့အမျိုးမှာဖြစ်ပွါးပေါ်ပေါက်လို့ လာခဲ့တယ်။
ငယ်ရွယ်စဉ်အခါက အမည်သညာမှာတော့ မထင်ရှားဘူး။

အချိန်အရွယ်သို့ရောက်လာတဲ့အခါ မိဘနှစ်ပါးတို့က ဝတ္ထုရေး
ရှိတဲ့အတိုင်းသင့်လျော်လျောက်ပတ်တဲ့ အမျိုးသားတဦးနှင့် လက်
ထပ်ထိမ်းမြား၍ ပေးလိုက်ရာ လင့်အိမ်သို့ လိုက်ပါ၍ သွားရရှာ

တယ်။ လင်နှင့်ပေါင်းသင်း နေထိုင်ခဲ့ရာ ကာလအတန်ကလေး ကြာလာတော့ သားယောက်ျားကလေးတယောက်ဘွားမြင်လာ တယ်။ ထိုသားကလေး ဘွားမြင်လာတဲ့အခါ ပညာရှိ တိုး ပွားကြောင်းနိမိတ်ယူပြီး (ဝဍ္ဎ) ရယ်လို့ အမည်ပေးကြတယ်။ ဝဍ္ဎ-ဘိုးပွါးခြင်းအနက်ကိုဟောသဖြင့် မြန်မာလိုပြန်ဆိုခေါ်ဝေါ် ရပါလျှင် "မောင်ပွါး"ရယ်လို့ ခေါ်ဝေါ်ရမှာပေါ့လေ။

ရွှေဘုံး, ရွှေခဲ, မျက်လုံးကြီးက စွဲငွဲနှင့် အသဲစွဲ ချစ်ခင်ဘွယ် ကောင်းတဲ့ သားဦးရတနာကလေးကို ဘွားမြင်တဲ့အခါကစ၍ မိ ခင်ဖြစ်တဲ့အမျိုးသွီးကို သား၏အမည်ကိုအစွဲပြုပြီး "ဝဍ္ဎမာတာ" ရယ်လို့ခေါ်ဝေါ်ကြတယ်။"မောင်ပွားမိခင်"ဆိုလိုတာပေါ့လေ။ ထိုနောက်မျှားမကြာမီအတွင်းမှာပင် သားကလေးရဲ့ ဘခင်ဖြစ် သူ သေဆုံးသွားသဖြင့် မောင်ပွါးမိခင်မှာ မုဆိုးမကလေးဖြစ်၍ ကျန်နေရစ်ရှာတယ်။ အရွယ်ခမြောက်သေးတဲ့ သားကလေး တ ယောက် တိုးလိုတန်းလမ်းနှင့် ပင်ပန်းနွမ်းလျှစွာ မုဆိုးမကလေး ဖြစ်နေရရှာဘယ်ဆိုတော့ ဘယ်မှာ စိတ်ချမ်းသာနိုင်ပါတော့ မလဲ။မိန်းမတို့မှာ လွန်စွာဆင်းရဲတဲ့ ဒုက္ခမျိုးပေပေါ့။

အဲ-သို့ဘလို ငြိုငြင်ဆင်းရဲ ဒုက္ခပွဲခံနေရတဲ့အခါ စိတ်နှလုံး မသက်သာသည့်နှင့် ချမ်းသာခွင့်ကို ရမှရပါစေတော့လို့ သားက လေးကိုပွေ့ချီကာ ဘိက္ခုနီမတို့ကျောင်းသို့သွားပြီး တရားနာလေ့ ရှိတယ်။ မကြာမကြာသွားရောက်၍ တရားနာလေရာပညာခါတ် ခံ ရင့်သန်ထက်မြက်ဘဲ့အမျိုးသွီးဖြစ်သောအတိုင်း ဟောသမျှ တ ရားတို့ကို ကြားတိုင်းကြားတိုင်းဉာဏ်ပွင့်ပြီး သူ့စရိုက်နှင့်အဆင် သင့်နေသဖြင့် ပူပန်မှုတွေကင်းပျောက်လျက် စိတ်နောက်ကျုခြင်း မရှိဘဲ အေးမြချမ်းသာခြင်းသို့ရောက်သွားတယ်။

တရားအာရုံကိုယ်လုံးထုံပြီး သမာဓိဂုဏ်နှင့်ပြည့်စုံလာတဲ့ အ ခါ လူ့ဘိုဘောင်မှာ နေထိုင်လိုဘဲ့ ဆန္ဒမရှိတော့ဘဲ ဘိက္ခုနီမတို့ ကျောင်းသို့ကပ်ပြီး မြင့်မြတ်တဲ့ရဟန်းဘောင်သို့သာ ဝင်လိုတဲ့ စိတ်ဆန္ဒတွေ ပေါ်ပေါက်လာတယ်။ သို့ကလို ရဟန်းပြုချင်ပါ

သော်လဲ တဲ့လဲတဲ့လဲနှင့် မခွဲနိုင်အောင်ချစ်ခင်နေတဲ့ သားကလေးရဲ့ တွက်တာကြောင့် လွယ်ကူဖွာနှင့်အထမမြောက်နိုင်ဘဲ နှေးဖင့်ကြာညောင်း၍ သွားပြန်ဘယ်။ ရဟန်းပြုပါတော့မယ်လို့ ကြံစည်လိုက်ရာတွင် သားကလေးရဲ့မျက်နှာကိုမြင်မြင်ပြီး သံယောဇဉ်ကြိုးက အမျိုးမျိုးချီနှောင်ထားတဲ့အတွက် အခက်ကြီးကြုံနေတာပေါ့လေ။ သံယောဇဉ်ဆိုတာ သည်လိုအရေးမျိုးမှာ အလွန်နှောင့်ယှက်တတ်တာမျိုးကလား။

မထွက်အားနိုင်အောင် ဆွဲဆောင်နှောင်ဖွဲ့တဲ့ သံယောဇဉ်စိတ်တွေကတဘက် လူ့ဘောင်ကိုမုန်းပြီး ရုန်းနိုင်အောင်ရုန်းမယ့်လို့ ကြံစည်တဲ့ကုသိုလ်စိတ်မျိုးတွေကတဘက်။ အဲ-သို့ကလို နှစ်ဘက်ငြင်ဆိုင်ပြီး အရှုံးအနိုင် တိုက်ခိုက်နေကြတဲ့အခါ နောက်ဆုံးအကြိ ဘယ်လိုဖြစ်ပေါ်လာသလဲဆိုတော့။ သည့်လိုတဲ့ လင်ယောကျ်ားနှင့် သားသမီးတွေဆိုတာ အနမတဂ္ဂ သံသရာမှာ လွယ်လွယ်ကူကူနှင့် ယူချင်တိုင်းယူ, ရချင်တိုင်းရနိုင်ပါတယ်။ "ရေရှိလျှင်ငါးရှိ မြေရှိလျှင်မြက်ရှိ" ဆိုတဲ့စကားအတိုင်း သံသရာနှင့်ဘဝဇာတိတွေရှိသို့နေခဲ့ပါလျှင် လင်ယောကျ်ားနှင့်သားသမီးတွေဆိုတာ ရှာရမကအောင် အနေနှင့် ပုံ့ပွါးပြီးများချင်တိုင်းများနိုင်ပါတယ်။ သည်သားကလေးကိုအဆန်းကြီးလုပ်ပြီး တာတွယ်ငဲ့ကွက်လျက် မခွဲနိုင်မခွါရက်ဖြစ်နေတာအလွန်ရှက်စရာကောင်းတာဘဲ၊ သာသနာတော်နှင့်တွေ့ကြုံ၍ ရဟန်းဘောင်သို့ရောက်ခြင်းဆိုတာ လွန်စွာခဲယဉ်းတယ်၊ တကဲ့ကိုမှတကယ် လွယ်လွယ်နှင့်ဖြစ်မြောက်နိုင်တာမျိုးမဟုတ်ဘူး။ အဲ-သို့အတွက်ကြောင့် လွန်စွာခဲခက်တဲ့ ဒုလ္လဘကို ကြုံရတဲ့အခိုက် ကုသိုလ်ကံ တိုက်ဆိုက်သဖြင့် ယူလိုက်မှသင့်တော့မယ်။ သားကလေးရဲ့မျက်နှာကို တွယ်တာခြင်းမငြိကပ်ဘဲ သံယောဇဉ်ယတိဖြတ်ပြီး မြင့်မြတ်တဲ့ ရဟန်းဘောင်သို့သာ အလျင်အမြန်ရောက်အောင် ကြိုးစားတော့မယ်။

အဲ-သို့ကလို ကြံစည်ဆုံးဖြတ်ပြီး မိမိမှာရှိတဲ့ပစ္စည်းများနှင့် တကွ ချစ်ဦးရင်သွေးသားကလေးကို လူလားမြောက်အောင်မွေးရစ်

ကြပါတော့လို့ မိမိ၏ဆွေမျိုးများ ထံမှာ အပ်နှံ ထားခဲ့ပြီးလျှင် မောင်ပွား၏ မိခင်သည်ခင်မင်မြတ်နိုးတဲ့ သံယောဇဉ် ကြိုးတို့ကို ဖြတ်တောက်ခါဘိက္ခုနီမတို့ကျောင်းသို့ထွက်သွားပါရော။

## ရဟန်းဖြစ်၍ကျွတ်တန်းဝင်ခြင်း

ဘိက္ခုနီမတို့ကျောင်းသို့ရောက်တဲ့အခါ ရဟန်းပြုပေးပါမည့် အကြောင်းနှင့်ခွင့်တောင်းတော့ဘိက္ခုနီမကြီးများကလဲ သနားသဖြင့်ရဟန်းဘောင်သို့ ရောက်အောင် တင်ဆောင် ချီးမြှောက်ကြလေရာ''ဝဍ္ဎမာတာထေရီ''ဘိက္ခုနီအရှင်မြတ်တပါးရယ်လို့ထင်ရှားကျော်စောသွားတယ်။ ရဟန်းအဖြစ်သို့ ရောက်ပြီးတဲ့နောက် ဥပဇ္ဈာယ်ဆရာမကြီးများထံမှာဘာဝနာနည်းလမ်းနှင့်တကွစီးဖြန်းပုံအမျိုးမျိုးကိုသင်ကြားနည်းယူကာဆိတ်ငြိမ်ရာသို့ကပ်ပြီး လုလ္လခတ်သန်သန်နှင့်မှန်မှန်ကြီး ကြိုးစားလေရာ မကြာမီ အတွင်းမှာပင်လျှင် ကိလေသာကုန်ခန်း၍ ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်လေသတည်း။

## မိမိသားကလေးကိုချီးမြှောက်ခြင်း

ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူပြီးတဲ့အခါ ဖလသမာပတ္တိချမ်းသာကိုဝင်စားလျက် နေ့ရက်ပေါင်းများစွာ ကုန်လွန်စေတော်မူပြီးတဲ့နောက် တနေ့သောအခါ ကရုဏာ နှိုးဆော်သဖြင့် မိမိရင်သွေးသားကလေးကိုအာရုံပြုပြီး အကြံအစဖြစ်ပေါ်လာပုံကသည်လိုတဲ့။ ဆွေမျိုးများထံမှာအပ်နှံ ထားခဲ့ဟဲ့ငါ့သားကလေးဟာယခုနှယ်အခါလူလားမြောက်၍အရွယ်သို့ ရောက်တော့မယ်။ လူတို့ဘောင်မှာ အိမ်ရာထောင်တဲ့ ကိစ္စဖြင့်နေထိုင် သွားပါလျှင် ဒုက္ခများ ရှာတော့မယ်။ သာသနာတော်ကြီးနှင့် တွေ့ကြုံတဲ့အခါ သူတော်ကောင်းတို့အလေ့ဝါသနာဖြင့် သားကလေးတယောက်ကိုချီးမြှောက်မှ သင့်တော့မှာဘဲ။ အဲ-သို့ကလို အကြံဖြစ်ပေါ်လာသည်နှင့် မိမိနေထိုင်ရာ ဖြစ်တဲ့ ဘိက္ခုနီမ ကျောင်းမှ ဆွေမျိုးအ

ပေါင်းဘို့ရှိရာဌာနသို့ သွားပြီး မိမိသားကလေးကို ခေါ်ယူတော့ ကြည်ကြည်ဖြူဖြူနှင့်ဆွေမျိုးဉာတိတို့က အပ်နှံလိုက်ကြတယ်။

ထိုဘိက္ခုနီအရှင်မြတ်သည်မိမိသားကိုယူဆောင်းပြီး''ဝေဠုဒွါရ''အမည်ရှိတဲ့မထေရ်မြတ်ကြီးထံသို့အပ်နှံကာ ရှင်သာမဏေအဖြစ်နှင့် ထားတယ်။ ဝေဠုဒွါရ မထေရ်မြတ်ကြီးကလဲ လိမ္မာယဉ်ကျေးစွာ အကျင့်သိက္ခာနှင့်ညီညွတ်အောင်ဆုံးမ၍ ပိဋကတ်တော်များကို သင်ကြားပို့ချလေရာ လိမ်လိမ်မာမာနှင့် ပညာရှိတဲ့ သာမဏေကလေးဖြစ်လာတယ်။

အသက်နှစ်ဆယ်ပြည့်တဲ့ အခါ ဥပသမ္ပဒကံဆောင်၍ ရဟန်းဘောင်သို့ရောက်အောင်ချီးမြှောက်လိုက်တော့ဝနထေရ်-ရယ်လို့ သာသနာတော် အတွင်းမှာ ထင်ရှားစွာ ပေါ်ပေါက်လာတယ်။

ရဟန်းဖြစ်ပြီးတဲ့အခါပိဋကတ်သုံးပုံကို သင်ကြားခဲ့လေရာ သာမဏေဘဝကပင် အခြေရလာခဲ့သောကြောင့် မကြာမီအတွင်းမှာပင်ပိဋကတ်သုံးပုံကို တတ်မြောက်၍ မွှေနှောက် ချောက်ချားနိုင်တဲ့အဖြစ်သို့ဆိုက်ရောက်လာတယ်။

ပိဋကတ်သုံးပုံကိုတတ်မြောက်ပြီးတဲ့နောက် ဓမ္မကထာဒေသနာနည်းလမ်းအားဖြင့်တရားဟောမှုကို လေ့ကျင့်တော်မူပြန်လေရာအသံသြဇာနှင့် တကွ သာယာ နာပျော်ဖွယ် ဖြစ်အောင် ဟောကြားနိုင်တဲ့ ဓမ္မကထိက ပုဂ္ဂိုလ်အဖြစ်သို့ ဆိုက်ရောက် လာပြန်တယ်။ပိဋကတ်သုံးပုံကိုလဲ တတ်ကျွမ်း,တရားဟောကလဲအလွန်ကောင်း,သည့်လို ကျေးဇူးဂုဏ်နှင့်ပြည့်စုံနေတော့ မကြည်ညိုတဲ့သူဟာ ဘယ်မှာရှိနိုင်ပါတော့မလဲ။ ကြည်ညိုသူတွေ ပေါ်များ၍ ပစ္စည်းလေးပါး လှိုင်လှိုင်နှင့် [illegible]င်[illegible]င်ကြီး တင့်တယ်နေတော့ဘာပေါ့။ဆိုက်ရောက်လာတဲ့လူပရိသတ်တွေကို တရားဟော,ဆည်းကပ်လာကြတဲ့ရဟန်းပရိသတ်တွေကိုလဲ စာချ,၍ [illegible]ဖြင့်သာနေထိုင်ခဲ့လေရာအချိန်ကာလ အတော်ကြာသည့် တိုင်အောင် ပရိသတ်တို့ကိုခွဲခွာ၍ ဘာဝနာ အလုပ်ခွင်သို့ဝင်နိုင်ဘို့ အချိန်မရတဲ့ဖြစ်နေသတဲ့။တပည့် ပရိသတ်,တွေကလဲပေါများ, ပစ္စည်းလေး

ပ ႏတွေ့ကလဲ တောင်လိုပုံ, ဆဲ-သည့်လို ရဟန်းဂုဏ်နှင့် ပြည့်စုံလို လောက်နေတော့ ဂုဏ်မောက်ပြီး စိတ်တက်ကြွနေတော့တာပေါ့ လေ။ အရိယာအဖြစ်သို့မရောက်ခင် ပုထုဇနိတို့မွေတာ တက်ကြွ ရေးအာရုံနှင့်၊တွေ့ကြုံခဲ့ပါလျှင် စိတ်နှလုံးအထက်ရောက်ပြီး သွေး မြောက်မြဲမွေ့တာပေပေါ့။

မိခင်ထေရီမကြီးကတော့ တရားဟောအလုပ်, ဂန္ထဓုရအလုပ်, နှင့် နေ့ရက်ပုပ်၍ အချိန်ကုန်နေသည့်များကို လားလားမှမနှစ်သက် နိုင်ဘူး။ ဘာဝနာအလုပ်ခွင်သို့ဝင်ပြီး တွင်တွင်ကြီးအားထုတ်စေ လိုတဲ့ ဆန္ဒသာ ဖြစ်ပေါ်နေတယ်။ တနေ့နေ့တွင် သားရဟန်း တော်နှင့်ဆုံတွေ့ပြီး အကျိုးအကြောင်းပြသကာ ဆုံးမရန်အချက် ကိုသာမျှော်လင့်ကာနေသတဲ့။

## မိခင်ထေရီမကြီးကဆုံးမခြင်း

တနေ့သောအခါ သားဖြစ်သူ ရဟန်းတော်အရှင်မြတ်သည် မိခင်ထေရီမကြီးနှင့် တွေ့လိုသောဆန္ဒဖြင့် သင်းပိုင်ကို ဝတ်ကာ ကေစိကို လက်ကန်တော့ထိုးပြီး သင်္ကန်းမရုံဘဲ တပါးထည်း မိမိ ကျောင်းမှထွက်ခဲ့၍ ဘိက္ခုနီမတို့နေထိုင်တဲ့ ကျောင်းတိုက်အရာမ် အတွင်းသို့ဝင်လာတယ်။ ထိုအခါ မိခင်ဖြစ်တဲ့ ဘိက္ခုနီမကြီးက သားရဟန်းတော်၏ အမူအရာကို မနှစ်သက် လှသောကြောင့် ဇူဠြှုကြီးကြီးနှင့် မျက်နှာထားကာ "နှင်တန်" ကိုပြုပြီး "အို- သားတော်ရဟန်း၊ဘယ့်အတွက်ကြောင့်သင်္ကန်းမရုံဘဲ ဘိက္ခုနီမ ကျောင်းတိုက်ထဲသို့ ဝင်လာရပါသလဲ၊ သင်၏ အမူအရာဟာ သင့်လျော်ပါရဲ့လား။ သင်သည် တရားဟောအလုပ်, ဂန္ထဓုရအ လုပ်,နှင့်သာ အချိန်ပုပ်အောင်ဖြုန်းတီးပြီး စိတ်ကြီးဝင်ကာ တက် ကြွနေတယ်မဟုတ်ပါလား။မာန်,မာနနှင့်တက်ကြွလို့ နေခြင်းဟာ အသင့်မှာဘာအကျိုးရှိအုံးမှာလဲ။ တကယ့်လိုရင်းကိစ္စဖြစ်တဲ့ဘာ ဝနာအလုပ်ခွင်ကိုတော့ ဝင်လိုတဲ့ ဆန္ဒမရှိဘူး။ ကိုယ်ဟာန်ကြော့

ကြောင့်နှင့် မော့တော့တော့နေတဲ့အသွင်ကို မြင်လိုတဲ့ဆန္ဒမရှိပါဘူး''အဲ-သို့ကလိုပြောဆိုကာ မြည်တွန်တော်မူတယ်။

ထိုအခါရဟန်းတော်အရှင်မြတ်က ရုတ်တရက် သတိရတော်မူသည့်နှင့်''အို-မိခင်၊ကျွန်ုပ်မှားပါပြီ။နောက်အခါသည့်လိုအမူအရာနှင့် မနေမထိုင်တော့ပါဘူး''ရယ်လို့ ပြောဆိုဝန်ခံတော်မူလိုက်တယ်။ ဆုံးမခြင်းကိုတခါပေးလိုက်ရုံမျှနှင့်သတိရပြီး ဝန်ချခြင်းဆိုတာ လွန်စွာချီးမွမ်းဘွယ်ကောင်းတာပေါ့လေ။ ပါရမီရင့်သန်တဲ့ ပုဂ္ဂိုလ်မြတ်တို့၏ အလေ့ဖြစ်ပေတယ်။ ထိုသို့ ပျော့ပျောင်းသောစိတ်ထားနှင့် သားဖြစ်သူရဟန်းတော်ကဝန်ချလေသောအခါမိခင်ရဟန္တာမကြီးက မိမိသားကိုထပ်မံကာ ဆုံးမတော်မူလိုသဖြင့် ထေရီဂါထာဒေသနာမျှကို သို့ကလို ဟောကြားတော်မူလေသတည်း။

(၁) မာသုတေဝဇ္ဇ လောကမှိ၊ ဝနထောအဟုပုဒါစနံ။
မာပုနက ပုနပ္ပုနံ၊ အဟုဒုက္ခသဘာဂိမာ။

(၁) ဝဇ္ဇ၊ အို-ချစ်သားဝဇ္ဇ၊ လောကမှိ၊ လောကအတွင်း၌။ တော၊သင်ချစ်သား၏။ဝနထော၊ ကိလေသာတည်းဟူသော တောချုံ အရှုပ်အထွေးသည်၊ကုဒါစနံ၊တခံတဆစ်မျှ။မာသုအဟု၊မဖြစ်ပွါးပါစေလင့်။ပုတ္တက အို-ချစ်သား။ဘွံ၊သင်သည်။ပုနပ္ပုနံ၊အဖန်ဖန်။ ဒုက္ခသဘာဂိမာ၊ ဆင်းရဲခြင်းအတို့ရှိသော အမိုက်ပွဲများကိုလိုက်စား၍နေသည်။ မာအဟု၊ မဖြစ်ပါစေလင့်။

အို-ချစ်သား၊ ဤလောကအတွင်းမှာ သင်၏ တဏှာတောချုံတွေကို ရစ်ရုံတိုးပွါးလို့ မနေပါစေနှင့်။ ဆင်းရဲကြောင်းဖြစ်တဲ့ အမှုကိစ္စတွေကိုလဲ အဖန်ဖန်လိုက်စား၍မနေပါနှင့်။

(၂) သုခံဟိဝဇ္ဇမုနယော၊ အနေဇာဆိန္နသံသယာ။
သီတိဘူတာဒမပ္ပတ္တာ၊ ဝိရသန္တိ အနာသဝါ။

( ၂ ) ဝဏ္ဏ၊ အို-ချစ်သား ဝစ္ဆ၊ မုနယော၊ ကိလေသာကုန်ခန်းပြီးသောရဟန်းတော်အရှင်မြတ်တို့သည်။ ဟိ၊ စင်စစ်ကြောင့်။ အနေဇာ၊ တဏှာရာဂကင်းကွာကြကုန်သည်ဖြစ်၍။ ဆိန္နသံသယာ၊ ယုံမှားခြင်းအမျိုးမျိုးကို ဖြတ်ချိုးပယ်လှန် ကြကုန်လျက်။ သီတိဘူတာ၊ အေးမြငြိမ်းသက်သော ကိုယ်စိတ်ရှိကြကုန်သည်ဖြစ်၍ ဒမပ္ပတ္တာ၊ ယဉ်ကျေးခြင်းသို့ဆိုက်ရောက်တော်မူကြကုန်လျက်။ အနာသဝါ၊ အာသဝေါမရှိကြကုန်ဘဲ။ သုခံ၊ ချမ်းချမ်းသာသာ။ ဝိဟရန္တိ၊ နေထိုင်တော်မူကြလေကုန်သတည်း။

အို-ချစ်သား၊ ရဟန်းမြတ်, ရဟန်းကောင်းတို့မည်သည် တဏှာမှကင်းရှင်းတော်မူကြတယ်။ ယုံမှားသံသယ အမျိုးမျိုးကိုလဲ ဖြတ်ချိုးတော်မူကြတယ်။ အေးမြငြိမ်းသက်စွာနှင့် ယဉ်ကျေးတော်မူကြတယ်။ အာသဝေါကင်းကွာ၍ ချမ်းသာစွာ နေထိုင်တော်မူကြတယ်။

( ၃ ) တေဟာနုစိဏ္ဏံ အရိယေဟိ၊ မဂ္ဂံ ဒဿနပတ္တိယာ။
ဒုက္ခဿန္တကိရိယာယ၊ တွံ ဝစ္ဆ အနုဗြူဟယ။

( ၃ ) ဝစ္ဆ ချစ်သား ဝစ္ဆ။ တေဟိ အရိယေဟိ၊ ထိုရဟန်းမြတ်ရဟန်းကောင်း အရိယာပုဂ္ဂိုလ်အပေါင်းတို့သည်။ အနုစိဏ္ဏံ၊ ကျင့်ကြံရာလမ်းအစဉ်ဖြစ်သော။ မဂ္ဂံ၊ မဂ္ဂင်တရားကို။ ဒဿနပတ္တိယာ၊ အရိယာဉာဏ်အမြင်သို့ ဆိုက်ရောက်ခြင်းငှါ။ ဒုက္ခဿန္တကိရိယာယ၊ ဒုက္ခကုန်ဆုံးအောင်ပြုခြင်းငှါ။ တွံ၊ သင်ချစ်သားသည်။ အနုဗြူဟယ၊ ကျိုးကြိုးစားစား ပွားများအားထုတ်လိုက်ပါလော။

အို ချစ်သား၊ ရှေးရှေးသူတော်ကောင်း ရဟန်းတော်အရှင်မြတ်အပေါင်းတို့၏ ကျင့်ကြံရာ လမ်းကြောင်းဖြစ်တဲ့ မဂ္ဂင်တရားကို ဉာဏ်အမြင်ပွင့်လင်းအောင်, ဒုက္ခကုန်ဆုံးအောင် ကျင့်ကြံကြိုးစား၍ အားထုတ်လိုက်ပါ။ အဲ- သို့ကလို မိခင်ထေရီမကြီးက ညွှန်ကြားတိုက်တွန်းကာ ဆုံးမတော်မူတယ်။

မိခင်၏ဆုံးမချက် စကားကိုကြားရတော့ သားရဟန်းတော်၏

စိတ်ထဲမှာ သို့ကလို အကြံပေါ်ပေါက်လာသတဲ့။ ဩော်–ငါ့မယ်တော်ကြီးဟာ ရဲရဲဝံ့ဝံ့ ထက်ထက်မြက်မြက် ဆုံးမတော်မူပါကလား။ သည်ဆုံးမချက်ကိုထောက်ထားလိုက်တော့ ငါ့မယ်တော်ကြီးရဲ့ သန္တာန်မှာ ကိလေသာအာသဝေါ ယုတ်ညံ့သောအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်လျက် အငြိအတွယ်ကင်းပြတ်၍ မြင့်မြတ်တဲ့ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူတဲ့ လက္ခဏာဘဲ။ အဲ-သို့ကလိုတွေးတောကြံစည်မိသတဲ့။ ကိုယ့်မယ်တော်ကြီး ရဟန္တာ ဖြစ်ပြီးတဲ့ အကြောင်းကို ရှေးကသိဟန်မတူဘူး။ ထက်ထက်မြက်မြက် နက်နက်နဲနဲနှင့် ဆုံးမတဲ့ စကားကို ကြားရတော့မှ ရိပ်မိတဲ့ လက္ခဏာဘဲ။ ပုထုဇန်ဆိုတာ ဘယ်လိုပင် ဉာဏ်ထက်လို့ နေသော်လဲ အရိယာနှင့် ဆိုင်တဲ့အရာမှာတော့ ဉာဏ်ပညာ မထိုးထွင်းနိုင်ဘူးပေါ့။

အဲ–သို့ကလိုအကြံဖြစ်ပေါ်လာပြီးတဲ့နောက် မယ်တော်ကြီး၏ အကြောင်းကို ပွင့်ပွင့်လင်းလင်း သိလိုလှသဖြင့် မေးမြန်းစုံစမ်းခြင်းအသို့ဌါ ပုစ္ဆာဂါထာဘာပုဒ်ကို သို့ကလိုရွတ်ဆိုလိုက်လေသတည်း။

(၃) ပိသာရဒါဝဘာဘာသိ၊ တေမင့််ဇနေတ္တိမေ။
မညာမိန္ဒနမာပိကော၊ ဝနထောတောနပိဇ္ဇတိ။

(၄) မေ၊ အကျွန်ုပ်၏။ ဇနေတ္တိ၊ မယ်တော်ထေရီ၊ ဘိက္ခုနီသည်။ တေမင့််၊ဤကဲ့သို့နက်နဲသောတရားအချက်ကို။ ဝိသာရဒါ ဝ၊ ရဲရဲဝံ့ သာလျှင်။ ဘာဘာသိ၊ပြောကြားဆုံးမတော်မူပေ၏။ မာပိကော၊အို-မယ်တော်မိခင်၊ကျေးဇူးရှင်။တော၊ သင်မယ်တော်ကြီး၏။ သန္တာနေ၊အတွင်းသန္တာန်၌။ဝနထော၊သာယာဂုံလတ်။တဏှာ ခေါ်သည်။နပိဇ္ဇတိ၊တကယ်ကြောင်၊မရှိရိုးမှန်သည်ဟူ၍။ မညာမိန္ဒ၊ ကျွန်ုပ်မှတ်ထင်မိပေသည်တကား။

အို- မယ်ဘော်မြတ်ကြီး၊ နက်နဲသောတရားကိုတို့၊ အကျွန်ုပ်အားရဲရဲရင့်ရင့်ပြောကြား ဆုံးမတော်မူပေတယ်၊ မယ်တော်ကြီး

၏သန္တာန်မှာ ဘုံဘ၀ကိုသာယာတဲ့တဏှာလောကခေါတ် အလုံး စုံကင်းပြတ်၍ မြင့်မြတ်တဲ့ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော် မူပြီလို့ ကျွန်ုပ်ထင်မြင်မိပါတယ်။ အဲ-သို့ကလို ပြောဆိုမေးမြန်း တော်မူလိုက်တယ်။

(မှတ်ချက်။ ။ဤဂါထာ၌"မာမိကေ"ဟူ၍မိခင်ဟောပုဒ်တခု ပါလာသည်။ ဤပုဒ်မျိုးကိုပိဋကတ်တော်တို့၌ အသုံးပြုသည်မှာ လွန်စွာနည်းပါးလှ၏။ ထို-မာမိကေဟူသောပုဒ်သည် အသံသုတိ သာ၍ လွန်စွာယဉ်ကျေးလှသဖြင့် မိခင်ကိုဆိုလိုရာ၌ ဤပုဒ်ကို အသုံးပြုသင့်ကြပေသည်။ ။ဤဂါထာ၌ "အာလုပ်" ဖြစ်သော ကြောင့် မာမိကေ, ဟုပုဒ်ရှိနေသည်။ မာမိကာ-မာမိကာယော, စသည်ဖြင့် ကညာဒိဂိုဏ်းရုပ်စဉ်ပါလေ)

သားတော်ရဟန်း၏မေးမြန်းချက်စကားကိုကြားရတဲ့အခါမိမိ သန္တာန်၌ ကိလေသာအလုံးစုံ ကင်းကုန်ကွာရှင်း ကြောင်းကို ထင်ထင်လင်းလင်းဘွင်းဘွင်းကြီး ဘော်ပြလိုက်သည်နှင့် ဂုဏ်ဘွဲ့ ဂါထာနှစ်ပုဒ်ကို သို့ကလိုကျူးရင့်တော်မူလေသတည်း။

(၅) ယေကေစိ ၀ဇ္ဇသဉ္ဇာ ရာ၊ ဟီနာဥက္ကဋ္ဌမဇ္ဈိမာ။
အနုသယာမဇ္ဈောဘဝ်၊ ၀နထောမေနဝိဇ္ဇတိ။

(၅) ၀ဇ္ဇ၊ ချစ်သား၀ဇ္ဇ။ ဟီနာ၊ ယုတ်ညံ့သည်ဟု ဆိုအပ် ကုန်သော။ ဥက္ကဋ္ဌမဇ္ဈိမာ၊ အမြတ်စား,အလတ်စား,ဟု ဆိုအပ်ကုန် သော။ ယေကေစိသဉ္ဇာရာ၊ အကြင်အလုံးစုံသောသင်္ခါရတရားတို့ သည်။ သန္တိ၊ ထင်ရှားစွာရှိကြလေကုန်၏။ တေသု ထိုပြုပြင်အပ် သမျှသင်္ခါရဥဿုံ၊ အလုံးစုံတို့၌။ အနုပိ၊ အနည်းငယ်မျှကလေးပင် သော်လည်း။ အနုမဇ္ဈောဘဝ်၊ အနုမြူမှုန့်ကလေးမျှလောက်ပင်သော် လည်း။ မေ အကျွန်ုပ်အား။ ၀နထော၊ သာယာခုံမင်၊ လိုချင်ဘုံသတ်၊ တဏှာခေါတ်သည်။ နဝိဇ္ဇတိ၊ မရှိပြီးကြောင်း၊ ကင်းပြတ်ပြီးအမှန်သာ လျှင်တည်း။

(၆) သဗ္ဗေ အာသဝါ ခီဏာ၊ အပ္ပမတ္တဿ ဈာယတော။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

(၆) ဝဏ္ဏ၊ အို-ချစ်သား ဝဏ္ဏ။ အပ္ပမတ္တဿ- အပ္ပမတ္တာယ၊ မမေ့မလျော့၊ မပေါ့မတန်။ ဈာယတော-ဈာယန္တိယာ ဈာန်ဝင်စား၍နေသော။ မေ၊ သင့်မယ်တော်ကြီးဖြစ်သော အကျွန်ုပ်အား၊ သဗ္ဗေ၊ အလုံးစုံကုန်သော။ အာသဝါ၊ စီးသွန်ကျလျော၊ အာသဝေါတို့သည်။ ခီဏာ၊ မရှိလုံးလုံး၊ ကုန်ဆုံးကွယ်ပျောက် ကြွေလေကုန်ပြီ။ တိဿော ဝိဇ္ဇာ၊ အမြင်သုံးတန်၊ ဝိဇ္ဇာဉာဏ်တို့ကို။ အနုပ္ပတ္တာ၊ အစဉ်အတိုင်း ဆိုက်ရောက်ခဲ့လေပြီ။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ သာသနံ၊ အဆုံးအမ-ဟူသမျှကို။ ကတံ၊ လိုက်နာပြုကျင့်ခြင်းကိစ္စပြီးဆုံးခဲ့လေပြီ။

အို-ချစ်သားရဟန်းမြတ်၊ အယုတ်၊ အလတ်၊ အမြတ်၊ ကယ်လို့ ခေါ်ဆိုရတဲ့ သင်္ခါရတရားအလုံးစုံတို့၌ အနှမြူကလေးလောက်မျှ သာယာနှစ်သက်တဲ့ တဏှာခေတ်ဟာ မယ်တော်သန္တာန်မှာ မရှိတော့ဘူး။ မမေ့မလျော့ဘဲ ဈာန်တရားကိုသာ ဝင်စားလို့နေတဲ့ မယ်တော်သန္တာန်မှာ ကိလေသာ အာသဝေါ အလုံးစုံတို့လဲ အကုန် ကင်းရှင်းခဲ့ပေါ့။ ဝိဇ္ဇာဉာဏ်သုံးပါးကိုလဲ ထင်ရှားစွာ ပေါက်ရောက်ခဲ့ပြီ။ သာသနာတော်အတွင်းမှာ ပြုဘွယ်ရာကိစ္စ ပြီးဆုံး၍ လုံးလုံးကြီးထွက်မြောက်ခဲ့ပေါ့။ အဲ-သို့ကလို မိမိ၏ဂုဏ်ကျေးဇူးတွေကို ထုတ်ဘော်ပြီး သားတော်ရဟန်းအား မချန်မချွင်း ထင်လင်းစွာ မိန့်ကြား ဟောပြတော်မူတယ်။

မယ်တော်ကြီး၏ စကားကိုကြားတော့ သားတော် ရဟန်း၏ စိတ်ထဲမှာ အားတက်သရော ကြည်ညိုဖော်ထက်သန်စွာ ဖြစ်ပေါ်လာပြီး ''ဩော်-ငါ့မယ်တော်ကြီးဟာ ရဟန်းကိစ္စပြီး၍ အမြတ်ဆုံးခေါ်တဲ့ရဟန္တာအဖြစ်သို့ဆိုက်ရောက်တော်မူလေပြီ။ သားဖြစ်သူငါရဟန်းမှာကား ကျမ်းဂန်ပို့ချတဲ့ ဂန္ထဓုရအလုပ် တရားဟောဘဲ့မွေ့ကထိက အလုပ်တွေနှင့်သာ အချိန်အကုန်ကြီး ကုန်လာခဲ့ဟာပ။ ငါ စာတတ်တယ်၊ ငါ တရားဟောကောင်းတယ်၊ သည်လို အ

ဝင်မျိုးတွေနှင့်ကြွားဝါပြီး၊ မာန်မာနတံခွန်ကို ချွန်ချွန်ကြီးထောင်လို့နေခဲ့တယ်။ သည့်လိုနေထိုင်ခြင်းဟာဘာမျှအကျိုးမရှိပါဘဲကလား။ ကိလေသာအရှုပ်အထွေး ယုတ်မာတဲ့ အညစ်အကြေးတို့ကို မဆေးကြောမသုတ်သင်ရသမျှ ကာလပတ်လုံး ရဟန်းကိစ္စတုံးတာမျိုးမဟုတ်ပေဘူး။ ငါ့အပေါ်မှာ လွန်စွာသနားတော်မူလှသဖြင့် လိုရင်းဖြစ်တဲ့ ကိစ္စကိုမြန်မြန်ကြီး အားထုတ်ရလေအောင် နှင်တံကိုပြပြီး ဆုံးဘော်မူပေတယ်။ ယနေ့ကစပြီး တရားအလုပ်ကိုသာ အားထုတ်ကြိုးစားတော့မယ်။အချိန်ကုန်မခံတော့ပါဘူး'' အဲ-သို့ကလို ကြံစည်ဆင်ခြင်ပြီး မယ်တော်ကြီးထံမှအလျင်အမြန်ကျောင်းသို့ပြန်သွားပါရော။

ထိုနေ့မှာပင် နေ့စဉ်ပြုလုပ်မြဲဖြစ်တဲ့ စာပေချုမှု၊ တရားဟောမှု၊ တို့ကို မပြုမလုပ်တော့ဘဲ ဆိတ်ငြိမ်ရာဌာနမှာရှိတဲ့ ကမ္ဗဋ္ဌာန်းကျောင်းသို့ ခိုဝင်ကာ ဝိပဿနာဘာဝနာ အလုပ်ကို၊ အားထုတ်ကြိုးစားတော်မူလေရာ ဝိရိယနှင့်သမာဓိမျှတခြင်းရှိတဲ့ပြင် ပညာပါရမီဓါတ်ခံရင့်သန်ပြီး ပုဗ္ဗိုလ်ဖြစ်တဲ့အတိုင်း ဝိပဿနာဉာဏ်ဟုန်ဖြင့် အလုံးစုံသော ကိလေသာတို့ကိုပယ်ဖြတ်ပြီး မြင့်မြတ်တဲ့ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ရဟန္တာ ဖြစ်တော် မူပြီးတဲ့ အခါ ဝမ်းသာအားရ နှစ်သက်တော်မူလှသဖြင့် မိခင်ကြီး၏ဂုဏ်ကျေးဇူးကို ချီးကျူးခြင်းနှင့်တကွ မိမိ၏အကြောင်းတို့ကို ကောင်းစွာပြောကြားတော်မူလိုလှသည်နှင့်ကမ္ဗဋ္ဌာန်းကျောင်းမှဆင်းကာ မယ်တော်ကြီးအထံသို့ ကြွလာပြီး ဂါထာသုံးပုဒ်ကို သို့ကလိုကျူးရင့်တော်မူတယ်။

(၁) ဥဠာရံ ဝတ မေ မာတာ၊ ပတောဒံ သမဝဿရိ။
ပရမဿ သိတံ ဟိတ္တာ ဂါထာ၊ ယထာ ပိ အနုကမ္ပကာ။

(၇) မေ၊ အကျွန်ုပ်၏။ မာတာ၊ မယ်တော်ကြီးသည်။ ပတောဒံ၊ နှင်တံကို။ သမဝဿရိ၊ ပြကာပြကာ ဆုံးမတော်မူရှာပေသတည်း။ တံ၊ ထိုနှင်တံပြ၍ ဆုံးမတော်မူခြင်းသည်။ ဥဠာရံ ဝတ၊ အကျိုးဖြိ

စီး၍ အမှန်မြတ်ကြီးမှန်မြတ်ပေသည့်တကား။မာတာ ကျေးဇူးရှင် မယ်တော်ကြီးသည်။ယထာပိအနုကမ္ပိကာ၊သားအပေါ်မှာသနား ညှာတာသောအတိုင်း။ပရမဿသံဟိတာ၊အလွန်မှန်မြတ်သော အကျိုးစီးပွားနှင့်သက်ဆိုင်ကုန်သော။(ဝါ၊ရုပ်ဓါတ်,နာမ်ဓါတ်,ပရမတ်နှင့် သက်ဆိုင်ကုန်သော။) ဂါထာ တရားဒေသနာ မြတ်ဂါထာတို့ကို။ အဒေသေယိ၊ ကရုဏာပိုလွန်၍ ဟောညွှန်ဆုံးမသတည်း။

(ဂ) တဿာဟံဝစနံသုတွာ၊ အနုသိဋ္ဌံဇနေတ္တိယာ။
ဓမ္မသံဝေဂမာပါဒိံ၊ ယောဂက္ခေမဿပတ္တိယာ။

(ဂ) တဿာ ဇနေတ္တိယာ၊ ထိုကျေးဇူးရှင်မယ်တော်ကြီး၏။ အနုသိဋ္ဌံ၊ ဆုံးမချက်ဖြစ်သော။ ဝစနံ တရားစကားကို။ သုတွာ၊ ကြားနာရသည့်ရှိသော်။ အဟံ၊အကျွန်ုပ်သည်။ယောဂက္ခေမဿ၊ ယောဂလေးသွယ်၏ ပျောက်ကွယ်ကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်သို့။ ပတ္တိယာ၊ဆိုက်ရောက်ခြင်းအကျိုးငှါ။ ဓမ္မသံဝေဂံ၊တရားနှင့်ယှဉ်သောထိတ်လန့်ခြင်းသို့။ အပါဒိံ၊ ဆိုက်ရောက်ခဲ့ပါသတည်း။

(ဃ) သောဟံပဓါနပဟိတတ္တော ရတ္တိံဒိဝမတန္ဒိတော။
မာတရာစောဒိတောသန္တော၊ အဖုသိံသန္တိမုတ္တမံ။

(ဃ) တတော၊ ထိုတရားသံဝေဂကို ရရှိပြီးသောနောက်၌။ သော အဟံ၊ ထိုအကျွန်ုပ်သည်။ ပဓါနပဟိတတ္တော၊ကမ္မဋ္ဌာန်း အလုပ်ခွင်မှာစွန့်လွှတ်သောကိုယ်စိတ်ရှိသည်ဖြစ်၍။ရတ္တိံဒိဝံ၊နေ့ရော ညဉ့်ပါ။ အတန္ဒိတော၊ ပျင်းရိခြင်းမရှိဘဲ အားခဲ၍ ကြိုးစားလိုက် သည့်ရှိသော်။မာတရာ၊မယ်တော်ကြီးက၊ စောဒိတော-သန္တော၊ တိုက်တွန်းအပ်သောကြောင့်။ ဥတ္တမံ၊ အလွန်တရာ မှန်မြတ်စွာ သော။ သန္တိံ၊ ငြိမ်းရာအမှန်၊ နိဗ္ဗာန်ဓမ္မ၊ ကြုက်သုခကို။ အဖုသိံ၊ ကိုယ်တိုင်တွေ့ထိ၊ ရမိဆိုက်ရောက်ခဲ့ပါသတည်း။

ထိုဂါထာသုံးပုဒ်၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ။ အိုး-ကျေးဇူး ရှင်မိခင်ကြီး၊ နှင်းတံကိုပြ၍ ဆုံးမတော်မူသည်မှာ လွန်စွာမှန်မြတ်

လှပေစွ။ ရုပ်ဓါတ်, နာမ်ဓါတ်, ပရမတ်နှင့် ဆိုင်တဲ့ဂါထာတို့ကို သနားသဖြင့် ဟောကြားတော်မူသည်မှာ လွန်စွာအကျိုးရှိပေစွ။ မယ်တော်ကြီး၏ ဆုံးမချက်စကားကို ကြားနာရသဖြင့် နိဗ္ဗာန်သို့ ဆိုက်ရောက်ခြင်းငှါ ထိတ်လန့်ခြင်း သံဝေဂကို ရရှိခဲ့ပါတယ်။ မယ်တော်ကြီးက နှိုးဆော်တိုက်တွန်းအပ်တဲ့အတိုင်း နေ့ရောညဉ့် ပါမပျင်းမရိမှု၍ ကြိုးစားလိုက်တဲ့အတွက် ယခုအခါ မွန်မြတ်တဲ့ နိဗ္ဗာန်ချမ်းသာကို ဆိုက်ရောက်ခဲ့ပါပြီ။ ။အဲ-သို့ကလို ဆိုလိုရင်း ဖြစ်ပေတယ်။

ရဟန္တာအဖြစ်သို့ ဆိုက်ရောက်၍ ဝမ်းမြောက်ဝမ်းသာ ကြွလာမိန့်ကြားတဲ့သားတော်ရဟန်း၏စကားကို မယ်တော်ရဟန္တာမကြီးကြားတော့ အားရနှစ်သက်စွာနှင့် ငါ့သားရဟန်းကိစ္စပြီးဆုံး၍ အလုံးစုံသော ကိလေသာကို ပယ်ခွါ ဖြတ်တောက်လျက် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားပေါ့။အဲ-သို့ကလို မိန့်ဆိုမြွက်ကြားတော်မူတယ်။ မိခင်၏ ဆုံးမချက်ဟာ လွန်စွာ အကျိုးရှိတာပေါ့လေ။ သည့်လိုဆုံးမချက်မပေးဘဲ လျစ်လျူရှုကာနေခဲ့ပါလျှင် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်၊အချိန်အကုန်ခံပြီးနေမှာ အမှန်ဘဲ။ လျင်မြန်စွာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်မှာ မဟုတ်ဘူး၊ အကျိုးရှိစေလိုတဲ့ စေတနာဖြင့် ကရုဏာနှိုးဆော်တဲ့အတိုင်း နှင်တံကိုပြပြီး ခပ်ထက်ထက်ကလေး ဆုံးမတော် မူပေတယ်။ ရဟန္တာပုဂ္ဂိုလ်မကြီးက နှင်တံကိုပြ၍ ဆုံးမတယ်ဆိုတာ အလွန်ကြီးတဲ့ ကရုဏာပေပေါ့လေ။ နှင်တံဆိုတာလဲ တကယ် နှင်တံ မဟုတ်ဘူး။ သြဝါဒနှင်တံရယ်လို့ အဋ္ဌကထာဆရာကြီးက ဖွင့်ပြတော်မူပေတယ်။

ဤဝတ္ထုကို ထောက်ထားပြီး ကရုဏာတရားဖြင့် အကျိုးလိုလားတဲ့ ပုဂ္ဂိုလ်တို့၏ ဆုံးမချက်မှန်လျှင် မသွေမလှန် နာခံလိုက်နာလိုက်ကြပေသပေါ့။

သားရဟန်းတော်အရှင်မြတ်ကိလေသာကင်းပြတ်၍ ရဟန္တာအဖြစ်သို့ဆိုက်ရောက်တော်မူတဲ့အခါ မယ်တော်ကြီးကလဲ ရဟန္တာ

သားတော်မြတ်ကလဲ ရဟန္တာ လွန်စွာ တင့်တယ်တော် မူကြပေတာပေါ့၊ အဲ-ပြခဲ့ပြီးတဲ့ အတိုင်း ရဟန္တာ ဖြစ်တော်မူကြပြီးတဲ့ သားအမိနှစ်ပါးတို့သည် အသက်ဆုံးသည့်တိုင်အောင် သာသနာတော်နေ့ကို ရွက်ဆောင်တော် မူကြပြီးလျှင် ခန္ဓာဝန်ကိုပစ်ချ၍ စုတိတော်မူကြပြီးတဲ့အခါ ချမ်းသာတကာတို့၏ ထွန်းရွန်း, အလွန်မွန်မြတ်တဲ့ နိဗ္ဗာန်မှာ သားအမိနှစ်ပါး စံစားတော် မူကြရလေသတည်း။

ဝဍ္ဎမာတာထေရီဝတ္ထု ပြီး၏၊

နဝနိပါတ်ထေရီဘာသာပြန်ပြီး၏။

## ဒသနိပါတ်-ထေရီဘာသာပြန်

### (၁) ကိသာဂေါတမီထေရီဝတ္ထု

ပုထုဇန်သတ္တဝါအလုံးစုံတို့၊ ရှုမငြီးလှမ်းသော အာရုံအပေါင်းတို့ဖြင့် ကောင်းမွန် တင့်တယ်သည့်ထင်အောင် ဟန်ဆောင်ချယ်လှယ်၍ထားအပ်သဖြင့် အပြင်ဗန်းက တင့်တယ်သော်လဲ အတွင်းသန္တာန်မှာ ဉာဏ်ဖြင့်ဆင်ခြင်တဲ့အခါ တစုံတရာမျှ မတင့်တယ်၊ စက်ဆုပ်ကြောက်လန့်ဘွယ်အလွန်ကောင်း၍ ဘေးဒုက္ခအပေါင်းတို့၏စုဝေးရာ မဟာဝဋ်ဘုံ ကရွတ်မြူကြီးဟုဆိုအပ်သော သံသရာဂယက်အဖွဲ့မှ ထွက်မပေါက်ဆိုတဲ့ ဇာတ်အကြံနှင့် နိဗ္ဗာန်ကိုရှုယ်ချောင်းလျက် ပါရမီကုသိုလ် ဒါနပေါင်းတို့ကို ကောင်းစွာဖြည့်ဆည်းပူးလေ့ရှိတဲ့ အမျိုးသမီးကလေးတယောက်သည် ရှေးလွန်ခဲ့တဲ့ကမ္ဘာတသိန်းအခါ ပဒုမုတ္တရဘုရားထင်ရှားပွင့်တော်မူသည့်တွင် ဟံသာဝတီ နေပြည်တော်ကြီး အတွင်းမှာ သာသနာတော်နှင့်ကြုံကြိုက်ပြီး ထိုက်ထိုက်တန်တန် ပညာဉာဏ်နှင့်ပြည့်စုံတဲ့ အအမျိုးကောင်းသမီးကလေးဖြစ်လာတယ်။

အချိန်အရွယ်သို့ရောက်တဲ့အခါကစပြီး ရတနာသုံးပါးဦးထိပ်ထားလျက် တရားဝါသနာ အထုံပါခဲ့တဲ့အတိုင်း မကြာမကြာ ကျောင်းတော်သို့သွားပြီး တရားနာလေ့ရှိတယ်။တနေ့သောအခါ တရားနာ သွားရောက် လေသည့်တွင် ပဒုမုတ္တရ ရှင်တော်မြတ်ဘုရားသည် ဘိက္ခုနီမတပါးအားခေါင်းပါးရှိန္တမ်းတဲ့ သက်နိုးကို ဆောင်ရာတွင် ဇေတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပုံကို တွေ့ကြုံဖူးမြင်ခဲ့ရတယ်။

ထိုအခါ အမျိုးသမီးအလိမ္မာမကလေးသည် ထိုဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသောဘိက္ခုနီမကလေးကဲ့သို့ နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ လက်ထက်တော်အခါ မိမိကိုယ်တိုင် ဤနည်းအတိုင်း ဖြစ်လိုသော ဆန္ဒရှိသည်နှင့် တရားနာရာမှ အိမ်သို့ ပြန်ရောက်လာတဲ့အခါ မိမိဥစ္စာနိုင်သမျှ ဒါနပွဲသဘင်ကို ဆင်ယင်ကျင်းပလိုသည်နှင့် အသူမဏ္ဍပ်ကြီး တဆောင်ကို တင့်တယ်ဆန်းကြယ်အောင် စီမံဆောက်လုပ်တယ်။

အသူမဏ္ဍပ်ကြီးပြီးတော့ သူဘွယ်ဝတ္ထု အမျိုးမျိုးကို စီရင်၍ သံဃာတော်အများနှင့်တကွ ဘုရားရှင်ကိုပင့်ဆောင်ပြီး လှူဒါန်း ပူဇော်မှုကို ပြုလုပ်တယ်။ လှူဒါန်း ပူဇော်ပြီးတဲ့ အခါ ဘုရားရှင် ထံပါးသို့ ဝပ်တွားချဉ်းကပ်ပြီး။ ''ဘုန်းတော်ကြီးလှသောရှင်ပင် မြတ်ဘုရား၊ ဤဒါနစေတနာကြောင့် နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့လက်ထက်တော်မှာ ခေါင်းပါးရှိန္တမ်းတဲ့ သင်္ကန်းကို ဆောင်ရာတွင် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းကို ခံရပါလိုရဲ့ ဘုရား'' အဲ-သို့ကလိုလျှောက်ထားကာ ဆုတောင်းပဏ္ဍနာမှုကို ပြုလိုက်တယ်။

ထိုအခါ ပဒုမုတ္တရရှင်တော်မြတ်ဘုရားက အနာဂတံသဉာဏ်တော်ဖြင့် ရှုမြော်ဆင်ခြင်ပြီး၊ ''အို-ချစ်သမီး၊ သင်ဆုတောင်းတဲ့ အတိုင်းပြည့်စုံလတ္တံ့။ နောင်ကမ္ဘာတသိန်းလွန်လေသော် လောက သုံးပါး၌ ဂေါတမဘုရား ထင်ရှားပွင့် တော်မူလိမ့်မယ်။ ထိုအခါ သင်ချစ်သမီးသည် ကိသာဂေါတမီဟူသောအမည်ဖြင့် ထေရီမတ

ပါးထင်ရှားစွာဖြစ်ပြီးလျှင် သင်တောင့်ဘတဲ့ဇေတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရလိမ့်မယ်'' လို့ဗျာဒိတ်စကားမိန့်ကြားတော်မူတယ်။

သည်ဗျာဒိတ်စကားကိုကြားရတော့အတိုင်းထက်အလွန် ဝိတိပွန်သောစေတနာဖြင့် လှူနိစွာဝမ်းမြောက်ခြင်းဖြစ်ပြီး ထိုနေ့ကစ၍ အသက်ဆုံးသည့်တိုင်အောင် ရှင်တော်ဘုရားကို ဝပ်ကွားဆီးကပ်လျက် လေးလေးမြတ်မြတ် ပူဇော်လုပ်ကျွေးပြီးလျှင်၊ ကုသိုလ်တရားတို့ကိုစွမ်းအားရှိသမျှ ဖြည့်ဆည်းပူးလို့နေတယ်။ အသက်တမ်းကုန်ရှိရတော့သွားတဲ့အခါ တာဝတိံသာနတ်ပြည်မှာ ကြီးကျယ်မြင့်မြတ်တဲ့နတ်ချမ်းသာတို့ကို ခံစား, စံစား, ရတယ်။
(ထေရီအပဒါန်ပါဠိတော်များကို ထုတ်ဆောင်၍ ပြပါဦးမည်။)

(က) ပဒုမုတ္တရော နာမဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
ဣတော သတသဟဿမှိ၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော။

(က) ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ သတသဟဿမှိ၊ ကပ္ပေ။ ရှေးလွန်လေပြီးသောကမ္ဘာတသိန်းထက်၌။ သဗ္ဗဓမ္မာန ပါရဂူ၊ တရားအလုံးစုံကို၊ အကုန်တွင်းဘောက်၊ တဘက်ကမ်းသို့ ရောက်တော်မူပြီးထသော။ နာယကော၊ လူ, နတ်, ဗြဟ္မာ၊ သတ္တဝါတို့၏ ရှေ့ဆောင် လမ်းညွှန်ကြီးလည်း ဖြစ်တော်မူပေထသော၊ ပဒုမုတ္တရော နာမ၊ ပဒုမုတ္တရဟုအမည်ရှိသော။ ဇိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားရှင်သည်။ ဥပ္ပဇ္ဇိ၊ တိုက်သုံးဘုံ နယ်တလွှားမှာ၊ အထင်အရှားဖြစ်တော်မူခဲ့လေသတည်း။

(ခ) တဒါဟံ ဟံသဝတိယံ၊ ဇာတာအညတရေ ကုလေ။
ဥပေတွာတံ နရဝရံ၊ သရဏံ သမုပါဂမိံ။

(ခ) တဒါ၊ ထိုပဒုမုတ္တရဘုရားထင်ရှားပွင့်တော်မူသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဟံသဝတိယံ၊ ဟံသာဝတီနေပြည်တော်ကြီး၌။ အညတရေ ကုလေ၊ မထင်ရှားသောအမျိုးတချ၌။ ဇာတာ၊ ကံအားလျော်စွာ ဖြစ်ပွါး၍လာခဲ့ပါသတည်း။ တဒါ၊ ထိုအခါ၌။ အဟံ၊

အကျွန်ုပ်သည်။ တံနရဝရံ ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ ဥပေတွာ၊ လေးလေးမြတ်မြတ်၊ ဆည်းကပ်ခစားပြီးသော်။ သရဏံ ကိုးကွယ်ရာဟူ၍၊ သရဏဂမိ၊ သရဏဂုံသဘောအားဖြင့်၊ ဝပ် တွားဆည်းကပ်ခဲ့ပါသတည်း။

(ဂ) ဓမ္မဉ္စတဿအသေသံ၊ စတုသစ္စပ္ပကာသိတံ။
မဓုရံ ပရမဿာဒံ၊ စိတ္တသန္တိ သုခါဝဟံ။

(ဂ) တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ တဿ၊ ထိုရှင် တော်မြတ်ဘုရား၏၊ ဒေသိတံ၊ ဟောကြားတော်မူအပ်သော။ မဓုရံ၊ နားစည်းစိမ်ဖြင့်ချိုမြိန်သာယာလှစွာသော။ ပရမဿာဒံ၊ အလွန်အ ရသာထူးနှစ်သက်ဘွယ်ရှိသော။ စိတ္တသန္တိ သုခါဝဟံ၊ ငြိမ်သက် လှစွာ၊ စိတ်ချမ်းသာကို၊ ကောင်းစွာဆောင်ပေထသော။ စတုသစ္စ ပကာသိတံ သစ္စာလေးပါးနှင့် စပ်ဆိုင်သော။ ဓမ္မဉ္စ၊ တရားတော် မြတ်ကိုလည်း။ အသေသံ၊ နှစ်မြိုက် ရိုသေစွာ ကြားနာခဲ့ပါ သတည်း။

(ဃ) တဒါစဘိက္ခုနီ ဝိရော၊ လူခစီဝရခါရိနိံ။
ဌပေန္တော ဧတဒဂ္ဂမှိ၊ ဝဏ္ဏဿ ပုရိသုတ္တမော။

(ဃ) တဒါစ ထိုအခါ၌မူကား။ ပုရိသုတ္တမော၊ ယောကျ်ား မြတ်ဖြစ်တော်မူပေထသော။ ဝိရော၊ ရဲရင့်ထက်သန်၊ နိဗ္ဗာန်သခင်၊ ဘုရားရှင်သည်။ လူခ စီဝရခါရိနိံ၊ ခေါင်းပါးရှိနှမ်းသော သင်္ကန်း ကို ဆောင်လေ့ရှိပေထသော။ ဘိက္ခုနိံ၊ ရဟန္တာမ တပါးကို။ ဧတဒဂ္ဂမှိ၊ ဧတဒဂ်ဘွဲ့ထူး၌။ ဌပေန္တော၊ တင်ထား မြှောက်စား တော်မူလျက်။ ဝဏ္ဏဿ၊ ပရိသတ်အလယ်တွင်၊ ဘွယ်ဘွယ်ရာရာ၊ ချီးမွမ်းတော်မူလေသတည်း။

(င) ဇာခနတ္တာနပ္ပကံပိတိံ၊ သုတ္တွာဘိက္ခုနိယာဂုဏံ။
ကာရံ ကတွာန ဗုဒ္ဓဿ၊ ယထာသတ္တိ ယထာဗလံ။

(စ) နိပစ္စ မုနိဝိရံတံ၊ တံဌာနံ မဘိပတ္ထယိံ။
တဒါ နုမောဒိ သမ္ဗုဒ္ဓေါ၊ ဌာနလာ ဘာယနာယကော

(င-စ) ဘိက္ခုနီယာ တေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသောဘိက္ခုနီမ၏။ ဂုဏ်၊ ဂုဏ်ကျေးဇူးစကားကို။ သုတွာ၊ ကြားနာရသည့်ရှိသော်၊ အနပ္ပကံ၊ အတိုင်းမသိ၊ များဘိလွှမ်းခြုံ၊ ကိုယ်လုံးလုံးသော။ ပီတိံ၊ နှစ်သက်ခြင်းပီတိကို။ ဇနေတွာန၊ ဖြစ်ပွါးစေလျက်။ ယထာသတ္တိ၊ အစွမ်းရှိသမျှ။ ယထာဗလံ၊ ခွန်အားရှိသမျှ။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရားအား။ ကာရံ၊ ပြုဘွယ်ကိစ္စလှူဒါနကို။ ကတွါန၊ ပြုလုပ်ဆောင်ရွက်၍။ တံမုနိမ်၊ ထိုရှင်တော်မြတ်ဘုရားကို။ နိပစ္စ၊ ရှိသေဝပ်တွား ခစားဦးခိုက်လျက်။ တံဌာနံ၊ ထိုတေဒဂ်ရာထူးကို။ အဘိပတ္ထယိံ၊ ဆုတောင်းခဲ့ပါသကည်း။ တဒါ ထိုဆုတောင်းမှုကို ပြုလုပ်သောအခါ၌။ နာယကော၊ လူသုံးပါးတို့၏ရှေ့သွားခေါင်းဆောင်ကြီးဖြစ်တော်မူပေသော။ သမ္ဗုဒ္ဓေါ၊ ပဒုမုတ္တရရှင်တော်မြတ်ဘုရားသည်။ ဌာနလာဘာယ၊ တေဒဂ်ရာထူးကိုရစိမ့်သော ငှါ။ အနုမောဒိ၊ ဝမ်းမြောက်ဝမ်းသာ ဗျာဒိတ်စကား မိန့်ကြားတော်မူလေသတည်း။

(ဆ) သတသဟဿေဣတော ကပ္ပေ၊ ဩက္ကာကကုလသမ္ဘဝေါ။
ဂေါတမော နာမ နာမေန၊ သတ္ထာ လောကေ ဘဝိဿတိ။

(ဤဂါထာ၏အနက်ကို အကြိမ်ကြိမ် ပြဆိုခဲ့ပြီးဖြစ်၍ ဘော်ပြရေးသားရန်မလိုတော့ပေ။)

(ဇ) တဿ ဓမ္မေသု ဒါယာဒါ၊ ဩရသာ ဓမ္မနိမ္မိတာ။
ကိသာဂေါတမီ နာမေန၊ ဟေဿသိ သတ္ထုသာဝိကာ။

(ဇ) တဿ၊ ထိုဂေါတမ ဘုရားရှင်၏။ ဓမ္မေသု၊ တရားဘဏ္ဍာ ရတနာတို့၌။ ဒါယာဒါ၊ အမွေခံဖြစ်ပေသော။ ဓမ္မနိမ္မိတာ၊ တရားဖြင့် ဖန်ဆင်းအပ်သည်ဖြစ်၍။ ဩရသာ၊ ရင်ခွင်တော်နှစ်၊ သွေးချစ်မှန်ပေသော။ နာမေန၊ အမည်အားဖြင့်၊ ကိသာဂေါတမီ၊ ကိသာဂေါတမီ အမည်ရှိသော သတ္ထုသာဝိကာ၊ ဘုရားရှင်၏ တပည့်မအမြတ်ကြီးသည်။ ဟေဿသိ၊ မချွတ်ဧကန်အမှန်စင်စစ်၊ ဖြစ်လတ္တံ့သည်သာတည်း။

(၅၂) တံသုတ္ဝာ မုဒိတာ ဟုတွာ၊ ယာဝဇီဝံ ကာဒါ^{ဒ} နံ၊
မေတ္တစိတ္တာ ပရိစရိံ၊ ပဌ္ဌယေဟိ ဝိနာယကံ။

(၅၂) တဒါ ထိုရောအခါ၌၊ အပဟံ၊ အကျွန်ုပ်သည်၊ တံ၊ ထိုဗျာဒိတ်တော်စကားကို၊ သုတွာ၊ ကြားနာရသည်ရှိသော်၊ မုဒိတာဟုတွာ၊ ဝမ်းမြောက်အားရ၊ နှစ်သက်လှသည်ဖြစ်၍၊ ဝိနာယကံ၊ သတ္တဝါတဝေးကိုယဉ်ကျေးအောင်ဆုံးမတော်မူပေတတ်သော။ ဇိနံ၊ ရှင်တော်မြတ်ဘုရားကို၊ ယာဝဇီဝံ၊ အသက်ရှည်သမျှကာလပတ်လုံး။ (-အသက်ဆုံးသည့်တိုင်အောင်) ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်၊ မေတ္တစိတ္တာ၊ ကြည်ဖြူခင်မင်သောစိတ်သည်ဖြစ်၍၊ ပရိစရိံ၊ ပြုစုလုပ်ကျွေးလျက် ကုသိုလ်ရေးဆောင်ရွက်ခဲ့ပါသတည်း။

ကဿပဘုရားရှင်လက်ထက်တော်သို့
ဆိုက်ရောက်လာခြင်း

အဲ-ပြခဲ့ပြီးတဲ့အတိုင်း၊ ပဒုမုတ္တရရှင်တော်ဘုရား လက်ထက်တော်က ဗျာဒိတ်အထူးရလာခဲ့တဲ့အမျိုးသမီး ကလေးသည်၊ ကြိမ်ဘန်များစွာ သုဂတိသံသရာတို့၌ ချမ်းသာစွာကျင်လည်ခဲ့ရပြီးတဲ့နောက်၊ ယခုဘဒ္ဒကပ်ကမ္ဘာသို့ရောက်တော့၊ ကဿပဘုရားရှင်ပွင့်တော်မူတဲ့အခါ၊ ကိကီမင်းကြီး၏ သမီးတော် ဖြစ်လာတယ်၊ ဗာရာဏသီပြည့်ရှင် ဘုရင်ကိကီမင်းကြီးဟာလဲ၊ ဘုရားရှင်ကိုအမြဲသည်းကပ်၍ ခြင့်မြတ်တဲ့အလှူအကျွေးကြီး ဖြစ်ပေတယ်။

ကိကီမင်းကြီးဟာသမီးတော်ခုနစ်ပါး ဘွားမြင်ခဲ့ရာ၊ ကိသာဂေါတမီ၏ လောင်းကတော့ပဥ္စမမြောက်သမီးတော်ကြီးဖြစ်ပေတယ် အမည်မှာတော့-မယ်ခမ္မာတဲ့။ အဲ-ဤကဲ့သို့ ကိကီမင်းကြီး၏သမီးတော်ဖြစ်စဉ်အခါ အသိမ္မာဂုဏ်နှင့်ပြည့်စုံတဲ့အတိုင်း ရတနာသုံးပါးကိုကိုးကွယ်ကာစေတနာသဒ္ဓါတရားထက်ထက်နှင့်၊ ကုသိုလ်ကောင်းမှုအကျိုးမှာသာ အားထက်သရောကြိုးစားလို့နေခဲ့ဘယ်။

ထိုစဉ်အခါ သာသနာတော်ကိုကြည့်ညိုလှသဖြင့် လူဘောင်မှာမပျော်မွေ့ဘဲ၊ငြီးငွေ့သမှုရဟန်းပြုလိုတဲ့အကြောင်းနှင့်၊ခမည်း

တော်ဘုရားကြီးအထံမှာ၊အခွင့်တောင်းပါသေ်လဲ၊ ခမည်းတော်ဘုရားကြီးက၊ ''ငါ့သို့တော်များ ရဟန်းပြုခြင်းကိုခွင့်မပြုနိုင်ဘူး။ လူတို့ဘောင်မှာ လူဝတ်ကြောင်နှင့်သာ၊ ကုသိုလ်တရားပွားများအားထုတ်လို့နေကြပါ။'' အဲ-သို့ကလိုအမိန့်ရှိတဲ့အတွက်၊ သို့တော်များမှာ၊ ရဟန်းပြုခွင့်ကိုမရရှာကြဘူး။

ရဟန်းမပြုရတဲ့အတွက်၊ အသက်ဆုံးသည့်တိုင်အောင်၊ အမျိုးပယ်မှုနှင့် ပြုပြုစင်စင်နေကြရန် ဆုံးဖြတ်ပြီး။ 'ကောမာရီဗြဟ္မစရိယ''အကျင့်မြတ်ကိုသာ၊ကျင့်သုံးဆောက်တည်ကာနေကြတယ်။ မိန်းမတို့မှာရဟန်းပြုခွင့်ကိုမရခဲ့ပါလျှင် ချစ်သူခင်သူလင်မယူဘဲ။ ပယ်ဖြူစင်စင် အမျိုးအဖြစ်နှင့် အသက်ဆုံးအောင်နေထိုင်ခြင်းဆိုတဲ့ကောမာရီဗြဟ္မစရိယအကျင့်ကို ကျင့်နေခြင်းဟာ အမြတ်ဆုံးပေါ့၊အမျိုးသို့များဟာ တကယ်လို့စွမ်းနိုင်ကြပါလျှင် ကာမဂုဏ်ခုတ်၊ အာသာကိုရှင်းရှင်းဖြတ်ပြီး မြင့်မြတ်တဲ့ စိတ်သဘောနှင့် ကောမာရီဗြဟ္မစရိယခေါ်တဲ့အကျင့်မျိုးကို၊ လုံလုံမြဲမြဲနှင့် အစွမ်းကုန်လွှတ်၍ကျင့်သင့်ကြပေတယ်။

မဟ္မာအမည်ရှိတဲ့မင်းသို့သည်၊ အသက်ဆုံးသည့်တိုင်အောင် အကျင့်မြတ်ကို ရှက်ဆောင်ပြီး လူ့ဘောင်၌တည်နေကာ ကာမဂုဏ်နှင့်ဆိုင်တဲ့အလုပ်ပို၊ လောကီရေးနှင့်ဆိုင်တဲ့အလုပ်ပိုများကိုရှောင်ရှား ဖြတ်ပယ်လျက်၊ တကာ ကိုယ်ရေး အစစ်ဖြစ်တဲ့ကုသိုလ်အလုပ်များကို အားထုတ်ကြိုးစား၍ နေထိုင်ခဲ့လေရာ၊ သက်တမ်းကြွေလို့ စုတေသွားတော့၊ တာဝတိံသာနတ်ပြည်မှာကြီးကျယ်မြင့်မြတ်တဲ့ နတ်ချမ်းသာတို့ကို စံစားရတယ်။

## အခန်းဘာသွင်းနောက်လာခြင်း။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ကဿပဘုရားရှင် လက်ထက်တော်ကစ၍၊ ဂေါတမဘုရားထင်ရှားပွင့်သည့်တိုင်အောင်၊လူ့ပြည်နတ်ရပ်မြင့်မြတ်သောသုဂတိသံသရာတွင်၌၊ချမ်းသာစွာကျင်လည်ခဲ့ပြီးတဲ့နောက် အဆုံးဘဝသို့ရောက်တော့၊ သာဝတ္ထိပြည်မှာချမ်းသာ

ကြွယ်ဝတဲ့ သူဌေးမျိုးနွယ်ဖြစ်ပွား၍ လာတယ်။ ထိုသူဌေးမျိုး၏ အနွယ်မှာ ''ဂေါတမအနွယ်' ဖြစ်တဲ့အတိုင်း အမျိုးအနွယ်၏အမည်ကိုယူပြီး ''ဂေါတမီ' ရယ်လို့ အမည်ပေးကြတယ်။ ထိုနောက် ထိုသတိုးသမီးကလေးရဲ့ ကိုယ်နေကိုယ်ဟန် ပုံပန်းသဏ္ဍာန်က ပိန်ကြုံလို့နေတဲ့အတွက်''ကိသာဂေါတမီ'' ရယ်လို့ ခေါ်ဝေါ်ကြပြန်တယ် မြန်မာလိုပြန်ဆိုပါလျှင် ' ဂေါတမီပိန်''ရယ်လို့ ခေါ်ဆိုကြရမှာပေါ့လေ။

ယခုဘုရားရှင်၏လက်ထက်တော်မှာ ဂေါတမီအမည်နှင့် ထင်ရှားကျော်စောခဲ့တဲ့ ပုဂ္ဂိုလ်သုံးဦးရှိခဲ့တယ်။ ဘုရားရှင် တောထွက်တော်မူခါနီးအခါ ဂါထာကျူးရင့်ဘဲ့ နှမတော်ဂေါတမီဟာဦး၊မိထွေးတော်ဂေါတမီတဦး၊ကိသာဂေါတမီတဦး သည်ပုဂ္ဂိုလ်သုံးဦးပေပေါ့။

အဲ-ပြဆိုခဲ့ပြီးဘဲ့အတိုင်း ကိသာဂေါတမီ အမည်ရှိတဲ့ သတို့သမီးကလေးသည် အစဉ်အတိုင်း ကြီးပွား၍လာခဲ့ရာ၊ အပျိုပေါက်ကလေးအဖြစ်သို့ရောက်တော့။ မိဘတို့မှာ ပစ္စည်းဥစ္စာ ကုန်ခန်းသဖြင့် ပင်ပန်းဆင်းရဲ ခြင်းသို့ရောက်သွားတယ်။မိဘတို့ပျက်စီးတော့ သွီး ကလေးမှာလဲ မျက်နှာငယ်ငယ်နှင့် ဆင်းရဲနွမ်းပါး ခြင်းသို့ ရောက်သွားရတာပေါ့။ အလွန်အရေးကြီးဘဲ့ အပျိုကလေးအရွယ်မှာ ပစ္စည်းဥစ္စာကင်းခဲ့ပြီး အခင်အား ... နှင့် ဆင်းရဲရတယ်ဆိုတာ လွန်စွာသိမ်ငယ်၍ ရှက်စဘွယ်အလွန်ကောင်းတာပေါ့။

ပစ္စည်းဥစ္စာပျက်ပြား၍ ဆင်းရဲနွမ်းပါးနေဘဲ့အခါ မိဘနှစ်ပါးကလဲ သက်ကြီးရွယ်ရင့်ဖြစ်ပြီးလုပ်ကိုင်ကြံစည်နိုင်တဲ့အစွမ်းသတ္တိမရှိကြသဖြင့်။ ကိသာဂေါတမီကိုယ်တိုင် လုပ်ကိုင် ရှာဘွေလို့ကျွေးမွေးရှာတယ်။ မူလကပိန်ကြုံနွမ်းလျှ၍ အားနဲ့နေတာပါကို ပင်ပန်းတဲ့ အလုပ်အကိုင်တွေကို လုပ်ရပြန်တယ် ဆိုပြန်တော့ ဘယ်မှာ ပြောဘွယ်ရာရှိတော့မလဲ။ တနေ့ထက်တနေ့ တရွေ့ရွေ့ပိန်ပိန်သွားတော့တာပေါ့။မူရင်းဇာတိကသူဌေးသမီးပင်ဖြစ်ပါသော်လဲ ဆင်းရဲနွမ်းပါးခြင်းဆိုဘဲ့ ဒုက္ခအရပ်ရပ်က မပြတ်မ

ပြတ်နှိပ်စက်ခြင်းခံနေရတော့ ရုပ်ဆင်းရောင်ဝါများဟာလဲ ဘယ်မှာတင့်တယ် နိုင်ပါတော့မလဲ မဲမဲခြောက်ခြောက်နှင့် ကောက်တောက်တောက်, လိမ်တိမ်တိမ်,ကလေးဖြစ်နေရှာတာပေါ့။

မိန်းမတို့ကိုယ်ပိုင်ဥစ္စာဟာရုပ်ဆင်းရောင်ဝါဟူ၍ဆိုအပ်သော အတိုင်း၊ဆင်းရဲပင်ပန်း၍ မရွှင်မလန်းဖြစ်ပြီးနဂိုရုပ်တွေပျက်စီးနေ တဲ့အတွက် အမျိုးကောင်း အပျိုစင်ကလေးပင် ဖြစ်သော်လဲ လု လင်ပျိုယောကျ်ားအသင်းက ချစ်ကြိုက်တဲ့စာရင်းများမှာ မသွင်း နိုင်ကြဘဲ အဘက်မလုပ်ပယ်ထုတ်ထားကြတာပေါ့။ ပစ္စည်းကလဲ မရှိ အရုပ်အဆင်းကလဲမရှိ၊ တစုံတခုမျှဂုဏ်ပကာသနမရှိသဖြင့် လူ့ဘုံဘောင်တွင် လူရာဝင်တဲ့အခြေသို့မရောက်နိုင်ရှာဘူး။ အဆုံး ဘဝမှာ သို့ကလောက် ငြိုငြင်ဆင်းရဲရတာ လွန်စွာ သနားဘို့ ကောင်းတာပေါ့။

### သူဌေးတဦး၏ထူးဆန်းသောဖြစ်ပျက်ပုံများ

ထိုစဉ်အခါ သာဝတ္ထိနေပြည်တော်ကြီးအတွင်းမှာ ကုဋေ့လေး ဆယ်ကြွယ်ဝတဲ့ သူဌေးတဦးရှိတယ်။ တနေ့သောအခါ ကံအ ကြောင်း အခွင့်မသာသဖြင့် မိမိအိမ်မှာစုဆောင်းထားတဲ့ ကုဋေ ပေါင်း လေးဆယ်ဘိုသည့် ရွှေ,ငွေ,သဘောမှ ရွေ့လျောပြီး ‘‘မီး သွေး’’တွေဖြစ်ကုန်ပါရောတဲ့။ ဘောင်ပြန်ပြောင်းလဲခြင်းဆိုတဲ့ သ ဘောဟာ လွန်စွာမှန်ဘာကလား‘‘ကမ္မဝိပါကောအစိန္တေယျော’’ ဆိုတဲ့အတိုင်း၊ လူ့ဘုံ၏ ကံအကျိုး ပေးပုံများကိုလဲ မကြံနိုင် စဘွယ် အလွန်တရာဆန်းကျယ်လှပေတယ်။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ကုဋေ လေးဆယ်ဖြစ်တဲ့ ရွှေ, ငွေ, အသပြာဘိုသည့် မီးသွေးအဖြစ်သို့ ရောက်ကုန်တာကိုမြင်ရတော့ သူဌေးကြီးမှာ အလွန်စိတ်မချမ်းမသာဖြစ်ပြီး မစားနိုင်,မသောက် နိုင် တမှိုင်မှိုင်တတွေးတွေးနှင့် ညောင်စောင်းပေါ်မှာခွေပြီး အိပ်လို့ သာနေရှာတော့တာဘဲတဲ့၊ သို့ကလောက်များပြားတဲ့ ပစ္စည်းတွေ မီးသွေး ဖြစ်ကုန်တယ်ဆိုတော့ ဘယ်မှာ စိတ်ချမ်းသာခွင့်ကိုရနိုင်

ပါတော့မလဲ၊ ပစ္စည်းရှင်သူဌေးကြီးက စိတ်နှလုံးခိုင်ခန့်ပေလို့သာ မသေဘဲ, မရူးဘဲ,အသက်ရှင်ကာနေနိုင်တယ်။ စိတ်မခိုင်ဘူးဆိုခဲ့ ပါလျှင် ''မသေလျှင်ရူး, မရူးလျှင်သေ'' ဆိုတဲ့ အခြေအနေသို့ ဆိုက်ရောက်သွားမှာအမှန်ပေါ့။

ပစ္စည်းပျက်တဲ့ သူဌေးကြီး ညောင်စောင်းပေါ်မှာခွေပြီး မှိုင်တွေချကာ လျောင်းစက်နေတဲ့အခါ မိတ်ဆွေသူဌေးတဦးဆိုက်ရောက်လာတယ်။ ထိုအခါဆိုက်ရောက်လာတဲ့ မိတ်ဆွေက မချမ်းမသာတဲ့အမူအရာကိုမြင်တော့ ဖြစ်ရပုံအကြောင်းကို သိလိုရေးနှင့် မေးမြန်းတဲ့အခါ၊ပစ္စည်းပျက်တဲ့သူဌေးကြီးက အကြောင်းအလုံးစုံကို အကုန်ပြန်ပြောတယ်။ သည်စကားကိုကြားရတော့ ဆိုက်ရောက်လာတဲ့မိတ်ဆွေ၏စိတ်ထဲမှာ သည်လိုကြံစည် တွေးတောမိသတဲ့။ ကုဋေလေးဆယ်မျှရှိတဲ့ ရွှေ, ငွေ, အသပြာတွေဟာ မီးသွေးဖြစ်ကုန်တယ်ဆိုတာ လွန်စွာထူးဆန်းတာဘဲ။ရွှေ,ငွေ,ဓာတ်မှ ပကတိသဘောသို့ရောက်ပြီး မီးသွေးဖြစ်ကုန်တယ်ဆိုတာ အစဉ်ထာဝရ ဖြစ်ခဲ့လာသည့်ဓာတ်မရှိဘူး။ သည်ပစ္စည်းတွေက ခေတ္တခဏ မီးသွေး သဘောအားဖြင့် ဘောက်ပြန်ပြီး ဘုန်းကံကြီးမားတဲ့ သူတယောက် ကိုလာရောက်စေရန် မျှော်လင့်နေကြတဲ့လက္ခဏာဘဲ ထင်တယ်။ ပစ္စည်းဥစ္စာကို စောင့်ရှောက်လေ့ရှိကြတဲ့ နတ်အပေါင်းတို့က မိမိတို့တန်ခိုးဖြင့် မီးသွေးဖြစ်အောင် ဖန်ဆင်းထားကြတယ်လို့ လဲထင်မြင်ထိုက်ပေတယ်။ ဒဲ-သို့ကလို အတွေးဉာဏ်ပေါ်ပေါက် လာသတဲ့။ အတွေးအတော အဆင်ခြင်ဉာဏ် ထက်သန် ကောင်း မြတ်တဲ့မိတ်ဆွေကြီးပေပေါ့။

ဒဲ-သို့ကလိုအကြံဖြစ်ပြီးတဲ့နောက် ပစ္စည်းပျက်တဲ့သူဌေးကြီး အား အကြံဉာဏ် သို့ကလိုပေးလိုက်တယ်။ အို-မိတ်ဆွေသူဌေး၊ ခမိုးရိမ်ပါနှင့် သည်မီးသွေးတွေကို ရွှေ,ငွေ,ပြန်ဖြစ်အောင် ကျုပ်ဉာဏ်ဖြင့် ရှက်ဆောင်လို့ပေးပါမယ်။ သည်မီးသွေးတွေကို ဈေး အတွင်းမှာ ဖျာခင်း၍ပုံထားပြီး မီးသွေးရောင်းတဲ့အလား ပြိမ် သက်စွာ ထိုင်နေပါ။ ဈေးဝယ်လာတဲ့ သူများက မီးသွေးတွေ

ရောင်းနေသလားလို့ မေးခဲ့ပါလျှင်၊ စကားများစွာပြန်၍မပြောဘဲ ကိုယ်ပိုင်တဲ့ ပစ္စည်းတွေကို ရောင်းနေတယ်လို့သာ ပြောလိုက်ပေတော့။ ဘုန်းကံရှိဘဲ့သူ လာရောက်၍ ဈေးအတွင်းမှာ ရွှေဆိုင်, ငွေဆိုင်, ခင်းပြီးရောင်းနေသလားလို့ မေးခဲ့ပါလျှင် ထိုသူကိုလက်မလွှတ်ပါနှင့်။ ထိုသူကိုယ်တိုင် မီးသွေးတွေကို အကိုင်ခိုင်းပါ။ ထိုသူကိုင်သည့်နှင့်တပြိုင်နက် မီးသွေးတွေပျောက်ပြီး ပကတိ ရွှေ, ငွေ,အဖြစ်သို့ ရောက်ကုန်ပါလိမ့်မယ်။ ထိုသူဟာဘုန်းရှင်,ကံရှင်, ပစ္စည်းရှင်, ဖြစ်ထိုက်ဘဲ့သူပေပေါ့၊ ယောက်ျားဖြစ်ခဲ့ပါလျှင်၊ သင်သုံ့ဌေးကြီး၏သို့းနှင့်ထိမ်းမြားပြီး သမက်ဘာမ်းလိုက်ပါ။ မိန်းမဖြစ်ခဲ့ပါလျှင် သင်သူဌေးကြီး၏ သားနှင့်ထိမ်းမြားပြီး ချွေးမဘာမ်းလိုက်ပါ၊ အဲ-သို့ကလို ပြောဆိုနည်းပေးတယ်။

သည့်လိုအကြံဉာဏ်ပေးတဲ့စကားကိုသူဌေးကြီးကြားရတော့ များစွာ သဘောကျလှသဖြင့် “အလွန် ကျေးဇူးတင်ပါတယ် မိတ်ဆွေကြီးဉာဏ်ပေးသောအတိုင်းမဆိုင်းမတွရှက်ဆောင်ပါမည့်” ဟု ဝမ်းမြောက်စွာဝန်ခံလိုက်တယ်။

**ဈေးအတွင်း၌ ဆိုင်ခင်း၍ရောင်းချခြင်း**

ပစ္စည်းပျက်သော သူဌေးကြီးသည် ထိုနေ့မှာပင် ဈေးအတွင်းမှာဖျာတွေခင်းပြီး မီးသွေးတွေကိုစုပုံကာ မီးသွေးရောင်းနေသော အနေအအားဖြင့် မီးသွေးပုံအနီးက၊ ရှုန္တေကြီးကြီးနှင့် ထိုင်နေတယ်။ မဆိုင်တဲ့သူတွေက မီးသွေးကိုမြင်ကြရလေရာ ပျက်ရယ်ပြုတဲ့အမှုအရာဖြင့် ‘ ရှင်သူဌေးကြီးမှာ အဘိုးတန်ဖြစ်တဲ့ ကုန်ပစ္စည်းတွေကိုမရောင်းချဘဲ အဘိုးမတန်တဲ့ မီးသွေးတွေကို ဘယ်အတွက်ကြောင့် ဈေးအတွင်းမှာ ဆိုင်ခင်းရောင်းနေပါသလဲ” လှို့ပြုံးရယ်ကာမေးကြတယ်၊ ထိုအခါသူဌေးကြီးက “ကိုယ်ပိုင်တဲ့ပစ္စည်းတွေကိုရောင်းတာဘဲ မေးစရာမရှိဘူး” လို့ပြောကြားလိုက်တယ်။ “

**ကိသာဂေါတမီ ဈေးအတွင်းသို့ ဆိုက်ရောက်လာခြင်း**

ထိုအခါ ကိသာဂေါတမီသည် မိမိနှင့်ဆိုင်သော အလုပ်ဖြင့် ဈေးအတွင်းမှာ ပစ္စည်းရှာဖွေရန် ဝင်ရောက်လာတယ်။မီးသွေး

ရောင်းနေတဲ့ သူဌေးကြီးဆိုင်အနီးသို့ရောက်တော့ အံ့သြဘွယ့်အမူ အရာဖြင့် မတ်မတ်ရပ်ကာ စိန်းစိန်း ရှုစားပြီး။ "အရှင်သူဌေး ကြီးသည် ဈေးအတွင်းမှာ ရွှေဆိုင်, ငွေဆိုင်ကြီးခင်းပြီး ရောင်း တော်မူနေသကိုး။ သို့ကလောက်များတဲ့ ရွှေ,ငွေ,တို့ကို ကုန်ခန်း အောင် ဘယ်သူဝယ်နိုင်ပါမလဲ" လို့ ဝမ်းမြောက်ဝမ်းသာ မေး မြန်းလိုက်တယ်၊

သည်စကားကိုကြားတော့ သူဌေးကြီး၏စိတ်ထဲမှာ ဝမ်းသာ အားရဖြစ်ပြီး "အို-ချစ်သမီး၊ ရွှေ,ငွေ,တွေဆိုတာ ဘယ်မှာလဲ" လို့ မေးမြန်းတော့ ကိသာဂေါတမီက မီးသွေးပုံကြီးကို လက်ညှိုး ညွှန်ပြီး၊ "သည်ဟာတွေရွှေငွေမဟုတ်လျှင်ဘာတွေလဲ"ဟု ပြော ဆို၍ မီးသွေးပုံကြီးထဲမှ မိမိလက်ဖြင့်အနည်းငယ်ယူကာ သူဌေး မင်း၏လက်တွင်းသို့ထည့်လိုက်တော့ မူလပကတိအတိုင်း ရွှေငွေ အစစ်တွေဖြစ်ကြောင်းကို ကောင်းမွန်စွာသိရတယ်။

ထိုအခါ သောမနဿဇောဖြင့် အံ့သြခြင်းဖြစ်ပြီး သူဌေးကြီး စိတ်ထဲ၌ တွေးတောကြံစည်မိသည်မှာ "ဩော-တယ်ထူးဆန်းပါ ကလား၊ ငါ့မိတ်ဆွေကြီးပေးတဲ့နည်းဟာ လွန်စွာအဘိုးတန် ပေတယ်။ကံအားလျော်စွာ ယခုဆိုက်ရောက်လာတဲ့ အမျိုးသမီးက လေးဟာ ဘုန်းရှင်,ကံရှင်,ကုသိုလ်ရှင်, အစစ်ကလေး အမှန်ဖြစ် ပေတယ်။ သူ့လက်နှင့်ကိုင်လျှင်ကိုင်ခြင်း မီးသွေးဘဝမှပြောင်းပြီး မွန်မြတ်တဲ့ ရွှေစစ်ငွေစစ်တွေဖြစ်လာတယ်။ သည်ပစ္စည်းတွေဟာ သူနှင့်ထိုက်တန်တာအမှန်ဘဲ၊ ငါ့မိတ်ဆွေကြီးက နည်းပေးတဲ့ အ တိုင်း သည့်သတို့သမီးကလေးကို ငါ့သားကြီးနှင့်ထိမ်းမြားမှ သင့် တော့မယ်။ ဘုန်းကံကြီးတဲ့သမီးရတနာကလေးကို ရတော့မှာအမှန် ပေါ့၊သည်သမီးကလေးကိုလက်ကိုင်ထားရလျှင် စီးပွါးတွေတိုးပြီး ၊ကတ်တန်ခိုးကြီးကျယ်လိမ့်မယ်။"အဲ-သို့ကလို ကြံစည်တွေးတော ပြီး၊ သတို့သမီးကလေး၏ ဇာတိဌာနနှင့် မိဘများကိုမေးမြန်းတယ်။

ထိုအခါ ကိသာဂေါတမီကလဲ အမျိုးအမည်နှင့်တကွ အ ကြောင်းခြင်းရာအလုံးစုံကို အကုန်ပြန်ပြောရှာတယ်။ ထိုစကား

ကို သူဌေးကြီးကြားလေရာ ဝမ်းသာအားရဖြစ်ပြီး၊ "သြော်-သည့် အမျိုးသမီးကလေးဟာ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝတဲ့ သူဌေးသမီး ကလေးပါလား၊ အကြောင်းမသင့် အခွင့်မလျော်လို့သာ ဆင်းရဲ နွမ်းပါးခြင်းသို့ရောက်ခဲ့ရရှာတယ်။ ပစ္စည်းဆိုတာမပျက်စီးနိုင်ဘဲ ခိုင်မြဲတဲ့ အရာလဲမဟုတ်ပေဘူး။ မျက်မြင်ဒိဋ္ဌအားဖြင့် ငါပိုင်ဆိုင် တဲ့ပစ္စည်းများဟာ ကုသိုလ်ကံမှိန်မှေးတော့ မီးသွေးတွေဖြစ်ကုန် သေးတာဘဲ၊ အမျိုးအနွယ်ချင်းလဲတူမျှသဖြင့် မူလကကြံစည်ရင်း ရှိတဲ့အတိုင်း ငါ့သားကြီးနှင့် ထိမ်းမြားရန်လျော်ကန် သင့်မြတ်လှ ပေတယ်" အဲ-သို့ကလို ဆင်ခြင်စဉ်းစားပြီး ချစ်သမီးမစိုးရိမ်ပါနှင့်၊ ချမ်းသာကြွယ်ဝအောင် ဘခင်ကစောင့်ရှောက်၍ ချီးမြှောက်မစ ပါမယ်၊ အဲ-သည့်ကဲ့သို့ ပြောဆိုကာ ဝမ်းမြောက် ဝမ်းသာနှင့် သူဌေးကြီးလဲ အိမ်သို့ပြန်သွားပါရော။

အိမ်သို့ရောက်တော့ သူဌေးကတော်ကြီးနှင့်တကွ သားသမီးအ ခြွေအရံတို့အား ဈေးအတွင်းမှာဆိုင်ခင်းလို့ရောင်းချခဲ့ရာ ရှိသမျှ မီးသွေးတွေအလုံးစုံ ရွှေ,ငွေ,ဖြစ်ကုန်တဲ့ အကြောင်းကို ကောင်း မွန် စုံလင်စွာပြောပြတော့ အံ့သြချီးမွမ်းကာ ဝမ်းသာအားရ နှင့် အလုံးစုံ ဖြူးတူး ကုန်ကြတာပေါ့၊ သူဌေးကြီး က လဲ မိမိ သားကြီးကို ဘုန်းကံရှိတဲ့ အမျိုးသမီးကလေးနှင့် မကြာမီအတွင်း လက်ထပ်ထိမ်းမြားရန်အမှုကိုပြောဆိုသည့်အခါ သူဌေးကတော် ကြီးနှင့်တကွ အိမ်ရှိလူကုန်အလုံးစုံနှစ်သက်ကြတယ်။ ကုသိုလ်ကံ အရှိန်သေးသဖြင့် မှိန်မှေးခြင်းသို့ရောက်နေတဲ့ ကိသာဂေါတမီ ကလေးဟာ ကြိုဟ်ဇာတာစန်းပွင့်၍ မြင့်မြတ်ဟဲ့အခြေသို့ ဆိုက် ရောက်တော့မယ်။

## ဝင်မ်းမြားမင်္ဂလာပြုလုပ်ခြင်း

ထို့နောက် ကုဋေလေးဆယ်ကြွယ်ဝတဲ့ သူဌေးကြီးသည် ကိ သာဂေါတမီ၏ မိဘများနှင့် ကြောင်းလမ်းစကား အကျေအနပ်

ပြောကြားပြီးလျှင် ခမ်းနားကြီးကျယ်စွာ မင်္ဂလာသဘင်ဆင်ယင်ကျင်းပလျက် ကိသာဂေါတမီကိုမိမိသားနှင့်ထိမ်းမြားလက်ထပ်ပြီး မိမိအိမ်သို့ ခေါ်ဆောင်လာခဲ့တယ်၊ အိမ်သို့ဆိုက်ရောက်တဲ့အခါ မိဘဆွေမျိုးတို့နှင့်တကွ အခြွေအရံ-အစေခံအပေါင်းတို့က ရောက်ခါစဖြစ်တဲ့ကိသာဂေါတမီကလေးအပေါ်မှာ ကြည်ဖြူနှစ်သက်စွာမြတ်နိုးကြတာပေါ့။ ကိသာဂေါတမီ ကလေးရဲ့ကျေးဇူးတွေက အနန္တရှိနေတာကို မမြတ်နိုးဘဲနေကြပမလား။

## တစတစမျက်နှာငယ်၍သွားပြန်ခြင်း။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ကိသာဂေါတမီသည် ယောက္ခမတို့အိမ်မှာ ကြည်ဖြူနှစ်သက်စွာ ချမ်းချမ်းသာသာနေရပြီးတဲ့နောက် တစတစမြက်နှာငယ်ခြင်းသို့ ရောက်လာရ ရှာပြန်တယ်။ ။အကြောင်းကတော့သည်လိုတဲ့၊ ယောက္ခမ မိန်းမသူကြီးရဲ့ စိတ်ထဲမှာ သည်လိုတွေးတောခြင်းတွေဖြစ်ပေါ်လာတယ်။ငါ့သားဟာ သူဌေးသား အစစ်အမှန် ဖြစ်တဲ့အတိုင်း သို့ကလောက် ဆင်းရဲရောက်၍ အောက်တန်းကျတဲ့အမျိုးသ္မီးနှင့် မထိုက်တန်ဘူး။ ပစ္စည်းဂုဏ်သိမ်နှင့်စည်းစိမ်ကြီးတဲ့ သူဌေးသ္မီး အစစ်နှင့်သာ ထိုက်တန်တယ်။ တကယ်လို့ ဂုဏ်သိမ်ကြီးတဲ့ သူဌေးသ္မီးအစစ်နှင့်သာလက်ထပ်ရပါလျှင်ချွေးမဘက်ကပါလာတဲ့ပစ္စည်းတွေကို များစွာရမှာအမှန်ဘဲ ယခုတော့ ဂုဏ်မရှိသိမ်မရှိ၊ ဒုက္ခိတအမျိုးသ္မီးနှင့်အဘက်မတန်ဘဲ လက်ခံထိမ်းမြားရတဲ့အတွက် ချွေးမဘက်မှပစ္စည်းရဘို့ဝေးရော ကပ္ပေးလောက်မျှအကျိုးမရှိဘူး။ဆင်းရဲသူမ-ဒုက္ခိတကို သည်တိုက်ကြီးပေါ်မှာတင်ပြီး လူတလုံး၊ သူတလုံး ဖြစ်အောင် အရောင်တင်၍ ပြင်ဆင်ကျွေးမွေးရတာ အလွန်နစ်နာတာဘဲ၊ငါ့သားနှင့်အတူတူသည်၍ မြူးမြူး ရွှင်ရွှင်နေပုံကို မကြည့်ချင်ပါဘူး။ အဘက်မတန်ဘဲနှင့်အဘက်လုပ်ရတာလွန်စွာဂုဏ်ယုတ်ထတာဘဲ။ အဲ-သည်လိုတွေးလုံးတွေပေါ်ပြီးသူဌေးကတော်ကြီးရဲ့စိတ်ထဲမှာ ဣဿာဇ္ဇာသာနှင့် အဘိဇ္ဈာသဘောမျိုးတွေဖြစ်လာသတဲ့။

သည့်အခါ ချွေးမကလေးရဲ့အပေါ်မှာ မျက်နှာကောင်းကောင်း မထားနိုင်ဘဲ တဆူဆူ တဆောင့်ဆောင့်နှင့် ဖောင့်သက်သက်ကြီး လုပ်နေပါရောတဲ့။ ။တရံတခါ ကိသာဂေါတမီ၏ မျက်နှာကိုမြင် လျှင် ထွက်ကနဲတံတွေး ထွေးလိုက်တယ်၊ တရံတခါ ကိသာဂေါတမီ ကိုစောင်းပြီး ဘယ်လိုကြိမ်းမောင်းသလဲဆိုတော့ ဟဲ့-ကျွန်မတွေ နင်တို့ကို ငါမကြည့်ချင်ဘူး နင်တို့ကို ငါ့အိမ်ကြီးပေါ်မှာတင်ပြီး လူနှင့်သူနှင့်တူအောင် အရောင်တင်ထားရတာ မင်္ဂလာမရှိဘူး အဲ-သို့ကလို ပြောဆိုစောင်းမြောင်းလေ့ရှိသတဲ့။

သည့်ပြင်စောင်းမြောင်းကာ ပြောဆိုတဲ့ စကားကိုကျွန်မများ ကကြားတော့ နားလည်ကြတာပေါ့လေ၊ ကိသာဂေါတမီကလေး ကလဲ မိမိကိုစောင်းမြောင်း၍မောင်းမဲပုံများကိုလဲသိရှာတယ်၊ သို့ ရာတွင် မသိချင်ယောင် ဆောင်ပြီး ယောက္ခမကြီး အပေါ်မှာ အလိမ္မာနှင့်ကိုယ်ရှိန်သတ်ပြီး ပြုသင့်တဲ့ဝတ္တရားအလုံးစုံကို ကျေ ကုန်အောင်ပြုလုပ်နေရှာတယ်၊ ဘယ်လိုပင်ဝတ္တရားကျေအောင်ပြု ရသော်လဲ စိတ်မာန်ဥနေတဲ့ယောက္ခမကြီးနှလုံးကို ရွှင်ပြုံးအောင် မတတ်နိုင်ဘူးပေါ့။ လွန်စွာဆိုးဝါးတဲ့ ယောက္ခမကြီးပေါ့လေ။ ချွေးမအလိမ္မာကလေးရဲ့အပေါ်မှာ ကရုဏာနဲ့နဲကလေးမှမရှိဘူး။

လောကမှာ ချွေးမနှင့်ယောက္ခမ မိန်းမဆိုတာ လွန်စွာသင့် မြတ်နိုင်ခဲတာကလား၊ ကျီးနှင့်ခင်ပုပ်ကဲ့သို့ မျက်မှောင်တကုတ် ကုတ်နှင့် ရန်လုပ်လို့သာနေတတ်ကြတယ်၊ ချစ်ချစ် ခင်ခင်နှင့် ကြည်လင်သင့်မြတ်စွာ နေထိုင်နိုင်တာကလွန်စွာ ရှားပါးတယ်၊ မိန်းမဆိုတဲ့သတ္တဝါမျိုးဟာ စိတ်နေစိတ်ထားက အပ်ဖျားလောက် သေးသိမ်လေ့ရှိတဲ့အတိုင်း အတူတကွ နေထိုင်ပြီဆိုမှဖြင့် အစက တဲ့သော်လဲ တရွဲ့ရွဲ့, တစောင်းစောင်းနှင့် မသင့်မြတ်ကြောင်း ဖြစ်တဲ့အမှုအရာတွေဟာ အတော်ကလေးကြာတော့ ပေါ်လာ ကုန်ကြပါရော၊ သည့်လိုဖြစ်ခြင်းဟာမိန်းမတို့ဓမ္မတာပေပေါ့လေ။

တခဲ့မဲ့, တရွဲ့ရွဲ့နှင့် မတဲ့ဘို့အကြောင်း ငြူစူ စောင်းမြောင်း လျက် မျက်စောင်းထိုးကာ ထိုးကာ ငြိုးမာန်ပါသော မျက်နှာမျိုး

ဖြင့် သူဌေးကတော်ကြီးနေထိုင်ပုံများကို ကျေးကျွန်အပေါင်းတို့ မြင်ကြလေရာ၊ သခင့်စိတ်ကြိုက်အလိုလိုက်ပြီး ကိသာဂေါတမီကလေးရဲ့ အပေါ်မှာ မရှိမသေမထေလေးစား မခန့်ငြားတဲ့အမူအရာများကိုပြုလုပ်ကြတယ်။ သည်အခါ ကိသာဂေါတမီကလေးမှာ လွန်စွာအနေကြပ်သွားရှာတာပေါ့။

မီးသွေးဖြစ်သွားတဲ့ ရွှေ၊ငွေ၊ဘဏ္ဍာတို့ဟာ ကိသာဂေါတမီရဲ့ ဘုန်းကံကြောင့် မူရင်းအတိုင်းပြန်ပြီး တဘန်ရွှေ ငွေ ဖြစ်လာရတဲ့ကျေးဇူးဂုဏ်များကို မထောက်ထားနိုင်ကြဘူး။ လောကမှာ ကျေးဇူးတင်ခြင်းဆိုတာ လတ်တလောပူပူနွေးနွေးမှ ကျေးဇူးမှန်းသိတတ်ကြတယ်၊ အတန်ကလေးကြာလို့ သွေးအေးသွားပြီဆိုမှဖြင့် ကျေးဇူးမှန်းမသိတတ်ကြဘူး။ ဒဲ-သို့ကလို လောကကြီး သဘောစရိုက်ကထိုက်ထိုက်တန်တန် ကျေးဇူးသိလေ့မရှိတဲ့အတွက်ကြောင့် ဘယ်အခါမှ ကျေးဇူးတရားကို မမေ့မလျော့ကြရလေအောင် မင်္ဂလသုတ္တန်ဒေသနာမှာကျေးဇူးသိခြင်းကိုမင်္ဂလာတပါးရယ်လို့ ရှင်တော်ဘုရားမိန့်ကြားတော်မူခဲ့တာပေါ့။

သူဌေးကတော်ကြီးနှင့်တကွ ကျေးကျွန်အပေါင်းတို့က မခန့်မငြား ပြုလုပ်ကြသော်လဲ စိတ်ခိုင်ခိုင်ကြီး ထားပြီး မလှုပ် မရှား ဝတ်တရေးမပျက်အောင်ကိသာဂေါတမီကလေးက ဆူငြိမ်ရရနေထိုင်တယ်။ လွန်စွာသဘောကြီးတဲ့ အမျိုးသမီးကလေး ပေပေါ့။ စိတ်ထဲမှာတော့ ချမ်းသာခွင့် မရရှာဘူးပေါ့လေ၊ ယောက္ခမတို့အိမ်ပေါ်မှာ သနားစရာ အလွန်မျက်နှာငယ်ရှာတယ်။ တကယ်လို့ ကိသာဂေါတမီက စိတ်တပျက်ပျက်နှင့်တွက်လို့သွားခဲ့ပါလျှင် ကုဋေလေးဆယ်မျှရှိတဲ့ ရွှေ၊ငွေ၊ဘဏ္ဍာတွေဟာ မီးသွေးဘဝသို့ တဘန်ပြန်ရောက်၍ သွားမှာအမှန်ဘဲ။ သည်လိုလဲ ဖြစ်စေချင်တဲ့ သန္တမရှိဘဲ့အတွက် မျက်နှာပင်ငယ်သော်လဲ အသာမှိတ်ပြီး ကြိတ်လို့သာနေရရှာတယ်။

ခင်ပွန်းလင်ဖြစ်တဲ့သူကတော့ ကိသာဂေါတမီကလေးရဲ့ အပေါ်မှာ ညှာညှာတာတာနှင့် မေတ္တာမပျက်ဘဲ နှစ်နှစ် ခြိုက်ခြိုက်

ဂရုတစိုက်ပေါင်းသင်းရှာပါရဲ့၊ လင့်မျက်နှာက ကြည်သာပေလို့သာ သက်သာခွင့်ရတော့သာပေါ့လေ။ လင့်မျက်နှာက-မသာခဲ့ဘူးလို့ဆိုပါလျှင် ချမ်းသာဘို့အချက် တကွက်မှရှိတော့မှာမဟုတ်ဘူး။ အဝိဇ္ဇာရဲ့အတွင်းမှာ မီးပြင်းပြင်းအမြိုက်ခံရသလို ဖြစ်နေမှာအမှန်ပေါ့။ ဤကဲ့သို့ နေထိုင်ခဲ့ရာ ကာလ အတန်ကလေး ကြာလာတော့ ကံအားလျော်စွာ ပဋိသန္ဓေစွဲငြိလို့လာခဲ့တယ်။

## သားယောကျ်ားဘွားမြင်ခြင်း

ပဋိသန္ဓေတည်နေဘုံမြောက်၊ ဆယ်လအချိန်သို့ရောက်တော့ ဝမ်းမြောက်စဘွယ် တင့်တယ်လှပတဲ့လက္ခဏာနှင့် သားရတနာကလေးတယောက် ပေါ်ပေါက် ဘွားမြင် လာတယ်။ ရွှေတုံး၊ ရွှေခဲ, လည်မှာဆွဲတဲ့ ပုလဲကုံးပမာရတနာသားဦး အညွန့်အဖူး ပေါ်ပေါက်လာတဲ့အခါ၊ သူဌေးကြီး, သူဌေးကတော်ကြီးမှစ၍ ဆွေမျိုးညာတိအပေါင်းတို့က ကောင်းမွန်နှစ်ခြိုက်စွာ ဝမ်းသာအားရကြသဖြင့် သား၏မိခင်ဖြစ်တဲ့ ကိသာဂေါတမီကလေးကိုလဲ အရေးတယူ၊ အလေးမူပြီး၊ ကြည်ဖြူနှစ်ခြိုက်ကြတယ်။ ထိုအခါ သား၏မျက်နှာကြောင့်၊ ကိသာဂေါတမီကလေးမှာ ကြည်သာရွှင်လန်းပြီး ချမ်းချမ်းသာသာနေထိုင်ခွင့်ကိုရရှိပြန်တာပေါ့၊ သားသို့တို့၏ကျေးဇူးဟာလဲ မိဘတို့အပေါ်မှာ အရှိသားဘဲနော်။

အဲ - ပြဆိုခဲ့ပြီးတဲ့အတိုင်း သားဦးရတနာကလေး ဘွားမြင်၍ ကြည်လင်ဝမ်းမြောက်စွာ သူဌေးတို့ စည်းစိမ်ချမ်းသာဖြင့် ကြီးပွါး၍လာခဲ့ရာ သုံးလေးနှစ်အရွယ်လောက် ပြေးနိုင်,လွှားနိုင်,ကစားနိုင်တဲ့ အချိန်သို့ရောက်လာတော့ အပြောအဆိုက တီတီတာတာ အပြုအမူက လိမ်လိမ်မာမာ ရုပ်လက္ခဏာက ကြည်ကြည်ဝင်းဝင်း၊ ချစ်ခင်နှစ်သက်ခြင်းကို ဖြစ်စေနိုင်တဲ့အတွက် သူဌေးကြီးတအိမ်လုံးတွင် ပန်းဥယျာဉ်ကလေးပမာ မျက်စိမခွါနိုင်အောင် လွန်စွာချစ်ခင်သို့နေကြတယ်။ တီတီတာတာနှင့် လိမ္မာတဲ့သားကလေးကို မိဘဆွေမျိုးတို့က ချစ်ခင်ကြစမြဲဓမ္မတာပေပေါ့။

## သားကလေးသေဆုံးသွားခြင်း

ချစ်လောက်,ခင်လောက် အရွယ်သို့ရောက်လာတဲ့ သားရတနာကလေးသည်၊ တနေ့သောအခါ ကံကြမ္မာဘီစီး၍ ဝေဒနာကြီးစွဲကပ်လာလေရာ ဆရာသမား,ဆေးဝါး,မိတ်ဆွေတို့နှင့်ဘကွ ဂရုတစိုက် ကုသကြပါသော်လဲ သက်သာခွင့်မရဘဲ မရဏာန္တိက ရောဂါ သေခြင်းလျှင်အဆုံးရှိတဲ့ ဝေဒနာမို့ သေရွာသို့ လိုက်သွားရှာပါရော။

ဆွေမျိုးညာတိတွေ အကုန်ပိုင်း၍ ချစ်ချင်တိုင်း ချစ်နေတဲ့ သားရတနာအချစ်ဘုံး သားကလေး သေဆုံးသွားတယ်ဆိုတော့ ဆွေမျိုးရှိသမျှအားလုံး လောင်ဆွေးတဲ့ အပူလုံးကြောင့် ယူကျုံးမရအောင် ပင်ပန်းကုန်ကြတာပေါ့၊ အခြားသူများမှာတော့ ပူပင်, ပူဆာသော်လဲ နေသာခွင့်ရရှိကြပါသေးရဲ့။ မိခင်ဖြစ်တဲ့ ကိသာဂေါတမီမှာတော့ မိမိ၏စိတ်နှလုံးမှာ မီးဟုန်းဟုန်းစွဲလောင်ကာ အပူကောင်ဖြစ်ပြီး လှိမ့်လိုလှိမ့်,ချန်လိုချန်နှင့် "သောကုမ္မတ္တက" အရူးမကလေး ဖြစ်သွားရှာပါရောတဲ့၊ ပူပူဆွေးဆွေး စိုးရိမ်ရေးနှိပ်စက်၍၊ သွေးပျက်ခါ ရူးသွပ်သွားတဲ့သူများကို သောကုမ္မတ္တက ရယ်လို့ခေါ်ရတယ်။

မိမိ၏ရင်သွေး သားဦးရတနာကလေးသေဆုံး၍ ယူကျုံးမရဖြစ်နေတဲ့အပေါ်မှာ ဘယ်လိုတွေးမိပြန်သလဲလို့ဆိုတော့ သည်လိုတဲ့။ သည်သားရတနာ ကလေးကိုမရခင် သည့်အိမ်ကြီးပေါ်မှာ အလွန်မျက်နှာငယ်ခဲ့ရတယ်၊ သားကလေးကို မျက်နှာဖြင့်မှ ဆွေမျိုးညာတိတို့က အရေးပြုသဖြင့် ကြည်ဖြူနှစ်ချိက်စွာ နေထိုင်ခဲ့ရတယ်။ သည်သားကလေး သေဆုံးသွားပြန်တော့ ဟိုတုန်းက အတိုင်း ဝိုင်းလို့နှိပ်စက်ကြထိမ့်မယ်၊ မျက်နှာ[illegible]ရွှင်နှင့် ကြည်လင်ချမ်းသာတို့ အခွင့်ကို ရနိုင်တော့ရှာ မဟုတ်ဘူး။ အဲသည်လိုတွေးမိတဲ့အတွက် "ဗူးလေးရာ ဖရုံဆင့်" ဆိုသလို တပူပေါ်တပူဆင့်ပြီး နင့်နင့်ကြီး ဆင်းရဲသွားရှာဘာပေါ့။

အဲ-သို့ကလို " သောကမ္ဗဇ္ဈက " ရယ်သို့ခေါ်ရတဲ့ အရှုးမက လေးဖြစ်သွားတဲ့အခါလင်ယောကျ်ားကသနားစိတ်နှင့်ကြောင့်ကျ ပြီး ဖြောင့်ဖြောင့်ဖျဖျ ပြောဆိုချော့မော့ပါသော်လဲ သက်သာခွင့် ကိုမရဘူးတဲ့။ နှလုံးသွေးပျက်၍ ဂုတ်တရက် ရူးသွပ်သွားခြင်းဆို တာ လွယ်ကူစွာနှင့် ဘယ်မှာ ပျောက်ကင်းနိုင်ပါမလဲ။ သားက လေး၏ အလောင်းကို သင်္ဂြိုဟ်ရန်ကိစ္စဖြင့် သုသာန်သို့ ယူဆောင် ကြမယ်အပြုတွင် ကိသာဂေါတမီက အတင်းလုပြီး ကိုယ့်ရင် သွေးကို မပေးနိုင်ဘူး ပြောဆိုကာ အတင်းပွေ့ပိုက်၍ ကတိုက် ကရိုက်အိမ်ပေါ်က ဆင်းသွားပါရော။ အရှုးစိတ်ဝင်လာမှုဖြင့် ထင်မိထင်ရာပြုကြစမြဲပေါ့လေ။ လင်ယောကျ်ားနှင့် ဆွေမျိုးများ ကလဲ တားဆီးလို့မနိုင်သဖြင့် ကက်မှိုင်ချကာ ငေးကြည့်နေလိုက် ကြတယ်။

## သားကလေး၏ အလောင်းကိုပိုက်၍ သွေ့ပအီသွားလာခြင်း

ဆံပင်ကဖိုးရိုးဖါယား အဝတ်အစားက-ကသီကရီ သားအ လောင်းကိုပွေ့ချီပြီး သာဝတ္ထိပြည်အတွင်း တောင်ရောက်၊ မြောက် ရောက်၊ အိမ်ပေါက်စေ့ဝင်ကာ "ကျွန်မကိုကယ်ကြပါအုံး ကျွန်မ သားကလေးကို ဆေးကုပေးကြပါအုံး" အဲ သို့ကလို မြည်တမ်း ကာ လမ်းရှိသမျှသွားနေသဘဲ။ အချို့ကလဲ အရှုးမကို ပြက်ရယ် ပြောင်လှောင်ကြတယ်။ အချို့က လေးသူငယ်များကလဲ အရှုးမ၏ နောက်ကလိုက်ပြီး ခဲတွေနှင့်ပေါက်လိုပေါက်၊ ငေါက်လိုငေါက်၊ ငမ်းလိုငမ်း၊ နှင့် ခပ်ကြမ်းကြမ်း နှောက်ရှက်ကြတဲ့အခါ အရှုးဝေ ဒနာကိုဆပေးတဲ့အလားမှို များများကြီးရူးသွပ်သွားပြန်ဘာပေါ့။

အဲ-သည်ကဲ့သို့ သာဝတ္ထိမြို့တော်အတွင်းမှာ ထင်မိထင်ရာ ဒေါင်ခြာစိုင်းပြီး အရပ်အဓိုးမရှိ သွားသာလိုနေခဲ့ရာ လမ်းတ လမ်းသို့ရောက်တော့ ဆင်ခြင်တတ်သိ ပညာရှိတဲ့ ပုဂ္ဂိုလ်တဦးက အရှုးမကိုမြင်ပါရော။ ထိုအခါ ပညာရှင်က သို့ကလိုဆင်ခြင်

သတဲ့ "သည့်အမျိုးသွီးကလေးဟာ အရွယ်ငယ်ငယ်နှင့် သနားစ ဘွယ်ရှုးသွပ်နေရှာတယ်။ သားကလေးသေတဲ့အတွက် နှလုံးသွေး ပျက်ဘာအခွန်ဘဲ။ သားအလောင်းကိုပိုက်ပြီး သည့်နည်းအတိုင်း သာသွားလာလို့နေခဲ့ပါလျှင် မကြာမီအတွင်း ပျက်စီးခြင်းသို့ရောက် ရှာတော့မယ်။ အရှုးမဒုက္ခသယ်ကို ကယ်ဆယ်မှ သင့်တော့မယ်။ ရှင်တော်ဘုရားမှတပါး ဟုသနိုင်သဆရာဟာလဲ ဘယ်မှာမှမရှိ ဘူး" အဲ-သို့ကလို တွေးတောဆင်ခြင်ကာ ကြင်နာတဲ့ကရုဏာ စိတ်ဖြင့် ကိသာဂေါတမီ၏ အထံသို့ကပ်ပြီး ချော့ချော့မော့မော့ နှင့် သို့ကလိုပြောဆိုသွန်သင်ပေးတယ်။

ချစ်သွီး။ ဇေတဝန်ကျောင်းတော်မှာ သုံးလောကထွန်းထား၊ သဗ္ဗညုရှင်တော်ဘုရား၊ ထင်ရှားစွာ ရှိတော်မူနေတယ်။ ထိုရှင် တော်ဘုရားထံသို့သွားပြီး သားကလေး၏အလောင်းကိုပြပါ၊ မ ကြာခင်အသက်ရှင်လာအောင် ဆေးစီရင်သို့ပေးတော်မူလိမ့်မယ် ရှင်တော်ဘုရားထံသို့ရောက်လျှင် အသက်ပျောက်နေဘဲ့ သူများ ဟာ ရှင်ရမြဲဓမ္မဘာဖြစ်ပေဘယ်။ ဆင်းရဲဘဲ့သူဘို့၏ အပူကိုပြယ် အောင် ကယ်ဆယ်တော် မူလေ့ ရှိပေဘယ်၊ ဘုရားရှင်အထံသို့ လျင်မြန်စွာသွားပေတော့။

အဲ- သို့ကလိုပြောဆိုတဲ့စကားကို အရှုးမကလေးကြားတော့ ဒီသားတက်သရေနှင့် စိတ်စောကြည်လင်စွာ အရှုးစိတ်အနည်း ငယ်သက်သာသဖြင့် သားကလေးပြန်ရှင်လာအောင် အလောင်း ကောင်ကိုပိုက်ပြီး ကတိုက်ကရိုက် ဇေတဝန် ကျောင်းတော်သို့ သွားပါရော၊ သနားစရာ၊ ဘုရားသာလျှင်အားကိုးရာရှိတော့ဟာ ပေါ့လေ ရှင်တော်ဘုရားထံသို့ ရောက်တော့ နှလုံးသွေးနောက် တောက်တောက်နှင့် လက်မြှောက်ကာရှိခိုးခြင်းကိုမှ မပြုနိုင်ဘဲ အရှုးတို့၏မှုအရေဖြင့် "ကယ်တော်မူပါဘုရား တပည့်တော်မ၏ သားကို သနားသဖြင့်အသက်ရှင်အောင် ကယ်ဟင်ကုသတော်မူ ပါဘုရား" သို့ကလို လျှောက်ထားတယ်။

ရှေ့တော်မှောက်သို့ ဆိုက်ရောက်လာဘဲ့ ကိသာဂေါတမီကို

ရှင်တော်ဘုရား ရှုစားတော်မူမြင်တော်မူလေရာ ရှေးရှေးအခါပါရမီရင့်ညောင်းခဲ့တော်ကောင်းတဲ့ အမျိုးသမီးတဦးဖြစ်ကြောင်းကိုသိတော်မူသည်နှင့် ''အို-ချစ်သမီး။ ငါဘုရားက- သနားသဖြင့်ကယ်မတော်မူမယ်။ မစိုးရိမ်မပူဆွေးဘဲ စိတ်အေးအေးနှင့်သာ နေပေတော့၊ယခုမကြာမီ သာဝတ္ထိနေပြည်တော်အတွင်းမှာ လှည့်လည်ပြီး တဦးတယောက်မျှ မသေမပျောက်ဘူးတဲ့ အမျိုးအိမ်က ''မုံညင်းဆီ''ကို ရအောင်ရှာခဲ့ရမယ်။သည်လိုမုံညင်းဆီမျိုးကို ရခဲ့ပါလျှင် သင့်သားသေကလေးကို အသက်သွင်းပြီး ချက်ခြင်းရှင်လာအောင် ကုသတော်မူမယ်၊တစုံတယောက်မှသေပျောက်ခြင်းမရှိတဲ့ အမျိုးအိမ်မှာရှိတဲ့မုံညင်းဆီဟာ သင်္ခါရိုက်းဆေးဖြစ်၍သေပြီးသောသူတို့၏ အသက်ကိုရှင်စေနိုင်တယ်၊ သည်မုံညင်းဆီကိုသာ 'လျှင်မြန်စွာသွားလို့ရှာပေတော့'' အဲ-သို့ကလို၊ရှင်တော်ဘုရားက တရားပရိယာယ်အားဖြင့် မိန့်ကြားသွေးဆောင်တော်မူတယ်။

## မုံညင်းဆီကိုရှာဆွေခြင်း။

ရှင်တော်ဘုရား၏ အမိန့်တော်စကားကိုကြားရတော့ စိတ်နှလုံးဘောက်ပြန်နေတဲ့ ကိသာဂေါတမီမှာ သားကိုရှင်စေလိုတဲ့ စေတနာဖြင့် လွန်စွာဝမ်းမြောက်ခြင်းဖြစ်ပြီး'' သိမ္မွမြောက်တဲ့ မုံညင်းဆီကို လှည့်လည်ကာရအောင်ရှာပါမယ်ဘုရား၊ ရှားလိမ့်မယ်လို့မထင်ပါ၊လွယ်ကူစွာရှာတွေ့ပြီး အရှင်ဘုရားထံမှောက်သို့ အမြန်ရောက်လာပါမယ်ဘုရား''၊ အဲ-သို့ကလို လျှောက်ထားပြီး သားသေကလေးကို ပွေ့ချီကာ သာဝတ္ထိ နေပြည်တော်အတွင်းမှာ တအိမ်တက်ဆင်း လှည့်လှည်ပြီး မုံညင်းဆီကို တောင်းရှာတယ်။

ဘယ်လိုပင်ရှာတွေ့သော်လဲ မသေဘူးတဲ့အမျိုးအိမ်မှ မုံညင်းဆီကို ရဘို့ဆိုတာ ဘယ်မှာဖြစ်နိုင်ပါမလဲ၊အိမ်တိုင်းမှာ သေဘူးကြတာချည်းပေါ့။ သုံးလေးအိမ် တက်မိတဲ့နောက် တအိမ်သို့ရောက်တော့ သနားကရုဏာနှင့် ပြည့်စုံပဲ့သူတယောက်က ကိ

သာဂေ၊ တမီအား သို့ကလိုပြောကြားတယ်။ ။အို-ဒုက္ခသယ် မကလေး၊ မသေဘူးတဲ့အိမ်မှ မုံညင်းဆီဆိုဘာ ဘယ်မှာရနိုင်ပါမလဲ၊ ဇမ္ဗူဒီပါတကျွန်းလုံးလှည့်ပတ်လို့ရှာသော်လဲ မပေါ်နိုင်တဲ့ အဖတ်ဘင်လိမ့်မယ်၊ အပေါ်ပန်းခံကာအကျိုးမဲ့ရှာမနေပါနှင့်၊ သေခြင်းဆိုတာ ရွာတကာမြို့ဘကာ၊ အိမ်တကာ၊ ကိုယ်တာတာခြင်းမရှိတဲ့ အစဉ်မပြတ် သေအောင်သတ်နေတဲ့ သဘောမျိုးဖြစ်နေတယ်၊ ပူပန်ဘဲ့စိတ်ကိုဖြေ၍ ချမ်းသာအောင်နေပေတော့။ အဲ-သို့ကလို ပြောဆိုသွန်းသင်လိုက်တယ်။

**သတိရလာခြင်း။**

ကရုဏာရှေ့ထား၍သနားသဖြင့် ပြောဆိုတဲ့ စကားကိုကြားရတဲ့အခါ ကိသာဂေါတမီ၏စိတ်ထဲမှာရုတ်တရက်သတိရလာသဖြင့်။ ''ဪ-သေခြင်းဆိုတဲ့တရားဟာမြို့တိုင်းရွာတိုင်းအိမ်တိုင်း မကင်းနိုင်ပါကလား၊ မသေတဲ့အိမ်, မသေတဲ့အမျိုးဆိုတာ ဘယ်မှာမှမရှိရိုးမှန်ပါပေတယ်၊ ငါ့သားကလေးတယောက်သာထူးထူးဆန်းဆန်းသေရတာမဟုတ်ဘူး၊ အထူးအဆန်းကြီးလုပ်ပြီး တရှုပ်ရှုပ် ငိုကြွေးလျက် ပူဆွေးဘောက်ပြန်ကာ သားကလေးကို ပွေ့ချီပြီး လှည့်လည်သွားလာနေရခြင်းဟာ လွန်စွာမှက်တို့ကောင်းလှပါတကား၊ ရှင်တော်ဘုရားက တရားပရိယာယ်အားဖြင့် သနားတော်မူသောကြောင့် မုံညင်းဆီကိုအရှာခိုင်းတော်မူပေတယ်၊ ရှင်တော်ဘုရား၏ကျေးဇူးကြောင့် မူးမူးနှောက်နှောက်အရူးပျောက်ခဲ့ပေတော့ပေါ့၊ သည်သားသေကလေးအတွက်နှင့် အရှက်ကွဲခြင်းကြီးကွဲခဲ့ရလေပြီ၊ ဘွားမြင်တဲ့နေ့ကစ၍ ဘယ်ခါမျှ မဖေအားအောင် အလွန်ဒုက္ခပေးတဲ့သားကလေးကို သည့်ယနေ့စင်စစ် သုသာန်မှာပစ်တော့မယ်၊ အချစ်ဆိုတာ လွန်စွာ မှောက်မှား တတ်ပါကလား။'' အဲ-သို့ကလိုဆင်ခြင်တွေးဆ-သတိရပြီးသာဝဏ္ဏိနေပြည်တော်ကြီးမှထွက်၍ သူသေမြုပ်နှံတဲ့သုသာန်သို့သွားရှာပေတယ်။

သုသာန်သို့ရောက်တော့ ပွေ့ချီထားတဲ့သားကလေးကို။ 'ဒုက္ခအလွန်ပေးတဲ့၊ ဟဲ့-အလောင်းကောင်ကလေး၊ သည်အချိန်ကစပြီး

ငါ့ကိုဒုက္ခပေးရတော့မှာမဟုတ်၊သည်သုသာန်မြေမှာဘျိလင်းတ တို့၏အစာဖြစ်ရစ်ပေတော့။ ’အဲ-ဤကဲ့သို့ပြောဆိုကာ တခါထဲ လွှင့်ပစ်လိုက်ပါရော၊ လွှင့်ပစ်လိုက်ပြီးသည်နှင့် တပြိုက်နက် မရ ဏာနုဿတိဂါထာတပုဒ်ကို သို့ကလို ရွတ်ဆိုလိုက်တယ်။

နဂါမဓမ္မော နနိဂမဿဓမ္မော၊
နစာပိယံ ကေကုလဿ ဓမ္မော၊
သဗ္ဗဿလောကဿ သဒေဝကဿ၊
ဧသောဝဓမ္မော ယဒိဒံ အနိစ္စတာ။

ဘောနွော၊အိုး–လူအပေါင်းတို့။ ယဒိဒံ-ယာအယ် အနိစ္စတာ၊ ပျက်စီးဖေါက်လွဲ၍ အကြွင်းမဲ့ခြင်းသဘောသည်။ အတ္ထိ၊ လော ကတခွင်မှာအထင်အရှားရှိလေ၏။သောဓမ္မော၊ထိုသေဆုံးပျက်စီး ခြင်းတည်းဟူသောအနိစ္စတရားဆိုးကြီးသည်။နဂါမဓမ္မော၊တရွာ ထဲနှင့်သာသက်ဆိုင်သောတရားမဟုတ်ချေ။နနိဂမဿဓမ္မော၊နိဂုံး တခုထဲနှင့်သာသက်ဆိုင်သောတရားမဟုတ်ချေ။အယံ၊ဤသေဆုံး ပျက်စီးခြင်းတည်းဟူသော အနိစ္စတရားဆိုးကြီးသည်။ နစကေ ကုလဿဓမ္မော၊ တမျိုးထဲနှင့်သာဆိုင်သော တရားလည်းမဟုတ် ချေ၊ ကေနွနစင်စစ်အားဖြင့်။ဧသောဝဓမ္မော၊ထိုသေဆုံးပျက်စီး ရခြင်းတည်းဟူသော အနိစ္စသဘောဆိုးကြီးသည်။ သဒေဝ ကဿ၊ နတ်နှင့်တကွသော။ သဗ္ဗဿလောကဿ၊ လောကဥဿုံ အလုံးစုံ၏။ဓမ္မော၊မရှောင်သာဘဲအမြဲသက်ဆိုင်၍နေသောတရား ဆိုးကြီးပေတည်း။

အို- လူများအပေါင်းတို့၊ သေဆုံးပျက်စီးခြင်းဆိုတဲ့ အနိစ္စ သဘောဆိုးကြီးဟာ တရွာထဲနှင့်သာ သက်ဆိုင်တာ မဟုတ်၊ တမြို့ထဲနှင့်သာ သက်ဆိုင်မှာမဟုတ်၊ နိဂုံးတခုထဲနှင့်သာသက် ဆိုင်တာမဟုတ်၊ လောကအလုံးစုံကို လွှမ်းမိုးအုပ်ချုပ်၍ အကုန် သက်ဆိုင်တဲ့ တရားဆိုးကြီး ဖြစ်တယ်၊ ဘယ်သူ့အားမှ ချန်ထွား

ကျောင်းနှင်း၍ ရှောင်ကွင်းတွက်ပြေးခြင်းငှါ မစွမ်းနိုင်ကြဘူး။ အဲ-သို့ကလို အနိစ္စဥဒါန်း ဂါထာကို ရွတ်ပြီး၊ သုသာန်သင်းချိုင်းမှ ရှင်တော်ဘုရားထံသို့ လျှင်မြန်စွာ ပြန်လာခဲ့တယ်။ ''ကျွတ်ချိန်တန် လျှင်ကျွတ် လွတ်ချိန်တန်လျှင်လွတ်'' ဆိုတဲ့စကားအတိုင်း ကျွတ်လွတ်ဖို့အချိန်တန်တော့ သတိတဘန်ရပြီး သောကထွေပျောက်ငြိမ်း၍ ချမ်းသာကြီးပေါ်လာတာပေါ့။

## ကျွတ်တမ်းဝင်ခြင်း

ရှင်တော်ဘုရားထံသို့ရောက်တော့ ရိုသေစွာဝပ်တွားပြီး ထံတော်ပါးမှာ ခစားဦးခိုက်လို့နေတယ်။ ထိုအခါ ရှင်တော်မြတ်ဘုရားက''ဒို-ချစ်သို့၊ ဆိန္နဂိုဏ်းဝင်ဖြစ်တဲ့ မုံညှင်းဆီကို ရခဲ့ပါရဲ့လား''လို့ မေးတော်မူတဲ့အခါ၊ ကိသာဂေါတမီက ရိုသေစွာ လက်အုပ်ချီပြီး၊ ''ဘုန်း တော်ကြီးလှသော ရှင်ပင်ဘုရား၊ တပည့်တော်မသတိရပါပြီ၊မုံညှင်းဆီရှာဘို့ ကိစ္စလဲမရှိတော့ပါ၊ ရှင်ပင်ဘုရားသည် တပည့်တော်မ၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူပါပေတယ်။ ကယ်တင်သောအားဖြင့် ကရုဏာရှေ့ထား၍ အမြိုက်တရားကိုသာဟောကြားတော်မူပါဘုရား''။အဲသို့ကလို လျှောက်ထားတောင်းပန်ရှာတယ်။

ထိုအခါ ရှင်တော်မြတ်ဘုရားက သေခြင်းတရား၏ လွှမ်းမိုးနှိပ်စက်ဟန်ကို အမြင်ဉာဏ်ပွင့်လင်းစေခြင်းငှါ ဒေသနာဂါထာ တပုဒ်ကို ဤသို့ကလိုဟောကြားတော်မူလေသတည်း။

တံပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံဂါမံ မဟောဃောဝ၊ မစ္စုအာဒါယဂစ္ဆတိ။

(ဓမ္မပဒပါဠိတော်)

မဟောဃောဝ၊သုန်သုန်ထန်ပြင်း၊စီးဆင်း၍လာသောရေအဟုန်သည်။ သုတ္တံ၊အိပ်ပျော်၍နေသော။ ဂါမံ၊တရွာလုံးကို။ အာဒါယ၊

ဘိုက်ဖျက်ဟူဆောင်၍၊ ဂန္တတိယထာ၊ စီးသွားလေဘိသကဲ့သို့။ တထာ၊ ထိုနည်းတူစွာ။ မစ္စု၊ ရက်ရက်စက်စက်၊ အသက်ကိုခွင်း ရှင်သေမင်းသည်။ပုတ္တပသုသမ္မတ္တံ ငါ့သမီး,ငါ့သား၊ငါ့ကွဲ,ငါ့နွား ငါပိုင်တဲ့ပစ္စည်းများဟု မှတ်သားယစ်မူး၍နေသော။ ဗျာသတ္တမနသံ၊ မခွဲနိုင်,မခွါရက်၊တပ်မက်စွဲလန်းသောစိတ်ရှိသော။ တံနရံ၊ထို ပုထုဇန်သတ္တဝါများကို။ သုတ္တံ၊ အိပ်ပျော်နေခိုက်အတွင်းမှ။ အာဒါယ၊ အတင်းယူဆောင်၍၊ ဂန္တတိ၊ သွားလေတော့သတည်း။

အို-ချစ်သမီး၊ တဟုန်တည်းစီးဆင်းလာတဲ့ယမားရေသည် အိပ်ပျော်လို့နေကြတဲ့တရွာလုံးကို၊ မိမိစွမ်းဟုန်ဖြင့်၊အကုန်တိုက်ဖျက် ယူဆောင်ကာသွားလေဘိသကဲ့သို့ ထိုနည်းတူစွာ ညှာတာခြင်း မရှိတဲ့ရှင်သေမင်းသည်။ ငါ့သမီး,ငါ့သား,ငါ့ကွဲ,ငါ့နွား ငါ့ပစ္စည်း များရယ်လို့ တွယ်တာယစ်မူး၊ မြူးတူးပျော်ပါး နေတုန်းမှာပင် ဖြုံးကနဲ, ဖြုံးကနဲ, ယူဆောင်သွားလေ့ရှိထယ်။ သေမင်းလက်မှ လွတ်ထွက်ပြေးရှောင်ဘို့ အရေးဆိုတာ ဘယ်မှာမှမရှိဘူး။ အဲ သည်ကဲ့သို့ မရဏာသတိတရားကို မူရင်းထား၍ သစ္စာလေးပါး ကို ဟောကြားညွှန်ပြတော်မူတယ်။

ကိသာဂေါတမီသည် ရှင်တော်မြတ်ဘုရား၏ ဟောကြားမိန့် မြွက်အပ်တဲ့ ဒေသနာအချက်ကို ကြားနာရလေသောအခါ၊ ပွင့် လင်းသောအမြင်ဉာဏ်ဖြင့် သောတာပန်အဖြစ်သို့ ဆိုက်ရောက် သွားတယ်။ ထိုအခါ သာသနာတော် အတွင်းမှာ သဒ္ဒါတရား ထက်သန်လှသဖြင့် ထိုနေရာမှမထဘဲ ရှင်တော်ဘုရားအား ဝပ် တွားဦးခိုက်ပြီး။ ''ဘုန်းတော်ကြီးလှသော ရှင်ပင်ဘုရား၊ ဟော တော်မူအပ်တဲ့တရားအစဉ်ကို တပည့်တော်မ သိမြင်ပါပြီ သနား တော်မူပါသဖြင့် မြင့်မြတ်လှသော သာသနာတော် အတွင်းမှာ ရဟန်းပြု၍ နေထိုင်ခြင်းငှါ အခွင့်သနားတော်မူပါဘုရား'' လို့ လျှောက်ထားတောင်းပန်ရှာတယ်။

ထိုအခါ-ရှင်တော်မြတ်ဘုရားက တောင်းပန်ချက်အတိုင်းခွင့် ပေး၍ ဘိက္ခုနီမကျောင်းတိုက်သို့စေလွှတ်ကာ ဘုရားအမိန့်တော်

ကြီးဖြင့် ရဟန်းပြုစေသည်တွင် မြင့်မြတ်သော ရဟန်းဘောင်သို့ ဆိုက်ရောက်သွားတယ်။ ရဟန်းအဖြစ်သို့ ဆိုက်ရောက်သွားတဲ့ အခါ မူလအမည်သညာအတိုင်း ကိသာဂေါတမီ ဘိက္ခုနီ-ဟု ထင်ရှားကျော်စောတော်မူလေသတည်း။ ။ဤနေရာ၌ အဆုံး ဘဝနှင့် သက်ဆိုင်သော ထေရီအပဒါန် ပါဠိတော်ကြီးများကို ထုတ်ဆောင်တော်ပြပါဦးမည်။

(ည) ပစ္ဆိမေစဘဝေဒါနိ၊ ဇာတာသေဋ္ဌိကုလေအဟံ။
ဒုဂ္ဂတေအဓနေနဋ္ဌေ၊ ဂတာစ သဓနံကုလံ။

(ည) ပစ္ဆိမေဘဝေ၊ အဆုံးစွန်ဘဝဖြစ်သော။ ဣဒါနိစ၊ ဤ ယခုဘဝ၌မူကား။ အဟံ၊အကျွန်ုပ်သည်။ သေဋ္ဌိကုလေ၊ ကြွယ်ဝ သောသူဌေးမျိုး၌။ ဇာတာ၊ဖြစ်ပေါ်၍လာခဲ့ပါသတည်း။ တတော ထိုအကျွန်ုပ်ကိုဘွားမြင်ပြီးသော နောက်၌။နဋ္ဌေ၊စီးပွားဥစ္စာပျက် စီးခဲ့သည်ဖြစ်၍။အဓနေ၊ ဥစ္စာမရှိဘဲ အမွဲကြီးမွဲလျက်။ ဒုဂ္ဂတေ၊ အားကိုးရာမရှိဘဲဆင်းရဲခြင်းသို့ ရောက်ခဲ့သည်ရှိသော်။ သဓနံ ကုလံ၊ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသော လင်၏အိမ်သို့။ ဂတာ၊ လိုက်ပါ၍သွားခဲ့ရပါတသည်း။

(ဠ) ပတိံ ဌပေတွာသေသာမေ၊ ဒေဿန္တိအဓနာဂတံ၊
ယဒါစပသုတာအာသိံ၊သဗ္ဗေသံဒယိတာတဒါ။

(ဠ) မေ၊အကျွန်ုပ်၏။ ပတိံ၊လင်ယောကျ်ားကို။ ဌပေတွာ၊ ချန် ထား၍။သေသာ၊ကြွင်းသမျှသောယောကျ်ာမနှင့်ဆွေမျိုးဉာတိ အပေါင်းတို့သည်။ မံ၊အကျွန်ုပ်ကို။ အဓနာဂတံ၊ ပစ္စည်းမဲ့သော ဆင်းရဲသူမကလေးဟူ၍။ ဒေဿန္တိ၊ မျက်စောင်းတထိုးထိုးနှင့်ရန် ညှိုးထားကာ မုန်းကြလေကုန်၏။ ယဒါစ၊ အကြင်အခါ၌မူကား။ အဟံ၊ အကျွန်ုပ်သည်။ ပသုတာ၊ သားဦးကလေး တယောက် ဘွားမြင်မြောက်၍လာသည်။ အာသိံ၊ဖြစ်ခဲ့လေ၏။ တဒါ ထိုအခါ ၌မူကား။ သဗ္ဗေသံ၊ ဆွေမျိုးဉာတိအလုံးစုံတို့၏။ ဒယိတာ၊သနား ချစ်ခင်ခြင်းကိုခံရသည်။ အာသိံ၊ဖြစ်ခဲ့ပါသတည်း။

(၄) ယဒါသောတရုဏောပေါတ္ထော၊ကောမလကောသုခေဓိတော။
သပါကာမိဝကဏ္ဍောမေ၊တဒါယမဝသံဂတော။

(၄) ယဒါ၊အကြင်အခါ၌။တရုဏော၊ ဖွံ့ထွားပျိုမြစ်လှစွာသော။ ပေါတ္ထော၊ထိုသားဦးရတနာကလေးသည်။သုခေဓိတော၊ချမ်းချမ်းသာသာ ကြီးပွားလာသည်ဖြစ်၍။ ကောမလကော၊ သစ်ရွက်ညွန့်ပမာ လွန်စွာနူးညံ့သိမ်မွေ့သည်။အာသိ၊ ဖြစ်လေ၏။သပါကာမိဝ၊မိမိ၏အသက်ကဲ့သို့။ မေ၊အကျွန်ုပ်သည်။ကဏ္ဍော၊ မခွဲခွာရက်နှစ်သက်ချစ်ခင်အပ်သည်။အာသိ၊ဖြစ်လေသတည်း။တဒါ၊ ထိုချစ်လောက်,ခင်လောက်, အရွယ်ရောက်သောအခါ၌။ပေါတ္ထော၊ထိုသားဦးရတနာကလေးသည်။ ယမဝသံဂတော၊ သေမင်းနိုင်ငံသို့ လိုက်ပါသွားရရှာလေသတည်း။

(၅) သောကဋ္ဋာဒီနဝဒနာ၊ အဿုနေတ္တာရုဒမ္မုခါ။
မတံကုဏပမာဒါယ. ဝိလပန္တီဂမာမဟံ။

(၅) တေန၊ထိုသားဦးသေဆုံး၊အချစ်တုံးကလေးပျက်စီးခြင်းကြောင့်။ သောကဋ္ဋာ၊စိတ်မှာမအေးပူဆွေးတုံ့လတ်၊နှိပ်စက်အပ်သည်ဖြစ်၍။ ဒီနဝဒနာ၊ အလွန်ပင်ပန်း၊ ညှိုးနွမ်းကြုံလှီသော မျက်နှာရှိသည်။အာသိ၊ဖြစ်ခဲ့ပါသတည်း။အဟံ၊အကျွန်ုပ်သည်။အဿုနေတ္တာ၊မျက်စိအစုံမှ။အဟုန်နှင့်တကွ၊စီးဆင်းရိုကျသောမျက်ရေရှိသည်ဖြစ်၍။ ရုဒမ္မုခါ မျက်နှာမရွှင်၊လွန်ပူပင်သဖြင့်၊ငြိုငြင်စွာငိုကြွေးလျက်။ မတံ၊ သေ၍သွားလေပြီးသော။ ကုဏပံ၊ သားသေကောင်ပုပ်ကလေးကို။ အာဒါယ ပွေ့ချီယူဆောင်၍။ ဝိလပန္တီ၊ တယောင်ယောင်,တရမ်းရမ်း၊ပြည်တမ်းဟစ်အော်ကာ။ ဂမာမိ၊ ဟိုရောက်, သည်ရောက်, အိမ်ပေါက်စေ့အောင်၊ ယောင်တောင်တောင်သွားလာခဲ့ပါသတည်း။

(၆) တဒါဧကေနသံဒိဋ္ဌာ၊ ဥပေတွာဘိသက္ကုတ္တမံ။
အဝေါစဒေဟိဘေသဇ္ဇံ၊ ပုတ္တသံဇီဝနန္တိဘော၊

(ဎ) တဒါ၊ ထိုသို့စိတ်ဘောက်ပြန်ကာ ထင်မိ,ထင်ရာ,သွားလာနေသောအခါ၌၊ ဧကောန၊ တွေးဆမြော်မြင် ပညာရှင်တယောက်ကား သံဒိဋ္ဌာ၊ လမ်းတွင်တွေ့လတ် ညွှန်ကြားအပ်သည်ဖြစ်၍။ ဘိသက္ကုတ္တမံ ဆေးဆရာအမြတ်ကြီးဖြစ်တော်မူသော ဘုရားရှင်သို့။ ဥပေဟိ၊ သွားသောကိုပွေ့ပိုက်၍ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်သွားပြီးသည်ရှိသော်။ ဘော၊ အို-ဆေးဆရာမြတ်ကြီးဘုရား။ ပုတ္တသံဇီဝနံ သားသေကလေး၏ အသက်ရှင်ကြောင်းဖြစ်သော။ ဘေသဇ္ဇံ၊ ဆေးကောင်း,ဆေးမြတ်,ကို။ မေ၊ အကျွန်ုပ်အား။ ဒေဟိ၊ ပေးသနားတော်မူပါအရှင်ဘုရား''ဟူ၍ ဤသို့။ အဟံ၊ အကျွန်ုပ်သည်။ အဝေါစ၊ ဆေးတောင်းလိုသဖြင့် ဖွက်ဆိုလျှောက်ထားခဲ့ပါသတည်း။

(ဏ) နုဝိဋ္ဌနေ့မတာယသ္မိံ၊ ဂေဟာသိဒ္ဓတ္ထကံတတော။
အာဟရာတိဇိနောအာဟ၊ ဝိနယောပါယကောဝိဒေါ။

(ဏ) ဘဒ္ဒေ၊ အို-ချစ်သို့၊ ယသ္မိံ ဂေဟေ၊ အကြင်အိမ်၌။ မတာ သေဆုံးပျက်စီးသောသူတို့သည်။ နုဝိဋ္ဌနေ့၊ တစုံတယောက်မျှမရှိဘူးကြလေကုန်။ တတော၊ ထိုအသေ အပျောက်မရှိဘူးသော အိမ်မှ။ သိဒ္ဓတ္ထကံ မုန်ညင်းဆီကို။ အာဟရ၊ မရ,ရအောင်,ယူဆောင်ရှာဘွေခဲ့ပါလော။ ဣတိ၊ ဤသို့။ ဝိနယောပါယကောဝိဒေါ၊ ယဉ်ကျေးလေ့အောင်၊ သွေးဆောင်ဆုံးမသော အရာ၌ လွန်စွာကျွမ်းကျင်တော်မူသော။ ဇိနော၊ ရှင်တော်မြတ်ဘုရားသည်။ အာဟ မိန့်ကြားတော်မူပေသတည်း။

(တ) တဒါဂမိတွာသာဝတ္ထိံ၊ နလဘိံတာဒိသံဃရံ၊
ကုတောသိဒ္ဓတ္ထကံဘာသွာ၊ တတောလဒ္ဓါသတိံအဟံ။

(တ) တဒါ၊ ထိုသို့ရှင်တော်ဘုရား ညွှန်ကြားမိန့်မြွက်တော်မူသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ သာဝတ္ထိံ၊ သာဝတ္ထိနေပြည်တော်ကြီးတခုလုံးကို။ ဂမိတွာ၊ သွားလာလှည့်ပတ်ကာ ဘွေရှာစုံစမ်းပါသော်လည်း၊ တာဒိသံဃရံ၊ ထိုကဲ့သို့ မသေမပျောက်ဘူး

သောအခါကို။ နလာတိ ၊ စုံစမ်းရှာဖွေ၍မရချေ။ တသ္မာ၊ ထိုသို့မသေဘူးသောအိမ် မရှိလေသောကြောင့်။ သိဒ္ဓတ္ထကံ၊ မုန်ညင်းဆီကို။ ကုတောလဘိ ၊ အဘယ်မှာ ရနိုင်ပါတော့အံ့နည်း။ တတော၊ ထိုမုန်ညင်းဆီကို မရနိုင်သောအခါမှ၊ သတိ ၊ သတိတရားကို။ လဒ္ဓါ၊ ရရှိ၍လာခဲ့ပါသတည်း။

(ဃ) ကုဏပံဆဍ္ဍယိတွာန၊ ဥပေသိ လောကနာယကံ။
ဒူရတောဝမုံဒိသွာ၊ အဝေါစမဓုရဿရော။

(ဃ) ဘဒ္ဒါ၊ ထိုသတိရလာသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ကုဏပံ၊ သားသေကောင်ပုပ်ကလေးကို။ ဆဍ္ဍယိတွာန၊ သုသာန်မြေပြင်မှာ မခင်မတွယ်ဘဲပစ်ထားခဲ့၍။ လောကနာယကံ၊ လောကထွဋ်ထားမြတ်ဘုရားသို့။ ဥပေသိ ၊ ချဉ်းကပ်ခစားခဲ့ပါသတည်း။ မံ။ အကျွန်ုပ်ကို။ ဒူရတောဝ၊ အဝေးမှသာလျှင်။ ဒိသွာ၊ တွေ့မြင်တော်မူလေသည်ရှိသော်။ မဓုရဿရော၊ ချိုမြိန်သာယာ။ ဝါစာသခင် ကျေးဇူးရှင်ဖြစ်တော်မူပေသော ဘုရားမြတ်သည်။ အဝေါစ၊ အမြိုက်တရားဂါထာများကို ဟောကြားတော်မူပေသတည်း။

(ဒ) သဘာဟံသုတွာနိမာဂါထာ၊ ဓမ္မစက္ခုံ ဝိသောဓယိ ။
တတောဝိညာတသဒ္ဓမ္မာ၊ ပဗ္ဗဇိံ အနဂါရိယံ။

(ဒ) သဘာဟံ၊ ထိုအကျွန်ုပ်သည်းဣမာဂါထာ၊ ဤတရားဂါထာတို့ကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်ဉာဏ်တည်းဟူသော တရားမျက်လုံးကို။ ဝိသောဓယိ ၊ သုတ်သင်ရှင်းလင်း ခဲ့ပါသတည်း။ တတော၊ ထိုသောတာပန် ဖြစ်ပြီးသောနောက်၌။ ဝိညာတသဒ္ဓမ္မာ၊ သိမြင်ဉာဏ်ပွားသော သူတော်ကောင်းတရား လက်ကိုင် ရှိသည်ဖြစ်၍။ အနဂါရိယံ အိမ်ရာမထောင်သောသာသနာဘောင်၌။ ပဗ္ဗဇိံ ၊ ရဟန်းပြုခဲ့ပါသတည်း။

## ပေဘာဂ္ဂလအဖြစ်သို့ ရောက်ခြင်း

သောတာပန်စခန်းသို့ပေါက်၍ ရဟန်းအဖြစ်သို့ ရောက်ပြီးတဲ့အခါ။ ကိသာဂေါတမီထေရီသည် ဥပဇ္ဈာယ်ဆရာမြတ်ကြီးတို့၏

ထံပါးမှ ကမ္မဋ္ဌာန်းတရားကိုသင်ကြားနည်းယူပြီးလျှင် ဝိပဿနာ တရားအလုပ်ကို အားထုတ်ရှုစားတော်မူတယ်။ တနေ့သော အခါ ဥယျာဉ်အိမ်သိမ်အပြင်သို့သွားပြီး ဆီမီးများကိုညှိထွန်းတယ်။ ထိန် ထိန်ပြောင်ပြောင်တောက်လောင်နေတဲ့ဆီမီးများကို ပေ့စေ့ရှုစား နေစဉ်အခါ ဝိပဿနာအလုပ်နဲ့ သက်ဆိုင်တဲ့ ဉာဏ်ပညာတွေ သို့ကလိုပေါ်ပေါက်လာသတဲ့။

ဩော်- သည့်ဆီမီးတောက်များဟာ မီးနှင့်ဆီကို အစွဲပြုလို့ သာ တောက်လောင်နေနိုင်ကြတယ်။ ဆီနှင့်မီးစာမရှိပါလျှင် ဆီ မီးတောက်ဆိုတာမဖြစ်နိုင်ဘူး၊ ဆီမီးတောက်ဟာလဲ အစဉ်အမြဲ တည်ရှိနေဟာမဟုတ်ဘူး။ သူ့ဆီနှင့်သူ မီးတောက်အကြောင်း အ ကျိုး ဆက်လက်၍ ဖြစ်ပျက်နေခြင်းမျှသာ မှန်တယ်။ အကျိုးအ ကြောင်းဆက်လက်ပုံကို မသိတဲ့လူများကတော့ မငြိမ်းမခြင်း သည်မီးတောက်သာ အမြဲတည်နေတယ်လို့ထင်မှတ်ကြတယ်။စင် စစ်မှာတော့ အကြောင်းဖြစ်တဲ့ဆီကိုအစွဲပြု၍ အကျိုးဖြစ်တဲ့ တေ ဇောမီး ကလာပ်ကလေးတွေ အစဉ်မပြတ် ဖြစ်ပေါ်နေမှုသာ မှန် တယ်။ ဖြစ်ရေအယဉ်မှာလဲ ထို့နည်းအတိုင်းဘဲ သည့်ဆီမီးကော ဥပမာနှင့်တူစွာ သတ္တဝါ အကောင် အထယ်ကြီး ထင်မှတ်နေကြ တဲ့ ရုပ်ခါတ်,နာမ်ဓါတ်,ပရမတ်တရားတွေဟာလဲ ပဋိစ္စသမုပ္ပါဒ် နည်းလမ်းအတိုင်း အကျိုးအကြောင်း ဆက်လက်ဖြစ်ပေါ်ကာ မကြာမကြာ ချုပ်ဆုံး ပျက်စီးနေတဲ့ တရားတွေအမှန်ဘဲ၊ လျှပ်စီး ပမာ လျင်မြန်စွာ ဖြစ်ပေါ်ပြီးလျှင် မြန်စွာ ချုပ်ဆုံး နေကြတယ်။ အဲ သို့ကလို မခိုင်မြဲတဲ့ တရားတွေကို နိစ္စရယ်လို့ မဆိုနိုင်ဘူး၊ ဝိပရိဏာမ ဒုက်ချက်ဖြင့် နှိပ်စက်ခြင်းကို ခံနေရတဲ့ အနိစ္စတရား တွေကို ချမ်းသာဘယ်လို့မဆိုနိုင်ဘူး။ ဒုက္ခစင်စစ်သာ အမှန်ဖြစ် ကြတယ်။ မမြဲတဲ့အပေါ်မှာ ဒုက္ခဒုက်ချက်က ထပ်ခံလို့နှိပ်စက် ပြန်တော့ သည်လိုတရားမျိုးတွေကို ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာရယ် လို့ ဘယ်မှာစွဲလမ်းသင့်ပါတော့မလဲ စင်စစ်မှာတော့ အစိုးမရ အနှစ်သာရမရှိဘဲ အနတ္တတွေသာ အမှန်ဖြစ်ကြတယ်။

အဲ-သို့ကလို ဆိမ်းတောက်ကို မှုရင်းထားပြီး ရုပ်နာမ်တရားတို့အပေါ်မှာအမြင်ထက်သန်တဲ့ ဝိပဿနာဉာဏ်တွေပေါ်ပေါက်လို့လာလေရာ ရုပ်နာမ်ခန္ဓာတို့နှင့်တကွ သုံးပါးသောဘဝတို့၌လောဘ အငြိအတွယ် ပျော်ပြယ် ကင်းပြတ်လျက် မြင့်မြတ်သောရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော် မူလေသတည်း။ ဤကဲ့သို့ဝိပဿနာထင်မြင်၍ ကိလေသာကင်းစင်သောရဟန္တာဖြစ်ပုံများကို ထောက်ထားဆင်ခြင်ကြပြီးလျှင် ယခုအခါ အသိ အလိမ္မာဉာဏ်နှင့်ပြည့်စုံကြတဲ့ အမျိုးသို့များတို့သည် ဆိမ်းကပ်လှူပူဇော်ကြတဲ့အခါ ဆိမ်းတောက်ကို စေ့စေ့ရှုစားပြီး အနိစ္စဉာဏ်သွားဖြင့် တရားထင်မြင်အောင် ဆင်ခြင်ကြရမယ်။ သည့်ကဲ့သို့ ဆင်ခြင်ကြပါလျှင် ဒါနစေတနာ မြောက် နိုင် တဲ့ ပြင် ဝိ ပ သ နာဘာဝနာကုသိုလ်များလဲပွါးတိုးဖြစ်ပေါ် နိုင်တယ်၊ယခုဘဝမှာပင်ကျွတ်တမ်းမဝင်ရသေးသော်လဲ နောင်ဘုရားရှင် ကို့ လက်ထက်တော်အခါ ဘာဝနာဉာဏ်အ ပါ၍ လွယ်ကူစွာနှင့်ကျွတ်တမ်းဝင်ခွင့်ကိုရနိုင်တယ်။

ကိသာဂေါတမီထေရီသည် ဆိမ်းတောက်ကို အကြောင်းခံပြီးဝိပဿနာဉာဏ် ထက်သန်စွာပေါ်ပေါက်သာ အခါ ရှင်တော်မြတ်ဘုရားက အားပေးချီးမြှင့်တဲ့သဘောအားဖြင့် ဂန္ဓကုဋိတိုက်တော်မှရောင်ခြည်တော်ဖြာကြံစုံကိုစေလွှတ်၍ချွတ်ရန်ဟောကြားတော် မူသောဒေသနာ ဂါထာမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။
(ဓမ္မပဒပါဠိတော်)

ဘဒ္ဒေ-အို ချစ်သမီး။ ယော-အကြင်သူသည်။ အမတံ ပဒံ၊ အမြိုက်နိဗ္ဗာန်ကို။ အပဿံ အပဿန္တော၊ မိမိဉာဏ်တွင်။ ထင်မမြင်ရလေဘဲ။ ဝဿသတံ၊ အနှစ်တရာကာလပတ်လုံး။ စေဇီဝေ၊ အ

ကယ်၍အသက်ရှင်ကာနေရစေဦးတော့၊ သော၊ ထိုသူသည်၊ နသေယျော၊ ဖြတ်သည်မဟုတ်ချေ။ အမတံပဒံ၊ အမြိုက်နိဗ္ဗာန်ကို။ ပဿတော-ပဿန္တ္တသာ၊ သိမြင်နိုင်သောသူအား။ ဧကာဟံ၊ တရက်ထဲမျှ။ ဇီဝိတံ၊ အသက်ရှင်ကာ တည်နေရခြင်းသည်။ သေယျော၊ စင်စစ်ဧကန် အမှန်ထွတ်မြတ်လှပေသတည်း။

ကိသာဂေါတမီ ထေရီအရှင်မြတ်သည် ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်တော်မူပြီးတဲ့အခါ ရှေးကဆုတောင်းပါရမီ ရှိခဲ့ရင်း အတိုင်း လူဒါယကာတို့က ကောင်းမွန်လှစွာ စေတနာသဒ္ဓါတရား ဖြင့်လှူဒါန်းတဲ့ သင်္ကန်းအမွန်အမြတ်များကို ဝတ်ရုံလေ့မရှိဘဲ ပံသုကူသင်္ကန်းကိုသာ ဆင်မြန်း ဝတ်ရုံလေ့ရှိတယ်။ ပံသုကူသင်္ကန်း ဆိုတာ လူတို့အိမ်မှာအသုံးမကျသဖြင့် လမ်းမှာပစ်စွန့်ထားတဲ့ အဝတ်နွမ်း, အဝတ်စုတ်, များကိုကောက်ယူကာ စပ်ဖါချုပ်ဆိုး တဲ့သင်္ကန်းမျိုး။ သုသာန်သင်းချိုင်းမှာ သူသေကောင်နှင့်တကွ စွန့် ပစ်ထားတဲ့ အဝတ်ကိုကောက်ယူကာ စပ်ဖါချုပ်ဆိုးတဲ့ သင်္ကန်း မျိုး၊အဲ-သည်သင်္ကန်းမျိုးတွေကို ပံသုကူသင်္ကန်းမျိုးရယ်လို့ ခေါ် ဆိုရတယ်။ အလွန်ငြစ်နွမ်းတဲ့ သင်္ကန်းမျိုးပေပေါ့၊အမြင်ကငြစ် နွမ်းသော်လဲ သာသနာတော် အတွင်းမှာတော့ လွန်စွာဂုဏ်ရှိတဲ့ သင်္ကန်းမျိုးရယ်လို့ ခေါ်ဆိုရတယ်။ ပုထုဇနတို့ မျက်စိမှာတော့ သည်လိုသင်္ကန်းမျိုးကို ဝတ်ရုံလို့လာလျှင် ကြည်ညိုဘွယ်မထင် ကြောက်လန့်ဘွယ်ရာကြီး ထင်ကြမှာပေါ့လေ။ သူတော်ကောင်း တို့မျက်စိမှာတော့ အလွန်စင်ကြယ်၍ တကာ တကယ် ကြည်ညို ဘွယ်ကြီး ထင်ကြတယ်။ သာသနာတော်ကြီးအတွင်းမှာ ပံသုကူ သင်္ကန်းဆိုတာ ဂုဏ်ထူးဆောင်, ကြွက်သရေဆောင် သင်္ကန်း တော်ကြီးပေပေါ့။

ကိသာဂေါတမီထေရီသည် အလွန်ငြစ်နွမ်းတဲ့ပံသုကူသင်္ကန်း ကိုဆောင်လေ့ရှိကြောင်းနှင့် သာသနာတော်အတွင်းမှာ လွန်စွာ ထင်ရှားကျော်စောတော်မူတယ်။တနေ့သောအခါ 'ဂိဇ္ဈကုဋ်'' တောင်၌ ရှင်တော်ဘုရား သီတင်းသုံးတော်မူစဉ်၊ သိကြားမင်း

သည် နတ်ပရိသတ်နှင့်တကွ ရှင်တော်ဘုရားထံသို့ ဝင်ရောက်ပြီး တရားစကားများကို လျှောက်ထား ဆွေးနွေးလို့နေတယ်။ ထိုအခါ ကိသာဂေါတမီထေရီသည် ရှင်တော်ဘုရားကို ဖူးမြင်ခြင်းငှါ တန်ခိုးဈာန်ယာဉ်ဖြင့် ကောင်းကင်ခရီးက ကြွလာတော်မူရာ ရှင်တော်ဘုရား၏ထံပါးတွင် ခစားဝင်ရောက်လျက်ရှိသော သိကြားမင်းကိုမြင်သည်နှင့် အထံတော်သို့ မဝင်ဘဲ ချက်ဘရက် တွန့်ဆုတ်ပြန်သွားတော်မူတယ်။

ထိုကဲ့သို့ အထံတော်သို့မဝင်ဘဲ တွန့်ဆုတ်ပြန်သွားပုံကို သိကြားမင်းမြင်လေရာ "အရှင်ဘုရား ကောင်းကင်ခရီးဖြင့် ကြွလာပြီးမှ ပြန်လည်ဆုတ်နစ်သွားတဲ့ ပုဂ္ဂိုလ်အရှင်မြတ်ဟာ အဘယ်ပုဂ္ဂိုလ်ဖြစ်ပါသလဲဘုရား" လို့ လျှောက်ထား မေးမြန်းတယ်၊ ထိုအခါ ရှင်တော်မြတ်ဘုရားက "အို-သိကြားမင်း မိုးယံကောင်းကင်၌သင်မြင်လိုက်သော ပုဂ္ဂိုလ်သည်ကား အခြားပုဂ္ဂိုလ်မဟုတ်၊ ပံသုကူသင်္ကန်းကို ဆောင်မြန်းဝတ်ရုံလေ့ရှိတဲ့ ငါ့သမီးတော်ကြီး ကိသာဂေါတမီဖြစ်ပေတယ်။ တောတောင်အတွင်းမှာ တကိုယ်ချင်းနေထိုင်ခါ ဈာန်ကိုသာပွါးများလျက် လျှော့ပါး ပိန်ကြုံသော ကိုယ်ဖြင့် အကြောပြိုင်းရိုင်းထနေတယ်။ ကိလေသာကုန်ခန်းတဲ့ ရဟန္တာမြတ်ကြီးဖြစ်၍ ဗြဟ္မာ,နတ်,လူတို့,၏ ရှိခိုးဦးနှိမ်ခြင်းကို ခံထိုက်တဲ့ သမီးတော်မြတ်ပေပေါ့" အဲ-ဤကဲ့သို့ မိန့်ကြားတော်မူကာ ကိသာဂေါတမီထေရီကို ဘွဲ့ဆိုကျူးရင့်တဲ့ ဂါထာတပုဒ်ကို သို့ကလိုမြွက်ကြားတော်မူလေသတည်း။

ပံသုကူလဓရံ ဇန္တုံ၊ ကိသံ ဓမနိသန္ထတံ။
ဧကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(ဓမ္မပဒပါဠိတော်)

သက္က၊ အို-သိကြားမင်း၊ ဝနသ္မိံ၊ ဆိတ်ငြိမ်သောတောတောင်အတွင်း၌။ ဧကံ အဘော်မလှော်-တယောက်ထီးသီး၊ ဈာယန္တံ၊ ဈာန်ဝင်စားကာနေလေ့ရှိသော။ ပံသုကူလဓရံ၊ ပံသုကူသင်္ကန်းကို

သာဆင်မြန်းဝတ်ရုံလေ့ရှိသော၊ တံဇွန္န ု ကိသာဂေါတမီတည်း ဟူသော ထိုပုဂ္ဂိုလ်ကြီးကို၊ ဖြူမွှေးပံ၊ မကောင်းမှုတွေကို အကုန် ပယ်၍ စင်ကြယ်မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးဟူ၍။ အဟံ၊ငါဘုရား သည်၊ဖြူမိ၊ချီးကျူးစကားမိန့်ကြားမြွက်ဆိုတော်မူပေသတည်း။

ကိသာဂေါတမီ၏ဂုဏ်ကျေးဇူးကို ချီးကျူးမိန့်ကြားတော်မူတဲ့ ရှင်တော်ဘုရား၏ အမိန့်တော်စကားကိုကြားလေသောအခါ သိ ကြားမင်းနှင့်တကွ နတ်ပရိသတ်အပေါင်းတို့သည် ခေါင်းပါး သောသက်န်းဖြင့်ရုန့်မ်းပိန်ကြုံ၍နေသောကိသာဂေါတမီ၏အပေါ် မှာ စေတနာတက်တိုးလျက် သဒ္ဓါမျိုးထက်သန်ကြလေသတည်း။

## တေဒဂ်ဘွဲ့ထူးကိုရရှိခြင်း

ပံသုကူသက်န်းကိုဆောင်ရွက်ခြင်းမှစ၍ သက်န်းခေါင်းပါးမှု အရာတွင် လွန်စွာကျော်စောထင်ရှားလျက်ရှိသော ကိသာဂေါ တမီထေရီမအား ရှင်တော်မြတ်ဘုရားက ပရိသတ်လေးပါး အ လယ်တွင် တင့်တယ်စွာ စံပယ်တော်မူလျက် ဂုဏ်အားလျော်စွာ တေဒဂ် ဘွဲ့ထူးဖြင့် ဤကဲ့သို့ ချီးကျူး မြှောက်စားတော် မူလေ သတည်း။

> တေဒဂ္ဂံဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ
> လူခစီဝရဓါရီနံ ယဒိဒံ ကိသာဂေါတမီ။

ဘိက္ခဝေ၊ချစ်သားရဟန်းတို့၊ မမ၊ငါဘုရား၏။သာဝိကာနံ တ ပည့်မဖြစ်ကြကုန်သော၊ လူခစီဝရဓါရီနံ၊ခေါင်းပါးသောသက်န်း ကိုဆောင်လေ့ရှိကြကုန်သော။ဘိက္ခုနီနံ၊ရဟန်းမိန်းမအပေါင်းတို့ တွင်၊ ယဒိဒံ ယာအယံကိသာဂေါတမီ၊ အကြင်ကိသာဂေါတမီ ထေရီသည်၊ အတ္တိ၊ ရှိ၏၊ တေံ-သော၊ ထိုကိသာဂေါတမီထေရီ သည်၊ အဂ္ဂံ-အဂ္ဂါ၊ အမြတ်ဆုံးပေတည်း။

ရဟန္တာဖြစ်ခြင်း, တေဒဂ်ဘွဲ့ထူးရရှိခြင်း စသည်တို့နှင့်ဆိုင် သော ထေရီအပဒါန်ဂါထာတို့ကို ထုတ်ပြပါဦးမည်၊

(၈) တထာပဗ္ဗဇိတာသန္တိ၊ ယုဉ္ဇန္တီဇိနသာသနေ။
နစိရေနေဝကာလေန၊ အရဟတ္တမပါပုဏိံ။

(၈) တထာ၊ ထိုသို့ပြဆိုခဲ့ပြီးသောအတိုင်း။ အဟံ၊ အကျွန်ုပ်သည်။ ပဗ္ဗဇိတာ၊ ရဟန်းပြုခဲ့သည်၊ သန္တိ၊ ဖြစ်လျက်။ ဇိနသာသနေ၊ ဘုရားရှင်၏သာသနာတော်အတွင်း၌။ ယုဉ္ဇန္တီ၊ မနေမနားကြိုးစားအားထုတ်လိုက်သည့်ရှိသော်။ နစိရေနေဝကာလေန၊ မကြာမြင့်မီကာလအတွင်း၌သာလျှင်။ အရဟတ္တံ၊ ကိလေသာကင်းပြတ်သောရဟန္တာမြတ်အဖြစ်သို့။ အပါပုဏိံ၊ ဆိုက်ရောက်ခဲ့ပေသတည်း။

(၉) ဣဒ္ဓီသုစဝသီဟောမိ၊ ဒိဗ္ဗာယသောတဓာတုယာ။
ပရစိတ္တာနိဇာနာမိ၊ သတ္ထုသာသနကာရိကာ။

(၉) အဟံ၊ အကျွန်ုပ်သည်။ သတ္ထုသာသနကာရိကာ၊ ဘုရားရှင်၏အဆုံးအမတော်ကိုလိုက်နာပြုကျင့်ခဲ့သောကြောင့်။ ဣဒ္ဓီသုစ၊ မိုးပျံမြေငုပ်၊ တန်ခိုးဂုဏ်အမျိုးမျိုးတို့၌လည်း။ ဝသီ၊ ပိုင်စိုးနိုင်နင်းခဲ့သည်၊ ဟောမိ၊ ဖြစ်ရပါသတည်း။ ဒိဗ္ဗာယသောတဓာတုယာ၊ အသံအမျိုးစုံကို အကုန်ကြားနိုင်သော ဒိဗ္ဗသောတ အဘိညာဉ်အရာ၌လည်း။ ဝသီဟောမိ၊ ပိုင်စိုးနိုင်နင်းခဲ့ပါသတည်း။ ပရစိတ္တာနိ၊ သူတပါးတို့၏စိတ်အကြံအစည်တို့ကိုလည်း။ ဇာနာမိ၊ ဟုတ်တိုင်းမှန်စွာသိရပါသတည်း။

(၁၀) ပုဗ္ဗေနိဝါသံဇာနာမိ၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိံ။
ခေပေတွာအာသဝေသဗ္ဗေ၊ ဝိသုဒ္ဓါသိ သုနိမ္မလာ။

(၁၀) ပုဗ္ဗေနိဝါသံ၊ ရှေး၌ဖြစ်ခဲ့ဘူးသောဘဝအလုံးစုံကိုလည်း။ ဇာနာမိ၊ ပိုင်းခြားထင်ထင်၊ သိမြင်ရပါ၏။ ဒိဗ္ဗစက္ခုံ၊ အဆင်းအမျိုးမျိုးကိုမြင်နိုင်သော ဒိဗ္ဗစက္ခု အဘိညာဉ်ကိုလည်း။ ဝိသောဓယိံ၊ စင်ကြယ်စွာ သုတ်သင်ခဲ့ရလေပြီ။ သဗ္ဗေအာသဝေ၊ စီးသွန်ကျလျှော၊ အလုံးစုံသောအာသဝေါတို့ကို။ ခေပေတွာ၊ ခြေမှုန်းသွေ့ ကုန်ခန်းစေလျက်။ သုနိမ္မလာ၊ အညစ်အကြေးတို့မှကင်းဝေးလွတ်မြောက်

သည်ဖြစ်၍။ ဝိသုဒ္ဓါ၊ အရိယာသာနွယ်ဖြင့် စင်ကြယ်မြင့်မြတ်သည်။ အာသိ၊ ဖြစ်ခဲ့ပါသတည်း။

(၀) အညာခမ္မနိရုတ္တိသု၊ ပဋိဘာဏောတထေဝစ။
ဉာဏံမေဝိပုလံသုဒ္ဓံ၊ ဗုဒ္ဓသေဋ္ဌဿဝါဟသာ။

(၀) ဗုဒ္ဓသေဋ္ဌဿ၊ ကျေးဇူးတော်သခင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ ဝါဟသာ၊ တန်ခိုးတော်ဟုန် ကျေးဇူးဂုဏ်ကြောင့်။အတ္ထဓမ္မနိရုတ္တိသု၊အတ္ထပဋိသမ္ဘိဒါ၊ဓမ္မပဋိသမ္ဘိဒါ၊နိရုတ္တိပဋိသမ္ဘိဒါတို့၌၎င်း။တထေဝ၊ထိုအတူပင်လျှင်။ပဋိဘာဏေစ၊ပဋိဘာဏပဋိသမ္ဘိဒါ၌၎င်း။ မေ၊အကျွန်ုပ်၏။ ဉာဏံ၊ထိုးထွင်းလျှင်မြန်၊ အသိဉာဏ်သည်။ ဝိပုလံ၊ ကျယ်ဝန်း ပြန့်ပြောသည် ဖြစ်၍။ ဝိသုဒ္ဓံ၊ မမျှံမမှေး၊ ညစ်ကြေးမတွယ်၊ စင်ကြယ် သန့်ရှင်း လှပါသတည်း။

(၀) သက်ာရကုဋ္ဌာအာဟိတွာ၊ သုသာနာရထိ ယာပိစ။
တတောသင်္ဃာဋိံကတွာ၊ လူခံ ဓာရေမိ စီဝရံ။

(၀) အဟံ၊ အကျွန်ုပ်သည်။ သက်ာရကုဋ္ဌာ၊ အမှိုက်ပုံရာအရပ်ဌာနမှ၎င်း။သုသာနာ၊သုသာန်သင်းချိုင်းအရပ်မှ၎င်း။ရထိယာပိစ၊ လမ်းဆုံ လမ်းမ လမ်းလေးခွမှ၎င်း။ ဝတ္ထာနိ၊ အဝတ်စုတ်, အဝတ်နွမ်း,တို့ကို။အာဟိတွာ၊ဘွေရှာကောက်ယူ၍။သင်္ဃာဋိံကံ၊ အထပ်ထပ်အလွှာလွှာချုပ်သော။ နကုဋ်သင်္ကန်းကြီးကို။ ကတွာန၊ ပြုလုပ်ချုပ်ဆိုး၍။ လူခံ၊ ညစ်နွမ်းခေါင်းပါး လှစွာသော။ စီဝရံ၊ သင်္ကန်းကို။ ဓာရေမိ၊ ဆောင်ခဲ့ပါသတည်း။

(ဘ) ဇိနော တသ္မိံ ဂုဏော တုဋ္ဌော၊ လူခစီဝရဓာရဏော။
ဌပေသိ ဧတဒဂ္ဂမှိ၊ ပရိသာသု ဝိနာယကော။

(ဘ) လူခစီဝရဓာရဏော၊အလွန်ခေါင်းပါးသော သင်္ကန်းကို ဆောင်ခြင်းဟုဆိုအပ်သော။တသ္မိံ ဂုဏေ ထိုဂုဏ်ထူး၌။ တုဋ္ဌော၊ နှစ်သက်တော်မူသည်ဖြစ်၍။ဝိနာယကော၊လူတို့၏မျှော်ဆောင်ခရီးညွှန်ဖြစ်တော်မူသော။ ဇိနော၊ ရှင်တော်ဘုရားလည်း။ ပရိသာသု၊

ဗိုလ်ပုံပရိသတ်အလယ်တို့၌။ မံ၊အကျွန်ုပ်ကို။ ဧတဒ မှိ၊ ဧတဒဂ် ရာထူး၌။ ဌပေသိ၊ တင်ထားမြှောက်စားတော်မူလေသတည်း။

## ကိသာဂေါတမီထေရီ ကျူးရင့်သော ဂါထာများ

ကိသာဂေါတမီထေရီသည် ကိလေသာကုန်ခန်း၍ ရဟန္တာ ဖြစ်ပြီးတဲ့နောက် အဘိညာဉ်မြောက်ပါး၊ပဋိသမ္ဘိဒါလေးပါးတို့ နှင့်ပြည့်စုံခြင်း၊ ဧတဒဂ်ဘွဲ့ထူးကိုရရှိခြင်း။ ဤသို့သောလောကုတ္တ ရာဂုဏ်ကျေးဇူးတို့နှင့် အထူးပြည့်စုံရခြင်းသည် အခြားကြောင့် မဟုတ်။ ဘုရားရှင်တည်းဟူသော မိတ်ဆွေကောင်းမိတ်ဆွေမြတ် ကြီးကိုပေါင်းသင်းမှီဝဲရခြင်းကြောင့်သာဖြစ်ပေသည်။တလောက လုံး၏ မိတ်ဆွေကောင်းကြီးအစစ်ဖြစ်တော်မူပေထသော သဗ္ဗညု ရှင်တော်မြတ်ဘုရားသည် အလုံးစုံသော သတ္တဝါတို့ အပေါ်မှာ လွန်စွာကျေးဇူးတော်ကြီးမြတ်ပေစွ၊ဤကဲ့သို့ရှင်တော်မြတ်ဘုရား ၏ ဂုဏ်တော်တွေကိုရိုသေလေးမြတ်စွာဆင်ခြင်ပြီးလျှင် မိမိ အ ကြောင်းအရာနှင့်တကွ ဘော်ပြခြင်းအလို့ငှါ ပြဆိုလတ္တံ့သော ဥဒါန်းဂါထာတို့ကို ရွတ်ဆိုကျူးရင့်တော်မူလေသတည်း။

(၁) ကလျာဏမိတ္တတာမုနိနာ။
လောကံအာဒိဿဝဏ္ဏိတာ။
ကလျာဏမိတ္တေဘဇမာနော။
အပိဗာလောပဏ္ဍိတောအဿ။

(၁) လောကံ၊ လောကကြီး တခုလုံးကို။ အာဒိဿ၊ ရည် ညွှန်းတော်မူလျက်။ မုနိနာ၊ ရှင်တော်မြတ်ဘုရားသည်။ ကလျာဏ မိတ္တတာ ကောင်းမြတ်သောမိတ်ဆွေရှိခြင်းကို။ ဝဏ္ဏိတာ၊ ချီးမွမ်း တော်မူအပ်ပေ၏။ ကလျာဏမိတ္တေ၊ မိတ်ဆွေကောင်း မိတ်ဆွေ မြတ်တို့ကို။ ဘဇမာနော မှီဝဲ ဆည်းကပ် အပ်သော သူသည်။ ဗာလောအပိ၊ သူမိုက်ပင် ဖြစ်လင့်ကစား။ ပဏ္ဍိတော အဿ၊ ပညာ ရှိ ဖြစ်နိုင်ရာသတည်း။

(၂) ဘာဝိတတ္တာသပ္ပုရိသာပညာ၊တထာဝဍ္ဎတိဘာဇန္တာနံ။
သဇမာနောသပ္ပုရိသေ၊သဗ္ဗေဟိပိဒုက္ခေဟိပမုစ္စေယျ။

(၂) သပ္ပုရိသာ၊ပညာရှိသူတော်ကောင်းတို့ကို။ ဘာဝိတတ္တာ၊ မှီဝဲဆည်းကပ်အပ်ကုန်၍။ တထာ၊ ထိုပြဆိုအပ်သောအတိုင်း။ ဘဇန္တာနံ။မှီဝဲဆည်းကပ်သောသူအပေါင်းတို့အား။ ပညာ၊အသိအလိမ္မာဉာဏ်ပညာသည်။ဝဍ္ဎတိ၊တိုးပွားလေ၏။သပ္ပုရိသေ။ပညာရှိသူတော်ကောင်းတို့ကို။ ဘဇမာနော၊ မှီဝဲဆည်းကပ်သော သူသည်။ သဗ္ဗေဟိပိဒုက္ခေဟိ၊ အလုံးစုံသော ဝဋ်ဒုက္ခအပေါင်းတို့မှလည်း ပမုစ္စေယျ၊အလုံးစုံကွင်းကျွတ်၍ကင်းလွတ်ရလေသတည်း။

(ဤဂါထာနှစ်ပုဒ်ဖြင့် ကလျာဏမိတ္တဂုဏ်ကို ပြဆိုသည်)

(၃) ဒုက္ခံစဝိဇာနေယျ၊ ဒုက္ခဿစသမုဒယံနိရောဓံ။
အဋ္ဌင်္ဂိကံစမဂ္ဂံ၊ စတ္တာရိပိအရိယသစ္စာနိ။

(၃) သာသနေ၊သာသနာတော်မြတ်ကြီးအတွင်း၌။ ဒုက္ခံစ၊ ဆင်းရဲအမှန်ဖြစ်သောဒုက္ခသဘောကိုလည်း။ဝိဇာနေယျ၊ရှုစားသိမြင်ရာ၏။ ဒုက္ခဿ၊ ဆင်းရဲမှု၏။ သမုဒယံစ၊ အကြောင်းမှန်ကိုလည်း။ဝိဇာနေယျ ရှုစားသိမြင်ရာ၏။ နိရောဓံ၊ ဒုက္ခ၏ချုပ်ခြင်း အမှန်ကိုလည်း။ ဝိဇာနေယျ၊ရှုစားသိမြင်ရာ၏။အင်္ဂါ၊အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံစ၊ နိဗ္ဗာန်ရောက်ကြောင်း၊ ခရီးကောင်းလမ်းမှန်ကိုလည်း။ ဝိဇာနေယျ၊ရှုစားသိမြင်ရာ၏။ ဣတိ၊ဤသို့ဆိုအပ်ပြီးသောအတိုင်း။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကိုလည်း။ ဝိဇာနေယျ၊ ရှုစားသိမြင်ရာသတည်း။

(ဤဂါထာဖြင့် သစ္စာလေးပါးကိုပြဆိုသည်)

(၄) ဒုက္ခော ဣတ္ထိဘာဝေါ၊အက္ခာတောပုရိသဒမ္မသာရထိနာ။
သပတ္တိကမ္ပိဒုက္ခံ၊အပ္ပေကစ္စာသကိံဝိဇာတာယော။

(၅) ဂလကေအပိကန္တန္တိ၊သုခုမာလိနိယောဝိသာနိခါဒန္တိ။
ဇနမာရကမဇ္ဈဂတာ၊ ဥဘောပိဗျသနာနိအနုဘောန္တိ။

(၄-၅) ဇူတ္တိဘာဝေါ၊ မိန်းမအဖြစ်ကို။ ဒုက္ခော၊ အလွန်တရာပင်၊ ငြိုငြင်ဆင်းရဲလှ၏ဟူ၍။ ပုရိသဒမ္မသာရထိနာ၊ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ရှင်တော်မြတ်ဘုရားသည်။ အက္ခာတော၊ အထင်အရှား ဟောကြားတော်မူအပ်ပေ၏။ ဇူတ္တိနံ မိန်းမတို့အား။ သပတ္တိကံပိ၊ လင်တူမယားအဖြစ်ဖြင့် နေထိုင်ရခြင်းသည်လည်း။ ဒုက္ခံ၊ အလွန်တရာဆင်းရဲလှစွာ၏။ သကိံ ဝိဇာတာယော၊ ပထမအကြိမ်သာဘွားရကုန်သော။ အပ္ပေကစ္စာ၊ အချို့သောမိန်းမတို့သည်။ ဒုက္ခပိဋ္ဌိတာ၊ ဆင်းရဲခြင်း နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ဂလကေအပိ၊ မိမိလည်ပင်း၌သော်လည်း။ ကန္တန္တိ၊ ဓါးဖြင့်လှီးဖြတ်ကြလေကုန်၏။ သုခုမာလိနိယော၊ လွန်စွာသိမ်မွေ့နူးညံ့ကုန်သော။ အပ္ပေကစ္စာ၊ အချို့သောမိန်းမတို့သည်။ ဇနမာရကမဇ္ဈဂတာ၊ မိခင်ကိုသတ်တတ်သော ကိုယ်ဝန်ကိုဆောင်ရသည်ရှိသော်၊ ဝိသာနိ၊ အဆိပ်တို့ကို။ ခါဒန္တိ၊ စားကြလေကုန်၏။ ဥဘောပိ၊ မိခင်နှင့်ကိုယ်ဝန်- နှစ်ပါးစုံတို့သည်လည်း၊ ဗျသနာနိ၊ သေဆုံးပျက်စီးခြင်း ဆင်းရဲတို့ကို။ အနုဘောန္တိ၊ ခံစားရကြလေကုန်၏။

(ဤဂါထာနှစ်ပုဒ်ဖြင့် မိန်းမတို့၏ဆင်းရဲဒုက္ခကို ပြဆိုသည်)

(၆) ဥပဝိဇညာ ဂစ္ဆန္တီ၊ အဒ္ဒသာဟံ ပတိံ မတံ။
ပန္ထမှိ ဝိဇာယိတွာန၊ အပတ္တာဝ သကံဃရံ။

(၆) ဥပဝိဇညာ၊ သားဘွားခါနီးဖြစ်သော မိန်းမတယောက်သည်၊ ဂစ္ဆန္တီ၊ မိဘတို့အိမ်သို့ပြန်သွားလေသည်ရှိသော်၊ သကံဃရံ၊ မိမိအိမ်သို့။ အပတ္တာဝ၊ မရောက်မီသာလျှင်။ ပန္ထမှိ၊ လမ်းခရီး၌။ ဝိဇာယိတွာန၊ ရုတ်တရက်ပင်၊ သားဘွားမြင်၍။ ပတိံ မတံ၊ လင်ယောကျာ်းသေဆုံး၍ သွားပုံများကိုလည်း။ အဟံ၊ အကျွန်ုပ်သည်။ အဒ္ဒသံ၊ သိမြင်ကြုံတွေ့ရဘူးပေါသတည်း။

(၇) ဒွေပုတ္တာ စ ကာလင်္ကတာ၊ ပတိ စ ပန္ထေ မတော ကပဏိကာယ။
မာတာ ပိတာ စ ဘာတာ စ၊ ဍယှန္တိ စ ဧကစိတကာယံ။

(၇) ကပဏိကာယ၊ အားကိုးဘွယ်မမြင်၊ ငြိုငြင်ဆင်းရဲ၍ နေသော ဒုက္ခသယ်မ၏။ ဒွေပုတ္တာစ၊ သားကလေးနှစ်ယောက်တို့သည်လည်း။ ပန္ထေ၊ လမ်းခရီး၌။ ကာလကတာ၊ တဦးမှာ ခွန်သုတ်၊ တဦးမှာရေမြုပ်၍ ဆုံးချုပ်သေလွန်ကြရှာလေကုန်သတည်း။ ပတိစ၊ လင်ယောကျ်ားသည်လည်း။ ပန္ထေ၊ မမြင်မှောင်ဆိုး လမ်းခရီး၌။ မတော၊ မိုးဝွေဝွေလေအတိုက်ခံ၍၊ မြွေကိုက်၍သေဆုံးရှာလေသတည်း။ မာတာစ၊ မွေးသမိခင် ကျေးဇူးရှင်ကိုရင်း။ ပိတာစ မွေးသဘခင်ကျေးဇူးရှင်ကိုရင်း။ ဘာတာစ၊ မောင်အရင်းကိုရင်း။ ဧကစိတကာယံ၊ တခုသောထင်းပုံထက်၌၊ ဒယှန္တိ၊ သုံးလောင်းစုံရှိုက်၍ မီးတိုက်အပ်ကုန်၏။

(ဤဂါထာနှစ်ပုဒ်ဖြင့် ပဋာစာရီ၏ဆင်းရဲဒုက္ခရောက်ပုံကိုပြဆိုသည်။ ။နောက်ဂါထာတို့ဖြင့် မိမိကိုယ်တိုင် အဖြစ်အပျက်ကို ပြဆိုလတ္တံ့)

(၈) ခိဏကုလိနေကပဏေ၊ အနုဘူတံတေဒုက္ခံအပရိမာဏံ။
အဿုစတေပဝတ္တံ၊ ဗဟူနိဇာတိသဟဿာနိ။

(၈) ခိဏကုလိနေ၊ စည်းစိမ်ဂုဏ်တန်ခိုး၊ အမျိုးမျိုးပျက်စီးခဲ့သည်ဖြစ်၍။ ကပဏေ၊ အားကိုးရာမမြင်၊ ငြိုငြင်ဆင်းရဲခဲ့သည်ရှိသော်။ တေ-တယာ၊ သင်သည်။ ဝါ၊ သင့်ကိုယ်ဘိုင်။ အပရိမာဏံ၊ အတိုင်းမသိသော။ ဒုက္ခံ၊ ဆင်းရဲဒုက္ခကို။ အနုဘူတံ၊ ခံစားအပ်လေပြီ။ ဗဟူနိ၊ များစွာကုန်သော။ ဇာတိသဟဿာနိ၊ အထောင်မကသောဘဝတို့၌။ တေ၊ သင်၏။ အဿုစ၊ ဆင်းရဲခြင်းကြောင့်၊ ကျဆင်းယိုစီးသော မျက်ရေများလည်းလည်း။ ပဝတ္တံ၊ ကြိမ်ဖန်များစွာဖြစ်ပွါးခဲ့ဘူးလေပြီ။

(၉) ဝသိတာသုသာနမဇ္ဈေ၊ အထောပိခါဒိတာနိပုတ္တမံသာနိ။
ဟတကုလိကာသဗ္ဗဂရဟိတာ၊ မတပတိကာအမတံအဓိဂစ္ဆိံ။

(၉) အဟံ၊ အကျွန်ုပ်သည်။ သုသာနမဇ္ဈေ၊ သုသာန်အလယ်

၌၊ ဝသိတာ၊ လူသေတို့အသားကို စားသော မြေခွေးစသည်ဖြစ်ကာ၊ ကြိမ်ဖန်များစွာ နေထိုင်ခဲ့ဘူးလေပြီ။ အထောပိ၊ ထို့ပြင်တပါးလည်း။ ပုတ္တမံသာနိ၊သား၏အသားတို့ကို။ ခါဒိတာနိ၊ကြိမ်ဖန်များစွာ စားဘူးကုန်ပြီ။ ဣဒါနိ၊ယခုအခါ၌။ ဟာဋကုလိကာ၊အမျိုးမျိုးပျက်စီးသော။ သဗ္ဗဂရဟိတာ၊လူအလုံးစုံတို့၏ ကဲ့ရဲ့ခြင်းကို ခံခဲ့ရသော။ မတပတိကာ၊ လင်သေမုဆိုးမဖြစ်သော။ အဟံ၊ အကျွန်ုပ်သည်။ အမတံ၊သေခြင်းကင်းသောနိဗ္ဗာန်ကို။ အဓိဂစ္ဆိံ၊ ပိုင်ပိုင်နိုင်နိုင်ရရှိခဲ့ပါသတည်း။

(ဤဂါထာနှစ်ပုဒ်ဖြင့် ယခုဘဝ၌ မိမိ၏ဖြစ်ပုံ, လွန်လေပြီးသောဘဝတို့၌ မိမိ၏ဖြစ်ရပုံများကိုပြဆိုသည်)

(၁၀) ဘာဝိတောမေမဂ္ဂေါအရိယော၊ အဋ္ဌင်္ဂိကောအမတဂါမီ။
နိဗ္ဗာနံသစ္ဆိကတံ၊ ဓမ္မာဒါသံအပေက္ခိဟံ။

(၁၀) ဣဒါနိ၊ ယခုအခါ၌။ မေ-မယာ၊ အကျွန်ုပ်သည်။ အရိယော၊မြတ်သော။အဋ္ဌင်္ဂိကော၊အင်္ဂါရှစ်ပါးရှိသော။အမတဂါမီ၊နိဗ္ဗာန်သို့ ဆိုက်ရောက် စေနိုင်သော။ မဂ္ဂေါ၊ မဂ်တရားကို။ဘာဝိတော၊ ပွါးများအပ်လေပြီ။ နိဗ္ဗာနံ၊ မသေရာမှန်၊ မြို့က်နိဗ္ဗာန်ကို။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်လေပြီ။ ဓမ္မာဒါသံ၊ တရားတည်းဟူသောမျက်မှန်ကို။ အဟံ၊ အကျွန်ုပ်သည်။ အပေက္ခိံ၊ အမြင်ရှင်းအောင် ထင်လင်းစွာကြည့်ရှုရလေပြီ။

(၁၁) အဟာမှိ ကန္တသလ္လာ၊
ဩဟိတဘာရာကတံဟိကရဏီယံ။
ကိသာဂေါတမီထေရီ၊
ဝိမုတ္တစိတ္တာဣမံအဘာဏိ။

(၁၁) အဟံ၊အကျွန်ုပ်သည်။ဣဒါနိ၊ယခုအခါ၌။ဩဟိတဘာရာ၊ချအပ်ပြီးသောခန္ဓာဝန်ရှိသည်ဖြစ်၍။ ကန္တသလ္လာ၊ကိလေသာတည်းဟူသော ငြောင့်တံသင်းကို ကင်းရှင်းစွာဖြတ်တောက်အင်

ပြီးသည်။ အမှီ၊ ဖြစ်ပါသတည်း။ ဟိ၊ စင်စစ်ကေန်။ ကရဏီယံ၊ ပြု ဘွယ် ကိစ္စဟူသမျှကို၊ ကတံ၊ ကိစ္စတုန်းအောင်၊ အလုံးစုံပြုအပ် လေပြီ။ ဣတိ၊ ဤသို့။ ဝိမုတ္တာ စိတ္တာ၊ ကိလေသာဝဋ်မှ ကျွတ်လွတ်ပြီး သောကိစ္စရှိသော။ ကိသာဂေါတမီထေရီ၊ ကိသာဂေါတမီ ထေရီ အရှင်မြတ်သည်။ ဣမံ၊ ဤဂါထာရကို။ အဘာသိ၊ မြွက်ဆိုကျူးရင့် တော်မူလေသတည်း။

ဤသို့ပြဆိုအပ်ခဲ့ပြီးသောအတိုင်း၊ သံသရာဝဋ်တွင်း ကိလေ သာညွတ်ကွင်းမှ လွတ်ကင်းတော် မူပြီးသော ကိသာဂေါတမီ ထေရီ အရှင်မြတ်ကြီးသည် အသက်ဘမ်း ကုန်ဆုံးသိဉ့် တိုင် အောင် သာသနာရေးနှင့် ဆိုင်သောတာဝန်တို့ကို၊ အားသွန်ကြိုး ပမ်းကာ ထမ်းဆောင်တော်မူပြီးလျှင် ဘဝအဆုံးစွန်၌ ချမ်းသာ တကာတို့ထက် ထူးချွန်၍ အလွန့် အလွန် မွန်မြတ် လှစွာသော နိဗ္ဗာန် ကြဋ္ဌနန်းသို့ စံမြန်းတော်မူရလေသတည်း။

ကိသာဂေါတမီထေရီဝတ္ထုပြီး၏။

(မှတ်ချက်။ ။ဤကိသာဂေါတမီထေရီအရှင်မြတ်သည် အဆုံးစွန်သောဘဝအဖြစ်မှာ ချမ်းသာခွင့်နည်းပါး၍ အဆင်းရဲတွေ့ သာများရှာသည်။ ငြိုငြိုငြင်ငြင်ကျွတ်တမ်းဝင်ရသော ရဟန္တာမ တပါးဟု ဆိုထိုက်ပေသည်။ ဤဝတ္ထုကို ပြန်ဆို ရေးသားရာ၌ ထေရီဂါထာအဋ္ဌကထာကျမ်း, အင်္ဂုတ္တိုရ်အဋ္ဌကထာကျမ်း, ဓမ္မ ပဒအဋ္ဌကထာကျမ်း, ထေရီအပဒါန်ပါဠိတော် ဤကျမ်းတို့နှင့် တိုက်ဆိုင်ကာ ပြန်ဆိုရေးသားပါသည်။ ဤဝတ္ထု၌ က-ခ-စသည် တို့ဖြင့်မှတ်သားအပ်သော ဂါထာတို့ကို ထေရီအပဒါန်ပါဠိတော် ၁-၂ စသော ဂဏန်းတို့ဖြင့် မှတ်သားအပ်သော ဂါထာတို့ကို ထေရီဂါထာ ပါဠိတော်ဟူ၍ မှတ်ယော်မူကြပါကုန်)

ကောဒသနိပါတ် ထေရီဘာသာပြန်ပြီး၏။

## ၄၇။ဒသနိပါတ်-ထေရီဘာသာပြန်

## ဥပ္ပလဝဏ္ဏာသေရီဝတ္ထု

(မှတ်ချက်။ ။ရှင်တော်ဘုရားလက်ထက်တော်အခါ တန်ခိုးအတိဉာဉ် အရာတွင် ဧတဒဂ်ရ၍ လက်ဝဲတော်ရံအစစ် အဂ္ဂသာဝိကာမကြီး ဖြစ်တော်မူပေသော ဥပ္ပလဝဏ်ထေရီ၏ ဝတ္ထုကို ထေရီဂါထာ အဋ္ဌကထာမှစ၍ အဋ္ဌကထာ ဆရာကြီးတို့သည် တခမ်းတနား ရှည်လျားကျယ်ဝန်းစွာ ဘွင့်ဆိုတော်မူကြကုန်၏။ ၍သို့ ဘွင့်ဆိုတော်မူကြသောအတိုင်း ၍ထေရီ ဘာသာပြန်၌လည်း ခမ်းခမ်းနားနား ရှည်လျားကျယ်ဝန်းစွာ ပြန်ဆိုရေးသားရပေလိမ့်မည်။ ထိုပြင် ဥပ္ပလဝဏ်ထေရီနှင့် စပ်လျဉ်း၍ အခြားကျမ်းဂန်တို့၌ရှိသောအချက်များကိုလည်း ဘွေရှာထည့်သွင်းကာ ပြန်ဆိုရေးသားရပေလိမ့်မည်၊ ထေရီအပဒါန် ပါဠိတော်ဂါထာများကိုလည်း ချန်ထားခြင်းမပြုဘဲ စုံလင်စွာ ထည့်သွင်းဖေါ်ပြရပေလိမ့်မည်၊ ပညာတည်းဟူသော မျက်လုံးဝယ် သဒ္ဓါတရားတည်းဟူသော မျက်မှန်ကိုတပ်၍ လေးလေးမြတ်မြတ် ဘတ်ရှုတော်မူကြပါကုန်)

### ပဒုမုတ္တရဘုရားရှင်၏လက်ထက်တော်

အဏ္ဏဝတ္တိကာယတန ခြောက်ပါးတည်းဟူသော သမုဒ္ဒရာခြံစင်းအလယ်တွင် ကြီးကျယ်လှစွာသော ဗာဟိရာယတနခြောက်ပါးတည်းဟူသောလှိုင်းအိ,လှိုင်းလုံး,တို့ဖြင့် တအုံးအုံးတဖြုံးဖြုံး ရိုက်ခတ်လျက် ကိလေသာတည်းဟူသော ငါးမန်း,ငါးဆင်တို့ဖြင့် ပြူးပြွမ်း၍ ကြောက်ခမန်း, လန့်ခမန်း, ဘေးဘျမ်း အတိသာ ဖြစ်သော ဝဋ်ဒုက္ခသံသရာ မဟာဝဲဩဃကြီး အတွင်းမှ လွတ်ကင်းအောင် ကူးသန်း၍အမြိုက်နန်းသို့လှံ့ရအောင်အလုံးစုံသောကုသိုလ်ပါရမီမျိုးကို စိုက်ပျိုးလေ့ရှိသော အမျိုးသမီးတယောက်သည် ရှေးလွန်လေပြီးတဲ့ကမ္ဘာ့ တသိန်းအခါ ပဒုမုတ္တရ ရှင်တော်ဘုရား ထင်

၅၁း ပွင့်တော်မူစဉ်အခိုက်ဝယ် ဟံသာဝတီနေပြည်တော်ကြီးမှာ ချမ်းသာကြွယ်ဝတဲ့ သူဋ္ဌေးသမီးဖြစ်လာတယ်။

သဒ္ဓါခဲတင်ခံ ရင့်သန်ထက်မြက်ခဲ့တဲ့အတိုင်း ရတနာသုံးပါးကို ကြည်ညိုမှု၍ ကုသိုလ်ပုညများကို တိုးပွါးအောင်ဖြည့်ကျင့်လေ့ရှိဘဲ့အတိုင်း သူတော်ကောင်းမိတ်ဆွေများနှင့် ဘုရားရှင်ထံသို့ မကြာမကြာသွားပြီး တရားနာလေ့ရှိတယ်။ ဟောတော်မူအပ်တဲ့ တရားများကိုလဲ မှတ်မှတ်သားသားနှင့်သူဘပါးတို့အားလဲ မိမိနာကြားခဲ့ရတဲ့အတိုင်း အဖန်ဖန်ပြန်လှန်ကာ ဟောကြားလေ့ရှိတယ်။ သူတော်ကောင်းတရားဂုဏ်နှင့်ပြည့်စုံထိမ္မာ၍ လွန်စွာမြင့်မြတ်တဲ့ အမျိုးသမီးကလေးပေပေါ့။

တနေ့သောအခါ ရှင်တော်ဘုရားထံမှောက်သို့ သွားရောက်၍ တရားနာရာတွင် တန်ခိုးအဘိညာဉ်နှင့်ပြည့်စုံတဲ့ဘိက္ခုနီမတပါးကို ရှင်တော်မြတ်ဘုရားက ပရိသတ်အလယ်တွင် ဘွယ်ဘွယ်ရာရာချီးမွမ်းတော်မူလျက် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပုံများကို တွေ့မြင်ရတယ်။

ထိုအခါ ဆိုခဲ့ဘဲ့ အမျိုးသမီးကလေးရဲ့စိတ်ထဲမှာ လွန်စွာကြည်လင်လျက် သည်နည်းအတိုင်းဖြစ်ချင်သော ဆန္ဒတွေ ဖြစ်ပေါ်လာသဖြင့် ''ဪ-သည်ဘိက္ခုနီ အရှင်မြတ်ဟာ လွန်စွာဂုဏ်ကြီးပါပေတယ်၊ ဘုရားရှင်ကိုယ်တော်တိုင် မြွက်ဆိုချီးကျူးပြီးဧတဒဂ်ဘွဲ့ထူးဖြင့် မြှောက်စားခြင်းကိုခံရပေတယ်။ နောင်ပွင့်တော်မူလတ့ံသော ဘုရားရှင်တို့၏လက်ထက်တော်မှာ သည်လိုအကျိုးပေးပုံမျိုးနှင့်တူစွာ ငါကိုယ်တိုင်ဖြစ်ရလျှင်ကောင်းလေစွ၊ ဖြစ်လိုတဲ့ဆန္ဒဖြင့် ကုသိုလ်ပုညမျိုးကို စိုက်ပျိုးထူထောင်ကာ ရင်းနှီးခဲ့ပါလျှင် မဖြစ်နိုင်ဘူးမဆိုသာ ငါကိုယ်တိုင်ဖြစ်ရမှာ အမှန်ဘဲ။ ''အဲ-သည်ကဲ့သို့ တွေးတောကြံဆကာ ဆန္ဒထက်သန်စွာနှင့် တရားနာပြီးလျှင် အိမ်သို့ပြန်လာခဲ့တယ်။

အိမ်သို့ရောက်တော့ တွေ့မြင်ခဲ့ရတဲ့ ဘိက္ခုနီမကြီးကို အားကျသဖြင့် ဒါနကုသိုလ်တော်ကြီးကို ပြုလုပ်ခြင်းအကျိုးငှါ လွန်စွာ

ဆန်းကြယ်၍ တင့်တယ် ကောင်းမြတ်တဲ့ အသွေး မဏ္ဍပ်ကြီးကို ဆောက်လုပ်ပါရော။ သည်မဏ္ဍပ်ကြီးမှာ ကြာပန်းတို့ဖြင့် အဆန်းတကြယ်ဖြစ်အောင် ခြယ်လှယ်မွမ်းမံလို့ထားတယ်။ သည်ကြာပန်းမဏ္ဍပ်ကြီးကိုမြင်ရတဲ့အခါ ထူးဆန်းလှပါတကားဟု လူအများတို့က ချီးမွမ်းကြသတဲ့။

မဏ္ဍပ်ကြီး ဆောက်လုပ်ပြီး၍ လှူဘွယ်ဝတ္ထု အမျိုးစုံကို လုံလောက်အောင် စီရင်ပြီးတဲ့ အခါ သံဃာတော် အများနှင့်တကွ ရှင်တော်ဘုရားကို ပင့်လျှောက်တယ်။ ရှင်တော်ဘုရားကလဲ ကုသိုလ်ရှင်အမျိုးသမီးကလေးအား သနားသဖြင့် ချီးမြှင့်တော်မူလိုတဲ့ အတွက် နောက်တော်ပါသံဃာအများနှင့်တကွ ကြာပန်းမဏ္ဍပ်ကြီးအတွင်းသို့ ကြွရောက်တော်မူလာတယ်။ မဏ္ဍပ်ကြီး အတွင်းမှာ သံဃာတော်အပေါင်းခြံရံလျက် ဘုရားတို့ကြက်သရေဖြင့် တင့်တယ်စွာစံနေတော်မူတဲ့အခါ အကြည်ညိုသဒ္ဓါတိုး၍ရှိခိုးလို့ အားမရနိုင်အောင်ဖြစ်နေတာပေါ့။

ထိုအခါ - ကုသိုလ်ရှင်အမျိုးသမီးကလေးသည် ဆွမ်းလုပ်ကျွေးကာ တရားတော်မြတ်ကိုကြားနာတယ်၊ တရက်မျှသာ လှူဒါန်းရသည်ကို အားရတင်းတိမ်ခြင်း မရှိသောကြောင့် ခုနစ်ရက်တိုင်တိုင် မြိုင်မြိုင်ဆိုင်ဆိုင်နှင့်တင့်တယ်အောင် ဆန်းကြယ်တဲ့ မဏ္ဍပ်ကြီးကို ပြင်ဆင်ပြီး သံဃာတော် အပေါင်းနှင့်တကွ ဘုရားရှင်အား ဆွမ်းကျွေးလှူဒါန်းခြင်းအမှုကို ရိုသေစွာပြုလုပ်တယ်။ ခုနစ်ရက်တိုင်တိုင် လှူဒါန်းတဲ့ အလှူပွဲကြီး ပြီးဆုံးတဲ့နေ့မှာ ကြွရောက်လာတဲ့ သံဃာတော်အများနှင့်တကွ ဘုရားရှင်အား တိစီဝရိက် သင်္ကန်းအစုံတို့ဖြင့် လှူဒါန်းပူဇော်တယ်။

အဲ - သည်ကဲ့သို့ လှူဒါန်းပူဇော်ပြီးတဲ့နောက် ကုသိုလ်ရှင်အမျိုးသမီးကလေးသည် အဆင်းအနံ့နှင့် ပြည့်စုံတဲ့ ကြာပန်း ခုနစ်ခိုင်ကို လက်ဖြင့်ကိုင်၍ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းဦးခိုက်ခါ ရိုသေမြတ်နိုးစွာလှူဒါန်းပြီး ဘုန်းတော်ကြီးလှသောရှင်ပင်ဘုရားတပည့်တော်မ လှူဒါန်းရတဲ့ဒါနကုသိုလ်စေတနာကြောင့် ဖြစ်လေရာ

ဘဝတိုင်းမှာ ဤကြာညိုပန်းအဆင်းကဲ့သို့ ကြိုင်သင်းလှပစွာ မြင့်မြတ်တဲ့ ရုပ်လက္ခဏာနှင့်ပြည့်စုံပြီးလျှင် အဆုံးဘဝ၌ ရှင်တော်ဘုရားကိုယ်တိုင်ချီးကျူး၍ တေဒဂ်ဘွဲ့ထူးဖြင့်မြှောက်စားခြင်းခံရတဲ့ ဘိက္ခုနီမကဲ့သို့ ဣဒ္ဓိမန္တ တေဒဂ်ဘွဲ့ထူးကို ဆင်ယင်ကာ ကျွတ်တမ်းဝင်ရပါလိုရဲ့ဘုရား'' အဲ-သို့ကလို လျှောက်ထား ဆုပန်လိုက်တယ်။

ထိုအခါ ရှင်တော်မြတ်ဘုရားက အနာဂတံသဉာဏ်တော်ဖြင့် ရှုမြော်ဆင်ခြင်ပြီး' အို-ချစ်သမီး၊ သင်၏အလိုဆန္ဒအတိုင်း •ပြည့်ဝစုံလင်လတံ့။နောင်ကမ္ဘာတသိန်းလွန်လေသောအခါဘဒ္ဒကမ္ဘာသို့ တိုင်ရောက်လေသော် ဂေါတမရှင်တော်မြတ်ဘုရား ထင်ရှားပွင့်တော်မူလိမ့်မယ်။ထိုလက်ထက်တော်အခါ သင်ချစ်သမီးသည် ''ဥပ္ပလဝဏ္ဏာ' ဟူသောအမည်နှင့် လက်ဝဲတော်ရံဘိက္ခုနီမဖြစ်၍ တန်ခိုးအဘိညာဉ် စုံလင်ပြည့်ဝလျက် ဣဒ္ဓိမန္တ တေဒဂ်ဘွဲ့ထူးကို ဆင်ယင်ကာ ကျွတ်တမ်း ဝင်ရလိမ့်မယ်'' အဲ-သည့်ကဲ့သို့ ဗျာဒိတ်စကားကို မိန့်ကြားတော်မူတယ်။

ဗျာဒိတ်တော်စကားကို ကြားရတဲ့အခါ သဒ္ဓါတရား အဘိုင်းထက်အလွန် တိုးပွားပြီး ကြိုးကြိုးစားစားနှင့် အသက်ဆုံးသည့်တိုင်အောင် ကုသိုလ်ပါရမီအထူးတို့ကို ဆည်းပူးစုဆောင်းလို့နေတယ်။ ထိုဘဝမှ စုတေသွားတဲ့အခါ ကုသိုလ်အဟုန်ကြောင့် တာဝတိံသာနတ်ဘုံမှာ ကြီးကျယ်မြင့်မြတ်တဲ့ နတ်ချမ်းသာများကို ခံစားစံစားရတယ်။ သက်တမ်းကုန်၍ နတ်ဘုံမှ စုတေလာတဲ့အခါ ဝိပဿီဘုရားရှင် ပွင့်တော်မမူမီအတွင်းပေ့ကြိုဆိုစည်းရှာတဲ့ဘုရားပစ္စေကဗုဒ္ဓါတို့၏အထံတော်မှာ သပိတ်ကိုကြာညိုပန်းတို့ဖြင့်ဖုံးအုပ်လျက် ပိဏ္ဍပါတ်ဆွမ်းအလှူများကို လှူဒါန်းပူဇော်လေ့ပြုခဲ့တယ်။ လှူတိုင်းလှူတိုင်း ကြာပန်းကို လက်မလွှတ်ဘဲ အမြဲပါစေလျက် ဆုတောင်းတဲ့အခါမှာလဲ ကြာညိုပန်းနှင့်တူစွာ အ

ဆင်းကြွက်သရေနှင့် ပြည့်စုံပါစေသားရယ်လို့ ဆုတောင်းလေ့ရှိတယ်။ အလွန်ကြံပန်းဝါသနာပါတဲ့ အမျိုးသွီးကလေးပေါ့။

(ဆိုင်ရာထေရီအပဒါန်ပါဠိတော်များကိုထုတ်ပြပါဦးမည်)

(က) ပဒုမုတ္တရော နာမဇိနော၊ သဗ္ဗဓမ္မာနပါရဂူ။
ဇလတော သတသဟဿမှိ၊ ကပ္ပေဥပ္ပဇ္ဇိ နာယကော။

(က) ဇလတော ဤဘဒ္ဒကပ်ကမ္ဘာမှ၊ သတသဟဿမှိကပ္ပေ၊ လွန်ခဲ့သောကမ္ဘာတသိန်းထက်၌၊ သဗ္ဗဓမ္မါနပါရဂူ၊ တရားအလုံးစုံကို အကုန်ထွင်းဘောက် တဘက်ကမ်းသို့ရောက်တော်မူပြီးသော နါယကော၊ လူတို့၏ဥသျှောင်၊ ရှေ့ဆောင်ခရီးညွှန်ကြီးလည်းဖြစ်ပေထသော။ ပဒုမုတ္တရောနာမ၊ ပဒုမုတ္တရအမည်ရှိသော။ ဇိနော၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူခဲ့လေသတည်း။

(ခ) တဒါဟံဟံသဝတိယံ ဇာတာသေဋ္ဌိကုလေအဟုံ။
နာနာရတနပဇ္ဇောတေ၊ မဟာသုခသမ တာ။

(ခ) တဒ ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဟံသဝတိယံ၊ ဟံသာဝတီ နေပြည်တော်ကြီး၌။ နာနာရတနပဇ္ဇောတေ၊ အမျိုးမျိုးသောရတနာရောင်တို့ဖြင့် တောက်ပြောင်ထိန်လင်း၍ နေသော။ သေဋ္ဌိကုလေ၊ သူဌေးအမျိုး၌။ ဇာတာ၊ ဖြစ်ပွါးပေါ်ပေါက်ခဲ့၍။ မဟာသုခသမပ္ပိတာ၊ ကြီးကျယ်များပြား စည်းစိမ်ချမ်းသာအားဖြင့် ခံစားမွေ့လျော်၍နေရသော သူဌေးသွီးသည်။ အဟုံ၊ ဖြစ်ခဲ့ပါသတည်း။

(ဂ) ဥပေတ္စာတံမဟာဝိရံ၊ အသောသိ ဓမ္မဒေသနံ။
တတော ာတပ္ပသာဒါဟံ၊ ဥပေသိ သရဏံဇိနံ။

(ဂ) အဟံ၊ အကျွန်ုပ်သည်။ တံမဟာဝိရံ၊ ထိုပဒုမုတ္တရရှင်တော်မြတ်ဘုရားထံသို့၊ ဥပေတွာ၊ ခစားချဉ်းကပ်၍။ ဓမ္မဒေသနံ၊ ဟောကြားတော်မူအပ်သောတရားဒေသနာတော်ကို။ အသောသိ၊ ရိုသေစွာ ကြားနာခဲ့ရပါသတည်း။ တတော၊ ထိုသို့ကြားနာရခြင်းကြောင့်။ ဇာတပ္ပသာဒ ၊ သဒ္ဒါ ရွှန်းစို အကြည်ညို ဖြစ်ပွားလာသဖြင့်။ ဇိနံ၊ ရှင်တော်မြတ်ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေသိ ၊ ဆည်းကပ်ခဲ့ပါသတည်း။

(ဃ) ဘဂဝါကုန္ဒိမန္တိနံ၊ အင်္ဂီရသော ဝဇ္ဇော့သိနာယကော။
ဘိက္ခုနံ လက္ခိနိံ တာဒိံ၊ သမာဓိဇ္ဈာနကောဝိဒံ။

(ဃ) တဒါ၊ ထိုအခါ၌။ ဘဂဝါ။ ဘုန်းတော် ခြောက်ပါး
နှင့် ပြည့်စုံတော်မူသော။နာယကော၊ ရှင်တော်မြတ်ဘုရားသည်။
သမာဓိဇ္ဈာနကောဝိဒံ၊သမာဓိဈာနအရာတွင် လိမ္မာကျွမ်းကျင်ပေ
သော။ တာဒိံ၊လောကဓံလေဟုန်ကြောင့်တုန်လှုပ်ခြင်းမရှိသော။
လက္ခိနိံ လက္ခိဂုဏ်နှင့်ပြည့်စုံသော။ ဘိက္ခုနိံ၊ဘိက္ခုနီမတပါးကို။
ကုန္ဒိမန္တိနံ၊တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော ရဟန္တာမအပေါင်း
တို့တွင်။ အင်္ဂီ၊အမြတ်ဆုံးဟူ၍။ ဝဇ္ဇော့သိ၊ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီး
ကျူးတော်မူလေသတည်း။

(င) တဒါမုဒိတစိတ္တာဟံ၊ တံဥ္စာနံအဘိကင်္ခိနီ၊
နိမန္တိတွာဒသဗလံ၊သသံဃံလောကနာယကံ။

(စ) ဘောဇယိတွာနသတ္တာဟံ ဒတွာနစတိစိဝရံ။
သတ္တမာလာဂဟေတွာန၊ ဥပ္ပလာဒေဝဂန္ဓိကာ။

(ဆ) သဗ္ဗပါဒေ ဠပေတွာန၊ ဉာဏမှိအဘိပူဇိယ။
နိပစ္စသိရသာပါဒေ၊ ဣဒံဝစနမဗြဝိံ။

(င-စ-ဆ)တဒါ၊ထိုဘိက္ခုနီမတဦးကို ဧတဒဂ်ဘွဲ့ထူးဖြင့် ချီး
ကျူးတော်မူသောအခါ၌။မုဒိတစိတ္တာ၊ အားကျ ရွှင်လန်းသော
စိတ်နှလုံးရှိသော။ အဟံ၊ အကျွန်ုပ်သည်။တံဥ္စာနံ၊ ထိုကဲ့သို့သော
ဧတဒဂ်ရာထူးကို။ အဘိကင်္ခိနီ၊ တောင့်တောင့် တတ လိုချင်လှ
သည်ဖြစ်၍။ ဒသဗလံ၊ အားတော်ဆယ်တန်၊ဉာဏ်တော်ဆယ်ပါး
နှင့်ပြည့်စုံတော်မူသော။လောကနာယကံ၊ရှင်တော်မြတ်ဘုရားကို
သသံဃံ၊ သံဃာတော်အပေါင်းနှင့်တကွ။ နိမန္တိတွာ၊ ရှိသေစွာ
ပင့်ဘိတ်ပြီးသော်။ သတ္တာဟံ၊ခုနစ်ရက်တိုင်တိုင်။ ဘောဇယိတွာ
န,စ၊ ဆွမ်းလုပ်ကျွေး၍၎င်း ။တိစိဝရံ၊တိစိဝရိက်သင်္ကန်းအစုံကို။
ဒတွာနစ၊ ပေးလှူ၍၎င်း။ ဒေဝဂန္ဓိကာ၊နတ်ပန်းရနံ့တို့ဖြင့်တံ့ ယုံ့
ကြိုင်လှိုင်ကုန်သော။ ဥပ္ပလာ၊ကြာညိုမျိုး ဖြစ်ကုန်သော။ သတ္တမာ
လာ၊ပန်းခုနစ်ခိုင်တို့ကို။ ဂဟေတွာန၊ ကိုင်ဆောင်လျက်။ သဗ္ဗ

ပါဒေ၊ဘုရားရှင်၏ခြေတော်ရင်း၌၊ပွေ့ပေတွားနှံ၊ချထား၍၊ဉာဏာမှိ၊ ဘုရားရှင်၏ ဉာဏ်တော်မြတ်၌၊အဘိပူဇိယ၊ရိုသေကော်ရော်၊ ပူဇော်သူဒါန်းပြီးသော်၊ပါဒေ၊ ဘုရားရှင်၏ခြေတော်မြတ်၌။ သိရသာ၊မိမိဦးခေါင်းဖြင့်၊နိပစ္စ၊နှိပ်ချဝပ်တွားလျက်၊ ဣဒံဝစနံ၊ ဤသို့သောဆုတောင်းစကားကို၊အဗြဝိံ၊လျှောက်ထားတောင်းဆိုခဲ့ပါသတည်း။

(ဇ) ယာဒိသာဝဏ္ဏိဘာဓိရ၊ဇုတောဘအဋ္ဌမကာဟာနိ။
တာဒိသာဟံဘဝိဿာမိ၊ယဒိသိဇ္ဈာတိနာယက။

(ဇ) နာယက၊လူတို့၏ရှေ့ဆောင်ဖြစ်ဘော်မူပေသော။ဓိရ၊ အို-မြတ်စွာဘုရား၊ယဒိသိဇ္ဈတိ၊အကယ်၍ တောင်းတတိုင်းပြီးပါမူကား။ ဇေ-ဇုဗ္ဗာဓိ၊ ဤကဲ့သို့အလိုရှိပါသည်ဘုရား၊ ဇုတော၊ ဤယခုနေ့မှ၊ အဋ္ဌမကာဟာနိ လွန်ခဲ့ပြီးသောရှစ်ရက်မြော်သောနေ့၌၊တယာ၊ ရှင်ပင်မြတ်ဘုရားသည်။ ယာဒိသာ၊ အကြင်သို့သောဘိက္ခုနီမ တပါးကို၊ဝဏ္ဏိတာ၊ဇုဋ္ဌမဟ္မ၊တေဒဂ်ဘွဲ့ထူးဖြင့်ချီးကျူးတော်မူအပ်ပေ၏၊အဟံ၊ တပည့်တော်မသည်။ တာဒိသာ၊ ထိုဘိက္ခုနီမနှင့်တူစွာ။ ဘဝိဿာမိ၊ ဖြစ်လိုလှပါသည်ဘုရား။

(ဈ) တဒါအဝေါစမံသတ္ထာ၊ဝိဿဇ္ဇာဟောဟိဒါရိကေ။
အနာဂတမှိအဒ္ဓါနေ၊လဒ္ဓသောတံ မနောရထံ။

(ဈ) တဒါ၊ထိုသို့တောင်းဆို လျှောက်ထား လိုက်သောအခါ၌။ သတ္ထာ၊ ရှင်တော်မြတ်ဘုရားသည်၊ အဝေါစ၊ ဗျာဒိတ်စကား ဤကဲ့သို့ မိန့်ကြားတော်မူလေသတည်း၊ ဒါရိကေ၊ အို-အမျိုးသမီးကလေး၊ ဝိဿဇ္ဇာ၊ယုံကြည်စိတ်ချ၍နေသည်။ဟောဟိ ဖြစ်ပါလော၊အနာဂတမှိအဒ္ဓါနေ၊ နောင်လာလတံ့သော အနာဂတ်အခွန့်၌။ ဇေတံမနောရထံ၊ ဤသင်တောင်းတသော အလိုဆန္ဒအတိုင်း၊ လဒ္ဓသိ၊မချွတ်ဧကန် အမှန်ရရှိလတံ့သတည်း။

(ည) သတသဟဿေကပ္ပေ၊ဩက္ကာကကုလသမ္ဘဝေါ၊
ဂေါတမောနာမနာမေန၊ သတ္ထာလောကေဘဝိဿတိ၊

(ဤဂါထာမှာ အနက်ရေးခဲ့လှပြီဖြစ်၍ အထူးရေးသားရန် မလိုတော့ချေ)

(၃) တဿ ဓမ္မေသုဒါယာဒါ၊ ဩရသာ ဓမ္မနိမ္မိတာ၊
နာမေနုပ္ပလဝဏ္ဏာတိ၊ ရူပေနစ ယသဿိနီ။

(၃) တဒါ၊ ထိုဂေါတမရှင်တော်ဘုရား၊ ထင်ရှားပွင့်တော်မူသောအခါ၌။ တဿ၊ ထိုဘုရားရှင်၏။ ဓမ္မေသု၊ တရားဘဏ္ဍာ၊ ရတနာတို့၌။ ဒါယာဒါ၊ အမွေခံစစ် အမှန်ဖြစ်သော။ ဓမ္မနိမ္မိတာ၊ တရားတေဇော်၊ အာနုဘော်ဖြင့် ဖန်ဆင်းအပ်သော။ ဩရသာ၊ ရင်တော်နှစ်၊ သွေးချစ်သည်။ ဟောဿသိ၊ ဖြစ်လတ္တံ့သတည်း။ ရူပေန၊ အဆင်းအရောင်အားဖြင့်။ သောဘဂ္ဂ၊ ရူချင်စဖွယ် တင့်တယ်လှပသည်ဖြစ်၍။ နာမေန၊ အမည်အားဖြင့်။ ဥပ္ပလဝဏ္ဏာတိ၊ ဥပ္ပလဝဏ်ဟူ၍၊ ယသဿိနီ၊ အခြံအရံများသော ဘိက္ခုနီမတပါးသည်။ ဟောဿသိ၊ ဖြစ်လတ္တံ့သတည်း။

(၄) အဘိညာသု ဝသိပ္ပတ္တာ၊ သဗ္ဗုသာသနကာရိကာ။
သဗ္ဗာသဝပရိက္ခီဏာ၊ ဟောဿသိသဗ္ဗုသာဝိကာ။

(၄) တဒါ၊ ထိုဂေါတမဘုရား၊ ထင်ရှားပွင့်တော်မူသောအခါ၌။ တွံ၊သင်ချစ်သွေးသည်။ သဗ္ဗုသာသနကာရိကာ၊ဘုရားရှင်၏ အဆုံးအမကို ကောင်းစွာ လိုက်နာသည် ဖြစ်သောကြောင့်။ အဘိညာသု၊ တန်ခိုးထင်ရှား၊ အဘိညာဉ် ခြောက်ပါးတို့၌။ ဝသိပ္ပတ္တာ၊ နိုင်နင်းပေါက်ရောက်၊ ဝသီဘော်ဆောက်သည်ဖြစ်၍။ သဗ္ဗာသဝပရိက္ခီဏာ၊ အာသဝေါအလုံးစုံ၊ အကုန်ခန်းခြောက်ပြီဖြစ်သော။ သဗ္ဗုသာဝိကာ၊ဘုရားရှင်၏သွေး၊ တပည့်မအမြတ်ကြီးသည်။ ဟောဿသိ၊ မချွတ်ကေန် အမှန်ဖြစ်လတ္တံ့သတည်း။

(၅) တဒါဟံမုဒိတာဟုတွာ၊ယာဝဇီဝံတဒါဇိနံ။
မေတ္တာစိတ္တာပရိစရိံ၊ သသံဃံလောကနာယကံ။

(ခ) တဒါ၊ ထိုသို့ဗျာဒိတ်တော်စကားကို ကြားနာရသော အခါ၌။ အဟံ၊အကျွန်ုပ်သည်။ မုဒိတာ၊ဟုတ္ဌာ၊သဒ္ဓါတရားဖြင့် ခြေဖျားထောက်၍ဝမ်းမြောက်လှသည်ဖြစ်သောကြောင့်။ လောကနာယကံ၊ လောက၏ရှေ့ဆောင် ဖြစ်တော်မူပေသော။ သသံဃံ၊ သံဃာတော်အများနှင့်တကွဖြစ်သော။ ဇိနံ၊ ရှင်တော်မြတ်ဘုရားကို။ မေတ္တာစိတ္တာ၊ကြည်ညိုချစ်ခင်သောစိတ်ရှိသည်ဖြစ်၍။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ပရိစရိံ၊အမြဲမပြတ်အလှူပေး၍ လုပ်ကျွေးခစားခဲ့ပါသတည်း။

(ဂ) တေနကမ္မေနသုကတေန၊ စေတနာပဏိဓိဟိစ။
ဇဟိတွာမာနုသံဒေဟံ၊ တာဝတိံသံအဂစ္ဆဟံ။

(ဤဂါထာမှာလည်း အနက်ရေးခဲ့လှပြီဖြစ်၍ အထူးရေးသားရန် မလိုတော့ချေ)

(ဃ) တတောစုတာဟံမနုဇေ၊ ဥပပန္နာသယမ္ဘုနေ။
ဥပ္ပလေဟိပဋိစ္ဆန္နံ၊ ပိဏ္ဍပါတမဒါသဟံ။

(ဃ) တတော ထိုဘာဝတိံသာ နတ်ပြည်မှ။ စုတာ၊ ရွေ့လျောစုတေခဲ့သည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။မနုဇေ၊ လူ့ဘဝ၌။ ဥပပန္နာ ဖြစ်ပေါ်၍လာစဉ်။ သယမ္ဘုနော၊ တွေ့ကြုံဆုံစည်းသော ဘုရားပစ္စေကဗုဒ္ဓါ အရှင်မြတ်များအား။ ဥပ္ပလေဟိ၊ကြာညိုပန်းတို့ဖြင့်။ ပဋိစ္ဆန္နံ၊ တင့်တယ်စွာ ဖုံးလွှမ်းအပ်သော။ ပိဏ္ဍပါတံ၊ ဆွမ်းဒါနအလှူကြီးကို။အဒါသိံ၊ပေးလှူခဲ့လေသတည်း။

## ဝိပဿီဘုရားရှင်လက်ထက်တော်သို့ ဆိုက်ရောက်လာခြင်း

ဤသို့ပြဆိုခဲ့ပြီးသော အဲမျိုးသွီးကလေးသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်မှစ၍ သုဂတိသံသရာတို့၌သာ မြင့်မြတ်စွာ ကျင်လည်ခဲ့ပြီးတဲ့နောက် ဝိပဿီဘုရားရှင် လက်ထက်တော်သို့

ရောက်တော့ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့ သူဌေးသို့ကလေး ဖြစ်လာတယ်။ ထိုအခါ အလိမ္မာဂုဏ်ရည် စုံစိပြည့်ဝခဲ့တဲ့အ တိုင်း ရတနာသုံးပါးကိုကြည်ညိုဆည်းကပ်လျက် ထူးမြတ်သော ပါရမီ ကုသိုလ်မျိုးကိုသာ စိုက်မျိုးထူထောင်နေခဲ့တယ်။ တနေ့ သောအခါ ကြီးကျယ်ခမ်းနားလှစွာသော အလှူပွဲ သဘင်ကို ဆင်ယင် ကျင်းပလိုသဖြင့် ထူးဆန်းမြင့်မြတ်တဲ့ ကြာပန်း မဏ္ဍပ် ကြီးကိုဆောက်လုပ်ပြီး ဘုရားရှင်ကိုသံဃာတော်အများနှင့်တကွ ပင့်လျှောက်တယ်။

နောက်တော်ပါ သံဃာအပေါင်းနှင့်တကွ ဘုရားရှင်ကြွရောက် လာတဲ့အခါ ကြာပန်းမဏ္ဍပ်ကြီးအတွင်း ကြာပန်းတွေဖြန့်ခင်းတဲ့ နေရာထက်မှာကြာပန်းသီးတွေကို ဖြန့်မိုးပြီးရှိခိုးပူဇော်ကာဆွမ်း လုပ်ကျွေးခြင်း,သက်န်းသျှုခြင်း,မှစ၍ ဒါနကုသိုလ်ကြီးကို ခြိမ့်ခြိမ့် ဟီးအောင် ပြုလုပ်သျှုဒါန်းတယ်။ လှူဘွယ်ဝတ္ထု ဟူသမျှမှာလဲ ကြာညိုပန်းတို့ဖြင့် ဖုံးလွှမ်းကာသျှုဒါန်းသတဲ့၊ ဆုတောင်း,ဆုယူ, ပြုလုပ်တဲ့အခါမှာလဲ ကြာညိုပန်းဝဏ္ဏအဆင်းကဲ့သို့ လှပတင့်တယ် ခြင်းဂုဏ်နှင့် ပြည့်စုံပါစေသားရယ်လို့ ဆုတောင်းလိုက်တယ်။ အဆင်းဂုဏ်ကိုဖြင့် အလွန်စုံမက်တဲ့ အမျိုးသို့ကလေးပေါ့လေ၊ သူ့အကြောင်းက ဆုတောင်းတဲ့အတိုင်း အဆင်းလှခြင်း ဂုဏ်နှင့် ပြည့်စုံလာပါလိမ့်မယ်။ အသက်အတိုင်းနေ၍ ထိုဘဝမှ စုတေ သွားတဲ့အခါ လူ့ပြည်နတ်ရပ် မြင့်မြတ်သော ဘုံဘဝတို့၌သာ ကျင်လည် ဖြစ်ပွား၍လာရတယ်။

(တ) ကေနဝုတေဏ္ဍတောကပ္ပေ၊ ဝိပဿီနာမနာယကော။ ဥပ္ပဇ္ဇိစာရုဒဿနော၊ သဗ္ဗဓမ္မေသုစက္ခုမာ။

(တ) ဏ္ဍတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ ကေနဝုတေကပ္ပေ၊လွန်ခဲ့ သောကိုးဆဲ့တကမ္ဘာထက်၌။ သဗ္ဗဓမ္မေသု တရားဥဿုံ၊အလုံးစုံ တို့၌။စက္ခုမာ၊ ဉာဏ်မျက်စိထွန်းတောက်၍၊ အလင်းရောင်တော်

တော်မူပေသော။ စာရုဒဿနော၊ ရှုမြင်တိုင်းတင့်တယ်၍ကြည်ညို ဘွယ်အလွန်ကောင်းပေသော။ ဝိပဿိနာမ၊ ဝိပဿီအမည်တော်ရှိ သော။ နာယကော၊ ရှင်တော်မြတ်ဘုရားသည်။ ဥပ္ပဖ္ဖိ၊ သဏ္ဌာလေးရုံ၊ ကြာပန်းရုံဝယ်၊ ဖူးငုံစွင့်စွင့်၊ ချပ်လွှာဆင့်၍ ပွင့်တော် မူခဲ့လေ သတည်း။

(ထ) သေဋ္ဌိဓိတာတဒါ ဟုတွာ၊ ဗာရာဏသိပုရုတ္တမေ။
နိမန္တေတွာနသမ္ဗုဒ္ဓံ၊ သသံဃံလောကနာယကံ။

(ထ) တဒါ၊ ထိုဝိပဿီဘုရားရှင် လက်ထက်တော်အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဗာရာဏသိပုရုတ္တမေ၊ ဗာရာဏသီမြို့တော် မြတ်ကြီး၌။ သေဋ္ဌိဓိတာ၊ စည်းစိမ်ကြီးသော သူဌေးသမီးသည်။ ဟုတွာ၊ ကံအားလျော်စွာ ဖြစ်ခဲ့ပါသည်ရှိသော်။ သမ္ဗုဒ္ဓံ၊ သဗ္ဗညုလေး တန်ကို၊ အမှန်သိမြင်တော်မူပေသော။ လောကနာယကံ၊ ရှင်တော် မြတ်ဘုရားကို။ သသံဃံ၊ သံဃာတော်နှင့်တကွ။ နိမန္တေတွာန၊ ရှိသေစွာ ဖိတ်ကြားပြီးသည်ရှိသော်။

(ဒ) မဟာဒါနံဒဒိတွာန၊ ဥပ္ပလေဟိ ဝိမိဿိတံ။
ပူဇယိတွာန တေဟေဝ၊ ဝဏ္ဏသောဘံအပတ္ထယိံ။

(ဒ) ဥပ္ပလေဟိ၊ ကြာညိုပန်းတို့ဖြင့်။ ဝိမိဿိတံ၊ ရောနှောပြီး ပြွမ်း ဖုံးလွှမ်းခြယ်လှယ်အပ်သော။ မဟာဒါနံ၊ အလှူတော်ကြီးကို။ ဒဒိတွာန၊ ပေးလှူ၍။ တေဟေဝ၊ ထိုကြာညိုပန်းတို့ဖြင့်သာလျှင်။ ပူဇယိတွာန၊ လှူဒါန်းပူဇော်ပြီးသည်ရှိသော်။ ဝဏ္ဏသောဘံ၊ အရောင် အဆင်း တင့်တယ်၍ နှစ်သက်ဘွယ် ရှိခြင်းကို။ အပတ္ထယိံ၊ ဆုတောင်းခဲ့ပါသတည်း။

## ကဿပဘုရားလက်ထက်တော်သို့ ဆိုက်ရောက်လာခြင်း

ရွှေကြာငါးရုံ၊ ပွင့်ဖူးငုံ၍၊ ငါးပုံသောပရိက္ခရာ၊ ရွှေကြာသင်္ကန်း တို့ဖြင့် ထူးဆန်းမြင့်မြတ်စွာ ပေါ်ပေါက်၍ လာခဲ့သော မဟာဘဒ္ဒ

ကပ်၊မြင့်မြတ်သော ဤကမ္ဘာအတွင်းဝယ်၊ရှင်ရင်းထွတ်သား၊သုံးဆူသောနောင်တော်ဘုရားတို့၊ ထင်ရှားစွာ ပွင့်တော်မူပြီးတဲ့နောက် ကဿပ အမည်တော်ရှိသော မုနိတွင်ထား,ရှင်တော်မြတ်ဘုရားသည် လောကသုံးပါးဝယ် သစ္စာလေးပါးကိုသိမြင်၍ ဘုရားရှင်အဖြစ်သို့ ဆိုက်ရောက်လာတယ်။

ထိုအခါ ဗာရာဏသီပြည့်ရှင် ဘုရင်''ကိကီ'' မင်းတရားကြီးသည် သဒ္ဓါတရားတို့နှင့်ပြည့်စုံစွာ သာသနာတော်ကို ချီးမြှောက်လိုတဲ့ဆန္ဒဖြင့် သံဃာတော်အပေါင်းနှင့် တကွသော ဘုရားရှင်အား အမြဲမပြတ် ဆည်းကပ်ခံစားပြီး ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းကာ သာသနဒါယကာကြီး ပြုလုပ်နေတော်မူတယ်။ထိုကိကီမင်းကြီးမှာ လိမ္မာယဉ်ကျေး၍ အပြစ် ဒုစရိုက်တို့မှ ကင်းဝေးတဲ့ ထီးသွေးနန်းသွေးသော သမီးတော်ခုနစ်ယောက် အံ့လောက်စဖွယ်၊ တင့်တယ်ထွန်းကားကြတယ်။ ထိုသမီးတော် ခုနစ်ယောက်တို့၏အမည်ကတော့သည်လိုတဲ့ (၁) သမဏီ၊ (၂) သမဏဂုတ္တာ၊ (၃) ဘိက္ခုနီ၊ (၄) ဘိက္ခုဒါယိကာ၊ (၅) ဓမ္မာ၊ (၆) သုဓမ္မာ၊ (၇) သံဃဒါယိကာ အမည်အားဖြင့် ဤကဲ့သို့ထင်ရှားကျော်စောတော်မူကြတယ်။

ထိုသမီးတော်ခုနစ်ယောက်တို့တွင် သမဏဂုတ္တာဆိုတဲ့သမီးတော်ကြီးဟာ ဥပ္ပလဝဏ်ထေရီ၏ အလောင်းတော်ပေပေါ့။ ထိုသမီးတော်ခုနစ်ယောက်တို့သည် အပျိုဘော်မဝင်ခင် ငယ်ရွယ်စဉ်ကစပြီး သူတော်ကောင်း တရားကိုလက်ကိုင်ထားလျက်သဒ္ဓါတရားနှင့်ပြည့်စုံကြတဲ့ ပါရမီရှင်များဖြစ်ကြတဲ့အတိုင်း ပထမရှေးဦးစွာ ခမည်းတော် ဘုရားကြီးနှင့်အတူ ကျောင်းတော်သို့ သွားကြပြီး တရားနာလေ့ ရှိကြတယ်။ ကြိမ်ဖန်များစွာ တရားနာကြရတဲ့ အခါ အတိုင်းထက်အလွန် ထူးချွန်တဲ့စေတနာနှင့် အသိအလိမ္မာ ဉာဏ်ပညာတိုးပွားလာသဖြင့်အိမ်ရာထောင်တဲ့လူ့ဘောင်တွင် ပျော်ပျော်ရွှင်ရွှင်နေချင်တဲ့ဆန္ဒမရှိဘဲ လူဝတ်ကြောင်ကို,လဲချွတ်ပြီး ထွတ်မြတ်တဲ့ဖန်ဝါသင်္ကန်းကို ဆင်မြန်းဝတ်ရုံကာ သာသနာ

ကျောင်းကြီးအတွင်းမှာ ရဟန်းအဖြစ်နှင့် နေလိုတဲ့ဆန္ဒတွေဖြစ်ပေါ်လာကြတယ်။

ဘုရင့်သမီးတော်၂နှစ်ဘောင်ဘို့ ပျော်ပျော်ပါးပါး ညီညွတ်တဲ့ စိတ်ဘာ ဖြင့် သဒ္ဒါတရားထက်သန်ကာ ရဟန်းပြုလိုတဲ့ဆန္ဒတွေ ဖြစ်ပွားကြပြီးတဲ့နောက်အညီအညွတ်တိုင်ပင်လျက်ခမည်းတော် ဘုရားထံသို့ဝင်ပြီး သို့ကလို လျှောက်ထားကြတယ်။ ကျေးဇူးတော်ရှင် ဘုရင်ခမည်းတော်ကြီးဘုရား၊ဘုရားသမီးတော်တို့မှာ သူတော်ကောင်းတို့၏တရားကို ကြိမ်ဖန်များစွာ ကြားနာကြရတဲ့ အတွက် လူ့ဘောင်တွင် ပျော်ရွှင်နှစ်မြိုက်စွာနေလိုတဲ့ဆန္ဒမရှိကြပါ။ သမီးတော်တို့၏နှလုံးအိမ်ကို၊ တရားရေစင်ဖြင့် စိမ်ရတဲ့ အတွက်ငြိမ်သက်အေးမြစွာယဉ်ကျေးသိမ်မွေ့လို့နေကြပါသည်။ ကာမဂုဏ်အမှုအလောင်တို့မှ လွတ်အောင်ရုန်းလိုတဲ့ဆန္ဒသာဖြစ် ပေါ်၍ နေကြပါသည်။ သာသနာတော်မြတ်ကြီးဆိုသည်မှာ လွန်စွာ တွေ့ကြုံခဲလှပါသဖြင့် အခွင့်တိုက်ဆိုက်၍ ကြုံကြိုက်လာတဲ့ အခါ သာသနာဝန်ကို ထမ်းပြီး ရဟန်းပြုလိုတဲ့ ဆန္ဒနှင့်နေကြပါသည်။သမီးတော်တို့ကိုသနားတော်မူပါသဖြင့်သည်နန်းတော်ကြီး မှထွက်ခွာ၍ သာသနာတော်ဘောင်သို့သွတ်သွင်းပြီးရဟန်းပြု ခြင်းကို ခွင့်ပေးသနားတော်မူပါဘုရား။

ဆဲ-သည့်ကဲ့သို့ သမီးတော်များလျှောက်တင်တဲ့စကားကိုကြား တော့ ကိကီမင်းကြီး၏ စိတ်ထဲမှာခွဲခွာရမဲ့အတွက် မသက်မသာ လွန်စွာပူဆွေးတော်မူလှသဖြင့်ညည်းညည်းညူညူနှင့် သို့ကလိုမိန့် ကြားတော်မူတယ်။ ရွှေရင်တော်နှစ်- သမီးချစ်တို့၊ ရဟန်းပြုလို ကြောင်းနှင့် ခွင့်တောင်းကြတဲ့အရေးမှာ သူတော်ကောင်းတို့ စရိုက်မှုတားတိုက်သည်မဟုတ်ပါ။သို့ရာတွင်-သင်တို့ဘခင်ရွှေနန်း နှင်မှာ သမီးတော်များကိုသာ အားထားလို့ နေတော်မူရပါတယ်။ ပန်ဝါသင်္ကန်းနှင့်ရဟန်းပြုကြပါလျှင်သည်နန်းတော်ကြီးအတွင်း မှာ ရွှင်လန်းချမ်းမြစွာ အတူတကွစံနေတော်မမူဘဲ ရှင်ကွဲ-ကွဲတဲ့ သဘောမျိုးနှင့် ညှိုးညှိုးငယ်ငယ် စံနေတော်မူရပါလိမ့်မယ်။ သို့

အတွက်ကြောင့် ခမည်းတော်၏စိတ်နှလုံးကိုထောက်ပြီးသမီးတော်များကို ရဟန်းပြုလိုကြောင်းနှင့် ခွင့်တောင်းတဲ့အချက်ကို နှုတ်ဆိမ်းကြပါ၊ ရွှေနန်းတော်ကြီးပေါ်မှာ ပျော်ပျော်ပါးပါးကုသိုလ်တရားကို အားထုတ်လို့နေကြတာပေါ့။ လူ့ဝတ်ကြောင်နှင့် ကြိုးစားလို့ ကုသိုလ်တရား မတိုးပွါးဘဲ နေလိမ့်မယ်မဟုတ်ပါ။ စိတ်သဘောချင် လိုရင်းမို့ သန့်ရှင်းစင်ကြယ်စွာ ကျင့်ကြံ အားထုတ်လို့နေကြတာပေါ့။ အဲ-သို့ကလို ညည်းညည်းညူညူနှင့် မိန့်ကြား၍ တားမြစ်တော်မူတယ်။

ခမည်းတော်ဘုရားကြီးက ခွင့်မပေးတော့ သမီးတော်တို့မှာလဲ အာသာဆန္ဒရှိတဲ့အတိုင်းရဟန်းပြုခွင့်ကိုမရရှာကြတော့ဘူးပေါ့။ ထိုအခါ လူဝတ်ကြောင်နှင့်ပင် စင်စင်ကြယ်ကြယ် ကျင့်ကြံကြရလေအောင်သမီးတော်ခုနစ်ပါးတို့စိတ်ထားညီညွတ်စွာနှင့် သို့ကလို တိုင်ပင်ကြတယ်။ ခမည်းတော်ဘုရားကြီးထံမှ ရဟန်းပြုရန်အခွင့် မရကြတော့ဘူး။ သို့အတွက် နန်းတော်ကြီးအတွင်းမှာသာ သန့်ရှင်းစင်ကြယ်စွာနေထိုင်ကြစို့။လူ့ဘောင်မှာလူဖြစ်လို့လာတဲ့အခါ အချစ်ကိုယ်စီထားပြီး ပျော်ပျော်ပါးပါး မူးမူးမေ့မေ့နှင့် ကာမဂုဏ်အလေ့ဖြင့်နေထိုင်ခြင်းဟာကိလေသာပြူးဖွမ်းသဖြင့် ငြစ်နွမ်းလူးလဲတဲ့အလေ့မျိုးဖြစ်တယ်။ စင်ကြယ်တဲ့ အခွင့်ကို မရနိုင်ဘူး။ အိမ်ထောင်ရေး ကိစ္စများသဖြင့် တရားအလုပ်ကိုလဲ အားမထုတ်နိုင်ဘူး။ ယခုအစ်မတော်, ညီမတော်,တစုတို့မှာ လောကီမှုနည်းလမ်းဖြင့် ငြစ်ငြမ်းလူးလဲခြင်းမရှိရလေအောင် အိမ်ထောင်ရေးကို ပယ်ပြီး စင်စင်ကြယ်ကြယ် နေထိုင်ကြစို့။ ကာမဂုဏ် ကင်းလွတ်၍ ကွင်းလုံးကျွတ် စင်ကြယ်ဘို့ရန် ယင်စဥ်ကစပြီး ကောမာရီဗြဟ္မစရိယ အကျင့်မြတ်ကို သဘောတူကျင့်ကြံကြစို့။ အဲ-သို့ကလို တိုင်ပင်ဆွေးနွေးကြရာ စိတ်သဘောဖြူဖြူနှင့် အလုံးစုံ သဘောတူကြတယ်။

ထိုသို့တိုင်ပင်ပြီးနောက် အိမ်ထောင်မှုကို ကြဉ်ရှောင်ခြင်းဆိုတဲ့-ကောမာရီဗြဟ္မစရိယ သိက္ခာပုဒ်နှင့်တကွ ငါးပါးသီလကိုအ

သက်တမျှ လုံခြုံစွာစောင့်ထိန်းကြတယ်။ထိုအခါကစပြီး အဖိုအမ ခွန်ဘဲ့၍ အချစ်ပွဲခံခြင်းနှင့် စပ်လျဉ်းတဲ့ စကားများကို အရိပ်အခြေ ရောင်ကလေးမျှမပြောကြဘဲစိတ်ထားဖြူစင်စွာနှင့် ဘုရားကိစ္စ,တရားကိစ္စ, သံဃာကိစ္စ, များကိုသာ နေ့မအား, ညမအား,ကြိုးစားလို့ ဆောင်ရွက်နေကြတယ်။ မိမိတို့ကိုယ်နှင့် အသက်ကို သာသနာတော်တွင်းမှာ အပ်နှင်းလှူဒါန်းပြီး အသက်နှစ်သောင်း တိုင်တိုင် နေထိုင် မွေ့လျော်ကြသတဲ့။ မြင့်မြတ်တဲ့ မင်းသို့းကြီးတွေ ကာမဂုဏ်အလေ့ကိုဖြတ်ပြီး မြင့်မြတ်တဲ့အလေ့မျိုးနှင့် နေထိုင်ကြပုံဟာ လွန်စွာ အတုခိုးဘို့ကောင်းတာပေါ့နော်။ ဣတ္ထိဘာဝနှင့် မိန်းမဖြစ်ရတဲ့အခိုက်မှာ၊ ကောမာရီပြဟ္မစရိယအကျင့်ခါတ်နှင့် မြင့်မြင့်မြတ်မြတ် နေထိုင်ခြင်းဆိုတာ လူနတ်တို့ဩတ်ရုံး၍ အထွတ်ဆုံးအလေ့ကြီးပေပေါ့၊ သည့်လိုနေထိုင်ခဲ့ကြပါလျှင် လင်ယောကျ်ား၏ ကျွန်မခံရခြင်း၊ သားသို့း၏ကျွန်မခံရခြင်း၊ မိမိကိုယ်ကိုယ်သူတပါးတို့အားအပ်ုင်မအပ်နှင်းရခြင်း၊ သည့်ကဲ့သို့သော ဝတ်တရားတို့မှ စင်စင်ကြယ်ကြယ်ကြီး လွတ်ကင်းသွားတာပေါ့၊ သည့်လိုအလေ့မျိုးကိုလဲ အတုခိုးနိုင်တဲ့ဘဝမှာ အတုခိုးဘို့သင့်ကြပေတယ်။

" အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ကိကီမင်းကြီး၏ သို့းအကျော် ခုနစ်ဘော်တို့သည် ပျော်ပျော်ပါးပါး တရားနှင့်အညီ နေထိုင်ခဲ့ကြရာ ဥပ္ပလဝဏ်ထေရီ၏ အလောင်းဖြစ်တဲ့ သမဏဂုတ္တာမင်းသို့းသည် သံဃာတော်အပေါင်းတို့ ကိန်းအောင်းမွေ့လျော်ရာဖြစ်တဲ့ သံဃာအာရာမ် ကျောင်းကန် တိုက်တာကြီးကို ထူထောင်ပြီး အသက်ဆုံးသည့်တိုင်အောင် ကုသိုလ်တရားတို့ကို များများကြီး စုမိလေအောင် ရွက်ဆောင်ကြိုးစား အားထုတ်ပြုရခဲ့တယ်။

ထိုခေတ်အခါ အသက်နှစ်သောင်းတမ်း ဖြစ်သည့်နှင့်အသက်တမ်းကုန်အောင်နေပြီး စုတေသွားတော့ အကျော်အမော်ဖြစ်တဲ့ သို့းတော် ခုနစ်ပါးဟာ တာဝတိံသာ နတ်ပြည်မှာ ကြီးကျယ်မြင့်မြတ်တဲ့ ချမ်းသာများကို ခံစား စံစားကြရတယ်။

ဆိုင်ရာအပဒါန်ပါဠိတော်များကိုထုတ်ပြပါဦးမည်။

(၁) ဣမမှိဘဒ္ဒကေကပ္ပေ၊ ဖြဟ္မဗန္ဓုမဟာယသော။
ကာဿပေါနာမနာမေန၊ ဥပ္ပဇ္ဇိ ဝဒတံ ဝရော။

(၁) ဣမမှိဘဒ္ဒကေ ကပ္ပေ၊ ဤဘဒ္ဒကပ်ကမ္ဘာ၌။ ဖြဟ္မဗန္ဓု၊ ပုဏ္ဏားဇာတ်မှ၊ မြင့်မြတ်စွာဖြစ်ပေါ်၍လာသော။ ဝါ၊ ဖြဟ္မာမင်းကြီး၏အဆွေတော်ဖြစ်ပေသော။ မဟာယသော၊ တန်ခိုးဂုဏ်ကြီးမါး၍များသောအခြွေအရံရှိတော်မူပေထသော။ဝဒတံ•ဝဒန္တာနံ၊ အမြတ်တရား ဟောကြားသောပုဂ္ဂိုလ်အပေါင်းတို့ထက်။ဝရော၊ ထူးထူးချွန်ချွန် အလွန်မြင့်မြတ်တော်မူပေသော။ ဘဂဝါ၊ ဘုန်းတော်သခင် ဘုရားရှင်သည်။ ဥပ္ပဇ္ဇိ၊ အထင်အရှား ပွင့်တော်မူခဲ့လေသတည်း။

(၂) ဥပဋ္ဌာကောမဟေသိဿ၊တဒါ အာသိနရိဿရော။
ကာသိရာဇာကိကီနာမ၊ ဗာရာဏသိ ပုရုတ္တမေ။

(၂) တဒါ၊ ထိုအခါ၌။ ဗာရာဏသိပုရုတ္တမေ၊ ဗာရာဏသီမြို့တော်မြတ်ကြီး၌။ နရိဿရော၊လူအပေါင်းတို့ကိုအစိုးရသော။ကိကီနာမ၊ ကိကီအမည်ရှိသော။ ကာသိရာဇာ၊ ကာသိတိုင်းကြီး၏အရှင်၊ ဘုရင်မင်းမြတ်ကြီးသည်။ မဟေသိဿ၊ ကဿပမြတ်စွာဘုရား၏။ ဥပဋ္ဌာကော သာသနာပြုစုရေးဖြင့် အလုပ်အကျွေးဒါယကာကြီးသည်။ အာသိ၊ ဖြစ်လေသတည်း။

(၃) တဿာသိ ဒုတိယာဓိတာ၊ သမဏဂုတ္တသဝှယာ။
ဓမ္မံသုတွာဇိနဂ္ဂဿ၊ ပဗ္ဗဇ္ဇံသမရောစယိံ။

(၃) အဟံ၊အကျွန်ုပ်သည်။ တဒါ၊ ထိုကဿပဘုရားရှင်လက်ထက်တော်အခါ၌။ တဿ၊ ထိုကိကီမင်းတရားကြီး၏။ ဒုတိယာဓိတာ၊ နှစ်ချမြောက်သွီးတော်ဖြစ်သော။ သမဏဂုတ္တသဝှယာ၊ သမဏဂုတ္တာအမည်ရှိသော မင်းသွီးသည်။ဟုတွာ၊ ဖြစ်ခဲ့လေ၍။ ဇိနဂ္ဂဿ၊ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ ဓမ္မံ၊ဟောကြားဖွင့်ကြဲ့တော်တရားတော်ကို။ သုတွာ၊ ကြားနာရသည့်ရှိသော်။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ သမရောစယိံ၊ ပြုချင်သောအားဖြင့် လိုလားနှစ်သက်ခဲ့ပါသည်။

(၆) အနုဇာနိနသောတာတော၊ အဂါရေဝ တဒါမယံ။
ဝိသံဝသဿသဟာဿာနိ၊ ဝိစရိမှ အတန္ဒိတာ။

(၆) တာတော၊ ခမည်းတော် မင်းတရားကြီးသည်၊ နော၊ အကျွန်ုပ်တို့အား။ ပဗ္ဗဇ္ဇ၊ ရဟန်းအဖြစ်ကို။ နအနုဇာနိ၊ ခွင့်ပြုတော် မမူချေ။ တဒါ-တောန၊ ထိုသို့ခွင့်မပြုခြင်းကြောင့်၊ မယံ၊ အကျွန်ုပ်တို့ သွီးတော်ချနစ်ဘော်တို့သည်။ အဂါရေဝ၊ နန်းတော်အတွင်း၌သာ လျှင်။ ဝိသံဝသဿသဟာဿာနိ၊ အနှစ်- နှစ်သောင်းတို့ ပတ်လုံး။ အတန္ဒိတာ၊ ငြီးငွေ့ပျင်းရိခြင်း မရှိကြကုန်ဘဲ။ ဝိစရိမှ၊ ကျင့်ကြံ အားထုတ်ကာ နေထိုင်ခဲ့ကြပါသတည်း။

(၇) ကောမာရိဗြဟ္မစရိယံ၊ ရာဇကညာသုခေဓိတာ။
ဗုဒ္ဓုပဋ္ဌာနနိရတာ၊ မုဒိတာ သတ္တဓီတရော။

(၇) ရာဇကညာ၊ ဘုံးပျော်နန်းပျော်၊ သွီးတော်မင်းသွီးဖြစ်ကြ ကုန်သော။ သုခေဓိတာ၊ နန်းဆောင်မြင့်, ခန်းသာငယ်၊ ချမ်းသာစွာ ကြီးပွါး၍လာကြကုန်သော။ သတ္တဓီတရော၊ အကျော်အမော်၊ သွီး တော်ချနစ်ဘော်ဖြစ်ကြကုန်သော။ မယံ အကျွန်ုပ်တို့သည်။ မုဒိတာ၊ ညီညွတ်သောစေတနာဖြင့် ဝမ်းသာနှစ်သက်ကြကုန်သည်ဖြစ်၍။ ဗုဒ္ဓုပဋ္ဌာနနိရတာ၊ ဘုရားရှင်ကိုကြည်ညိုခစားမှုအလုပ်ဖြင့် အား ထုတ်မွေ့လျော်ကြကုန်လျက်။ ကောမာရိဗြဟ္မစရိယံ၊ ကုမ္မာရီငှယ် ငယ်ငယ်ကပင်၊ ချစ်ခင်သူမရှာ၊ စင်ကြယ်စွာသော အကျင့်မြတ် ကို။ ဝိစရိမှ၊ မဘောက်မပြန် ကျင့်ကြံအားထုတ်ခဲ့ကြပါသတည်း။

(၈) သမဏီသမဏာဂုတ္တာစ၊ ဘိက္ခုနီဘိက္ခုဒါယိကာ။
ဓမ္မာစေဝသုဓမ္မာစ၊ သတ္တမီသံဃဒါယိကာ။

(၈) တဒါ၊ ထိုကဿပဘုရားရှင် လက်ထက်တော်အခါ၌။ သမဏီစ၊ သမဏီမင်းသွီးသည်၎င်း။ သမဏာဂုတ္တာစ သမဏာဂုတ္တာ မင်းသွီးသည်၎င်း။ ဘိက္ခုနီစ ဘိက္ခုနီမင်းသွီးသည်၎င်း။ ဘိက္ခုဒါ ယိကာစ၊ ဘိက္ခုဒါယိကာမင်းသွီးသည်၎င်း။ ဓမ္မာစေဝ ဓမ္မာမင်း သွီးသည်၎င်း။ သုဓမ္မာစ၊ သုဓမ္မာမင်းသွီးသည်၎င်း။ သတ္တမီ၊ ခုနစ် ယောက်မြောက်ဖြစ်သော။ သံဃဒါယိကာစ၊ သံဃဒါယိကာမင်းသွီး

သည့်ရှင်း။ ဆူတိ၊ ဤသို့။ သဗ္ဗဂိတရော၊ အကျော်အမော်ဖြစ်သော သို့တော်ခုနှစ်ပါးတို့သည်။ အာသိမှ၊ ဖြစ်ခဲ့ဘူးကြပါကုန်သတည်း။

(မ) အဟံခေမာစသပ္ပညာ၊ ပဋာစာရာစကုဏ္ဍလာ။
ကိသာဂေါတမီဓမ္မဒိန္နာ၊ ဝိသာခါ ဟောတိသတ္တမီ။

(မ) ဣဒါနိ၊ ဤဂေါတမဘုရားရှင်လက်ထက်တော်အခါ၌။ သပ္ပညာ၊ ပညာဂုဏ်နှင့်ပြည့်စုံတော်မူသော။ ခေမာစ၊ အစ်မတော် ခေမာထေရီမြတ်သည့်ရှင်း။ အဟံစ၊ အကျွန်ုပ် ဥပ္ပလဝဏ် ထေရီသည့်ရှင်း။ ပဋာစာရာစ၊ ပဋာစာရီထေရီသည့်ရှင်း။ ကုဏ္ဍလာစ၊ ကုဏ္ဍလကေသီထေရီသည့်ရှင်း။ ကိသာဂေါတမီစ၊ ကိသာဂေါတမီထေရီသည့်ရှင်း။ ဓမ္မဒိန္နာစ၊ ဓမ္မဒိန္နာထေရီသည့်ရှင်း။ သတ္တမီ၊ ခုနစ်ယောက်မြောက်သော။ ဝိသာခါစ၊ ဝိသာခါကျောင်းအမကြီး သည့်ရှင်း။ ဟောတိ၊ ကံအားလျော်စွာဖြစ်ပေါ်၍လာခဲ့ပေသတည်း။

(ကဿပဘုရားရှင်၏လက်ထက်တော်အခါ ကောမာရီဖြစ်၍ စရိယာအကျင့်ကိုကျင့်ခဲ့ကြကုန်သောသို့တော်ခုနစ်ယောက်တို့နှင့် ယခုဘုရားရှင် လက်ထက်တော်အခါ မိန်းမမြတ် ခုနစ်ဦးတို့ကို အစဉ်အတိုင်းနှိုင်းယှဉ်၍ပြဆိုပါဦးမည်)

(၁)သမဏီ၊(၁)ခေမာ၊(၂)သမဏဂုတ္တာ၊(၂) ဥပ္ပလဝဏ္ဏာ (၃)ဘိက္ခုနီ (၃) ပဋာစာရီ၊(၄)ဘိက္ခုဒါယိကာ၊(၄)ကုဏ္ဍလကေသာ၊ (၅)ဓမ္မာ၊(၅)ကိသာဂေါတမီ (၆)သုဓမ္မာ၊ (၆) ဓမ္မဒိန္နာ၊(၇)သံဃဒါယိကာ၊(၇)ဝိသာခါ။

## ငြိုငြင်ဆင်းရဲစွာသုပ်ကိုင်၍ ဝတ်ပန်းမှုဆိုးကိုဖျူဒါန်းခြင်း

ဥပ္ပလဝဏ်ထေရီ၏အလောင်းဖြစ်သော အမျိုးသမီးသည်ကိကီ •မင်းကြီး၏ သမီးတော်အဖြစ်မှ တာဝတိံသာနတ်ပြည်သို့ရောက်၍ နတ်ဘုံစည်းစိမ်ချမ်းသာကို ကြီးကျယ်စွာခံစားပြီးတဲ့နောက် ကံအားလျော်စွာသံသရာတခွင်မှာကျင်လည်စဉ်အခါတခုသောဘဝ ဇာတ်တွင်ဗာရာဏသီပြည်ကြီးမှာပသ္ဓည်းဥဿာခပြည့်စုံဘဲဆင်းရဲ

နွမ်းပါးတဲ့အမျိုး၌သိန်ငယ်စွာဖြစ်၍လာခဲ့ရရှာပြန်တယ်။သံသရာတည်းဟူသော ရေအကြောမှာ ကံကြမ္မာတည်းဟူသော လေမုန်တိုင်း၏ တိုက်လွှင့်ချက်အတိုင်း သတ္တဝါတို့ဓမ္မာဟာဟာ မျောမိ, မျောရာ,ဖြစ်ကြစမြဲပေပေါ့။

ဥပ္ပလဝဏ်ထေရီ၏ အလောင်းဖြစ်တဲ့ အမျိုးသမီးကလေးမှာ ပစ္စည်းဥစ္စာမကြွယ်ဝတဲ့အတွက်အစား,အသောက်,အနေအထိုင်မှစ၍ ပင်ပန်းစွာလုပ်ကိုင်နိုင်မှ စားသောက်ဝတ်ဆင်ကာနေထိုင်ရရှာတယ်။ ဂုဏ်ရှိတဲ့အမျိုးသမီးများနှင့် တူအောင် ပြောင်ပြောင်လက်လက်နေထိုင်ခွင့်ကိုမရရှာဘူး။ တနေ့သောအခါဗာရာဏသီနေပြည်တော်ကြီးမှာ ကြတ္တိကာနက္ခတ်သဘင်ပွဲကြီး ဖြစ်ပေါ်ကြုံကြိုက်၍ လူပေါင်းများစွာတို့သည် ဝတ်ပန်းပုဆိုးကိုဝတ်ဆင်ကာပျော်ရွှင်စွာ သွားလာကြတယ်။ ဝတ်ပန်းရောင် ဖြော့ဖြော့ ဆိုးထားတဲ့ပိုးထည်အဝတ်ကို ဆိုလိုသတဲ့။

ဆင်းရဲသူအမျိုးသမီးကလေးသည် ဝတ်ပန်းပုဆိုးကိုဆင်ယင်ပြီးကြတ္တိကာနက္ခတ်သဘင် ပျော်ရွှင်သွားလာကြတဲ့သူများကိုမြင်ရတော့ မိမိကိုယ်တိုင်ဝတ်ချင်တဲ့ဆန္ဒရှိသည်နှင့် မိဘတို့ ထံသို့ကပ်ပြီး''အို-မိခင်,ဘခင်, ကျေးဇူးရှင်တို့၊ နက္ခတ်သဘင် ပျော်ရွှင်သွားလာကြတဲ့သူများနှင့်တူစွာ ဝတ်ပန်းပုဆိုးကို ဝတ်ဆင်၍ပျော်ရွှင်သွားလာလိုတဲ့ဆန္ဒရှိပါတယ်။ကျွန်မအားဝတ်ပန်းပုဆိုးတထည်ကို ပေးသနားတော်မူကြပါ'' အဲ-သို့ကလို ပြောဆိုတောင်းပန်တယ်။ ထိုအခါမိဘများက''အို-ချစ်သမီး၊မိခင်, ဘခင်,တို့မှာ လွန်စွာ ဆင်းရဲကြပါတယ်။ငြိုငြင်ပင်ပန်းစွာ လုပ်ကိုင်နိုင်ပါမှ စားရရှိကြောင်းကိုသမီးလဲသိတယ်မဟုတ်လား။ အကယ်၍ဝတ်ဆင်လိုပါလျှင် ချစ်သမီးကိုယ်တိုင် သူဌေးကြီးတို့၏ အိမ်မှာသုံးနှစ်တိုင်တိုင်ကျွန်ခံ၍ ဝတ်ပန်းပုဆိုးကိုဝတ်ဆင်ပေတော့။ အဲ-သို့ကလိုပြောဆိုကြတယ်။

မိဘတို့စကားကိုကြားတော့ သမီးကလေးကဝတ်ပန်းပုဆိုးကိုဝတ်လိုတဲ့ဆန္ဒကြောင့် ''ကောင်းပါပြီ။ ဝတ်ပန်းပုဆိုးကိုဝတ်ရ

အောင် သူဌေးကြီးတို့အိမ်မှာ သုံးနှစ်တိုင်တိုင် ကျွန်ခံပါတော့မယ်။ မိဘနှစ်ပါးတို့ကသာ အခွင့်သနားတော်မူကြပါတော့''ဆဲ-သို့ကလိုပြောဆိုခွင့်တောင်းပြီး တကိုယ်တည်း အိမ်မှထွက်သွားရှာတယ်။ မိဘများကလဲ ပဋ္ဋည်းနွမ်းပါးတဲ့အတွက် သွီး၏အလိုဆန္ဒ ပြည့်ဝပါစေတော့လို့ တားမြစ်ခြင်းမပြုဘဲ အခွင့်လွှတ်လိုက်ကြရတယ်။

ဆင်းရဲသူ အမျိုးသမီးကလေးသည် သူဌေးကြီးတဦး၏ အိမ်သို့ သိမ်ငယ်သောမျက်နှာနှင့် ဝင်ရောက်ပြီး ''အရှင်သူဌေးမင်း၊ ကျွန်တော်မကိုသုံးနှစ်တိုင်တိုင် ခိုင်းစေတော်မူပါ။ခိုင်းစေတော်မူသမျှကို မသွေမလှန်နာခံ၍ ပြုလုပ်ဆောင်ရွက်ပါမယ်။ သုံးနှစ်စေ့မြောက်တဲ့အခါ ကျွန်တော်မအား ကောင်းမွန်တဲ့ ဝတ်ပန်းပုဆိုးတထည်ကိုသာ ပေးသနားတော်မူပါဘုရား။''ဆဲ-သည်ကဲ့သို့ ပြောဆိုပြီး မိမိကိုယ်ကိုအပ်နှင်းခါ ကျွန်ခံရှာတယ်။

သူဌေးကြီးနှင့်သူဌေးကတော်ကြီးတို့ကလဲ သိမ်မွေ့တဲ့အသွင်ကလေးနှင့် ယဉ်ကျေးတဲ့အမူအရာကို မြင်ကြရာ ကြင်နာသနားကရုဏာသဆပ္ပါးသဖြင့် ကောင်းမွန်စွာလက်ခံထား၍ သင့်လျော်တဲ့အမှုကိစ္စများကို စေခိုင်းကြတယ်။ လူကောင်းစင်စစ်က ကျွန်မကလေးဖြစ်သွားဘာပေါ့လော။ ဆင်းရဲသူမကလေးလဲ စိတ်သဘောဆံ့နူးညံ့ပြော့ပျောင်းလှသဖြင့် ခိုင်းစေသမျှကိုနာခံပြီး မသွေမလှန်ကျိုးကျိုးနွံနွံနှင့် ဘိဘိစီးစီး ပြုလုပ်လေ့ရှိတယ်။ ကိုယ်သက်သာအောင် တိမ်းရှောင်ခိုကပ်မှုကို ပြုလုပ်လေ့မရှိဘူးတဲ့။ ဤကဲ့သို့အမှုကိစ္စတို့ကို ရိုသေစွာနှင့် ကျိုးကျိုးနွံနွံလုပ်ကိုင်၍လာခဲ့ရာ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့က ဆင်းရဲသူမကလေး၏ ရိုးဖြောင့်တဲ့သဘောကို သိရှိကြသဖြင့် သူ့ာသူ့ာတာတာနှင့် ကရုဏာစိတ်တွေ ဖြစ်ပေါ်လာပြီး သုံးနှစ်မတိုင်မီ အိမ်မှလွှတ်၍ ဝတ်ပန်းပုဆိုးကိုပေးလိုက်ရန် ကြံစည်ကြတယ်။

ထိုနောက် အစေခံမကလေးကိုခေါ်ပြီး ''ချစ်သူ၊ သင်သည်ကား လူကောင်းစင်စစ်မှ ကျွန်ဖြစ်သို့လာရရှာတယ်။ အမိန္တြဖွာ

ကိုနာခံပြီး မသွေမလွန် လုပ်ကိုင်ခြင်းများနှင့် ရိုးသားဖြောင့်မတ်ခြင်းဟာလဲ ထင်ရှားပေတယ်။ သင်သည်ပဋ္ဌည်းဥစ္စာနဲ့၍ ဆင်းရဲခြင်းဖြစ်သော်လဲ မြင့်မြတ်တဲ့အမျိုးသမီးမှန်ပေတယ်။ သင့်ကိုသုံးနှစ်တိုင်အောင်မခိုင်းလိုတော့ပါဘူး။သင်အလိုရှိတဲ့ ဝတ်ပန်းပုဆိုးအစုံကိုယူပြီး သင့်မိဘထံသို့ပြန်သွားပေတော့''ဤကဲ့သို့ပြောဆိုကာသူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့က ဝတ်ပန်းပုဆိုးတစုံကိုပေးပြီး အမျိုးသမီးကလေးကို ကျွန်အဖြစ်မှ လွှတ်လိုက်ကြတယ်။ ဆင်းရဲသူမကလေးမှာလဲ မိမိအလိုရှိတဲ့ ဝတ်ပန်းပုဆိုးကို လဲရကျွန်ဘဝမှလဲ လွတ်သဖြင့်ဝမ်းသာအားရနှင့်ပီတိသောမနဿဖြစ်ပြီး သူဌေးကြီးများကို ရိုသေကျိုးနွံစွာကန်တော့ဝပ်ချကာ မိဘတို့ထံသို့ ပြန်လာခဲ့တယ်။ အိမ်သို့ရောက်တဲ့အခါ ဝတ်ပန်းပုဆိုးကလေးကိုဆင်ပြီး လှပတဲ့ရုပ်သွင်ကို ပြချင်တဲ့ဆန္ဒနှင့် အထုပ်ကလေးကိုရွက်ပြီး ကသုတ်ကသက်ပြန်လာရှာဘာပေ ါ့။

## ဝေမ်းခေါင်းမှာ ရေသာ နှာ အရှင်မြတ်နှင့်တွေ့ဆုံခြင်း

ဝမ်းမြောက်ရွှင်လန်းစွာ ပြန်၍လာခဲ့ရာ မိဘတို့ရပ်ရွာနှင့်မနီးမဝေးဖြစ်တဲ့တောအုပ်တခုအတွင်းသို့ရောက်တော့ ကြည်လင်အေးမြစွာကြာပန်းတို့ဖြင့် ဖုံးလွှမ်းတဲ့ရေကန်တခုကိုတွေ့မြင်တယ်။ ထိုအခါဘယ်လိုအကြံ ပေါ် လာသလဲလို့ဆိုတော့။''ငါ့မှာကျွန်ဖြစ်၍နေခဲ့ရတာ အတော်ကလေးကြာသွားတယ်။ကျွန်ရုပ် ကျွန်သွေးနှင့်လူမွေးလူတောင် မပေါက်ဘဲနေခဲ့ရသမျှကို သည်ကန်ထဲမှာဆင်း၍ရေချိုးခြင်းအားဖြင့် ဆေးကြောပစ်လိုက်မယ်။ ရေချိုးပြီးတဲ့အခါ ကြည်ကြည်လင်လင် လှပတဲ့ရုပ်သွင်ဖြင့် ဝတ်ပန်းပုဆိုးကိုဆင်ယင်၍ မိခင် ဘခင် တို့အား။ ရွှင်လန်းစွာမျက်နှာပြမယ်'' ဤ-သို့ကလိုကြံစည်ပြီး ဝတ်ပန်း ပုဆိုးထုပ်ကလေးကို ကန်ရိုးပေါ်မှာထားကာ ရေကန်တွင်းသို့ သက်ဆင်းကာရေချိုးတယ်။

ရေချိုးပြီးတော့ ကန်ရိုးပေါ် သို့တက်၍ ကိုယ်၌ကပ်ငြိသောရေကိုများကိုသွေ့ခြောက်စေလျက် ဝတ်ပန်းပုဆိုးကိုဝတ်တော့

မည့်ဟုပြင်ဆင်နေတုံးအခိုက်မှာ သစ်ခက်, သစ်ရွက်, တို့ဖြင့် ဖုံး လွှမ်းကာ ရေကန်အနီးသို့ကြွတော်မူလာတဲ့ ရဟန္တာတပါးကို တွေ့မြင်ပါရော။ ထိုရဟန္တာအရှင်မြတ်ကဲ့ အကြောင်းကတော့ သည့်လိုတဲ့။ကဿပဘုရားရှင်၏ သာသနာတော်နောက်ပိုင်းတွင် ရဟန္တာအဖြစ်သို့ဆိုက်ရောက်တော်မူတဲ့ပုဂ္ဂိုလ်မြတ်တပါးသည် တောလမ်းခရီးဖြင့်ကြွတော်မူခဲ့ရာ အလွန်ယုတ်မာတဲ့ တောပုန်း ဓါးပြများက ထိုအရှင်မြတ်သင်္ကန်း အလုံးစုံကို အကုန်တိုက်ခိုက် လုယက်လို့ယူသွားကြတယ်။သို့အတွက်ကြောင့် ရဟန္တာအရှင် မြတ်ကြီးမှာ ဝတ်ရုံဘို့ သင်္ကန်းမရှိသဖြင့် သစ်ခက်,သစ်ရွက်,တွေ ကိုဝတ်ရုံဖုံးလွှမ်းကာ ကြွလာတော်မူခြင်းဖြစ်ပေတယ်။

အဲ-ဆိုခဲ့ပြီးတဲ့အမျိုးသမီးကလေးသည် ဝတ်ဆင်ရန်ပြင်ဆင်နေ. တုန်း ဖြုံးကနဲဆိုက်ရောက်လာတဲ့ရဟန္တာအရှင်မြတ်ကြီး ကိုမြင် သည့်နှင့်တပြိုင်နက်၊ ''ဩော်-သည်ပုဂ္ဂိုလ်မြတ်ကြီးဟာ သင်္ကန်း မရှိတဲ့အတွက် သစ်ခက်,သစ်ရွက် တွေကိုဝတ်ရုံဖုံးလွှမ်းကာ ကြွ လာတဲ့ လက္ခဏာဘဲ။တောတွင်းပုန်းလျှိုတဲ့ ခိုးသူနှင့် ဓားမြခိုက် တွေကလုသွားလိုက်ဟန်ရှိပါရဲ့။ ယခုအခါအခွင့်သာခဲ့ပြီ။ ငါသည် ရှေးရှေးဘဝက ဒါနကုသိုလ်နဲပါးခဲ့တဲ့အတွက် ယခုဘဝမှာ၊ ဆူ ဆင်းရဲမျိုး၌ဖြစ်လာ၍ တဆယ့်ခြောက်နှစ်အရွယ်သို့ တိုင်အောင် ဝတ်ပန်းပုဆိုးတထည့်ကိုမျှမဝတ်ရဘဲ တောင့်တောင့်တတ ချိုတဲ့ ရတယ်။သည်ဘဝမှာလဲ ဒါနနဲ့ခဲ့ပြန်ပါလျှင် နောင်သံသရာမှာသာ လို့ပင်ဆင်းရဲလိမ့်မယ်။ ကျွန်ခံလို့ရခဲ့တဲ့ သည်ဝတ်ပန်းပုဆိုးကို ဝတ်ဆင်လိုသော်လဲ မိမိကိုယ်တိုင်မဝတ်ဆင်ဘဲ သင်္ကန်းမရှိတဲ့ သည့်အရှင်မြတ်ကြီးအား သဒ္ဓါပြဋ္ဌာန်း၍ လှူဒါန်း လိုက်တော့အံ့။ သည်ဝတ်ပန်းပုဆိုးဖြင့် ဒါနကုသိုလ်မျိုးစိုက်ပျိုးလိုက်တော့အံ့'' အဲ-သို့လိုကြံစည်ဆုံးဖြတ်ပြီး ရဟန္တာအရှင်မြတ်၏ ထံပါးသို့ ဝင် တွားချဉ်းကပ်လျှက် ဝတ်ပန်းပုဆိုးအစုံကိုမြှောက်ချီးပင့်ကိုင်ကာ 'အရှင်မြတ်ကြီးဘုရား တပည့်တော်မကိုသနားတော်မူပါသဖြင့် ကျွန်ခံ၍ရခဲ့သော ဤဝတ်ပန်းပုဆိုးအစုံကိုအလှူခံတော်မူပါ'' ဟု

လျှောက်ထား ကပ်ဆက်လေရာ ရဟန္တာ အရှင်မြတ်မှာလည်း သက်နှးပြတ်ခိုက်ကြိုနေသည်နှင့် အဆင်သင့်စွာ ခံယူတော်မူပြီး ဆိတ်ကွယ်ရာ ဌာနတချို့ ဖုံလွှမ်းလာခဲ့တဲ့ သစ်ခက်, သစ်ရွက်, တွေကိုဖယ်ရှားပြီး ဝယ်ပန်းပုဆိုးအစုံကို ဝတ်ရုံတော်မူကာအမျိုးသွီးကလေးအနီးသို့ကြွရောက်တော်မူလာတယ်။

ဝတ်ပန်းပုဆိုးကိုသက်နှးအမှတ်ဖြင့် ဝတ်ရုံတော် မူလိုက်တဲ့အခါ ကြည်ညိုဘွယ်ရာဖြစ်အောင် ကိုယ်ရောင်,ကိုယ်ဝါ, ထွန်းပလျက် ထွက်သစ်စ,နေလုလင်ကဲ့သို့ အရှင်ရဟန္တာ မြတ်ကြီးဟာတင့်တယ်တော်မူလာတယ်။ ဤကဲ့သို့ကြည်ညိုစဘွယ် တင့်တယ်ထွန်းပသော အဆင်းရောင်ကြက်သရေကို အမျိုးသွီးကလေးမြင်လေရာ လွန်စွာအားရ နှစ်သက်လှသဖြင့် လက်အုပ်မိုး၍ ရှိခိုးဝပ်တွားပြီး သို့ကလို ဆုတောင်းလိုက်တယ်။ အရှင်ဘုရား၊ ဝတ်ပန်းပုဆိုးကိုလှူဒါန်းရတဲ့စေတနာကြောင့်နောင်ဖြစ်လေရာရာဘဝတို့၌ အမျိုးသွီးတကာတို့ထက်ကဲလွန်၍ မွန်မြတ်တင့်တယ် နှစ်သက်ဘွယ်ရှိသောအရောင်အဆင်းကိုဆောင်လျက်လောကအမြဲတေကြက်သရေထိန်ညီးသောအမျိုးသါးများစွာတပည့်တော်မကိုမြင်ခဲ့ပါလျှင် တွယ်တာနှစ်သက် ရုံမက်တိမ်းညွတ် သတိလွတ်လျက်ရူးသွပ်တဲ့ အခြေအနေသို့ ဆိုက် ရောက် သည့် တိုင် အောင်မေ့လျော့သစ်မူးကြပါစေဘုရား။ ဟဲ-သို့ကလို ဆုတောင်းလိုက်တယ်။ ရဟန္တာ အရှင်မြတ်ကြီးကလဲ အမျိုးသွီးကလေးနှင့် သင့်လျော်လျောက်ပတ်တဲ့အနုမောဒနာတရားကို မိန့်ကြားတော်မူပြီးထိုနေရာမှ မြန်းကြွတော်မူတယ်။

ကဲ—စဉ်းစားကြစမ်းပါ၊ သက်နှးအမကလေး၏ ဆုတောင်းပုံဟာ ဘယ့်ကလောက်ထက်မြက် နက်နဲသလဲလို့။ သူ၏ဆုတောင်းခြင်းဟာ ယောကျ်ားတကာကို နစ်နာအောင် နှိပ်စက်တာနှင့်မတူဘူးလား။ နောင်အခါ သူ၏ ဆုတောင်းအတိုင်း ပြည့်စုံ၍ယောကျ်ားတွေမှန်သမျှ ဒုက္ခရောက်ကုန်ကြတော့မယ်။ သည့်ပြင်ဆုတောင်းပုံများကို ထောက်ထား ဆင်ခြင်လိုက်ပါလျှင် မိန်းမ

ဆိုတဲ့ သဘာ္ဝါမျိုးဟာ ချပ်ဆင်းရောင်ဝါကို လွန်စွာ စုံမက်ကြောင်း၊ မိမိတို့အဆင်းဖြင့် ယောကျ်ားမှန်သမျှတွေကို အတင်းဘမ်းလျက် ညှဉ်းပမ်းနှိပ်စက်လိုတဲ့ စိတ်နေ,စိတ်ထား,ရှိကြောင်းများ ထင်ရှားသွားတယ်မဟုတ်လား။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ဆင်းရဲသူ အမျိုးသ္မီး ကလေးသည် ကျွန်ခံသို့ရတဲ့ဝတ်ပန်းပုဆိုးအစုံကိုခဲ့တွယ်တွယ်ဘာတာအာသာကင်းပြတ်စေလျက် မွန်မြတ်တဲ့ စေတနာဖြင့် လှူဒါန်း၍ မိမိအလိုဆန္ဒရှိတဲ့အတိုင်း ဆုတောင်းမှုကို ပြုခဲ့ပြီးတဲ့နောက် မိဘတို့အိမ်သို့ပြန်ရောက်လာခဲ့လေသော် ခြင်းရာဥဿုံ အလုံးစုံတို့ကိုပြောကြား၍ မိမိလှူဒါန်းခဲ့သော ကုသိုလ်ဒါနကိုအမျှပေးဝေသည်တွင် မိဘများကလဲ အားရဝမ်းမြောက်စွာ သာဓုခေါ်ကြတယ်။ ထိုအမျိုးသ္မီးကလေးသည် မိမိလှူဒါန်းခဲ့ရတဲ့ ဒါနစေတနာကို မပြတ်မပြတ် သတိရကာ ဝမ်းသာအားရစွာနှင့် တွေးတောဆင်ခြင်လျက် ထိုဘဝမှ အသက်အတိုင်းနေ၍ စုတေတဲ့အခါ တာဝတိံသာနတ်ပြည်မှာ နတ်တို့ချမ်းသာကို ခံစားစံစားရတယ်။ ထိုနတ်သ္မီးဘဝမှ သက်တမ်းကျေ၍ စုတေသွားတဲ့နောက် သိဒ္ဓိဘိုင်း အရိဋ္ဌပုရမြို့ကြီးဝယ် ကုဋေ ရှစ်ဆယ် ကြွယ်ဝတဲ့ “တိရီဋိဝစ္ဆ” မည်သောသူဌေးကြီး၏ သ္မီးရတနာ, ရုပ်ဝါကြွန်ညီ “ဥမ္မာဒန္တီ” အဖြစ်သို့ ဆိုက်ရောက်လာခဲ့တယ်။

ဆိုင်ရာအပဒါန် ပါဠိတော်များကို ဆက်ပြပါဦးမည်

(၃) တကောစုတာရိဋ္ဌပုရေ၊ ဇာကာဝိပ္ပကုလေအဟံ။
ဓိတာတိရီဋိဝစ္ဆဿ၊ ဥမ္မာဒန္တီမနောဟရာ။

(၃) တတော၊ ထိုတာဝတိံသာနတ်ပြည်မှ၊ စုတာ၊ သက်တမ်းကျေ၍စုတေခဲ့သည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်၊ အရိဋ္ဌပုရေ၊ အရိဋ္ဌပုရနေပြည်တော်ကြီး၌၊ ဝိပ္ပကုလေ၊ ကြွယ်ဝသောပုဏ္ဏားသူဌေးအမျိုး၌။ ဇာတာ ဖြစ်ပွားပေါ်ပေါက်၍ လာခဲ့ပါသတည်း။ တိရီဋိဝစ္ဆဿ တိရီဋိဝစ္ဆအမည်ရှိသော သူဌေးကြီး၏၊ ဓိတာ၊ ရင်သွေးရတနာ သ္မီးကညာသည်၊ ဟုတ္ဘာ၊ ဖြစ်၍၊

မနောဟာရော၊ အဆင်းရုပ်အားဖြင့် ယောကျ်ားတို့၏စိတ်နှလုံးကို ယူကျုံးသွေးဆောင်နိုင်သော။ဥမ္မာဒန္တီ၊ဥမ္မာဒန္တီအမည်ရှိသော အမျိုးသမီးသည်။ အာသိ ဖြစ်ခဲ့ပါသတည်း။

## ဥမ္မာဒန္တီ ဝတ္ထုကို ပြဆိုချက်

ဘုန်းတော်ခြောက်ပုံ ကိုးဂုဏ်သခင် သုံးလောက၏အရှင်ဖြစ်တော်မူသော ကဿပဘုရားရှင်၏ သာသနာတော်ကွယ်လွန်ပြီးနောက် ယခု ဂေါတမဘုရားရှင် ပွင့်တော်မမူမီ ခေတ်ကာလအတွင်း၌ သိဝိတိုင်း အရိဋ္ဌပုရမည်သော မြို့တော်ကြီး တွင် အလောင်းတော် သိဝိမင်းကြီးသည် ဟရားနှင့်အညီ စိုးစံအုပ်ချုပ်တော်မူတယ်။ ထိုအခါ ငယ်ရွယ်စဉ်ကပင် အလွန်တရာ ချစ်ခင်၍လာခဲ့သော စစ်သူကြီး၏သား၊ အဆွေတော် ''အဘိပါရက''ကို စစ်ဘုရင်ချုပ်ကြီးအရာ၌ထား၍ ချီးမြှင့်မြှောက်စားတော်မူတယ်။

ထိုအရိဋ္ဌပုရ နေပြည်တော်ကြီးဝယ် ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့''တိရိဋိဝစ္ဆ''အမည်ရှိတဲ့ သူဌေးကြီးတဦးရှိခဲ့တယ်။ထိုသူဌေးကြီးမှာ ကံထူးချွန်၍ အလွန်မြင့်မြတ်တဲ့ သမီးရတနာကလေး တယောက်ပေါ်ပေါက်ဘွားမြင်၍လာခဲ့ရာ ရုပ်ဆင်းအင်္ဂါလက္ခဏာအားဖြင့် လူလောက်မက နတ်သမီးနှီးနှီးလှသဖြင့် မွေးဘွားစဉ်အခါကစပြီး မြင်မြင်သမျှလူအများတို့က အံ့အားသင့်စွာ ငေးစိုက်ပြီး လိုက်လိုက်ငဲ့ငဲ့ချီးမွမ်းကြတယ်။ ယောကျ်ားမှန်သမျှတို့ မြင်ကြရပါလျှင် ပကတိမိမွေးတိုင်း ဘမွေးတိုင်းစိတ်ဖြင့် မနေနိုင်ကြဘဲ အချစ်တဏှာမှူးမြှိုမ်း၍ ငမ်းငမ်းထတဲ့စိတ်ဓာတ်နှင့် မရပ်မတည်နိုင်အောင် မူးမေ့ကြရတယ်။ ရှေးဘဝက ဝတ်ပန်းပုဆိုးကို လှူဒါန်း၍ ရည်မှန်းဆုတောင်းခဲ့တဲ့ စေတနာ အဟုန်ကြောင့် သည့်ပုံ,သည့်နည်း,အတိုင်း အကျိုးပေးလာတာပေါ့။

မိခင်,ဘခင်,ဖြစ်တဲ့ သူဌေးကြီး သူဌေးကတော်ကြီး,တို့က သမီးရတနာကို အမည်သညာပေးကြတဲ့အခါ ''ဥမ္မာဒန္တီ''ရယ်လို့ အမည်သညာပေးကြတယ်။ထိုအမည်သညာ၏ဗျုပ္ပတ်မှာတော့ ရှုမြင်ကြတဲ့ယောကျ်ားတို့၏ စိတ်နှလုံးကို ယူကျုံးသွေးဆောင်ကာ

မူးရူးအောင် ပြုစားတတ်တဲ့အတွက် ဥမ္မာဒန္တီရယ်လို့ အမည်ပေးခြင်းဖြစ်ပေတယ်။ ပဿန္တာနံပုရိသာနံ စိတ္တံဥမ္မာဒေတီတိဥမ္မာဒေန္တီ။ ယာ၊ အကြင်သတို့သွီးသည်။ ပဿန္တာနံ၊ မိမိကိုရှုမြင်ကြကုန်သော၊ပုရိသာနံ၊ ယောကျ်ားတကာတို့၏။ စိတ္တံ၊ စိတ်နှလုံးကို။ ဥမ္မာဒေတိ၊ မချပ်မတည်၊ ပတ်ပတ်လည်အောင်၊ မူးရူးစေနိုင်၏။ ဇာတိတာသွာ၊ ထို့ကြောင့်။ သာ၊ ထိုအမျိုးသွီးသည်။ ဥမ္မာဒေန္တီ၊ ဥမ္မာဒေန္တီမည်၏။( ဤသို့ဝိဂြိုဟ်ဆိုပါလေ။ဥမ္မာဒေန္တီဟုပုဒ်ပြီးလျက် ရှိသော်လည်း။ အခေါ်အဝေါ် လွယ်ကူစေခြင်းငှာဥမ္မာဒန္တီဟု ရေးသားလိုက်ရပေသည်)

ထိုဥမ္မာဒန္တီ သူဌေးသွီးသည် ဖွံ့လှော်ဦးသစ်ကဲ့သို့ တဆဲ့ခြောက်နှစ်အရွယ်သို့ ရောက်လေသောအခါ ဆံပင်ဖျားမှ ခြေဘဝါးသို့တိုင်အောင်ဘယ်နေရာတကွက်မှာမှ တစက်မျှမနှစ်သက်ဘွယ်၊ မတင့်တယ်သော လက္ခဏာမရှိဘဲ အလုံးစုံအပြစ်ကင်း၍ ဝါဝင်းထိန်ပြောင် ကိုယ်ရောင်တလျှပ်လျှပ်နှင့် မြင့်မြတ်တဲ့သွီးကညာတဦး ဖြစ်၍လာခဲ့ရာ ကမ္ဘာတခွင်မှာ ပြိုင်သူဦဘွယ် အညွန့်တုံး၍ အထွန်ဆုံး ဖြစ်နေသတဲ့။ ယောကျ်ားမှန်သမျှ ဥမ္မာဒန္တီကိုမြင်ကြရပါလျှင် သေရည်သောက်ကြူး၍ ယစ်မူးတဲ့ယောကျ်ားတဲ့သို့ စိတ်နှလုံးဖေါက်ပြားပြီး မှောက်မှောက်မှားမှား ရူးနှမ်းပျက်ကြရတယ်။ ဥမ္မာဒန္တီကို တကြိမ်တခါ မြင်ရပါလျှင် သုံးလေးရက်တိုင်တိုင် ယစ်မူးခြင်းမပြေနိုင်ကြဘူးတဲ့။ အချစ်စိတ်ရှိသူမှန်သမျှ၊ ဒုက္ခရောက်ကိန်းကြီး ကြုံနေကြရတာပေါ့။ ယခုခေတ်အခါ သည့်လိုလှချော၍ ဖွံ့ဩလောက်တဲ့ အမျိုးသွီးတယောက်ပေါ်၍လာခဲ့ပါလျှင် တကမ္ဘာလုံးမူးယစ်ပြီး စစ်ပွဲကြီးဖြစ်၍သေကုန်ကြမလားမဆိုနိုင်ဘူး။

အရိဋ္ဌပူရမြို့ တော်ကြီးမှစ၍ ဇမ္ဗူဒိပ်တကျွန်းလုံးမှာ အုံးအုံးကျက်ကျက်နှင့်၊ လှိုင်းဂယက်ကြီး ထသည့်အလား ဥမ္မာဒန္တီရဲ့ဂုဏ်ကျေးဇူး စကားတွေကိုသာ ယောကျ်ားမှန်သမျှပြောဆိုချီးကျူးလို့နေကြသတဲ့။ဥမ္မာဒန္တီရဲ့အလှဂုဏ်နှင့် ထိုက်တဲ့ယောကျ်ား

ဟာလဲ ဇမ္ဗူဒိပ်နယ်တလွှားမှာ အရှားကြီး ရှားပြီးနေတယ် သွီးကညာတို့ ခမ္ဘာ မင်္ဂလာဖခခမ်းအနားဖြင့် ထိမ်းမြားဘို့ရန် အချိန်တန်လာတော့ ဘခင်သူဌေးကြီးစိတ်မှာ သို့ကလိုအကြံပေါ် ပေါက်လာသတဲ့။ ငါ၏သွီးရတနာသည် ဇမ္ဗူဒိပါကျွန်းတခွင်မှာ ပြိုင်ယှဉ်ဘွယ်ကင်းလွတ်အောင် အထွန်းဆုံးဖြစ်ခဲ့တယ်။ တောင် ညာစံဒေဝီ မဟောသိမိဖုယားကြီး ဖြစ်ဘို့မှတပါး ဘယ်လိုအခြေ မျိုးနှင့်မှမထိုက်တန်ဘူး။ တာဝတိံသာနတ်သွီးအစစ်သာဖြစ်ခဲ့ပါ လျှင် သိကြားမင်းကြီး၏ ကြင်ဘက်တော်ရတနာ သူဇာဒေဝီနှင့် တတန်းထဲဖြစ်နေမှာအမှန်ဘဲ။ လူ့ပြည်လောကမှာ လူ့သွီးဖြစ်လို့ နေရတဲ့အတွက်ကြောင့်သာ ငါ့သွီးကလေးမှာ ဂုဏ်သိသိသေးရ ရှာတယ်။ အဲ-သို့အတွက်ကြောင့် အရိဋ္ဌပုရ ပြည်ကြီး၏သခင် ဘုရင် သိဝိမင်းကြီးထံသို့ ကိုယ်တိုင် သွားရောက်ပြီး သွီးကညာ ပဏ္ဏာလက်ဆောင်ကို ဆက်သတော်မူတော့မယ်။

အဲ-သို့ကလိုအကြံဖြစ်ပြီးတဲ့နောက် ဘခင်သူဌေးကြီးသည် သိဝိ မင်းကြီးထံသို့သွားပြီး ''ဘုန်းတော်ကြီးလှသော အရှင်မင်းမြတ်၊ အကျွန်ုပ်မှာ ခြေခံပြစ်ကင်း၍ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံတဲ့ ရင်သွေးရတနာ ကညာသွီးတယောက်ရှိပါတယ်။ လူတို့၏အဆင်း ကိုလွန်မြောက်၍ နတ်သွီးလောက်နီးနီး အလှဂုဏ်ကြီးဟဲ့သွီး က ညာဖြစ်ပါတယ်။ ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ ရှင်မင်းမြတ်မှတပါး ထိုက်တန်သူမရှိပါ၊ အလွန်မွန်မြတ်တဲ့သွီးကညာလာဘ်တော်ကြီး ကိုမြတ်နိုးနှစ်ခြိုက်စွာ သိမ်းပိုက်တော်မူပါဘုရား'' အဲ-သို့ကလို ဆက်သလျှောက်ထားတယ်။ ဘခင်၏ဝတ္တရားအတိုင်း သွီးဂုဏ် တက်အောင် ဆောင်ရွက်ကြိုးစားရတာပေါ့လေ။

သူဌေးကြီး၏ လျှောက်တင်ချက်ကို ကြားတော့ မင်းတရား ကြီးက ''သင်၏လျှောက်တင်ဆက်သ,ချက်အတိုင်း စုံစမ်းဆင်ခြင် ကာသိမ်းပိုက်တော်မူမယ်။ ဇ္ဇောတိသျှတ္တရနှင့် ဝေဒပညာလက္ခဏာ ကြွန်အင် ကျမ်းကျင်တတ်သိတဲ့ ပညာရှိ ပုဏ္ဏားတော်များကို စေ လွှတ်၍ သင်၏သွီးကညာကို ပဌမ ရှေးဦးစွာ လက္ခဏာစုံစမ်းစေ

မယ်။ပုဏ္ဏားတို့ လျှောက်တင်ချက်ကိုနာခံတော်မူပြီးမှ သွီးကညာ ရတနာလက်ဆောင်ကို သိမ်းပိုက်တော်မူရလိမ့်မယ်'' ဤကဲ့သို့ မိန့်ဆိုတော်မူကာ အချိန်း အချက် နေ့ရက်ပေး၍ သူဌေးကြီးကို အပါးတော်မှလွှတ်လိုက်တယ်။

ပုဏ္ဏားအိုကဲခုံဘဲခြင်း

ဘခင်သူဌေးကြီးသည် ဘုရင့်ထံမှပြန်၍လာခဲ့ရာ ပုဏ္ဏားတော် တို့လာရောက်တဲ့အခါ ကောင်းမွန်စွာဧည့်ခံ ကျွေးမွေးခြင်းအလို ငှါအစာဘောဇဉ်နှင့်တကွ နေရာထိုင်ခင်းဘို့ကို သန့်ရှင်းခမ်းနား စွာပြင်ဆင်လို့ထားတယ်။ သိဝိမင်းကြီးသည် လက္ခဏာကျမ်း ကျင်ဗေဒင်တတ်သိတဲ့ ပညာရှိပုဏ္ဏားတော်များကို ရှေ့တော်သို့ ခေါ်၍ကျိုးကြောင်းစကားမိန့်ကြားတော်မူပြီးလျှင် တိရိဋိဝစ္ဆသူ ဌေးကြီး၏ သွီးကညာကို လက္ခဏာစုံစမ်းရန် စေလွှတ်တော်မူတဲ့ အတွက် ပညာရှိပုဏ္ဏားတို့လည်း အားရဝမ်းမြောက်စွာ သူဌေး ကြီးအိမ်သို့လာကြပါရော။ ထိုအခါသူဌေးကြီးက အသင့်ပြင် ဆင်ထားပြီးရှိတဲ့နေရာထိုင်ခင်းဘို့ကိုပေးကာ အလှုသာပ,သလ္လာပ, စကားတို့ကိုပြောကြားပြီးလျှင် အလွန်မွန်မြတ်တဲ့နို့ဃနာ ထမင်း များကိုကျွေးမွေးတယ်။

ပုဏ္ဏားတို့ထမင်းစားနေစဉ်အခါ ဥမ္မာဒန္တီသည် ကိန္နရီမလို လို,နတ်သွီးပျိုယောင်သောင်, ထိန်ပြောင်ပြူးပြက်,ဝင်းဝင်းလက် တဲ့ ဘယက်တံဆာ-ဒွါဒရာတို့ကိုဆင်မြန်းပြီး သူ့စံရာ တိုက်ခန်းမှ ကွန့်မြန်းထွက်ပြူလို့ လာတယ်။ နို့ဃနာထမင်းကို စားနေတဲ့ ပုဏ္ဏားတွေ အခန်းထဲမှထွက်လာတဲ့ ဥမ္မာဒန္တီကို မြင်ကြလေရာ တည့်တံ့သောဇာနဉ်ဖြင့်မနေနိုင်ကြဘူး။ အုသဲပြောင်းပြန် မျက်ဆံ ပြူးရရှူးနှင့်၊ ယစ်မူးဒေါင်းဗိုင်း၊ စိတ်နှလုံးချာဗိုင်းလျက် မှိုင်းမိကာ ငေးစိုက် ကြပြီးလျှင် ထမင်းလုပ်ကိုမျှ ခံတွင်းသို့ တဲ့အောင်မ သွင်းနိုင်ကြဘဲ ဟိုသွင်း,သည်သွင်း,နှင့် မှားသွင်းဘောက်ပြန်ကာ ရူးသွပ်ကုန်ကြတယ်၊ ဂရုန်းဂရင်းနှင့်မှားသွင်းဘောက်ပြန် မျက် ဖြူလန်နေကြတဲ့ ပုဏ္ဏားတွေကို ဥမ္မာဒန္တီမြင်လေရာ စိတ်နှလုံးမ

သက်သာသဖြင့်''ဩော်-သည့်ပုဏ္ဏားတွေဟာငါ၏ရုပ်လက္ခဏာ
များကိုစုံစမ်းရန် နန်းတော်ကလွှတ်လိုက်တဲ့ ပုဏ္ဏားတွေတဲ့လား။
ဤနေ့ကိုမျှငြိမ်သက်အောင်မထားနိုင်ဘဲ သတိလွတ်ကင်း၍ မှား
ယွင်းချွတ်ချော် အရှုးတော်တွေဖြစ်ကုန်ကြပါပေါ့ကလား။ သည့်
လိုပုဏ္ဏားမျိုးကို လက္ခဏာကျမ်းကျင် ဗေဒင်တတ်တဲ့ ပညာရှိ
ပုဏ္ဏားတွေရယ်လို့ခေါ်ရမလား၊ သည်အိမ်ပေါ်မှာ ပူဇော်ကျွေး
မွေးထားလို့မသင့်လျော်ဘူး။ ပုဏ္ဏားရိုင်း, ပုဏ္ဏားယုတ်,တို့ကိုအိမ်
ပေါ်မှဆွဲချနှင်ထုတ် ကြရမယ်'' လို့အမိန့်ပေးတော့ ကျေးကျွန်
အပေါင်းတို့ကတခဏမျှမဆိုင်းဘဲ ဒိုးဒိုးဖိုင်းဒိုင်းနှင့် ရိုင်းရိုင်းစိုင်း
စိုင်းပင် အိမ်ပေါ်မှဆွဲချနှင်ထုတ်ကြတယ်။

ထိုအခါနွားခြံတွင်းမှ အတင်းရိုက်နှက်နှင်ထုတ်ခံရတဲ့နွားတို့
အလား သနားစရာပုဏ္ဏားတော်တွေမှာ အိမ်ပေါ်မှ ဒလိမ့်ဒလိမ့်
နှင့် ကျဆင်းပြီး အိမ်ဝင်းအပြင်ဘက်သို့ ရောက်သွားကြရတယ်။
သည်အချက်မှာ၊ ဥမ္မာဒန္တီဟာ မဂ္ဂဒမတာနှင့် လွန်စွာရက်စက်
လိုက်ထာပေါ့လေ။သည့်လိုရက်စက်ပုံကို အကြောင်းပြုပြီး ရုပ်
တွေးမှုတွေပေါ်ပေါက်လာတော့မယ်။ပုဏ္ဏားတော်များသည် နှင်
ခြင်းခံရ၍ အတန်ကလေးကြာမှသတိရကြသောအခါ လဲရာမှထ
ပြီး သို့ကလိုတိုင်ပင်ကြသတဲ့။ဥမ္မာဒန္တီဟာအရုပ်အဆင်းလှသော်
လဲ မာန်မာနအလွန်ကြီးတယ်။ ဘုရင်မင်းမြတ် စေလွှတ်တဲ့ပုဏ္ဏား
တော်များကိုပင် အလေးပြုလို့ ဂရုမစိုက်ဘူး၊ စိတ်သဘောထက်
ထက်နှင့် ရက်စက်ရိုင်းစိုင်းတဲ့ဝါသနာဆိုးရှိတယ်။ နန်းတော်သို့
ယူဆောင်ပြီး တောင်ညာတင်ထား မိဘုရား မြှောက်ခဲ့ပါလျှင်
တနန်းတော်လုံး-ဗုံးဗုံးဆူပွက်၍ နိုင်ငံတော်ပျက်မဲ့ လက္ခဏာဘဲ။
သူ့အဆင်းရုပ်အသွင်ကလဲ မြင်ရသူချက်လုံးမြူး၍ရူးမူးစေနိုင်တာ
အမှန်ဘဲ။အဲ-သို့အကွက်ကြောင့်ဘုရင်မင်းမြတ် သိမ်းပိုက်တော်မ
မူရအောင်ပရိယာယ်အားဖြင့်လိမ်လည်လျှော်ထားကြမှသင့်လိမ့်
မည်'' အဲ-သို့ကလိုတိုင်ပင်ကြပြီးရွှေနန်းတော်ကြီးသို့ဝင်ကြတယ်။

ဘုရင့်ရှေ့တော်သို့ရောက်တဲ့အခါ ဂုန်းတိုက်တဲ့ စကားမျိုးဖြင့်

သည်လို လျှောက်ထားကြသတဲ့။ ဘုန်းတော်ကြီးလှသောဘုရား၊ ဥမ္မာဒန္တီဆိုတဲ့ သူဌေးသမီးဟာ ရုဋ္ဌိသုတ္တရ ကျမ်းမှာ လာတဲ့ မိန်းမမြတ်တို့နှင့် ပြည့်စုံသူမဟုတ်ပါ။ မင်္ဂလာမရှိတဲ့ မိန်းမယုတ် သာ ဖြစ်ပါတယ်။ ရိုင်းစိုင်းကြမ်းတမ်းသဖြင့် ထိုးနန်းနှင့် မသင့် လျော်ပါ၊ ရန်းကဝေတို့အလားကဲ့သို့ ပြုစားညာဏ်များကိုလဲတတ် ပါတယ်။ သို့အတွက်ကြောင့် သိမ်းပိုက်တော်မမူဘဲ ရှောင်လွှဲ တော်မူရန် သင့်လျော်လှပါသည်ဘုရား။ အဲ-သည်ကဲ့သို့ လျှောက် ထားကြတဲ့ ဘုရင်မင်းမြတ်ကြီးလဲ အမှတ်မပြု ဂရုစိုက်တော်မမူ ဘဲ လျစ်လျူရှုကာ စံနေတော်မူတယ်။ ပုဏ္ဏားတို့ ဂုန်းတိုက်တဲ့ စကားကြောင့် မင်းတရားကြီးမှာ သမီးကညာရတနာလာဘ်တော် ဆုံးပြီး ရှုံးခြင်းကြီးရှုံးတော်မူရတာပေါ့။ပုဏ္ဏားဆိုတဲ့ပုဏ္ဏားတွေ ဟာ ဇာတ်နိပါတ်တော်များမှာ လိမ်လိမ် ကောက်ကောက်နှင့် ဘောက်ဘောက်ပြန်ပြန် ကျင့်ကြံပုံတွေ အတော်များကြတယ်။

## အဘိပါရက စစ်သူကြီး၏ ဇနီးဖြစ်လာခြင်း

ပုဏ္ဏားရိက်တို့၏ ဂုန်းတိုက်တဲ့စကားကြောင့် မင်းတရားကြီး သိမ်းပိုက်တော် မမူလိုတဲ့ အကြောင်းကို ဥမ္မာဒန္တီ ကြားလေရာ သူ၏စိတ်ထဲ၌အခဲမကျေနိုင်ရှိသဖြင့် ''နေနှင့်စေအုံး ကညာလာဘ် ကြီးဆုံးရှုံး၍ ဗုန်းဗုန်းလဲအောင် နစ်နာတဲ့ မင်းတရားကြီးအား တနေ့နေ့တွင် ငါ့ရုပ်သွင်ကို မြင်အောင် ပြလိုက်အုံးမယ်။ ငါ၏ အဆင်းတန်ခိုးဖြင့် မူးမူးယစ်ယစ် အရူးကြီးဖြစ်အောင် ပြုစား လိုက်အုံးမယ်'' အဲ သည်လို ကြိမ်းဝါးပြီး မိန်းမမာန်ဖြင့် အငြိုး ထားလိုက်တယ်။ ဘုရင်မင်းမြတ်သိမ်းပိုက်တော်မမူကြောင်းကို ဘခင်ပုဏ္ဏားကြီး ကြားသိလေရာ ''ငါ၏သမီးရတနာကို မိဖုယား ခေါင်ကြီး ဖြစ်အောင် မဆောင်ရွက် နိုင်သော်လဲ စစ်ဘုရင် ကတော်ကြီးအဖြစ်သို့ ရောက်အောင် ရွက်ဆောင်ချီးမြှောက်ရ လိမ့်မယ်'' အဲ-သို့ကလိုကြံစည်ပြီး အဘိပါရကစစ်သူကြီးထံသို့ သွား၍ သမီးကညာကို တခါထဲဆက်သလိုက်တယ်။

သမီးကညာရတနာလာဘ်နှင့်ထိုက်တန်၍ ဘုန်းကံရှိတဲ့အဘိပါ

ရကစစ်သူကြီးသည်ကား ကြွန်အင်လက္ခဏာနှင့်ပြည့်စုံတဲ့ မိန်းမမြတ်ဖြစ်ကြောင်းကို ကောင်းမွန်စွာသိသည်နှင့် လေးလေးမြတ်မြတ်သိမ်းပိုက်ပြီး နှစ်ခြိုက်စွာ မွေ့လျော်စားတယ်။ စစ်ဘုရင်ကတော်ကြီးဖြစ်သွားတဲ့အခါ ဥမ္မာဒန္တီမှာ သခင်မကြီးဘုရား-သခင်မကြီးဘုရားနှင့် လူအများတို့က- ခစားဝပ်တွား ကြရတာပေါ့။ ဥမ္မာဒန္တီသည် မြင်မြင်သမျှယောက်ျားတို့ကို မှောက်မှားရူးသွပ်အောင် ပြုလုပ်နိုင်တယ်ဆိုတဲ့အတိုင်း အဘိပါရကစစ်သူကြီးကိုတော့ အချစ်စိတ်နှင့်မူးမေ့ပြီး အရူးဖြစ်အောင်မပြုနိုင်ဘူးလားလို့မေးစရာရှိတယ်။ တွေ့ကြုံကာစ ပထမမှာတော့ အသစ်ထူးမို့ ရူးချင်လဲရူးမူးအုံးမှာပေါ့လေ။ အတန်ကလေးကြာတော့ သူ့စိတ်ထဲမှာမထူးသဖြင့် ရူးမူးခယ်လဲမဟုတ်တော့ပါဘူး။ ထို့ပြင်လဲထိုက်တန်တဲ့ကံရှင်ဖြစ်တဲ့အတွက် တွေ့ကြုံသည်ကစပြီး ရူးမူးခြင်း မဖြစ်ဘူးဆိုလျှင်လဲ ဆိုနိုင်တာဘဲ။

## ကြတ္တိကာနက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပခြင်း

အရိဋ္ဌပုရနေပြည်တော်ကြီးမှာ တန်ဆောင်မုန်းလပြည့်နေ့ အခါ နှစ်စဉ်နှစ်စဉ် ကြတ္တိကာနက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပမြဲအတိုင်း ထိုနှစ်မှာပင် နက္ခတ်ပွဲသဘင်ကြီး ကျရောက်ပါရော။ ထိုနက္ခတ်ပွဲသဘင်အခါ တမြို့လုံးတန်ဆာဆင်၍ပျော်ရွှင်မြူးတူးကာ လူပေါင်းများစွာဘျှသွားလာကွန့်မြူးလေ့ရှိကြတယ်။ ဘုရင်မင်းမြတ်ကြီးလဲ တခမ်းတနားထွက်တော်မူပြီးလျှင် နက္ခတ်ပွဲသဘင်အခါ မြို့တော်ကို လှည့်လည်ရှုစားတော်မူလေ့ရှိတယ်။

ထိုနက္ခတ်ပွဲသဘင်အခိုက်မှာပင်လျှင် အဘိပါရကစစ်ဘုရင်ကြီးသည် စစ်ရေးနှင့်စပ်လျဉ်းသော ကိစ္စအကြောင်းပေါ်ပေါက်လာသည်နှင့် တိုင်းစွန်ပြည်နားသို့ ထွက်သွားရန် အရေးရှိသောကြောင့် သွားခါနီးမှာဇနီးဖြစ်သူဥမ္မာဒန္တီအား သို့ကလိုမှာကြားခဲ့တယ်၊ အလှကြက်သရေ ဖမြူတော်သိင်္ဂီ ဒို-ချစ်နှမ ဥမ္မာဒန္တီ၊ ယခုအခါ နက္ခတ်ပွဲသဘင်ကြီး ဖြစ်ပေါ်လာတော့မယ်။ မောင်ကိုယ်တိုင်လဲ နက္ခတ်ပွဲအခါ မြို့မှာရှိထိမ့်မယ်မဟုတ်၊ စစ်ရေးကိစ္စ

အတွက်နှင့်တိုင်းစွန်ပြည်နားသို့ ထွက်သွားရလိမ့်မယ်။ သတိကြပ်ကြပ်ထားပြီးမှတ်သားလိုက်နာတော်မူရစ်ပါ။ဘုရင်မင်းမြတ်ကြီး မြို့တော်ကိုလှည့်လည်တဲ့အခါ သည်အိမ်ရှေ့သို့ရောက်တော့နှမ၏ အလှရုပ်သွင်ကိုမင်းကြီး မြင်အောင်မပြလိုက်ပါနှင့်။ တကယ်လို့ မြင်တော်မူခဲ့ပါလျှင် သတိတော်လွတ်ကင်း၍ မူးယစ်ခြင်းဖြစ်ပြီး နှလုံးတော် တိမ်းပါး၍ မှော်မှားခြင်းတရားတွေ ဖြစ်ကုန်မှာကိုစိုးရိမ်ပါတယ်။ ဒဲ-သို့ကလို မှာထားတော်မူခဲ့တယ်။မြတ်မြတ်နိုးနိုးချစ်ခင်ခြင်းကြောင့် နောက်ဆုံတတင်းတင်းနှင့် အတွင်းစကားမှာထားတဲ့အချက်ကြီးပေပေါ့လေ။ခွဲခွါကာနီးမှာ-ချစ်ဇနီးတို့အား အတွင်းစကားဖြင့် မှာထားခြင်းဆိုတာ အိမ်ရာထောင်ကြတဲ့ လူဘောင်၏ ဓမ္မတာပေပေါ့။

ဥမ္မာဒန္တီကလဲ၊ မှာတော်မူတဲ့ စကားကိုကြားတော့ ပြုံးရွှင်တဲ့မျက်နှာနှင့် ''စိုးရိမ်တော် မမူပါနှင့်မောင်၊ အရေးကုန်အောင်သာကြွတော်မူပါ၊မှာတော်မူတဲ့အတိုင်းလိုက်နာပြီး ညိမ်ဝပ်စွာနေရစ်ပါမယ်''လို့ အာမခံလိုက်တယ်။ ထို့နောက် အဘိပါရကစစ်သူကြီးလဲ စစ်အင်္ဂါလေးပါးနှင့်တကွ အရိဋ္ဌပုရနေပြည်တော်ကြီးမှ ထွက်သွားပြီးနောက် ဥမ္မာဒန္တီသည် ကျွန်မတို့ကိုခေါ်ပြီး ''ယနေ့ညအခါ၊စန္ဒာငွေလဝန်း၊ပေါ်ထွန်းထွက်ပြူတဲ့အချိန်မှာ လစံန်းရောင်ဂှိန်ဖြင့်၊ဘုရင်မင်းတရားကြီးတခမ်းတနားထွက်တော်မူကာ နေပြည်တော်ကိုလှည့်လည်ရှုစားတော်မူလိမ့်မယ်။သည်အိမ်ရှေ့သို့ဘုရင်မင်းမြတ် ဆိုက်ရောက်တော်မူတဲ့အခါ ငါ့ကိုလျှော်တင်ကြစမ်း'' လို့မိန့်တော်မူရာ ကျွန်မများကလဲ ''အမိန့်တော်အတိုင်းပါဘုရား''လို့ဝန်ခံကြတယ်။

ထိုနေ့ညသည် တန်ဆောင်မုန်းလပြည့်နေ့ည ဖြစ်သောကြောင့် စန္ဒာယုန်အိမ် ပုဏ္ဏမိန်လဝန်း ကြီးသည်လည်း ထွန်းလင်းသောကြက်သရေဖြင့် အရှေ့လောကဓါတ်မှ နက္ခတ်ပေါင်းများစွာခြံရံလျက် ရောင်လျှံပြိုးပြက်စွာနှင့် ပေါ် ထွက်၍လာတယ်။အရိဋ္ဌပုရမြို့တော်ကြီးတခုလုံးသည် မီးပုံး, မီးပန်း, မီးတန်း, မီးသွယ်တို့ဖြင့်

ဆန်းကြယ်တောက်ပ၍ နေသည့်မြင် တမြို့လုံး တီးမှုတ်ကြသော တူရိယာသံတို့ဖြင့်၊ ဆူညံမြိုင်မြိုင် ပဲ့တင်သိမ့်၍ နေတယ်။ ထို အတောအတွင်းမှာ မင်းတရားကြီးသည် ရွှေရထားကိုစီးလျက်၊ ကြီးကျယ်သော မင်းတို့ကြက်သရေဖြင့် နေပြည်တော်ကြီးကို လက်ျာရစ်လှည့်ကာ ရှုစားတော်မူတယ်။

**ဥမ္မာဒန္တီကို မြင်တော်မူခြင်း**

ဥမ္မာဒန္တီ၏ အိမ်ရှေ့သို့ ရွှေရထားကြီး ဆိုက်ရောက်လာလေ သော်၊ မှာထားရင်းစကားရှိတဲ့အတိုင်း ကျွန်မများကလျှော်ထား ကြလေရဲ့။ ဥမ္မာဒန္တီသည် ကိန္နရီမ၏ပမာ ဒေဝစ္ဆရာနတ်သမီး၏ အသွင်၊ ကြော့ယဉ်သော အမူအယာဖြင့် စံရာခန်းဆောင်တွင်းမှ ထွက်ပြီး၊ လေသွန်တံခါးဝ၌ရပ်လျက် ကျွန်မ တယောက်အား ရတနာပန်းတောင်းကို ကိုင်စေပြီးလျှင် မင်းကြီး၏ စီးတော်ရထား ဘက်သို့ မွှေးကြိုင်သော ပန်းတို့ဖြင့် လွှင့်ကြဲ ဖြန့်ဖြူးလိုက်တယ်။ ရထားထက်သို့ ပန်းတွေကျလာသည်နှင့် တပြိုင်နက် ဦးခေါင်း တော်ကို ရှုမျှော်လိုက်ရာ၊ အရှေ့လောကဓါတ်မှ ထွက်လတ်သော လဝန်းနှင့် ဂုဏ်ပြိုင်၍ အရှုံးအနိုင် လုယက်နေတဲ့ ဥမ္မာဒန္တီ၏ မျက်နှာ-လဝန်းကို မြင်တော်မူပါရော။

မြင်တော်မူသည်နှင့်တပြိုင်နက်၊ နှလုံးသွေးတုန်လှုပ် စိတ်ဇောရုပ် ချောက်ချားပြီးလျှင် တိမ်းပါးကာသတိလစ်၍ မူးယစ်မှိုင်းမှေ့ခြင်း ဖြစ်တော်မူသွားတယ်။ ဥမ္မာဒန္တီ၏ အဆင်းဘည်းဟူသော လေ ပြင်းမုန်တိုင်းသည်၊ သိဝိမင်းကြီး၏ နှလုံးအိမ်တည်းဟူသော သ မုဒ္ဒရာအတွင်းမှာ ပြင်းထန်စွာ တိုက်ခတ်အပ်သော လေမုန်တိုင်း ကဲ့သို့ အချစ်စိတ်တည်းဟူသော လှိုင်းတံပိုးတို့သည် မြုံးမြုံးဖွန်ဖွန် အလွန် တက်ကြွနေတယ်လို့ ဆိုလိုတာပေါ့။ ဥမ္မာဒန္တီလဲ မိမိ၏ ရုပ်သွင်ကို မြင်စေရုံကလေးပြပြီး စံရာအခန်းထဲသို့ ရုတ်ခနဲပြန်ဝင် သွားပါရော။ ဥမ္မာဒန္တီကို မြင်တော်မူသည်ကစပြီး မရပ်မတည် ပတ်ပတ်လည်အောင် စိတ်နှလုံး လှုပ်ရှားပုံများဟာ ရထား ဘီးများ လည်သလောက်မကအောင် ဖြစ်နေသတဲ့။

ထိုအခါ ရထားတော်ကို ရှေ့သို့ဆက်လက်၍ မောင်းနှင်တော် မမူစေဘဲ တန့်ရပ်စေပြီးလျှင် ရထားထိန်းအား သို့ကလိုမေးမြန်း တော်မူတယ်။ အို ရထားထိန်း ဆေးဒါန်း ခြင်းသိလာအသွင် နီလွင်တောက်ပတဲ့တံတိုင်းဖြင့် ရံပိုင်း၍ထားပြီး ခမ်းနားတဲ့ သည်အိမ်ကြီးဟာ ဘယ်သူ့အိမ်ပါလဲ၊ လေသာပြူတင်းပေါက်မှာ ရပ်ပြီး စန်းနတ်ယုန်အိမ် ပုဏ္ဏမိန်မျက်နှာနှင့် လွန်စွာလှပတဲ့အမျိုးသမီး ဟာ ဘယ်သူဖြစ်ပါသလဲ၊ အဆင်း၏ကြက်သရေရှိတ်ဖြင့် အလုံး စုံသောလူတို့၏စိတ်နှလုံးကို သိမ်းကျုံးမူးယစ်အောင် ပြုနိုင်တဲ့ ထိုသတို့သမီးဟာဘယ်သူ့သမီး ဘယ်သူ့ချွေးမ ဖြစ်ပါသလဲ။ ထိုသတို့ သမီး၏ခင်ပွန်းလင်ကိုဘယ်သူလို့ခေါ်ဆိုပါသလဲ။ ပိုင်ဆိုင်သူရှိ, မရှိ ကိုလျှောက်တင်စမ်းပါ။ အဲ-သည့်ကဲ့သို့မေးမြန်းတော်မူတယ်။

(မှတ်ချက်။ ။မေးမြန်းပုံ, လျှောက်တင်ပုံ, အချက်တို့ကို ဇာတ်ပါဠိတော်၌ ဂါထာပေါင်းများစွာပါရှိလေသည်၊ ထိုဂါ ထာတို့ကိုထုတ်ဆောင်ဘောင်ပြနေပါလျှင် အလွန်ကျယ်ဝန်းမည် စိုးသောကြောင့် အဓိပ္ပါယ်မျှကိုသာ မြန်မာဘာသာ ပြန်ဆိုရေး သားသွားပါမည်)

ဘုရင်မြတ်က ဤကဲ့သို့ မေးမြန်းတော်မူတဲ့အခါ ရထား ထိန်း၏လျှောက်တင်ပုံက သည်လိုတဲ့၊ ဘုန်းတော် ကြီးလှသော အရှင်ဘုရားမိကောင်းဘခင်တို့မှကောင်းမွန်စွာဘွားမြင်၍လာတဲ့ ဤသတို့သမီး၏အကြောင်းကို ကျွန်တော်မျိုးသိပါသည်။ ကုဋေရှစ် ဆယ်ကြွယ်ဝတဲ့ တိရိဋ္ဌိဝစ္ဆသူဌေးကြီး၏သမီးရတနာ ဥမ္မာဒန္တီ ဖြစ်ပါသည်ဘုရား၊ ပိုင်ရှင် လွတ်ကင်းသူမဟုတ်ပါ၊ အရှင်ဘုရား ၏အကျိုးကိုနေ့စဉ်သည်ပိုးကာဗျူဟာဓိပတိအဘိပါရကအမည် ရှိတဲ့စစ်သူကြီး၏ဇနီးသက်သား ချစ်မယားဖြစ်ပါသည်ဘုရား။

သုနန္ဒာရထားထိန်း၏ လျှောက်တင်ချက်ကိုကြားတော့ နှလုံး သွေးပွက်ဆူ၍ အပူတော်ပြင်းထန်လှသဖြင့် ရထားထက်ကနေပြီး သို့ကလိုမြည်တမ်း တော်မူလိုက်တယ်။ အို လူများအပေါင်းတို့ ဥမ္မာဒန္တီအမျိုးသမီးသည် ငါဘုရင်အားသူ့ရုပ်သွင်ကိုမြင်အောင်ပြ

ပြီး ငါ၏စိတ်နှလုံးကို ခြေမှုန်းထုကြိတ်၍ အချစ်စိတ်လွန့်လူးလျက် ရှုးမှူးအောင်ပြုလေပြီတကား။ အို-လူများအပေါင်းတို့ သူ့မိခင်, ဘခင်,များပေးထားတဲ့အမည်ဟာ သူ့ရုပ်သွင်နှင့် အဆင်သင့်ပေစွ၊ အို-လူများအပေါင်းတို့ ငါဘုရင်သည်ကား မှောက်မှားချွတ်ယွင်း၍ ရှုံးခြင်းကြီး ရှုံးခဲ့လေပြီ၊ ငါ၏အဆွေတော် အဘိပါရကသည်ကား ဘွဲ့းကညာရတနာလာဘ်ကိုဆောင်လျက် အောင်ခြင်းကြီးအောင်ခဲ့လေပြီ။ အဲ-သို့ကလိုမြည်တမ်းတော်မူတယ်။

ထိုနောက်ရထားဘင်နှံးကို မိန့်တော်မူပြန်သည်မှာ၊ အို-ရထားထိန်း ရှေ့သို့ဆက်၍ရထားမမောင်းဘဲ ရွှေနန်းတော်ကြီးသို့သာလှည့်၍ပြန်ပေတော့၊သည်နက္ခတ်ပွဲသဘင်မှာ ပျော်ရွှင်လိုတဲ့ ဆန္ဒမရှိတော့ပြီ၊သည်နက္ခတ်ပွဲသဘင်သည် ငါဘုရင်နှင့် မထိုက်တန်ပေ၊ ဘွဲ့းကညာရတနာလက်ရှိဖြစ်တဲ့ အဘိပါရက စစ်သူကြီးနှင့်သာထိုက်တန်ပေတယ် ဩော်-ရှုံးလေစွ, ရှုံးလေစွ။ အဲ-သည်ကဲ့သို့အမိန့်ပေးသည်နှင့် ရထားတော်ကိုပြန်လှည့်ကာနန်းတော်ကြီးသို့သာ မောင်းနှင်လာခဲ့ရတယ်။ ဥမ္မာဒန္တီ၏ ပြုစားချက်ဟာဘယ်ကလောက်စူးစိုက်၍ ဘင်မိုက်သွားတယ်ဆိုတာ ကြည့်ကြပေတော့၊မိန်းမတို့၏အဆင်းတည်းဟူသောလက်နက်ဟာ ဝရဇိန်စက်လောက်မက ထက်မြက်ကြောင်း များကိုလဲ စဉ်းစားနိုင်တို့အချက်ကြီးပေပေါ့။

နန်းတော်သို့ရောက်တဲ့အခါ စိတ်နှလုံးတော် မကြည်မသာမျက်နှာတော်ညှိုးနွမ်းလျက် ကြက်သရေရှိတဲ့ တိုက်ခန်းသို့ဝင်ပြီးသလွန်တော်စက်ရုံးမှာ ဗိုးကနဲလှဲချကာ ညှော်းစက် လို့ နေတော်မူဘယ်။ မောင်းမမိဿံအများကိုလဲ စကားတလုံးမျှ မြွက်ဟတော်မမူတော့ဘူး။ ဥမ္မာဒန္တီက ပစ်လွှတ်လိုက်တဲ့ ရူပါရုံတည်းဟူသောဆိပ်လူးမြှားသည် မင်းကြီး၏ ခန္ဓာအိမ်မှာအရှိန်နှင့်တကွ စူးစိုက်နေသဖြင့် ဟုန်ဘုန်ခိုက်ခိုက်လှိမ့်၍ နေတော်မူတယ်။ ရေအေးမှဆယ်တင်၍ သောင်ပြင်ပူပူမှာပစ်ထားတဲ့ငါးကဲ့သို့ ဖလတ်ဖလတ်နှင့် တဖျတ်ဖျတ်ချန်နေတာပေါ့။ သလွန်တော်

တက်မှာ စိတ်လက်မကြည်သည့်နှင့်တလှိုက်လှိုက်ငိုးပြီး တကိုယ်ထည်း ယောင်ရမ်းမြည်တမ်းပုံတွေက သည့်လိုတဲ့။

အို- လူများအပေါင်းတို့၊ သမင့်မျက်လုံးနှင့် အမြဲပြုံးနေတဲ့ ဥမ္မာဒန္တီဟာ ကြာနီပန်းအလား လက်ဘဝါးနီတွေးတွေးနှင့်ပန်းကလေးတွေကိုကိုင်ပြီးကြဲလိုက်ရှာတယ်။သူ့မျက်နှာကိုမော်ကြည့်လိုက်တော့ လပြည့်နေ့အခါ လဝန်းနှစ်ခု ပေါ်ထွက်လာတယ်လို့ထင်မိခဲ့တယ်။ အို-လူများအပေါင်းတို့ ဟိမဝန္တာ တောင်စွယ်စံပယ်မြိတ်လေးတောမှာ စောင်းကိုပိုက်ပြီး သီချင်းသံနှင့်စီးကိုက်အောင် နှစ်ကြိုက်စဘွယ်တင့်တင့်တယ်တယ် က,နေတဲ့ ကိန္နရီမကလေးဟာ သူ့ချစ်လင် ကိန္နရာဖိုကို မြူချိုတဲ့ မျက်လုံးဖြင့် ပြုံးကြည့်လိုက်တဲ့အလား တံခါးပေါက်က မတ်မတ်ရပ်ပြီး အချစ်ဓါတ်မျက်လုံးဖြင့် ပြုံးပြီး ငါ့ကိုကြည့်လိုက်ရှာတယ်။ သူကလဲ အကြည့်လိုက် ငါ့စိတ်နှလုံးကိုထိခိုက်ပြီး မှုးမိုက်လာ မျက်လုံးပြူးလျက် မှုးမှုးယစ်ယစ်နှင့် ငါ အရူးဖြစ်တော်မူခဲ့ရတယ်။ ဩော်-ဥမ္မာဒန္တီဟာ တလွှာတည်းသော ပိုးထည်အဝတ်ပါးနှင့် အသားကခွေလိုဝင်းနေပါကလား။လက်သဲ,ခြေသဲ,ကလေးတွေက ခေါင်ရမ်းပွင့်အသွေးကဲ့တို့ နီတွေးလို့ နေပေတယ်။ ကြာညိုပန်း အရောင် ညိုညိုမှောင်မှောင်- မျက်ခုန်းနှင့် မျက်တောင်များကလဲ ရှုငိလိုက်တိုင်း အဖျားကော့ပြီး ကြော့လို့သာနေပါကလား။လက်ရုံးလက်မောင်းကလေးကလဲ ပြောင်ပျောင်းနူးညံ့လေလိမ့်မယ်။

ဩော်-ဥမ္မာဒန္တီသည် နီနီတွေးတွေး သူ့လက်ဘဝါးကလေးနှင့် ငါ၏ဆံဖျားမှ ခြေဘဝါးတော်သို့ တိုင်အောင် အသာ အသာသုံးသပ်၍ အတွေ့ခာတ်ပေးပါမူကား ဘာမှာကံထူးချွန်၍ အလွန်မြင့်မြတ်လေစွ။ ဩော်- ဟေမဝန်တောကြီး အလယ်မှာ နွယ်ပင်များက သစ်ပင်ကြီးကိုဖက်ထားသလို ဥမ္မာဒန္တီ၏နူးညံ့ပြောပျောင်းတဲ့လက်မောင်းလက်ရုံးတို့ဖြင့် ငါ့တကိုယ်လုံးကို ပြုံးပြုံးကြီးဖက်လို့ထားပါမူကား ကံထူးချွန်၍ အလွန်မြင့်မြတ်လေစွ။ ဩော်—ခွေခွက်တချဖြင့် ခွေခွက်တခုကို အုပ်လိုက်သည့်အလား

ငါ၏မျက်နှာတော်ထက်၌ ဥပ္ပလဒန္ဓီ၏သိင်္ဂါမျက်နှာသည် ဘယ်အခါလာ၍အုပ်ပါမည်နည်း။ ဘြော်- ဥပ္ပလဒန္ဓီသည် တကိုယ်လုံး နှစ်သက်ဘွယ် တင့်တယ်တဲ့ရုပ်ခါတ်ဖြင့် လေသာတံခါးမှာရပ်ပြီး ရထားဘောင်မြတ်သို့ မွှေးကြိုင်လှပတဲ့ ပန်းတို့ဖြင့် ဖြူးဖြန့်ပစ်ကြဲလိုက်ရှာတယ်။ သူ့ရုပ်သွင်ကိုမြင်တဲ့အခါကစပြီး ငါ၏စိတ်တော်များဟာ ဘာကိုမှမတွေးတောနိုင်ဘဲ မှိုင်တွေယစ်မူးလျက် အရူးဖြစ်၍နေပါပေါ့ကလား။

(မြည်ဘဝ်းဘောက်ဘ်းသော ဂါထာအပေါင်းတို့မှ အဆုံးဂါထာနှစ်ပုဒ်ကို ထုတ်ဆောင်၍ပြလိုက်ပါဦးမည်)

ဥပ္ပလဒန္ဓီမယာဒိဋ္ဌာ၊ အာမုတ္တမဏိကုဏ္ဍလာ။
နသုပါမိဒိဝါရတ္တိံ၊ သဟာသံဝပရာဇိတော။

အာမုတ္တ မဏိကုဏ္ဍလာ၊ ပတ္တမြားနားဒေါင်းကို ဆင်မြန်းလျက် ရှိုင်လန်းသောကြက်သရေဖြင့် တင့်တယ်ခွာနေလေ့ရှိပေသော။ ဥပ္ပလဒန္ဓီ၊ အလှဥဿန်ဖူး လွှန်ထူးရုပ်ခါတ် မိန်းမမြတ်ကို။ မယာ၊ တိုင်းကြီးသခင် ငါဘုရင်သည်။ ဒိဋ္ဌာ၊ တံခါးဝတွင်၊ တွေ့မြင်ရှုစားအပ်လေပြီ။ တတော၊ ထိုအလှဘုရင်ကို တွေ့မြင်ရှုစားရလေသောကြောင့်။ သဟာသံဝပရာဇိတော၊ အာသပြာတထောင်ဆုံးရှုံးသောသူဆင်းရဲကဲ့သို့။ အဟံ၊ကိုယ်စိတ်ကိုအစိုးမပိုင်၊ တွေမှိုင်ယစ်မူး၍ နေသောငါဘုရင်သည်။ ဒိဝါ၊ နေ့အခါ၌၎င်း။ ရတ္တိံ၊ ညဥ့်အခါ၌၎င်း။ နသုပါမိ စက်တော်ခေါ်၍ မပျော်နိုင်ဘဲ လူးလဲလိမ့်တွန့်ကာ တလွန့်လွန့်ဖြစ်၍နေရပါသတည်း။

သဟဿာစေမေဝဇ္ဇံဒေဝ္ဗာ သောစလင်္ကာမေဝရော။
ကေရတ္တံနိုရတ္တံဝါ၊ ဘဝေယ့် အဘိပါရကော။
ဥပ္ပလဒနွှံ ၂ာရမိတ္တာန၊ သိဝိရာဇာတတော်သိယံ။

သဟဿာ၊ နတ်ဘိုသနင်း၊သိကြားမင်းသည်၊ ဓမ္မနန်ကြီးသခင်ငါဘုရင်အား။ဝရံ၊ဆုတော်၊လာဘ်တော်၊တခုကို။ စေဒဇ္ဇာ၊အကယ်၍ပေးတော်မူလာငြားအံ့၊သောစဝရော၊ထိုပေးအပ်သောဆုလာဘ်ကိုလည်း။မေ၊ငါသည်။ သစေလမ္ဘထ၊ အကယ်၍ရအပ်,

ရထိုက်,သည်ဖြစ်ပါပြီးအံ့။ ၆၀၊ ဤသို့ဆုတော်ချ၍ ရထိုက်သည် ရှိသော်။အဟံ၊ငါသည်။ကေရတ္တံ၊ဝါ၊ တည့်စွမှုလောက်သောင်ရင်း။ ဝိုရတ္တံ၊ဝါ၊ နှစ်ညဉ့်မျှလောက်သောင်ရင်း။ အဘိပါရကော ကညာ လက်ကိုင်ရှိသောအဘိပါရကစစ်သူကြီးသည်။ဘဝေယျံ၊ဖြစ်ချင် လှပါသတည်း။တတော၊ ထိုအဘိပါရက စစ်သူကြီးဖြစ်ပြီးသည် ရှိသော်။ဥမ္မာဒန္တီ၊ အလှတင့်ဆန်း၊ ဝါဂွမ်းပုံတူ၊ နူနူဖတ်ဖတ်၊ ဥမ္မာဒန္တီမိန်းမမြတ်နှင့်၊ရမိဘွာန၊အတူဘုပျော်၊သလွန်တော်ပေါ် မှာ မွေ့လျော်စံစားပြီးမှ။ သိဝိရာဇာ၊သိဝိမင်းကြီးသည်။ သိယံ၊တ ဘန်ပြန်၍ ဖြစ်ချင်ပါသတည်း။ဣမံဂရုံ၊ဤဆုတော်မြတ်ကို။ဝရေမိ၊ သိကြားထံမှာ အမှန်တောင်းလိမ့်မည် ဖြစ်ပါသတည်း။

(မှတ်ချက်။ ။ဤဂါထာနှစ်ပုဒ်ကို ပဏ္ဏာသနိပါတ် ဥမ္မာဒန္တီ ဇာတ်တော်မှ ထုတ်ဆောင်၍ ပြလိုက်ပါသည်)

ပြော်-ယာချန့်ယ်အခါ သိကြားမင်းကြီးလာပြီး လိုရာဆုတာချချ ကိုပေးမယ်။ သင်လိုတဲ့ဆုကိုလဲ ရလိမ့်မယ်။ သည်ကဲ့သို့ဆုပေး တော်မူခဲ့ပါလျှင် တညနှစ်ညလောက် အဘိပါရက စစ်သူကြီးဖြစ် ချင်ပါတယ်။ ကိုယ့်ဆန္ဒအတိုင်း ဥမ္မာဒန္တီနှင့် မွေ့လျော်ပြီးမှ သိဝိ မင်းကြီး ပြန်ဖြစ်ချင်ပါတယ် ဆိုတဲ့ဆုတော်မြတ်ကို တောင်းမှာ အမှန်ဘဲ။ အဲ-သည်ကဲ့သို့ ဂယောင်ဂတမ်းနှင့် မြည်တမ်းတော်မူ နေရှာတယ်။ ကဲ-စဉ်းစားကြစမ်းပါ။ တဏှာနှောင်ဖွဲ့ရက်၍ စိတ် တော်တွေ ရောင့်တက်ပြီး ဂယောက်ဂယက် ဖြစ်ရှိနေပုံတွေကို "တဏှာပူးမှဖြင့် အရူးဖြစ်ကုန်ကြတယ်" ဆိုတဲ့စကားဟာ လွန် စွာမှန်တာဘဲမဟုတ်လား။ "ကြိုက်မရှက် ' ဆိုတဲ့စကားအတိုင်း တဏှာဝါတ်ခိုက်၍ ချစ်ကြိုက်နေပြီဆိုမှဖြင့် ဘာကိုမျှ မရှက်နိုင် ကြတော့ဘူး။ ပုထုဇဉ်စရိုက်နှင့် အမိုက်မှောင်ကြီး ကျပုံများဟာ သွန်စွာရယ်ဘွယ် ကောင်းပါကလားနော်။

သလွန်တော်ပေါ်မှာလူးပြီး အရူးကြီးဖြစ်နေတဲ့အခါ မောင်းမ မိဿံအပေါင်းတို့က ဖြားယောင်းဖြေပျော်ကြသော်လဲ ရွှေကိုယ် တော်ကြီးမှာ ပျော်တော် မမူနိုင်ရှာဘူးပေါ့။ နတ်ဘီလူး ဘမ်းသ

လိုဂမန်းဂတမ်း သွေးရူးသွေးနှမ်းဖြစ်နေတဲ့အခါ နန်းတော်ကြီး တခုလုံး ရုံးရင်းခတ်ဆူပွက်ပြီး မင်းတရားကြီးအတွက် မကြံနိုင် အောင်ဖြစ်နေကြတယ်။ မှူးမတ်များနှင့် သွားတော်ကြီးကလဲ ဝေဒနာတော်ပျောက်ကင်းအောင် ကုသခြင်းမပြုနိုင်ကြတော့ဘူး။ စိတ္တဇ ရောဂါဆိုတာ ဆေးဝါးနှင့်ဆိုင်တဲ့အရာမဟုတ်၊ ဟဒယဝတ္ထုရုပ် ကိုခိုက်နေတဲ့အတွက် အကုရခက်နေတာပေါ့။

အဘိပါရကစစ်သူကြီးဆိုက်ရောက်လာခြင်း

စစ်ရေးကိစ္စနှင့်ထွက်သွားရတဲ့အဘိပါရကစစ်သူကြီးသည်ပြု ဘွယ်ကိစ္စပြီး၍ နန်းတော်ကြီးသို့ ပြန်ရောက်လာတဲ့အခါ နန်းသူနန်း သား၊ မှူးမတ်အများတို့က၊ မင်းတရားကြီးရဲ့ ဖြစ်ပုံအလုံးစုံကို အကုန်ပြန်လှန်ကာ လျှောက်ထားကြတယ်။ ထိုအခါအဘိပါရက စစ်သူကြီးက ခေတ္တမျှဆင်ခြင်စဉ်းစားပြီး ' ဪ-သို့ကလောက် ပြင်းထန်တဲ့ ဝေဒနာဟာ အခြားအတွက်ကြောင့် ဖြစ်ပေါ် လာတဲ့လက္ခဏာ မဟုတ်ဘူး။ ငါ၏ဇနီး, ချစ်မငြီးဒေဝီ, ဥမ္မာဒန္တီရဲ့ အတွက်ကြောင့်သာ ဖြစ်ပေါ်တဲ့လက္ခဏာဘဲ '' အဲ-သည်ကဲ့သို့ ဆင်ခြင် တွေးတောပြီးလျှင် ဘုရင်ထံသို့ မဝင်သေးဘဲ မိမိအိမ် တော်သို့သာ လျင်မြန်စွာပြန်လာခဲ့တယ်။ အိမ်တော်သို့ရောက်တော့ ဥမ္မာဒန္တီ၏အဆောင်သို့ ဝင်ပြီး ''အို-ချစ်နှမ ရထားစီး၍ မြို့တော် ကြီးသို့ လှည့်လည်တော်မူတဲ့အခါ ဘုရင်မင်းမြတ်မြင်အောင် ခင့် ရုပ်သွင်ကိုပြတော်မူလိုက်ပါသလား'' လို့ မေးမြန်းတော်မူတယ်။

ထိုအခါ ဥမ္မာဒန္တီက ပြုံးရွှင်သောမျက်နှာနှင့် ''ကြင်ဖော်ကာ နက္ခတ်ပွဲသဘင်အခါ ရွှေငံ့အများနှင့်ရထားစီးပြီးအိမ်ဝင်းတံခါး ပေါက်သို့ ဆိုက်ရောက်လာပါတယ်။ မင်းလား, စိုးလား, မှူးမတ် လားလို့ဖြင့်ခွဲခြားနားလို့မသိနိုင်ပါ၊ရထားထက်မှာစီးလာတဲ့သူက တော့ ဝမ်းဗိုက်ကြီးကရှုရှု၊ အမွေးတွေခပ်ထူထူနှင့် သူ့အမူအရာ ကကြောက်စရာ အစွယ်ပြူးရှူးနှင့် ဘီလူးကြီးရုပ်သွင်ရှိပါတယ်၊ ဝမ်းဗိုက်ကြီးနှင့်ရထားစီးလာတဲ့သူဟာ အရှင်တပါးရယ်လို့ကျေး ကျွန်များကပြောကြတဲ့အတိုင်း လေသာတံခါးဝ,ကရပ်ပြီး သူစီး

တဲ့ရထားထဲသို့ပန်းတွေဖြင့် ကြဲလိုက်မိပါတယ်။ ကိုယ်ရုပ်သွင်ကို အဲ-ဟိုလူကြီးမြင်တယ်၊ မမြင်တယ်၊ လို့ မသိနိုင်ပါ။ ပန်းတွေနှင့်ကြဲပြီးတဲ့နောက် ရှေ့သို့ဆက်လက်၍ ရထားကိုမမောင်းဘဲ ညှိုးနွမ်းတဲ့ချပ်သွင်ဖြင့် ပြန်ဆုတ်လို့မောင်းသွားပါတယ်'' အဲ- ဤကဲ့သို့ မိန်းမတို့ပရိယာယ်ဖြင့် အပြစ်ကင်းလွတ်အောင် ခပ်ချောင်ချောင်ပြောကြားလိုက်တယ်။

ဥမ္မာဒန္တီရဲ့ စကားကိုကြားတော့ မောင်တော် အဘိပါရကစစ်သူကြီးက ငြိုးငြိုးတွားတွားနှင့် ''မောင်မှာခဲ့တဲ့စကားကို သင်နှမ နားမထောင်တဲ့အတွက် ပြည့်ရှင်မင်းကြီးမှာ ရူပါရုံမြားဒဏ်ချက်ကြောင့် အသဲအသန် ဖြစ်နေတော်မူပေါ့'' ဟု မိန်းဆိုရှု ဥမ္မာဒန္တီက ''ရူပါရုံဒဏ်ဖြင့် တမင်သက်သက် သူ့ကို နှိပ်စက်ရတာမဟုတ်ပါ။ သူ့ဝေဒနာနှင့်သူ့၊ သူ့စိတ်ကိုသူမနိုင်လို့ မူးမူး ယစ်ယစ်နှင့် အရူးကြီးဖြစ်နေတာကို ဘယ်မှာတတ်နိုင်ပါမလဲ''အဲ-ဤကဲ့သို့ ပြန်ကြားပြောဆိုလိုက်တယ်။ ဥမ္မာဒန္တီရဲ့ စိတ်ထဲမှာတော့ အငြိုးထားရင်း ရှိခဲ့တဲ့အတိုင်း မှတ်ကရော့ပဲ့ဆိုတဲ့ စေတနာနှင့် အားရ ဝမ်းသာ ဖြစ်နေမှာပေါ့လေ။ ပုဏ္ဏားတော် များက ဂုန်းစကားနှင့် တိုက်ဖျက်သောကြောင့် မင်းတရားကြီးမှာ သို့ကညာ ရတနာလာဘ် လွဲရုံမကဘဲ အသဲအသန် ဒုက္ခကြီးကို ခံနေရရှာတယ်။ မင်းတရားကြီးက ပါရမီရင့်သန်တဲ့ အလောင်းတော်ကြီးဖြစ်တဲ့အတွက် ပုဏ္ဏားတော်တို့အပေါ်မှာ အပြစ်ရှာပြီး နှစ်နာအောင်လဲ စီရင်တော်မမူတော့ဘူး။

နောက်တနေ့ နံက်စောစောတွင် အဘိပါရကစစ်သူကြီးသည် နန်းတော်သို့သွားပြီး တိုက်တံခါးဝက အသာရပ်၍ နားထောင်လေရာ တိုက်ခန်းအတွင်းက ဥမ္မာဒန္တီကိုစွဲလမ်းပြီး ဂမန်းဂတမ်းနှင့် ရောင်ရမ်းတဲ့အသံများကိုကြားရတယ်။ ထိုအခါ အဘိပါရကစစ်သူကြီး၏စိတ်မှာ မင်းတရားကြီးကိုလဲ သနားကြင်နာ၊ ရယ်စရာကြီးလဲ ဖြစ်နေတဲ့အတွက် အခက်ကြုံနေတာပေါ့။ ထိုနောက် တိုက်ခန်းအတွင်းသို့ ဝင်သွားပြီး ထံတော်ပါး၌ ဝပ်တွားခစားလျက်

"ခြေရင်းတော်သို့ ဆိုက်ရောက် လာပါပြီဘုရား။ ရှေ့နန်းရှင်၏ ဝေဒနာတော်များကိုမြင်ရသည်မှာ စိတ်နှလုံးမချမ်းမသာ လွန်စွာ ဆင်းရဲလှပါတယ်။ ဝေဒနာဖြစ်ပုံ အကြောင်းများကို မိန့်ကြား တော်မူပါ၊ အရှင်၏ အကျိုးကို သည်ပိုးရွက်ဆောင်လေ့ ရှိတဲ့ အတိုင်း အလိုဆန္ဒပြည့်ရုံစွာနှင့် ဝေဒနာကင်းရှင်းအောင် ရွက် ဆောင်ပါမည်ဘုရား" အဲ-သို့ကလျှောက်ထားတယ်။

ထိုအခါ မင်းတရားကြီးက မိမိဝေဒနာ၏ အကြောင်းရင်းကို ထင်လင်းစွာ ပြနိုင်ဘို့ဝေးရော အဘိပါရကစစ်သူကြီး၏မျက်နှာ ကို သေချာစွာ ကြည့်ရှုဘို့အတွက် အရှက်ကြီးရှက်, အခက်ကြီး ခက်,ဖန်သဖြင့် မည်သို့မျှနှုတ်မဖွက်နိုင်ဘဲ မျက်စိကိုမှိတ်ပြီး အံ သွားကြိတ်လျက် တိတ်တိတ်ပုန်းကြီးလုပ်နေတယ်။ သူမယားကို လိုချင်တော့ သူ့လင်၏ မျက်နှာကို မကြည့်ရဲတော့ဘူးပေါ့လေ။ သည်ကဲ့သို့ အုံပုန်းကြီးလုပ်နေတဲ့အခါ အဘိပါရကစစ်သူကြီးက "အရှင်၏ ဘေးရန်များကိုတားဆီးလေ့ရှိသည့်အတိုင်း ဝေဒနာ တော်ပျောက်ကင်းရေးမှာ ကျွန်ုပ်တာဝန်ပင်ဖြစ်ပါတော့သည်။ အ ရှင်၏ နှုတ်တော်က ဝေဒနာ၏ အကြောင်းရင်းကို ထင်လင်းစွာ ဘော်မပြသော်လဲ ကျွန်တော်ကိုယ်တိုင် နတ်များကိုမေးပြီး ဆေး တန်လျှင် ဆေး, ခဲတန်လျှင် ခဲပေး၍ စိတ်အေးချမ်းသာစွာရှိ အောင် ဆောင်ရွက်ရပါလိမ့်မယ်ဘုရား" သည်ကဲ့သို့ လျှောက် ထားပြီး မင်းတရားကြီး၏အထံမှ အိမ်သို့ပြန်လာခဲ့တယ်။

ရုက္ခစိုးနတ်ကို မေးမြန်းခြင်း

အဘိပါရကစစ်သူကြီးသည် ဝေဒနာ၏ အကြောင်းရင်းကို မင်းကြီးကိုယ်တိုင်က မဖွက်ကြား၍ ပရိယာယ်အားဖြင့် ထင်ရှား အောင်ပြုလိုတဲ့အတွက်ကျွန်ယုံတယောက်ကိုခေါ်ပြီးစကားအလုံး စုံအကုန်သင်ကြားကာ နေဂင်ချိန်အခါတွင် တချသောညောင်ပင် အခေါင်းမှာအောင်း၍နေပြီး ရုက္ခစိုးနတ်ကြီးအသွင်ဖြင့် မင်းကြီး ၏ ဝေဒနာတော်များကို အတိအလင်းပြောကြားစေရန် အမိန့်ပေး တယ်။ ကျွန်ယုံယောကျ်ားလည်း စစ်သူကြီး၏ အမိန့်အတိုင်း

စောစောစီးစီးကသွားပြီး ညောင်းခေါင်းထဲမှာအောင်းနေပါရော။ အဘိပါရက စစ်သူကြီးကလဲ ရှင်သာရိပုတ္တရာ အလောင်းဖြစ်တဲ့ အတိုင်း ဘုရားလောင်း၏ အကျိုးစီးပွားကို လိုလိုလားလား ဆောင်ရွက်တော်မူတာပေါ့။

ဤကဲ့သို့စီမံပြီးသော် အဘိပါရကစစ်သူကြီးသည် နတ်မေးရန် အတွက် ပရိယာယ်အားဖြင့်မှူးမတ်အပေါင်းတို့ကိုခေါ်ပြီး ပူဇော် ပသဘွယ်အမျိုးမျိုးတို့နှင့် တန်ခိုးကြီးနတ်-စောင့်ကြပ်နေသည်ဟု ကျော်စောထင်ရှားတဲ့ ညောင်ပင်ကြီးသို့ သွားတယ်၊ဆိုက်ရောက် တဲ့အခါ ပူဇော်သက္ကာရတို့ဖြင့် တင်သပြီး ''အရှင်နတ်မင်းကြီး ကျွန်ုပ်တို့ ဧွနန်းရှင် ဘုရားသည် ခန်းဆောင်အတွင်းမှာ ကျွန်ုပ်တို့ အကြောင်းကာ မြည်တမ်း ရောင်ရမ်းလျှသာ နေတော်မူပါတယ်။ ဘယ်ဝေဒနာ စွဲကပ်သည်ဟုမသိကြရပါ။ ဧွနန်းရှင်ဘုရားသည် အရှင်နတ်မင်းကြီးအား အသပြာတထောင်တို့ဖြင့် ပူဇော်ပသမြဲ ဖြစ်တဲ့အတိုင်း မင်းကြီးအား သနားတော်မူပါသဖြင့် ဝေဒနာ၏ အကြောင်းများနှင့် ပျောက်ကင်းဘွယ် လမ်းများကို မိန့်ကြား တော်မူပါ''အဲ-သည့်ကဲ့သို့ မေးမြန်းတယ်။

ထိုအခါ ညောင်ခေါင်းထဲမှာအောင်း၍ ရုက္ခစိုးယောင်ဆောင် နေတဲ့ယောကျ်ားက နတ်သံနှော၍ ပြောကြားလေသည်မှာ ''အို အဘိပါရကစစ်သူကြီး၊ဘုရင်မင်းမြတ်မှာ ဝေဒနာအထူး မရှိဘူး။ ကြတ္တိကာ နက္ခတ်သဘင်ပွဲအခါ မြို့တော်ကိုလှည့်လည်ရာ သင့် မယား ဥမ္မာဒန္တီကိုမြင်ဟဲ့အတွက် အနှစ်သက်ကြီးနှစ်သက်လျက် တပ်မက်စွဲလမ်းကာ ယောင်ရမ်းမူးယစ်၍ နေတော်မူခြင်းသာ ဖြစ်တယ်။ ဥမ္မာဒန္တီကို လျင်မြန်စွာ ဆက်သလိုက်ပါ။ ဥမ္မာဒန္တီကို မရလျှင် သိဝိမင်းမြတ်မှာ မကြာမီ မတည့်ဆုံးရှုံး၍ ဗြဟ္မာ၌တော်တုံး ထိမ့်မယ်''အဲ-ဤကဲ့သို့ ပြောကြားလိုက်ပါရော။

ရုက္ခစိုးနတ်ကြီး၏ စကားကိုကြားလေရာ အဘိပါရကစစ်သူ ကြီးကမှူးမတ်တို့ ဘက်သို့လှည့်ပြီး ''ကဲ-ကြားကြဗြို့ မဟုတ်လား။ ဝေဒနာတော်ပျောက်ကင်းရေးအတွက် မခက်လှပါဘူး။ ချစ်လှစွာ

သော ဥမ္မာဒန္တီကိုဆက်ပြီး ဘုရင့်အသက်ကို ကျွန်ုပ်ကယ်ဆယ်ရ လိမ့်မယ်။'' ဆဲ-သည့်ကဲ့သို့ မိန့်ဆိုကာ အွေနန်းတော်ကြီးသို့ အမြန် လာပြီး ဘုရင့်ထံမှောက်သို့ ဝင်ရောက်ခစားတယ်။ အဘိပါရက စစ်သူကြီးသည် ဘုရင်မင်းမြတ်ကြီးအား ဝပ်တွားရိကျိုး လက်စုံ မိုးလျက် ထိန်ဂုက်ခြင်းမရှိဘဲ အတိအလင်း စတင်ကာ လျှောက် ထားပါရော။

(စစ်သူကြီးနှင့် မင်းကြီးတို့၏အတုံ့အပြန်လျှောက်တင်ညွှန်ကြား ပုံများကို အစဉ်အတိုင်း ဘော်ပြ၍သွားပါမည်)

(စစ်သူကြီး)ဘုန်းတော်ကြီးလှသောအရှင်ဘုရား၊ညောင်စောင့် နတ်ကြီးထံသို့သွားပြီး ဝေဒနာတော်များ၏အကြောင်းကိုမေးမြန်း ခဲ့ပါပြီအရှင်ဘုရား။မှူးမတ်များလဲအသိပင်ဖြစ်ပါတယ်။ရုက္ခစိုးနတ် မင်းက ထင်လင်းစွာ မိန့်ကြားလိုက်သည်မှာ ပြည့်ရှင်မင်းကြီး သည် ဥမ္မာဒန္တီကို စွဲလမ်းတဲ့အတွက် မသက်မသာနှင့် စိတ္တဇရော ဂါစွဲကပ်လို့နေတယ်။ ဥမ္မာဒန္တီ ရလျှင်ရချင်း ဝေဒနာပျောက်ကင်း လိမ့်မယ်။ ဥမ္မာဒန္တီကိုမရလျှင် ဝေဒနာမပျောက်ကင်းဘဲ မကြာမီ အမှန် နတ်ပြည်စံတော်မူလိမ့်မယ်။

(လျှောက်တင်ချက်ကိုကြားရသိမင်းကြီးမှာလွန်စွာရှက်သော် လဲ နတ်မပြောက်လျှင် မပြီးနိုင်ဖြစ်နေသောကြောင့်) အို-အဘိပါရ က ဥမ္မာဒန္တီကို တပ်မက်၍ နှစ်သက်တဲ့ သဘောအားဖြင့် ပြော ကြားယောင်ရမ်းနေပုံကို နတ်တွေသိကုန်ကြပလား။

(စစ်သူကြီး) သိကုန်ကြပါပြီဘုရား။ နတ်တွေဆိုတာလူတို့၏ အမူအရာအလုံးစုံကို အကုန်သိလေ့ရှိပါတယ်။

(မင်းကြီး) အို-လောကအလယ်မှာ ရှက်ဘွယ်ကြီး ဖြစ်နေပါ ပေါ့ကလား။သူတပါး၏မယားကို စွဲလမ်းတဲ့အတွက် တရားပျက် ပြီး လူယုတ်မာကြီးဖြစ်နေပေါ့။

(စစ်သူကြီး) နတ်များသိသော်လဲ စိုးရိမ်ဘွယ်မရှိပါ ရှက် တော်မမူပါနှင့်။ ကျွန်အရှင်နှစ်ပါးသာသိရလေအောင် ကျွန်တော် ၏ချစ်ဇနီး ဥမ္မာဒန္တီ အမျိုးသမီးကို အရှင်မင်းကြီးအား ဆက်သပ

မယ်။ စိတ်နှလုံးငြိမ်ငြိမ်နှင့် တောင့်တတဲ့စည်းစိမ်ကို မြန်မြန်ရှက် ရှက်ခံစားကာ ပျော်မွေ့စွာစံနေတော်မူပါဘုရား။

(မင်းကြီး) အို-စစ်သူကြီး၊ မကောင်းမှုကို လျှို့ဝှက်လို့ပြုသော်လဲ လုံခြုံလိမ့်မယ်မဟုတ်ဘူး။ နတ်အများနှင့် တန်ခိုးရှင်တို့ သိမြင် စမြဲဖြစ်ကြတယ်၊ သည်လောကကြီးအလယ်မှာ ဖုံးကွယ်တဲ့နေ ရာမရှိနိုင်ဘူး။ အို- စစ်သူကြီး၊ ဥမ္မာဒန္တီဟာ သင်၏ မယားရယ် လို့ ထင်ရှားကျော်စောပြီးဖြစ်နေတယ်။ ငါ့ကိုဆက်သလို့ ထား သော်လဲ ငါ့မိဖုယားမဖြစ်နိုင်ဘူး။ အကယ်၍ ငါ့ကိုဆက်သပြီးတဲ့ အခါ သင့်စိတ်နှလုံးမချမ်းသာဘဲ ဥမ္မာဒန္တီကိုမမြင်ရသဖြင့် ဒုက္ခ ကြီးစွာသင်ဖြစ်ရလိမ့်မယ်။ သင့်ကိုယ်တိုင် စိတ်မချမ်းသာဘဲနေရ ပါလျှင် ငါ့မှာလဲဘာဝန်မကင်းဘူး။

(စစ်သူကြီး) အရှင်မင်းမြတ် ကျွန်တော်အတွက် ဗိုးရိမ်တော် မမူသင့်ပါ။ အရှင်ချမ်းသာလျှင်ကျွန်တော်စိတ်ကျေနပ်နိုင်ပါတယ်။ ဥမ္မာဒန္တီကို မချစ်မနှစ်သက်လို့ အရှင်မင်းကြီးကို ဆက်ရသည် မ ဟုတ်ပါ။ကျွန်တော့်ဇနီးရဲ့အပေါ်မှာလွန်စွာချစ်ခင်လျက်ပင်ရှိပါ တယ်။ သို့ရာတွင် အရှင်၏စိတ်နှလုံးကို ရွှင်ပြုံးစေလိုတဲ့ဆန္ဒဖြင့် မငဲ့မကွက် ရက်ရက်ရောရော စိတ်သဘောပါပါနှင့်ဆက်သခြင်း ဖြစ်ပါတယ်။ ဆက်သပြီးတဲ့အခါ စိတ်နှလုံးမချမ်းမသာဘဲ နောင် တ-တဘန် ပူပန်ဗိုးရိမ်ခြင်းမဖြစ်ပါ။ ကေသရီ ခြင်္သေ့မင်းသည် ကျောက်လိဏ်ဂူ အတွင်းသို့ ဝင်တဲ့အလား အရှင် ဘုရားလဲ ဥမ္မာဒန္တီရဲ့ အထံသို့ အမြန်ကြွလှမ်းတော်မူပါဘုရား။

ဂစ္ဆေဝ တွံဥမ္မာဒန္တိံ ဘဒ္ဒန္တေ။
သီဟောဝ သေလဿဂုဟံဉပေတိ။
(ဥမ္မာဒန္တီ ဇာတ်ပါဠိတော်)

ဘဒ္ဒန္တေ၊ အို-အရှင်မင်းမြတ်။ သီဟော၊ ကေသရီခြင်္သေ့မင်း သည်၊ သေလဿ၊ကျောက်တောင်ကြီး၏။ ဂုဟံ၊လိဏ်ဂူအတွင်း သို့။ဉပေတိဣဝ။ နိုဝင်ကပ်ရောက်လေဘိသကဲ့သို့။ တထာ၊ ထို့အ

တူ။ တွဲ အရှင်မင်းကြီးသည်၊ ဥမ္မာဒန္တီ ၊ ဥမ္မာဒန္တီ၏ အထံသို့၊ ဂရွေဝ၊အမြန်သာလျှင် ကြွသွားတော်မူပါဘုရား။

(မင်းကြီး) အိုး စစ်သူကြီး ပညာရှိသူတော်ကောင်းတို့ မည်သည့် ဆင်းရဲဒုက္ခနှိပ်စက်၍ စိတ်ပျက်ပူပန်ကြသော်လဲ မကောင်းမှုကိုပြုလေ့မရှိကြဘူး။ စည်းစိမ်ချမ်းသာဖြင့်ဂုဏ်မောက်သော်လဲ မှောက်မှောက် မှားမှား ကျင့်လေ့ မရှိကြဘူး၊ ငါမင်းကြီးအား သင့်ဇနီးကို မဆက်သလင့်၊ ကိုယ်ဒုက္ခနှင့် ကိုယ်ရှိပေစေ၊ သေချင်လျှင်သေပေစေတော့။

(စစ်သူကြီး) အိုး– အရှင်မင်းမြတ် အရှင်မင်းမြတ်သည်ကား ကျွန်ုပ်တော်၏သမင်းရှင် မိခင်,ဘခင်,အစစ် ကိုးကွယ်ရာအမှန်ဖြစ်ပေတယ်။ ကျွန်တော်ပိုင်ဆိုင်သမျှ ပစ္စည်းတွေဟာလဲ အရှင်မင်းကြီးပိုင်ဆိုင်ပါတယ်။ ဥမ္မာဒန္တီကိုသိမ်းပိုက်သဖြင့် နုစရိုက်မဖြစ်နိုင်ပါ။ အလိုတော်အတိုင်းသာ သိမ်းပိုက်တော်မူပါဘုရား။

(မင်းကြီး) အိုး စစ်သူကြီး ပြည့်ရှင်မင်းများသည် ငါစိုးပိုင်သည်တကား ဟု မှောက်မှောက်မှားမှားကျင့်ကြကာ သူတပါးမှဲ့ စိတ်ကိုပူပန်စေပါလျှင် နတ်တွေနှိပ်စက်၍ အသက်မရှည်နိုင်ဘူးတဲ့။ သို့အတွက်- သင်ဆက်သသော်လဲ ငါကလက်မခံနိုင်ဘူး။

(စစ်သူကြီး) အရှင်မင်းမြတ် လောကဌ ပိုင်ရှင်သူကဆက်သလှူဒါန်းခဲ့ပါလျှင် ထိုပစ္စည်းမျိုးကို ခံယူသုံးဆောင်ထိုက်ပါတယ်။ စွန့်လွှတ်သောသူ,ခံယူသောသူတို့မှာအပြစ်မရှိနိုင်ပါ။အကျိုးသာလျှင်ဖြစ်ဘွယ်ရှိပါသည်ဘုရား။

(မင်းကြီး) အိုး-စစ်သူကြီး သို့ပင်ဖြစ်သော်လဲ ယခုဆက်သရေးတွင် တရားနည်းလမ်းကျသည် ငါမထင်နိုင်၊ကာမဂုဏ်အတွက်ကြောင့် ကိုယ်ကျင့်တရားကို ငါမဖျက်တော့ပြီ။ ကာမဂုဏ်အတွက်နှင့် တရားပျက်ခဲ့သျှင် ကိုယ့်အသက်ကို သတ်ထားနှင့်အဘူတူဘဲ၊ မတရားသောနည်းလမ်းဖြင့် ဖြောင့်မှန်တဲ့တရားကို ငါမသတ်နိုင်ဘူး။

သောနုနာဟံဝဓိသာမိ၊ အဟ္ဟာနံကာမပဟောတုကံ။
နဟိခမ္ပံ အခမ္မေန၊ အဟံ ဝဓိတုမုဿဟေ။

သမ္မ-အို-ချစ်ဆွေအဘိပါရက။အဟံ၊ငါသည်။ကာမပဟောတုကံ၊ ကာမဂုဏ်တည်းဟူသော အကြောင်းကြောင့်။အဟ္ဟာနံ၊မိမိကိုယ် ကို။ဝဓိသာမိနုန၊သတ်၍ပစ်လိုက်ရမည်လော။အခမ္မေန၊မတရား သောနည်းလမ်းဖြင့်။ခမ္ပံ၊ဖြောင့်မှန်သောတရားနည်းလမ်းကို။ဝဓိ တုံ၊ သတ်၍ ပစ်လိုက်ခြင်းငှါ။ အဟံ၊ ငါသည်။ နဥဿဟေ၊ အားမထုတ်နိုင်ပါ။

(စစ်သူကြီး) အရှင်မင်းမြတ်၊ ဥမ္မာဒန္တီကို ကျွန်တော်ပိုင်တဲ့ ပစ္စည်းအထင်မှတ်၍သိမ်းပိုက်တော်မမူလိုပါလျှင် ပရိသတ်တို့အ လယ်မှာ ကျွန်တော်နှင့် ပြတ်ကင်းအောင် ကွာရှင်းလိုက်ပါမယ်။ ကျွန်တော်ကွာရှင်းပြီးတဲ့အခါ အဂမနီယပစ္စည်းမဟုတ်တော့ပါ။ တရားသဖြင့်သိမ်းပိုက်၍ နှစ်ခြိုက်စွာပျော်စံတော်မူပါဘုရား။

(မင်းကြီး) အို-စစ်သူကြီး၊ဥမ္မာဒန္တီအပေါ်မှာလဲ ဘာအပြစ် ရှိလို့ ကွာရှင်းရမှာလဲ။ တရားလက်လွတ် ကွာရှင်းခဲ့ပါလျှင် တရား့ဲသည်ဟု သင့်ကိုကဲ့ရဲ့ ကြလိမ့်မယ်။ မြို့တော်အတွင်းမှာ သင့်ကို ပေါင်းသင်းဆက်ဆံတဲ့ လူလဲရှိတော့မှာမဟုတ်ဘူး။

(စစ်သူကြီး) အို-မင်းမြတ်၊ဘယ်သို့ပင်ကဲ့ရဲ့ကြသော်လဲ ကျွန် တော်သည်းခံနိုင်ပါတယ်။ အကဲ့ရဲ့ဘေးကို အလေးမပြုပါဘူး။အ ရှင်မင်းကြီးစိတ်ချမ်းသာအောင် ကြံဆောင်သိမ်းပိုက်တော်မူပါ။

(မင်းကြီး) အို-ချစ်ဆွေ၊ လောကဩ၊ ကဲ့ရဲ့ခြင်းနှင့် ချီးမွမ်း ခြင်းကို အလေးမပြုဂရုမစိုက်ဘဲ မိမိစိတ်ထင်တိုင်းသာပြုနေခဲ့ပါ လျှင် ထိုသူ၏သန္တာန်မှာ ဘုန်းကြက်သရေ လျော့ပါးတတ်တယ်။ သည်အချက်ကိုလဲ သတိထားပါအုံး။

(စစ်သူကြီး) ဆင်းရဲသည်ဖြစ်စေ, ချမ်းသာသည် ဖြစ်စေ, ဘုန်းကြက်သရေတိုးသည်ဖြစ်စေ,လျော့သည်ဖြစ်စေ,ရောက်လာ သမျှအလုံးစုံကို အကုန်ကျွန်တော်ခံယူပါမည်။မြေကြီးအသွင်မှတ် ထင်တော်မူပါတော့။

(မင်းကြီး) အို-စစ်သူကြီး၊ ငါသည်ကား သူတပါးတို့၏ စိတ်ပူပန်ခြင်းနှင့် ဆင်းရဲခြင်းကို အလိုမရှိဘူး ။ တရားကိုစောင့်ရှောက်၍ သူတပါးကို မပူပန်စေဘဲ ကိုယ့်ဆင်းရဲတာဝန်ကို ကိုယ်တိုင်ခံယူတော်မူမယ်။

(စစ်သူကြီး) အို-မင်းမြတ်၊ အလွန်ချစ်ခင်လှစွာသော ဥမ္မာဒန္တီကို အရှင်မင်းမြတ်အား ကြည်ညိုသောစိတ်ထားဖြင့် လှူဒါန်းပါရစေ။ ပူဇော်သောပန်းကို ပုဏ္ဏားတို့ခံယူသကဲ့သို့ ဥမ္မာဒန္တီကို အလှူခံယူတော်မူပါ။ ကောင်းမှုတော်ကို အနန္တရာယ်ဖြစ်အောင် ပြင်းရှောင်ဖယ်ရှားတော်မမူပါနှင့်။

(မင်းကြီး) အို-ချစ်ဆွေ၊ သင်နှင့်ဥမ္မာဒန္တီသည် ငါ၏မိတ်ဆွေရင်းများ ဖြစ်ကြပေတယ်။ မိတ်ဆွေ၏ ဝတ္တရားကို မဖျက်စကောင်းဘူး။ မိတ်ဆွေဝတ္တရား ပျက်ပြားခဲ့ပါလျှင် သူတော်ကောင်းတို့ ကဲ့ရဲ့ခြင်းခံရတတ်တယ်။

(စစ်သူကြီး) မိတ်ဆွေဆိုလျှင်လဲ မှန်ပါသည်ဘုရား။ သို့ရာတွင် အရှင်မင်းမြတ်သည်ကား ကျွန်တော်တို့၏ အသက်စည်းစိမ်သခင်ဖြစ် တော်မူတဲ့အတိုင်း ကျွန်ုပ်တို့၏ ပူဇော်ရာအစစ်ကြီးအမှန် ဖြစ်တော်မူပါတယ်။ အရှင်မင်းမြတ်ကို ပူဇော်ခြင်းအားဖြင့် ကုသိုလ်အကျိုး,ပွါးတိုးလိမ့်မည် အမှန်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဥမ္မာဒန္တီကို နှစ်နှစ်,ခြိုက်ခြိုက် သိမ်းပိုက်တော်မူပါ ရွှေနန်းရှင်ဘုရား။

ဤကဲ့သို့ အဘိပါရကစစ်သူကြီးက ဥမ္မာဒန္တီကို သိမ်းပိုက်တော်မူရန် အဖန်ဖန်ထပ်၍လျှောက်တင်လေသောမင်းကြီး၏စိတ်ထဲမှာ အာဃာတဖြင့်ကြိမ်းဝါး၍ တားမြစ်မှသင့်တော့မည်ဟု ကြံစည်တော်မူပြီး အဘိပါရကစစ်သူကြီးအား ကြိမ်းဝါးမောင်းမဲကာ သို့ကလို မိန့်ကြားတော်မူတယ်။ အို-အဘိပါရက၊ ငါကဲ့သို့သောရွှေနန်းရှင်ကို အကြိမ်ကြိမ် လျှောက်တင်သည်မှာ သင့်စိတ်ထဲတွင် အထင်ဘယ်သို့ ရောက်ရှိနေသလဲ။ ရှေးအခါ-သင်သည်ကား တရားသဖြင့်သာလျှင် ငါ့ကိုလျှောက်တင်လေ့ရှိတယ်။ ယခု

အခါ၌မူကား မာရ်ရေးလမ်းလွဲအောင် အဘယ့်ကြောင့်သွေးဆောင်ရသလဲ။ငါ့ဘုရင်ကိုပျက်စီးစေလိုတဲ့ဆန္ဒရှိနေသလား။ ငါမှတပါး အားထားရာကိုမြင်သဖြင့် မှားယွင်းလေအောင် သွေးဆောင်ခြင်းပြုသလား။

သည့်ကဲ့သို့ ကြိမ်းဝါးမောင်းမဲကာ မိန့်ကြားတော်မူတော့ စစ်သူကြီးသည် ဥမ္မာဒန္တီကို ဆက်သရန်ထပ်မံ၍ မတင်ဝံ့သောကြောင့် ဘုရင်မင်းမြတ်၏ဂုဏ်ကိုချီးကျူးပြီး တရားနှင့်စပ်ဆိုင်တဲ့ စကားကို သို့ကလိုလျှောက်တင်တယ်။ အို-အရှင်မင်းမြတ်၊တရားစောင့်သော သူအပေါင်းတို့တွင် အရှင်မင်းမြတ်သည် အထွဋ်ဆုံးဖြစ်တော်မူပါပေတယ်။ ဆိုက်ရောက်သောလာဘ်ကိုပယ်ရှား၍ အတွေ့ကိုရှောင်တော်မူပေတယ်။ တရားကိုစောင့်သော ဂုဏ်၊ ပညာရှိသောဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။ ကျွန်တော်၏ သွေးဆောင်ခြင်းများ အပြစ်မထားဘဲသည်းခံတော်မူပါ။ ကျွန်တော့်အားလဲ တရားသဖြင့် ဆုံးမတော်မူပါဘုရား။ အဲ-သည့်ကဲ့သို့ လျှောက်ထားတောင်းပန်တယ်။

ထိုအခါ သိဝိမင်းကြီးက စစ်သူကြီးလျှောက်ထားချက်အတိုင်း တရားစကားတို့ကို သို့ကလိုဟောကြားတော်မူတယ်။

သာဓု ဓမ္မရုစိရာဇာ၊ သာဓု ပညာဏဝါ နရော။
သာဓု မိတ္တာန မဒုဗ္ဘော၊ ပါပဿ အကရဏံ သုခံ။

သမ္မ၊ အို-အဆွေတော်စစ်သူကြီး။ ရာဇာ၊ပြည့်ရှင်မင်းသည်။ ဓမ္မရုစိ၊ တရားကိုနှစ်သက်ပါမှ။ သာဓု၊ ကောင်းမြတ်၏။ နရော၊ တိုင်းသူ,ပြည်သား,လူအများသည်။ပညာဏဝါ၊အဆင်ခြင်ပညာဂုဏ်နှင့်ပြည့်စုံပါမှ။သာဓု၊ကောင်းမြတ်၏။မိတ္တာနံ၊အဆွေခင်ပွန်းတို့အား။ အဒုဗ္ဘော၊ မပြစ်မှားခြင်းသည်။ သာဓု၊ကောင်းမြတ်လှ၏။ ပါပဿ၊ ယုတ်မာညစ်ကြူ၊ မကောင်းမှုကို။ အကရဏံ၊ မပြုဘဲရှောင်ရှားခြင်းသည်။ သုခံ၊ ချမ်းသာ၏။

အို- အဆွေတော်စစ်သူကြီး၊ မင်းဖြစ်ခဲ့ပါလျှင် တရားကိုနှစ်သက်မှုကြီးပွားကြောင်းဖြင့် ကောင်းမြတ်နိုင်ပါတယ်။ လူဖြစ်ခဲ့ပါ

လျှင် ပညာဂုဏ်နှင့်ပြည့်စုံမှု ကြီးပွားကြောင်းဖြင့် ကောင်းမြတ်နိုင်ပါတယ်။ မိတ်ဆွေခင်ပွန်းကို မပြစ်မှားမှု ကြီးပွားကြောင်းဖြင့် ကောင်းမြတ်နိုင်ပါတယ်။ အလုံးစုံသော မကောင်းမှုကို မပြုခြင်းသည် ချမ်းသာကြောင်းဖြစ်၍ ကောင်းမြတ်နိုင်ပါတယ်။ အို–စစ်သူကြီး၊ မျက်မာန်ကင်း၍ တရားစောင့်သော မင်း၏နိုင်ငံ၌ နေထိုင်ကြရတဲ့ လူအပေါင်းသည်အေးမြသောအရိပ်၌ နေကြရသလို ကိုယ်ပိုင်ချမ်းသာဖြင့် လွတ်လပ်စွာနေထိုင်ခွင့်ကိုရကြတယ်။ အို-စစ်သူကြီး မဆင်ခြင်ဘဲ အလျှင်တဆောပြုလေ့ရှိခြင်းကို ငါမနှစ်သက်။ ကိုယ့်ဉာဏ်ဖြင့်ပိုင်နိုင်၍ ကိုယ်တိုင်သိရှိသောအမှုကို ပြုခြင်းသည်သာ ကောင်းမြတ်တယ်။ အို- စစ်သူကြီး၊ ရွှေဆောင်နွားလားဖို့ ကောက်ကောက်သွားသည်ရှိသော် နောက်နွားတသိုက်ကောက်ကောက်လိုက်ဘိသကဲ့သို့ ရွှေဆောင် နွားလားသဘွယ်ဖြစ်သော ငါဘုရင်သည် ရွှေဆောင်နွားလားသဘွယ် ဖြစ်တဲ့ အတိုင်း ငါကိုယ်တိုင်က တရားဖောက်၍ လမ်းကောက်သွားခဲ့ပါလျှင် တိုင်းသူပြည်သား နောက်လိုက်အများတို့မှာ တရားကင်း၍ မမှားမယွင်းဘဲနေကြလိမ့်မည်မဟုတ်ဘူး။ သို့ဖြစ်၍ရွှေဆောင်နွားလားကြီးပမာ ရာဇာသနင်း ပြည့်ရှင်မင်းဖြစ်တဲ့အတိုင်း သိဒိတိုင်းကြီးကို အုပ်စိုးတော်မူခဲ့ကြတဲ့မင်းကောင်း မင်းမြတ်တို့၏ ဓမ္မတာမင်းကျင့်တရား ရာဇဓမ္မဆယ်ပါးကို မမှားမယွင်းအောင် ကျင့်ကြံတော်မူမယ်။ အဲ-သည်ကဲ့သို့ တရားနှင့် စပ်ဆိုင်တဲ့ စကားကိုသာ မိန့်ကြားတော်မူတယ်။ ဆက်သတဲ့ဥမ္မာဒန္တီကို လက်ခံတော်မူရန် စိတ်အကြံဖြစ်တော်မမူတော့ဘူး။

ထိုမင်းကြီး၏ အမိန့်စကားကိုကြားလေရာ အဘိပါရကစစ်သူကြီး၏ စိတ်ထဲမှာ လွန်စွာဝမ်းမြောက်လှသဖြင့် ''အရှင်မင်းကြီး ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် အရှင်မင်းကြီးနှင့်တူသသူကား အရှင်မင်းကြီးတပါးသာလျှင် ရှိတော်မူတယ်။ မတရားမှုကို ကင်းရှားအောင်ရှောင်ရှား၍ တရားအောင် ကျင့်တော်မူသဖြင့် အရှင်မင်းကြီးမှာလည်း ဖွေ့ဘုန်းတော်ပွားစီး၍သက်တမ်းတော်ရှည်ပြီးလျှင်

ပြည်သူပြည်သားလူအများတို့မှာလဲ စီးပွားချမ်းသာ တည်းဟူသောလာဘ်အမျိုးမျိုး မပြတ်မပြတ်တိုးလျက် အကျိုးရှိကြပါလိမ့်မည်ဘုရား။''အဲ-သည်ကဲ့သို့ အဆုံးသတ်စကားအားဖြင့်လျှောက်ထားလိုက်တယ်။

ကဲ-စဉ်းစား ကြည့်ကြစမ်းပါ။ ရှေးရှေးသူတော်ကောင်း အလောင်းအလျာ ပုဂ္ဂိုလ်မြတ်ကြီးတွေဟာ စိတ်နေစိတ်ထားဘယ်လောက်မြင့်မြတ်ကြသလဲလို့ ဥမ္မာဒန္တီကိုမြင်၍ ချစ်ခင်စုံမက်သောအားဖြင့် မူးမူးယစ်ယစ်နှင့် အဆင်းရဲကြီးဖြစ်သော်လဲ ညစ်နွမ်းတဲ့မကောင်းမှုကို ပြုတော်မမူဘူး။ သူတော်ကောင်း တရားကိုသာလက်ကိုင် ထားတော်မူကြပေတယ်။ စစ်သူကြီးဂေလဲ၊အဓိရှင်သခင်၏အပေါ်မှာ စေတနာထက်သန်ပါပေရဲ့။အလိုဆန္ဒပြင်းပြအောင်ချစ်ခနီးကိုပင် ကြည်ကြည်ဖြူဖြူနှင့် စိတ်တူဝမ်းမြောက်စွာ ဆက်သနိုင်ပေတယ်။ သည်အချက်ဟာလဲ အလွန်ခက်တဲ့ အရာမျိုးပေပေါ့။အဲ-သည်ကဲ့သို့ ရှေးသူတော်ကောင်းတို့၏ စိတ်ထားပုံမျိုးကိုအတုခိုးပြီး တရားကင်းကင်းနှင့် မှားယွင်းတဲ့ဒုစရိုက်များကို လိုက်စားဘို့မသင့်ကြပေဘူး။

## မင်းကြီး၏စိတ်နှလုံးဘည်ငြိမ်ခြင်း

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ဥမ္မာဒန္တီကိုတွယ်တာ၍ သာယာတပ်မက်ခြင်းနှင့်ဆိုင်တဲ့စကားကို အစဦး-အမှူးထား၍ပြောကြားလာခဲ့ကြရာအဆုံးသတ်မှာတော့မြင့်မြတ်တဲ့တရားစကားသို့ဆိုက်ရောက်လာတယ်။ သည်ကဲ့သို့ တရားစကား ပြောကြားနေစဉ်အတွင်းမှာပင် မင်းကြီး၏စိတ်နှလုံးမှာ ယူကျုံးမရအောင်စွဲလမ်းနေတဲ့ တဏှာလောဘစိတ်တွေဟာ တိမ်တောင်၊ ကိမ်ရိပ်၊ ကိုလေလွင့်သဖြင့် ပျောက်လွင့်ကင်းစင်၍ ကောင်းကင်ဘပြင်လုံး ကြည်ကြည် လင်လင်ကြီး ဖြစ်လာသကဲ့သို့ မင်းကြီး၏ နှလုံးအိမ်ဟာလဲ တည်ငြိမ်သန့်ရှင်းလျက် ကြည်လင်ခြင်း ဖြစ်လာတယ်။ ဥမ္မာဒန္တီရဲ့အပေါ်မှာ တစုံတရာမျှ တွယ်တာတပ်မက်ခြင်းမရှိတော့ဘူး။

အကုသလံဓမ္မံပဋိစ္စကုသလောဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ ဤကဲ့သို့ပဋ္ဌာန်းပါဠိတော်ကြီးမှာဟောတော်မူခဲ့တဲ့အတိုင်း အကုသိုလ်ကိုအရင်းခံထားပြီး ကုသိုလ်တရားတွေ ဖြစ်ပေါ်လာတယ်ဆိုတာ သည့်လိုအရာမျိုးကို ဆိုလိုတာပေါ့။ သိဝိမင်းကြီးသည် စိတ်နှလုံးတည်ခိုင်၍ မယိမ်းမယိုင်စေကြယ်တဲ့အခါ စစ်သူကြီးအား-သို့ဘလို မိန့်ကြားတော်မူတယ်။ အို-ချစ်ဆွေ၊ ငါသည်ကား လောဘအဖွဲ့နှံကို ဖြိုမ်လို့မရနိုင်တဲ့အတွက် သင့်ဇနီး အပေါ်မှာ လောဘ်မာတဲ့သဘောမျိုးဖြင့် ဆိုးဆိုးဝါးဝါး မတရားစွဲလမ်းမိပေကာယ်။ ငါ၏မှားယွင်းချက်ကိုသည်းခံပေတော့။ သည်ယနေ့မှနေ၍ ပေါ်ပါပြန်၊ မှားယွင်းတဲ့ အမှုမျိုးကို အငွေ့အသက်မျှ မဖြစ်ပေါ်အောင် ရှင်းရှင်းကြီးရှောင်တော်မူတော့မယ်။ သင်တို့နှစ်ယောက်ပေါင်းလဲ ရှေးကထက်အချစ်တိုး၍ စည်းစိမ်အမျိုးမျိုးခံစံကာ ချမ်းသာစွာ နေထိုင်ကြပေတော့။ ဤကဲ့သို့သော အဆုံးစကားကို မိန့်ကြားတော်မူပြီးလျှင် ရာဇိန္ဒြေခန့်ခန့်ထား၍ တိုင်းသူပြည်သားလူအများတို့ကို တရားသဖြင့် အုပ်စိုးတော်မူလေသတည်း။

ဇာတ်တော်ကိုပေါင်းတဲ့အခါ သုနန္ဒာရထားထိန်းက ရှင်အာနန္ဒာဖြစ်လာတယ်။ အဘိပါရကစစ်သူကြီးက ရှင်သာရိပုတ္တရာဖြစ်လာတယ်။ ဥမ္မာဒန္တီမိန်းမမြတ်က ဥပ္ပလဝဏ်ထေရီ ဘိက္ခုနီရဟန္တာမကြီး ဖြစ်လာတယ်။ သိဝိမင်းကြီးသည်ကား သစ္စာလေးပါးကိုသိမြင်၍ ဘုရားရှင်ဖြစ်လာတယ်။ ဤကဲ့သို့ ဇာတ်ပေါင်းတော်မူလေသတည်း။

ဥမ္မာဒန္တီဇာတ်ပြီး၏။

ထေရီဘာသာပြန်-ပဉ္စမတွဲပြီး၏။

ဆဋ္ဌတွဲမှာဥပ္ပလဝဏ်ထေရီကြီးအဆက်ပါလိမ့်မည်

ဆက်၍အားပေးတော်မူကြပါ။